www.burmeseclassic.com



# ဝင်းမြကျော်ထွန်း

## သုံးရာသီမင်းသမီး

သီးသန့်လျှို့ဝှက်စုံထောက်ဝတ္ထု

ဒုတိယအကြိမ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ အရေးကြီးသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
...ငွေအရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်
...အားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏

...် (၄) ရပ်
...အရေး
...အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ
...များရေး

# စာရေးသူ၏ အမှာ

ဤဝတ္ထု 'သုံးရာသီ မင်းသမီး' နှင့် ပတ်သက်၍ အနည်းငယ် တင်ပြအစီရင်ခံလိုပါသည်။

သုံးရာသီမင်းသမီး ဝတ္ထုကို ၁၉၇၃ ခုနှစ်၊ စက်တင်ဘာလတွင် ပထမကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။

နောင်းအတိတ်သို့ ပြန်လည်လှမ်းမျှော်ကြည့်လိုက်သောအခါ နှစ်ပေါင်းသုံးဆယ်မင် ကျော်လွန်ခဲ့ပါပြီ။

သုံးရာသီမင်းသမီးဝတ္ထုသည် ကျွန်တော် (ဝင်းမောင်ထွန်း) ၏ ပထမဦးဆုံးဝတ္ထုဖြစ်ပါ၏။ မူရင်းဝတ္ထုက ရှည်လျားလွန်းသည်။ စိတ်ရှိလက်ရှိ ဖွင့်ရေးသောကြောင့် အလွန်ရှည်ပါသည်။

စက်တင်ပုံနှိပ်သောအခါ စာအုပ်စီစဉ်သူ (ထုတ်ဝေသူ) သည် ဆယ့်ခြောက်ဖောင်ထက်ပို၍ ချင့်မပြုနိုင်ဟု အတင်းအကြပ် ပြောဆိုလာသောအခါ ကျွန်တော်ကိုယ်တိုင် စိတ်မချမ်းမြေ့ခြင်းကြီးစွာဖြင့် စာမျက်နှာတစ်ရာကျော်ကို ဖြတ်တောက်ပြင်ဆင်ပေးလိုက်ရပါသည်။

စာရေးဆရာပေါက်စ ကျွန်တော်ကိုယ်တိုင် ၁မှုကို ဖြတ်တောက်ပေးရသလို စာမူကြမ်းကိုလည်း ပြင်ဆင်ပေးရ၏။

www.burmeseclassic.com

ပုံနှိပ်ခဲစာလုံးများကို လက်ဖြင့်ပင် ကိုင်တွယ်မကြည့်ဘူးသော ကျွန်တော် ပြင်ဆင်သောစာမူတွင် ချို့ယွင်းချက်တွေ၊ ညံ့ဖျင်းချက်တွေ တစ်ပုံတပင်ကြီး ပါသွားသည်ကို စာအုပ်အဖြစ်ရောက်ရှိသွားမှပင် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရပါသည်။

ချို့ယွင်းချက်၊ မှားယွင်းချက်များကို သည်းခံ၍ ဖတ်သောကျွန်တော့် စာဖတ်သူများကို ကျေးဇူးတင်ပါသည်။

ယခု ဒုတိယအကြိမ်၌မူ အနည်းငယ်ထောင့်နေသော စာများကို ပြင်ဆင်သည်မှအပ အခြား မွမ်းမံဖြည့်စွက်ခြင်း အလျှင်းမရှိပါ။

အားလုံးကို ကျေးဇူးတင်ပါသည်။

လေးစားမှုဖြင့်

ဝင်းမောင်ထွန်း

၀၄၊ ဖေဖော်ဝါရီ (၁၈)ရက်

BURMESE CLASSIC



## အခန်း(၁)

မန္တလေးဗွာနရုံမ်ရုံး အဆောက်အအုံသို့ ဇော်ထွန်း ရောက်သောအခါ ည (၈)နာရီခွဲခန့်သာ ရှိသေးသည်။ အောက်ထပ်ရှိ ဗွာနခွဲရုံးခန်းများအားလုံး ပိတ်ထားပြီ ဖြစ်သော်လည်း အပေါ်ထပ်ရှိ ညွှန်ကြားရေးမှူးရုံးတွင် မီးရောင် ရှိနေသေး၍ ညွှန်ကြားရေးမှူးရုံးထိုင်နေဆဲဟုလည်း သိနားလည်လိုက်မိသည်။

'အပေါ်ထပ်မှာ အဘိုးကြီး စောင့်နေပါတယ်'

အောက်ထပ်တွင် သတင်းစာတစ်စောင်ကို ဖတ်နေသော တာဝန်မှူးက ဇော်ထွန်းကို မြင်လိုက်သည်နှင့်ပင် ပြောပြလိုက်သည်။ ဇော်ထွန်းသည် ပခုံးတွင်လွယ်ထားသော ကာဘိုင်သေနတ်နှင့် ခါးတွင်ပတ်ထားသော စစ်သုံး (၉) မီလီမီတာ ပစ္စတိုကို တာဝန်မှူးစားပွဲရှေ့တွင် စုပုံတင်လိုက်ပြီး ဟောင်နွမ်းစုတ်ပြတ်၍ ချေးညှော်အထပ်ထပ်တို့ဖြင့် ညစ်ပေနေသော စစ်ဝတ်စုံကို အတတ်နိုင်ဆုံး သပ်ရပ်အောင် ဖြီးပြင်ရင်း အပေါ်ထပ်သို့

www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့သည်။ အပေါ်ထပ်တွင်မှ ရှင်းလင်းတိတ်ဆိတ်နေသည်။ ညွှန်ကြားရေးမှူးရုံးအတွင်းသို့ ဝင်ရောက်အလေးပြုလိုက်သည် ဆိုလျှင် ညွှန်ကြားရေးမှူးနုတ်က ခတ်တိုးတိုး ပြောလိုက်သည်။

'တံခါးကို ပြန်ပိတ်ခဲ့'

ဇော်ထွန်းက အမိန့်နာခံလိုက်ရသည်။

'ထိုင်အုံးကွာ'

ညွှန်ကြားရေးမှူးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဇော်ထွန်း ဝင်ထိုင်လိုက်သည်။

'စစ်ဆင်ရေးတာဝန်နဲ့ ပတ်သက်ပြီး ငါ အပြည့်အဝ ကျေနပ်မှုရှိတယ်၊ မင်းကို တစ်နေရာမှ ထပ်သုံးချင်လို့ ငါချက်ချင်း ခေါ်လိုက်တာပဲ'

ဇော်ထွန်းစိတ်ထဲတွင် ကျေနပ် အေးချမ်းသွားသလိုခံစား လိုက်မိသည်။

'ဟုတ်ကဲ့ခင်ဗျာ'

ညွှန်ကြားရေးမှူးစားပွဲရှေ့တွင် သတင်းစာပုံများမှ တစ်ပါး အခြားစာရွက်စာတမ်း ဖိုင်တွဲတို့ကိုပင် မတွေ့ရ။

မီးခံသေတ္တာထဲမှ အနီရောင်ဖိုင်ကို ဆွဲထုတ်လေမလား။ အစိမ်းရောင်ဖိုင်ကို ဆွဲထုတ်လေမလား။

အရောင်ကွဲများဖြင့် ကန့်သတ်ထားသော ဖိုင်တွဲတစ်ခု ကိုထုတ်၍ တာဝန်နှင့် ပတ်သက်သော ရှင်းလင်းချက်၊ ညွှန်ကြား ချက်တစ်ခုခုကို အသေးစိတ် ပြောပြလေ့ရှိသော ညွှန်ကြား ရေးမှူး၏ လှုပ်ရှားမှုကို စောင့်နေလိုက်မိသည်။

ညွှန်ကြားရေးမှူးကမူ မလှုပ်၊ ဆေးတံကိုသာ ခဲသိပ်နေ သည်။



'မင်းကို တာဝန်ပေးဖို့ကိစ္စကတော့ အဆင့်အတန်းအား ဖြင့်ဆိုရင် ထိပ်တန်းလျှို့ဝှက်အဆင့်ပဲ'

အခုမှ ဇော်ထွန်းစိတ်ထဲတွင် သဘောပေါက်သွားမိ တော့သည်။ အမြင့်ဆုံးသော ကန့်သတ်ချက်တွင် စာရွက် စာတမ်းပေါ်တွင် မှတ်သားရန် မလိုအပ်။ ဦးနှောက်ထဲတွင် စွဲမြဲမှတ်သားရတော့မည် ဖြစ်တော့၏။

'မင်းကိုယ်တိုင် အသွင်ပြောင်းဘဝတစ်ခုနဲ့ လူ တစ်ယောက်ကို ချဉ်းကပ်ထိုးဖောက်ရမယ်'

အသွင်ပြောင်းဘဝ (coverstory) နှင့် ချဉ်းကပ် ထိုး ဖောက်မှုသည် ရေရှည်လုပ်ငန်းကြီးတစ်ခုဖြစ်၍ ဇော်ထွန်း ရင်ထဲတွင် မောသွားသလိုပင် ခံစားလိုက်မိ၏။

'အချိန်လဲ စောသေးတယ်၊ နာမည်ကိုတောင် မင်း သိဖို့ မလိုအပ်သေးဘူး၊ လက်ျာဘက်အစွန်းက လူပုဂ္ဂိုလ်တစ်ယောက် လို့ မင်း နားလည်ထားပါ'

'ဟုတ်ကဲ့ခင်ဗျာ'

'မင်းဘဝကို အခြေခံအကြောင်းအရာ ခိုင်ခိုင်မာမာနဲ့ အသွင်ယူနိုင်ဖို့ အရေးကြီးတယ်၊ ဒီအချက်ဟာ အရေးအကြီး ဆုံးပဲ'

ဇော်ထွန်းစိတ်ထဲတွင် တွေဝေသွားမိသည်။

'မင်းမှာ မှတ်ပုံတင်အမည်ခွဲတစ်ခု လုပ်ထားတာ ငါ သတိပြုမိတယ်၊ တစ်ခြားတစ်ခု ထပ်လိုသေးသလား'

'မလိုအပ်ပါဘူးလို့ ထင်ပါတယ်ခင်ဗျာ'

'ကောင်းပြီ၊ မင်းရဲ့ အမျိုးသားမှတ်ပုံတင်နဲ့ စာရွက် စာတမ်းတွေကို ငါ့လက်ထဲ ထည့်နော်ပါ၊ ငါ့ရုံးခန်းထဲက ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့အချိန်ကစပြီး မင်းကိုယ်မင်း 'ဇော်ထွန်း' လို့ မယူဆနဲ့တော့'

'ဟုတ်ကဲ့ခင်ဗျာ'

'ဒီစစ်ဆင်ရေးနဲ့ ပတ်သက်ပြီး ငါကိုယ်တိုင် ဦးစီး ချုပ်ကိုင်မယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'မင်းဘဝကို ဘယ်မှာ အခြေချဖို့ စိတ်ကူးရှိသလဲ'

'ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ကျောက်ဖူးရွာ'

'မင်းနာမည်'

'ထွန်းလွင်'

'အခုညကစပြီး ထွက်ပါ၊ ငါ အပါအဝင် ဘယ်သူနဲ့မှ မင်း ဆက်သွယ်ဖို့ မလိုဘူး၊ လိုအပ်တဲ့အချိန်မှာ ငါကိုယ်တိုင် လာဆက်သွယ်မယ်'

'ညွန့်ကြားရေးမှူး၏ရုံးခန်းဝမှ ထွက်မိသည်ဟုဆိုလျှင် ပင် ဘဝတစ်ခုသည် ပြောင်းလဲသွားခဲ့ရပြီဖြစ်၏။

'ဇော်ထွန်း' မဟုတ်တော့ပြီဖြစ်သော 'ထွန်းလွင်'

○

## အခန်း(၂)

ကွယ်လွန်သူမိခင်၏ ဆွေမျိုးရင်းချာများသည် ရေစကြို မြို့တွင် အများဆုံးနေထိုင်ကြသည်။ ရိုးသားသော တောနေ လူတန်းစား၏ ပင်ရင်းစိတ် ဓာတ်အရ ပကတိ ရိုးသားဖြူစင်မှု များကြောင့် ထူးထူးခြားခြား အခက်အခဲရှိသည်တော့ မဟုတ်။

ရောက်စအချိန်တွင် ရေစကြိုနှင့်ပခုက္ကူသို့ ပြေးဆွဲသော ခရီးသည်နှင့် ကုန်စိမ်းတင် ဒေါ့ဂျစ်ကားမောင်းသောအလုပ်ကို



ဦးလေးတော်သူတစ်ဦး၏ အကူအညီနှင့် ရလိုက်၍ အဆင်ပြေ သည်။အလုပ်နားသောရက်များတွင် ကျောက်ဖူးရွာသို့ သွားနေ လိုက်ပြန်သည်။ဒေါ့ဂျစ်ကားမောင်းပြီး (၃)လခန့်တွင် လိုင်းစင် ပြသနာ ဝင်လာ၍ ဆက်မမောင်းတော့ဘဲ မြင်းခြံနှင့် ရေစကြိုကို ပြေးဆွဲသော 'သူတော်စင်' မော်တော်ပေါ်တက်၍ လက်မှတ်ရောင်း စာရေး၊ မော်တော်မောင်းသူဘဝနှင့် ကျင်လည်နေဆဲ (၂)လခန့် အကြာတွင် အဆက်သွယ်ရ၏။

ရေစကြိုမြို့မှ မြင်းခြံသို့အသွား 'မြေတော်ရွာ' အရောက် တွင် လူစိမ်းတစ်ဦးနှင့်အတူ ညွှန်ကြားရေးမှူးကိုယ်တိုင် မော်တော်ပေါ်သို့ တက်လာသည်။ ဇန်းမော်ဓာဘက် တစ်ထည်ကို ခေါင်းတွင်ပေါင်း ထားပြီး ပင်နီတိုက်ပုံအင်္ကျီ ကြမ်းနှင့်ဖြစ်၏။ ထွန်းလွင်နှင့် စကားပင် မဆိုမိကြသေး။

ည(၇)နာရီခန့်တွင် မြင်းခြံသို့ရောက်၍ ထွန်းလွင် သည် မြင်းခြံမြို့ 'ဈေးကြီး'ရပ်ရှိ ကြက်သွန်ပွဲရုံသို့ အိပ်ရန် အပြန်တွင် သူတို့နှစ်ဦးနောက်မှ လိုက်ပါလာကြသဖြင့် 'ဘောလုံးရွာ' သဲသောင်ခုံပေါ်မှ ဖြတ်လျှောက်ရင်း သူတို့ကို မသိမသာ စောင့်၍ ဖြည်းဖြည်းလျှောက်လိုက်သည်။

'မောင်ထွန်းလွင် အကြောင်းထူး ရှိသလား'

ညွှန်ကြားရေးမှူး၏ အမေးဖြစ်၏။

'မရှိပါဘူး ခင်ဗျာ'

လူရှင်းသော ညပိုင်းဖြစ်၍ သဲသောင်ပြင် ကြီးပေါ်စ်ခုလုံး ရှင်းနေသည်။

'ဦးမောင်မောင်လို့ ခေါ်တယ်၊ မင်း မှတ်ထားပါ'

သူနှင့်အတူ ပါလာသူကို ညွှန်ပြရင်း ညွှန်ကြားရေးမှူး

www.burmeseclassic.com

www.burmeseclassic.com



က ပြောလိုက်သည်။

'ဦးမောင်မောင် မြို့ထဲက စောင့်ပါ'

ဦးမောင်မောင် ဆိုသူသည် အသက် ၄၀ ခန့်သာ ရှိသေးသူဖြစ်ပြီး အသားညိုညို ခပ်ပုပုဖြစ်သည်။ ထွန်းလွင်က ဂရုစိုက်မှတ်သားလိုက်၏။ ထွန်းလွင်နှင့် ညွန့်ကြားရေးမှူးကို အပြုံးနှင့်နှုတ်ဆက်ပြီး လမ်းခွဲထွက်သွားသည်။

'ရှေ့လထဲမှာ မင်းကို လူတစ်ယောက်ဆီမှာ အလုပ်ရဖို့အတွက် သူ ကြိုးစားပေးလိမ့်မယ်၊ အဲဒီလူဟာ မင်းရဲ့ အရုံပစ်မှတ်ပဲ'

တာဝန်နှင့်လွတ်ကင်း၍ အပြင်လောကတွင် အေးချမ်းစွာ နေခဲ့ရသည့်အချိန်များကိုပင် ထွန်းလွင် သတိရ လွမ်းဆွတ်မိသေးတော့၏။

'မင်းပစ်မှတ်ရဲ့ နာမည်က ဦးအောင်မြင့်'

မြန်မာပြည်တွင် ထင်ရှားသော စီးပွားရေးသမား ကြီးများအနက် အထူးသဖြင့် ရေပန်းစားလွန်းသူတစ်ယောက် ဖြစ်၍ထွန်းလွင် အံ့ဩမိချေသည်။ သူ့ကိုတော့ ထွန်းလွင် သိသည်။ သာမန်လူတစ်ဦးတစ်ယောက် သိရှိပြီးသည့် အတိုင်းအတာမျှသာ ဖြစ်၏။ အလွန်အမင်း ချမ်းသာကြွယ်ဝ လွန်းသူဖြစ်၍မန္တလေးတွင် သုံးကြိမ်လေးကြိမ်မျှသာ တွေ့ဖူးမြင်ဖူးသည်။ ထွန်းလွင်ကိုတော့ သူမသိ၊ သူ့အကြောင်း ထွန်းလွင် သိရသည့်ကလည်း မဆန်းလှတော့၊ မြန်မာပြည်တွင် သူချမ်းသာကြွယ်ကြောင်းကို လူတိုင်းလိုလိုက အံ့ဩချီးကျူးပြောဆိုကြသည်ချည်းဖြစ်၏။

'သူ့ပတ်ဝန်းကျင်ထဲ ရောက်ရုံပဲ၊ တို့ ပို့နိုင်တယ်၊



ထိုးဖောက်ဖို့၊ ချဉ်းကပ်ဖို့ဆိုတဲ့ကိစ္စဟာ မင်းတာဝန်ပဲ'

'ဟုတ်ကဲ့ခင်ဗျာ'

'မင်းဟာ အရည်အချင်း ပြည့်ဝတဲ့ ထောက်လှမ်းရေးသမားတစ်ယောက်ဆိုတာ ငါ အသိအမှတ်ပြုတယ်။ မင်းမှာရှိတဲ့အရည်အချင်းတွေထက် ပိုလာအောင် မင်း ကြိုးစားဖို့ငါကတော့ တောင်းချင်တယ်'

'ကျွန်တော် အကောင်းဆုံးဖြစ်အောင် ကြိုးစားပါမယ်'

'မင်းဟာ စရိုက်အရ ပြောရမယ်ဆိုရင် နည်းနည်းကြမ်းတယ်၊ သိပ်မသိမ်မွေ့ဘူး၊ မင်းရဲ့မာန်တွေ၊ မာနတွေ အောင်မြင်မှုတွေကို မေ့ထားလိုက်စော့'

'ဟုတ်ကဲ့ခင်ဗျာ'

'တင်းတင်းကြမ်းကြမ်း သတိပေးလိုတဲ့အကြောင်း ကတော့မင်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ကိုတောင် စွန့်ပါမယ်လို့ သစ္စာအဓိဋ္ဌာန်ပြုထားတဲ့ လူတစ်ယောက်ပဲ'

'ဟုတ်ပါတယ်ခင်ဗျာ'

'အေး–ဒီအဓိပ္ပာယ်ကို ကိုယ့်စိတ်ထဲမှာ အမြဲသတိရပါ၊ မင်းလှုပ်ရှားတဲ့ ပတ်ဝန်းကျင်ဟာ အင်မတန်သိမ်မွေ့တယ်၊နက်နဲခက်ခဲတယ်၊ ပြီးတော့ ငွေကို ရေလိုသုံးနေတဲ့ အလွှာဆိုတော့စိတ်မထိန်းနိုင်ရင် ပြုပြင်ပြောင်းလဲလို့ မရနိုင် တဲ့ ဆုံးရှုံးမှုတွေကိုတို့ရင်ဆိုင်ရမယ်'

ထွန်းလွင်သည် ညွှန်ကြားရေးမှူး၏ ပြောစကားများ ကိုသာဂရုတစိုက် နားထောင်နေလိုက်ရတော့၏။

'ဒီနေရာမှာ မင်းလို ထောက်လှမ်းရေးသမားတစ်ယောက်၊ တစ်ထောင်ယောက်၊ ဆုံးရှုံးသွားဦးတော့ တို့ တိုင်းပြည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကိစ္စမရှိဘူး၊ မင်းတာဝန် ပေါက်ကြားသွားရင် တိုင်းပြည်မှာ သိပ်နစ်နာသွားမယ်'

ညွှန်ကြားရေးမှူး၏စကားများသည် တည်ငြိမ် လေးနက် လွန်းသည်ဖြစ်၍ ထွန်းလွင်၏ရင်ထဲတွင် လှုပ်ရှားနေသည်။,

'သူ့ကို တို့အဝေးကကြည့်လို့ မဖြစ်တော့ဘူး။ ဒါကြောင့် အနီးကပ်ကြည့်ဖို့ အရေးတကြီး လိုအပ်တယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'အချိန်ကာလ အတိုင်းအတာကို ငါ ခန့်မှန်း ပိုင်ခွင့်တောင် မရှိဘူး'

ထွန်းလွင်စိတ်ထဲတွင် စိုးရိမ်သွားမိသည်။ ညွှန်ကြားရေးမှူးကိုယ်တိုင် ခန့်မှန်းပိုင်ခွင့်မရှိလျှင် 'တာဝန်'ဆိုသောအတိုင်းအတာတွင် ဘဝကို မည်မျှကြာသည်အထိပင် မြှုပ်နှံ ရဦးမည် မသိနိုင်တော့။

'မင်းသိထားဖို့တစ်ခုက ဒီဇာတ်လမ်းကြီးထဲမှာ မင်း တစ်ယောက်ထဲ ဇာတ်လိုက်မဟုတ်ဘူး၊ မင်းမသိတဲ့ ဇာတ်လိုက်တွေ အများကြီး ရှိနေတယ်ဆိုတာပဲ'

(Check Counter Check) နည်းစနစ်အရ စုံထောက်နောက်တွင် စုံထောက်ပေါင်းများစွာ ရှိနေဦးမည့်အရေးကို ထွန်းလွင် သတိပြုမိလိုက်သည်။

'ငါ မင်းကို အားကိုးတယ်၊ မျှော်လင့်တယ်၊ ယုံကြည်တယ်၊ လေးစားတယ်၊ ဒါပေမဲ့ စိတ်ချနိုင်တယ်လို့တော့မပြောရဲသေးဘူး၊ ငါစိတ်ချနိုင်တဲ့အဆင့်အထိ မင်း ကြိုးစားဖို့ ငါ့ကို ကတိပေးပါ'

'ကျွန်တော် လေးလေးနက်နက် ကတိ ပေးပါတယ်



ခင်ဗျာ'

'ဝမ်းသာပါတယ် ကျေးဇူးတင်ပါတယ်'

လရောင်အောင်တွင် ထွန်းလွင်၏မျက်နှာကို တည်ကြည်လေးနက်စွာကြည့်ရင်း ညွှန်ကြားရေးမှူးက ပြောလိုက်သည်။

'အရေးကြီးတဲ့ကိစ္စတစ်ခုကို ငါ ထပ်သတိပေးမယ်'

'မင်းဟာ၊ ထမင်းမှန်မှန်စားနေရဖို့ လှုပ်ရှားနေရတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ဖို့ လှုပ်ရှားနေတဲ့ လူတစ်ယောက်ပဲ'

'ဟုတ်ကဲ့ခင်ဗျာ'

မိန်းမချောချောတွေနဲ့ ဆုံလိုက်ရင် အသည်းနှလုံးထဲက မဆက်ဆံနဲ့၊ ဦးနှောက်ထဲကနေပြီး သူတို့ကို စည်းရုံးပါ၊ ချဉ်းကပ်ပါ၊ ငါပြောတာ သဘောပေါက်သလား'

'ဟုတ်ကဲ့ခင်ဗျာ'

'ငါပြောနိုင်တဲ့အပိုင်းဟာ ဒါပဲရှိတယ်၊ မင်းမေးချင်တာ ရှိသေးသလား'

'မရှိပါဘူး ခင်ဗျာ'

'မင်း အောင်မြင်ပါစေလို့ ငါ ဆုတောင်းဆန္ဒပြုတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'စစ်ဆင်ရေးအမည်ကတော့ သုံးရာသီ'

ညွှန်ကြားရေးမှူးနှုတ်မှ ခပ်တိုးတိုး ပြောလိုက်၏။

လရောင်အောက်တွင် ညွှန်ကြားရေးမှူးက ဘုညာ လက်ကို ကမ်းပေးလိုက်၍ ထွန်းလွင်က တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ရင်း လှုပ်ခါလိုက်ရသည်။ ညွှန်ကြားရေးမှူးက

www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံဘက်သို့ နှုတ်ဆက် ထွက်ခွာ သွားပြီဖြစ်၍ ထွန်းလွင်သည် မြင်းခြံပွဲရုံတွင် အိပ်ရန် အစီအစဉ်ကိုဖျက်ပြီး မော်တော်ပေါ် ပြန်အိပ်ရန် မြစ်ဆိပ်ဘက်သို့ တစ်ယောက်တည်း ထွက်ခဲ့သည်။ သံသောင်မြင်ကြီးသည် လရောင်အောက်တွင် ကျယ်ပြန့်စွာ တည်ငြိမ်နေလေသည်။

○

**အခန်း(၃)**

မြင်းခြံနှင့် ရေစကြိုကို ခေါက်တုံ့ခေါက်ပြန် မော်တော် မောင်းကောင်းနေသည့်အခိုက် (၂)လခန့်အကြာတွင် ညွှန်ကြား ရေးမှူးနှင့်အတူလိုက်ပါလာခဲ့ဖူးသော ဦးမောင်မောင်သည် မြင်းခြံ သို့ ကိစ္စတစ်ခုနှင့်လာရင်း အပြန်တွင် ထွန်းလွင်ကို သူနှင့်အတူ ခေါ်သွား၍ မုံရွာ 'နေသိဒ္ဓိ ဆန်စက်' တွင် လစာစာရေး အဖြစ် စတင်ခန့်အပ်သည်။

မုံရွာဆန်စက်မှာ ဦးမောင်မောင်၏ အုပ်ချုပ်မှုအောက် တွင်သာရှိသည်ဟု ထင်ရသော်လည်း ပိုင်ရှင်အစစ်မှာ ဦးအောင်မြင် ဖြစ်၍ ဦးမောင်မောင်က အမည်ခံပြီး စက်လည်ပတ်မှုကို တာ ဝန်ယူရသည်။ မုံရွာဆန်စက်တွင် ထွန်းလွင် သိပ်ကြာကြာ မနေလိုက်ရ၊ (၃)လခန့်အကြာတွင် အမရပူရမှ ဦးအောင်မြင်ပိုင် အထည်စက်တစ်ခုဖြစ်သော 'ရွှေလွန်းပျံ' အထည်စက်၌ အထည်အပို့အယူတွင်သာသုံးသော ဂျစ်ကားတစ်စင်းကို မောင်း လိုက်ရပြန်သည်။

ဦးမောင်မောင်အနေဖြင့် ထွန်းလွင်ကို သိပ်အရေးတယူ ရှိသည်တော့မဟုတ်၊ သာမန်အလုပ်သမားတစ်ယောက်ကို



ဆက်ဆံသောပုံစံအတိုင်းပင် ပြောဆိုဆက်ဆံသည်။ ဆန်စက်နှင့် အထည် စက်တွင် ပုံသေလစာငွေ (၁၅၀)ကျပ်နှင့် ဝင်ရောက် လုပ်ကိုင်ရသော်လည်း (၃)လခန့်ကြာ သောအခါတွင်မူ မိတ္ထီလာ တွင်ရှိသော ဦးအောင်မြင်ပိုင် 'ကြယ်နီပို့ဆောင်ရေး' ကားဂိတ်သို့ ဂိတ်စာရေးနှင့် ရောက် သောအခါတွင် လစာငွေမှာ ၁၅၀ မှ ၁၈၀ အထိပင် တိုးမြှင့်ပေးခြင်းခံရသည်။

ယခုအချိန်တိုင် ဦးအောင်မြင်ကို ထွန်းလွင် မတွေ့မြင် ဖူးသေး။ သို့ရာတွင် ဦးအောင်မြင်၏ လူယုံ မန်နေဂျာ ဖြစ်သော ဦးတင်စိုးကိုတော့ ထွန်းလွင် သိကျွမ်းထားပြီ ဖြစ်၏။ ဦးတင်စိုးမှာ ဦးမောင်မောင်ထက်ပင် လုပ်ငန်းအပေါ်တွင် သြဇာညောင်း သူဖြစ်၏။

အသက် ၅၀-ကျော်ခန့် ဖြူဖြူဝဝ ဖြစ်ပြီး သူ့မျက်နှာ တွင် အစဉ်အမြဲ ပြုံးနေတတ်၏။ မိတ္ထီလာတွင် အငယ် အနှောင်းတစ်ယောက်ရှိနေသဖြင့် မိတ္ထီလာသို့ ရောက်တိုင်း ကြာကြာ ထွန်းလွင်၏ ကားဂိတ်တွင် တွေ့ရတတ်သည်။ ဦးတင်စိုးသည် တစ်နေရာထဲတွင် သီးသန့်နေထိုင်သည်တော့ မဟုတ်။ ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ မိတ္ထီလာ တစ်ဝိုက် တွင်သာ လှည့်ပတ်သွားလာ လှုပ်ရှားနေထိုင်လေ့ ရှိသူ ဖြစ်၏။

သူသွားရောက်ရာ ဒေသတိုင်းတွင် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် အငယ်အနှောင်းတို့ကို အဆင်သင့်ထားရှိ နိုင်သူဖြစ်၍ ရောက်ရာနေရာဒေသများတွင် 'စုံ'သူ ဟုဂိတ် စာရေးကြီးဦးတင် ပြောပြ၍သာ ထွန်းလွင် သိထားရသည်။

တစ်နေ့တွင် မမျှော်လင့်ဘဲ ဦးတင်စိုးနှင့် ...နီးမှ ဖူးလောက်သော အခြေအနေတစ်ခုကို ထွန်းလွင် ကြုံလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ မိုးရွာသောညတစ်ည၏ ၉ နာရီကျော်တွင် တောင်ကြီးမှ မိတ္ထီလာသို့ ဆင်းလာသော ဦးတင်စိုး၏ ဘောက်(စ်)ဝက်ဂွန်း လီပ်ခုံးကားနက်ကလေးတွင် ကားမောင်းသူနှင့် ဦးတင်စိုးတို့ နှစ်ဦးသား 'ကြယ်နီပို့ဆောင်ရေး' ကားဂိတ်ရှေ့တွင် ထိုးရပ်လာ၏။

ကားမောင်းသူမှာ သွေးဝမ်းများ သွားနေသောကြောင့် ဦးတင်စိုးကိုယ်တိုင် ကားကို မောင်းလာခဲ့ရသဖြင့် သူ့မျက်နှာတွင် ကျေနပ်ပုံမရ၊ သုန်သုန်မှုန်မှုန်နှင့်ဖြစ်၏။ ဦးတင်စိုး၏ သြစာခံ 'ကြယ်နီပို့ဆောင်ရေး' ဂိတ်သို့ ဝင်၍ နေမကောင်းသူကို ထားခဲ့ပြီး ကားနှင့် မန္တလေးသို့ ဆက်သွားမည်ဟု သိရသည်။

'မင်း ကားကောင်းကောင်း မောင်းတတ်သလား'

ဦးတင်စိုးက ထွန်းလွင်ကို အကဲခတ်သလိုကြည့်ရင်း မေးလိုက်သည်။

'ဟုတ်ကဲ့ခင်ဗျာ၊ မောင်းတတ်ပါတယ်'

ရိုသေလေးစားသော အမူအရာနှင့်ပြောသော ထွန်းလွင်ကို ကျေနပ်သွားဟန်ဖြင့် ဒရိုက်ဘာဟောင်းကို ကားဂိတ်တွင် ထားခဲ့ပြီး ထွန်းလွင်ကို ဒရိုင်ဘာခန့်၍ ညတွင်းချင်း မန္တလေးသို့ ဆက်ထွက်ခဲ့သည်။ မိတ္ထီလာနှင့် မန္တလေးကို ဦးတင်စိုး စိတ်ကြိုက်လိုက်၍ ခပ်မြန်မြန် အရှိန်မြှင့်၍ ကျင်ကျင် လည်လည် မောင်းပြလိုက်သည်ဆိုလျှင်ပင် ဦးတင်စိုး၊ ထွန်းလွင်ကို ကျေနပ်သွားသည်ဟုပင် ထင်မှတ်ရ၏။

လမ်းခရီးတွင် ရပ်နားသည်ဟုဆိုလျှင်ပင် ထွန်းလွင်သည် ကားရှေ့ခန်းမှ ဖျတ်ဖျတ်လတ်လတ်ဆင်း၍ တံခါးကို



ဦးတင်စိုးအတွက် သွက်သွက်လက်လက် ဖွင့်ပေးခြင်းနှင့် လိုအပ်သောခိုင်းစေမှုများအားလုံးကို ဦးတင်စိုး စိတ်ကြိုက်ဖြစ်စေရန် အတတ်နိုင်ဆုံး ကြိုးစား၍ လုပ်ရှားလိုက်ရသည် ဖြစ်ရာ မန္တလေး မရောက်မီပင် ထွန်းလွင်ကို သဘောကျ သွားပုံရသည်။

မန္တလေးသို့ သန်းခေါင်ကျော်ခန့်တွင် ရောက်၍ ပုလဲငွေရောင်ရပ်ရှိ ခြံဝင်းကျယ်ကျယ် တိုက်ခံအိမ်တစ်ခုတွင် ကားကို မောင်းဝင်စေပြီး ဦးတင်စိုးသည် အိမ်ပေါ်သို့ တက်သွားသည်။ ထွန်းလွင်ကိုမူ အောက်ထပ်ရှိ ကွပ်ပျစ်တစ်ခု ပေါ်တွင် စောင်၊ ခြင်ထောင်နှင့် ခေါင်းအုံးများပေး၍ အိပ်စေ၏။ နံပါတ်စဉ် ပြီးသော အငယ်အနှောင်း တစ်ယောက်အိမ်ဟု ထွန်းလွင် သိနားလည်လိုက်မိ၍ ထွေထွေထူးထူး မစဉ်းစားတော့ဘဲ အိပ်လိုက် သည်။

* * *

နံနက်လင်းခါနီး ၅ နာရီခန့်တွင် ခြင်ထောင်များကို သပ်သပ်ရပ်ရပ် ခေါက်ထားပြီး ကားတွင် ပေရေနေသော ရွှံ့များ၊ ဖုံများကို ပန်းခြံတွင် စည်ပိုင်းထဲမှရေဖြင့် ဆေးကြော သုတ်သင်နေဆဲတွင် ဦးတင်စိုး ဆင်းလာတော့သည်။

'မင်းက တယ်ဝီရိယ စောပါလားဟ'

ပြောင်စင်အောင် ဆေးကြောသုတ်သင်ထားသော ကားကို ကြည့်ရင်း ဦးတင်စိုးက ပြောလိုက်သည်။

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်က ကိုယ်ကိုညွတ်ကာ လေးလေးစားစား ပြန်ပြောလိုက်သည်။

နေ့လည်ပိုင်း ထမင်းစားပြီးချိန်တွင် ထွန်းလွင်ကို ခေါ်ကာ

www.burmeseclassic.com

www.burmeseclassic.com



မေမြို့သို့ တက်သည်။ ညနေ ၅ နာရီခန့်တွင် မန္တလေးသို့ပြန်၍ ၈၄ လမ်းပေါ်ရှိ 'မန္တလေးဟိုတယ်' ရှေ့တွင် ကားကို ရပ်စေပြီး သီးသန့်ခန်းထဲသို့ ထွန်းလွင်ကိုပါ ခေါ်သွင်းပြီး စားသောက်ဖွယ်ရာများကို မှာကြားလိုက်၏။

နိုင်ငံခြားဖြစ် ပျားအုံတံဆိပ် ဘရမ်ဒီ အသေးတစ်လုံးကို ဖန်ခွက်နှစ်လုံးနှင့်အတူ ချသောအခါ ထွန်းလွင်က အရက်သောက်ချင်စိတ်ကို မျိုသိပ်၍ထားရတော့သည်။

'ကျွန်တော် မသောက်တတ်ပါဘူး ခင်ဗျာ'

အတန်တန်ဣန္ဒြေဆောင်၍ ငြင်းပြနေသည့်အထဲက သောက်ရမည်ဆိုသော သူ့စကားကို မပယ်ရှားရဲသော အသွင်ဖြင့် တစ်ပက်ခန့်ကိုတော့ ထွန်းလွင် သောက်လိုက်ရ၏။ ဦးတင်စိုးကမူ အသေးတစ်လုံးကို ရေသောက်သလို သောက်နိုင်သူလည်းဖြစ်၏။ထမင်းစားအပြီး သီးသန့်ခန်းမှ အထွက်တွင် မမျှော်လင့်သော အဖြစ်တစ်ခုကို ကြုံရတော့သည်။

'ဟင်'

ဦးတင်စိုးထံမှ အသံကြား၍ ကြည့်လိုက်သည့်အခါတွင် အပြင်စားပွဲမှ အမှတ်မထင် ထွေးလိုက်သောတံတွေးများသည် ဦးတင်စိုး၏ အနီရောင်ကတ္တီပါဖိနပ် စီးထားသည့် ခြေဖမိုးပေါ်တွင် ပေကျံနေသည်ကို တွေ့လိုက်ရ၍ ထွန်းလွင်က သွက်သွက်လက်လက်ပင် စားပွဲပေါ်မှ သတင်းစာစက္ကူနှင့် ကောက်သုတ်ပေးလိုက်သည်။

'မင်း တော်တော်မိုက်ရိုင်းပါကလားကွ ဟေ'

ဦးတင်စိုးက တံတွေးထွေးသူကို ကြည့်ရင်း ကြိမ်းဝါးလိုက်သည်။



'မတော်တဆ ဖြစ်တာပါဗျ'

တံတွေးထွေးသူက ဘုကျကျပင် ပြန်ဖြေလိုက်သည်။ အသက် (၃၀)ခန့် ဂင်တိုတိုနှင့်ဖြစ်၏။ သူတို့အုပ်စုမှာ သုံးယောက်ဖြစ်ပြီး နှစ်ယောက်မှာ ခပ်ပိန်ပိန်ပါးပါးဖြစ်၏။ စားပွဲပေါ်တွင် သောက်လက်စ မန္တလေးရမ်အကြီးတစ်လုံးမှာ စားသောက်ဖွယ်ရာများအလယ်တွင် လက်လေးလုံးခန့် ကျန်ရှိနေသေးသည်။

'မင်း ငါ့ကို ဘယ်လိုလူ ထင်လို့လဲ'

'ခင်ဗျားက ဘာကောင်မို့လို့လဲ'

အခြေအနေသည် ချက်ချင်း တင်းမာလာသည်နှင့် အမျှ ထွန်းလွင်က ငြိမ်နေရင်း သူတို့အုပ်စုကို သတိထား၍ စောင့်ကြည့်နေမိသည်။ ပိန်ပိန်ပါးပါးလူက ဆိုဒါပုလင်းကို ကိုင်၍ ထိုင်ခုံမှ ထလိုက်သည်ဆိုလျှင်ပင် ထွန်းလွင်က ဦးတင်စိုးရှေ့မှ ဝင်ရပ်လိုက်ပြီးသား ဖြစ်သွားသည်။

ထိုသူ၏လက်ကို လေထဲတွင် မြှောက်ရွဲလိုက်သောအခါတွင် ထွန်းလွင်၏ဘယ်ခြေသည် ထိုသူ၏ တံတောင်ဆစ်အထက်ပိုင်းသို့ 'ပေါက်'၍ တားလိုက်ပြီး တစ်ဆက်တည်းပင် ဘယ်ခြေကို အဖြောင့်ခတ်ထုတ်လိုက်ရာ နောက်တွင်ရှိသော ဗုလားထိုင်နှင့် ရော၍ ပစ်လဲသွားသည်။

ဂင်တိုတိုနှင့်လူ ထလိုက်သောအခါ ထွန်းလွင်သည် ညာဖြတ်လက်သီးတစ်လုံးကို ပုခုံးအားနှင့် ခပ်ဆတ်ဆတ် တွန်းထွတ်လိုက်ရာ ပါးရိုးပေါ်သို့ တည့်မတ်စွာ ကျရောက်ပြီးချိန်တွင် ညာလက်သီးကို ပြန်ခေါက်၍ နမူးဆီသို့ လျှပ်တစ်ပြက်အတွင်းတွင်း ပက်လက်လှန်၍ ထိုးခေါက် ခေါက်လိုက်သည်တွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသူမှာ မဟန်နိုင်တော့ဘဲ ပစ်လဲကျသွားသည်။

ထွန်းလွင်သည် မျက်သွားသော ကိုယ်ဟန်အနေအထား ကို ခြေဖျားနှစ်ဘက်ပေါ်တွင် ပြန်ထိန်းလိုက်ရင်း စားပွဲတစ်ဖက်ရှိ မျက်နှာချင်းဆိုင်လူကို ရင်ဆိုင်လိုက်သည်။ သူ့ကို စတင်ရင်ဆိုင် ဆဲတွင် ထွန်းလွင်၏ ဝဲဘက်ပခုံးစွန်းသို့ နောက်မှ လူတစ်ယောက် က လာရောက်ဆုပ်ကိုင် လိုက်ခြင်းကို သတိပြုခံစားလိုက်မိသည့် အချိန်ပိုင်းတွင် ဝဲဘက်လက်ဖျံနှင့် ခပ်ဆတ်ဆတ် ရိုက်ဖယ်လိုက်ပြီး ကိုယ်ကို ညွတ်ပြီး တံတောင်ဆစ်ကုံကွေး၍ ကိုယ်ရှိန်နှင့် စုပေါင်း တွက်လိုက်သည်။

'အင်း'

အပျော့ပိုင်းတွင် ထိခိုက်မိကြောင်း ခံစားထိတွေ့မိသည် နှင့်အတူ နောက်ရန်သူ၏ နှုတ်မှ ညည်းတွားသံကိုပင် သတိထားမိ သည်။ တစ်ဆက်ထည်းပင် ဘယ်ခြေကို အတွင်းသို့ ပြန်ရွှင်ဆွဲ၍ ကိုယ်အရှိန်နှင့်ပေါင်း၍ အတွင်းခတ်ထုတ်လိုက်သောအခါ နောက်တွင်ရှိ သူ၏ ဝမ်းဗိုက်ပိုင်းကို ဒါးလွယ်ခုတ်ပင် အဆင်သင့် ထိခိုက်မိ၍ ရှေ့သို့ ဟတ်ထိုးကျ သွားတော့သည်။

'ဟိုက်၊ လူမှားသွားပြီပဲ'

ထွန်းလွင်စိတ်ထဲ ကျိတ်၍မှတ်ချက်ချမိတော့သည်။

ထိုသူသည် စောစောပိုင်းက စားသောက်ဖွယ်ရာများ လာချပေးသော ဆိုင်အလုပ်သမား တရုတ်တစ်ဦး ဖြစ်နေသော ကြောင့်ပင်။

ဆိုင်ထဲရှိလူများ ရုတ်ရုတ်သဲသဲ ဖြစ်လာကြ၍ ထွန်း လွင်သည် အံ့အားသင့်သလို ကြောင်ကြည့်နေသော ဦးတင်စိုး ရှေ့မှ ပိတ်၍ရပ်လိုက်ပြီး ပေါ်လာသမျှသော ရန်သူကို အသင့်တိုက်



ခိုက်မည့်အနေထားဖြစ်သော သိုင်းပြောင်းပြန် သမားတစ်ယောက် ၏ 'ချွန်'အနေအထားကို အသင့်ပြင်၍ ရင်ဆိုင်လိုက်တော့သည်။

ဆိုင်မန်နေဂျာမှာ ချက်ချင်းရောက်လာ၍ ဦးတင်စိုးကို သိကျွမ်းရင်းနှီးစွာနှင့် နှုတ်ဆက်သည်။ အခုမှပင် သတိရမိ သလို ဖြစ်သွားသော ဦးတင်စိုးသည် တိုက်ပုံအတွင်းအိတ်ထဲမှ ရာတန်တစ်ထပ်ကို ဆွဲထုတ်၍ မန်နေဂျာလက်ထဲ ထည့်လိုက် သည်။

'သိုသိုသိပ်သိပ် ဖြစ်အောင် ကြိုးစားပေးပါ၊ ကျုပ် အေးအေးအေးဆေးမှ လာအုံးမယ်'

ဦးတင်စိုးက လေသံတိုးတိုးနှင့် ပြောရင်း ဆိုင်အပြင်သို့ ထွက်သွားသည်။

'ကိစ္စမရှိပါဘူးဦးတင်စိုး၊ ကျွန်တော် တာဝန်ယူပြီး ရှင်းပါ့မယ်၊ ငွေကို ပြန်ယူပါ'

မန်နေဂျာတရုတ်က အတန်တန် ပြန်ပေးနေသော ငွေကို ငြင်းပယ်ရင်း ကားပေါ်တက်သွားသဖြင့် ထွန်းလွင် ကလည်း ခပ်သုတ်သုတ်တက်၍ မောင်းထွက်လိုက်သည်။

ကားပေါ်တွင် စကားသံမှတစ်ပါး တိတ်ဆိတ်နေသည်။ ထွန်းလွင်စိတ်ထဲတွင် ဦးတင်စိုးများ စိတ်ခုသွားလေမလားဟု ပင် စိုးရိမ်မိသည်။

'မင်းလက်တွေက တယ်မြန်တာပဲကိုးကွ'

ဦးတင်စိုး၏ လေသံမှာ အားရကျေနပ်သော လေသံမျိုး ဖြစ်၍ ထွန်းလွင် ဝမ်းသာသွားမိသည်။

'မင်းက ကိုယ်ခံပညာတွေ ဘာတွေတတ်သေးလို့'

'နည်းနည်းပါးပါးပါခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ရိုးကျိုးသော အမူအရာလေသံမျိုးနှင့် နိမ့်ချစွာ ထွန်းလွင်က ပြန်ပြောလိုက်သည်။

'မင်းတိုက်ပုံခိုက်ပုံက သွေးအေးအေးနဲ့ အလွန်မြန်တာပဲ၊ မင်းနောက်ကတရက်က မင်းကို ဖျင်မလို့ လာတာကွ၊ မင်းက လှည့်ဆော်လိုက်တော့ ခွေသွားတာပဲ'

ဦးတင်စိုးအနေနှင့် အလွန်ကျေနပ် သဘောကျနေပုံရနေသဖြင့် ထွန်းလွင် သက်ပြင်းတစ်ခုကို မသိမသာ ချလိုက်မိ တော့သည်။ ခုခံကာကွယ် တိုက်ခိုက်နည်းပညာရပ်တော်တော်များများကို ထွန်းလွင်သည် ဘဝအခြေအနေနှင့် ကိုယ်ညီအောင် လိုက်စားခဲ့ရသည်။ သိုင်းပြောင်းပြန်ပညာကိုတော့ ထွန်းလွင် စိတ်တိုင်းအကျမိဆုံးနှင့် အားကိုးအားထားအပြုမိဆုံးဖြစ်၏။

မိမိနှင့် မသက်ဆိုင်ဘဲ အခြေအနေအရ တိုက်ခိုက်ခဲ့ရသော်လည်း မိမိ အောင်မြင်မှုအတွက် ဂုဏ်မယူနိုင် ရက်ခဲ့ပေ။

အထူးသဖြင့် ဦးတင်စိုးလို အရေးရှိ လူကြီးလူမိုက်များအတွက် ပို၍ပင် အသုံးပြုတိုက်ခိုက်ကာကွယ်လိုစိတ်တော့ မရှိပေ။ ဦးတင်စိုးကတော့ ထွန်းလွင်၏ လျင်မြန်သော တိုက်ခိုက်မှုကို သဘောကျမဆုံးဖြစ်နေပုံရသည်။ တစ်လမ်းလုံး ချီးမွမ်းပြောဆိုရင်း လိုက်ပါခဲ့သည်။

○

## အခန်း (၄)

မန္တလေးဟိုတယ်အတွင်းတွင် တိုက်ခိုက်ရန်ဖြစ်ခဲ့ရသော လုပ်ရပ်မှုသည် အမှတ်မထင်ပင် ထွန်းလွင်အတွက် ရခဲ့လှသော



အခွင့်အရေးတစ်ခုပင် ဆိုရမည်ဖြစ်၏။

ဦးတင်စိုး၏ လက်စွဲလူယုံတော် ဒရိုင်ဘာ ဖြစ်သွားသည်သာမဟုတ်၊ လစာငွေမှာလည်း ၂၀ဝိ အထိ တိုးမြှင့်ပေးခြင်းခံရသည်။ မိတ္ထီလာ၊ တောင်ကြီး၊ မန္တလေးနှင့် ပြင်ဦးလွင်သည် ဦးတင်စိုးအတွက် အိမ်ဦးနှင့် ကြမ်းပျဉ်ပင်။

ဦးတင်စိုး၏ အပျော်မယားများကိုလည်း ထွန်းလွင်ရင်းနှီးစွာ ပေါင်းမိပြီဖြစ်၏။ အစစအရာရာတွင် သတိ ဝီရိယထား၍ အတတ်နိုင်ဆုံး အောက်ကျခံ၍ ဆက်ဆံရသဖြင့် သက်သာလှသည်တော့မဟုတ်။

ဦးတင်စိုးထံတွင် ကားမောင်းနေရသည်မှာ သုံးလခန့်ကြာခဲ့သည်အထိ ဦးအောင်မြင်ကို မတွေ့ဖူးသေးပေ၊ ရန်ကုန်တွင်သာ အနေများသည်ဟုသာ သိရသည်။ ဦးတင်စိုး ရန်ကုန်သွားလျှင် လေယာဉ်ဖြင့်သာ သွားသည်က များသည်။ ဦးတင်စိုးရန်ကုန်သွားသည်ဆိုလျှင် မန္တလေး ပုလဲငွေ ရောင်ရပ်နေ အိမ်အောက်ထပ်တွင်သာ ထွန်းလွင် နေခဲ့ရသည်။ ယနေ့နံနက် (၁၁) နာရီခွဲတွင် ဦးတင်စိုး ရန်ကုန်မှ မန္တလေးသို့ ပြန်ရောက်မည်ဖြစ်၍ ထွန်းလွင်က လေယာဉ်ကွင်းမှ စောင့်ကြိုသည်။

လေယာဉ်ဆိုက်သည်ဆိုလျှင် ဦးတင်စိုးကို လူ တစ်ယောက်နှင့်အတူ တွေ့လိုက်ရတော့သည်။

'အဓိကပစ်မှတ် ဦးအောင်မြင်ကိုယ်တိုင် ဖြစ်တော့ သည်'

ထွန်းလွင်သည် လှုပ်ရှားသွားသောစိတ်များကို ထိန်းရင်းသူတို့နှင့် ပါလာသောပစ္စည်းများကို ကားပေါ်တင်၍ မောင်းထွက်ခဲ့သည်။ ကားနောက်ခန်းတွင် ဦးအောင်မြင်သည် ဦးတင်စိုးနှင့်အတူယှဉ်တွဲထိုင်ရင်း လိုက်ပါလာခဲ့သဖြင့် ကားကို ဂရုတစိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းနေလိုက်သည်။

သူတို့သည် စကားကို နှစ်ကိုယ်ကြားသာ ပြောလာခဲ့ကြသည်ဖြစ်ရာ ထွန်းလွင် ဂရုတစိုက် နားစွင့်ထောင် သော်လည်း သဲသဲကွဲကွဲ မကြားရပေ။

နောက်ကြည့်မှန်အတွင်းမှ နောက်သို့ အကဲခတ် ကြည့်လိုက်သောအခါတွင် ထွန်းလွင်၏ ကားနောက်တွင် မသက်ာဖွယ်ရာ ကားတစ်စင်းတလေကိုပင် မမြင်ရသဖြင့် ဌာနချုပ်ရုံးမှ ဦးအောင်မြင်အတွက် နောက်ယောင်ခံသူပင် မထားရှိဟု ယူဆရသည်။

'ကျွန်တော်ပြောတဲ့ မောင်ထွန်းလွင် ဆိုတာလေ'

ဦးတင်စိုးအသံကို ထွန်းလွင် ကြားလိုက်ရ၏။

'ဪ–ဦးမောင်မောင် ပြောဖူးလို့ သတိရတယ်'

အသိအမှတ်ပြုရုံလောက်သာ ပြော၍ နောက်ထပ် ထွန်းလွင်အကြောင်း ဆက်ပြောသံပင် မကြားရတော့ပေ။

ထွန်းလွင် နောက်ကြည့်မှန်ထဲမှ အကဲခတ်မိသ၍ ဆိုလျှင် ဦးအောင်မြင်သည် ရှေ့နောက်ဝဲယာကို မကြာခဏ အကဲခတ်ကြည့်လေ့ရှိသည့် အချက်ပင်ဖြစ်၏။ ဦးတင်စိုးကိုလည်း စကားများများမပြော။ အမူမဲ့အမှတ်မဲ့ နေတတ်သူ တစ်ယောက် မဟုတ်သည်ကိုတော့ ထွန်းလွင် အကဲခတ် လေ့လာမိသည်။

ဦးအောင်မြင်သည် ဦးတင်စိုးထက်ပင် နုပျိုသေးသည် ဟု ထင်မှတ်ရ၏။ အသက် (၅၀)ကျော်ခန့် ရှိပြီး အသားဖြူဖြူနှင့် မပိန်မဝသော ကိုယ်လုံးမျိုးနှင့် ဖြစ်သည်။ အရပ် ၅ ပေ၈ လက်မခန့်ဖြစ်၍ ပေါ်လွင်သောနှာတံ၊ အနည်းငယ် ကျဉ်းမြောင်းသည်ထင်ရသော်လည်း သိညာ ပြန့်ပြူးသော နဖူးနှင့် တင်းကြပ်စွာ



စေ့ထားသောနှုတ်ခမ်းမှာ ပြုံးယောင်းသန်းနေသည်။ စူးရှကြည်လင်သော မျက်စေ့အစုံမှာ တောက်ပလွန်းသည်ဟုပင် ထင်ရ၏။

ဒီဂရီမျက်မှန်သည် သူ့မျက်နှာထက်တွင် လိုက်ဖက်ညီအောင် ခန့်ငြားစွာ တန်ဆာဆင်ထားသည်။ဆွတ်ဆွတ်ဖြူသော ရှပ်အင်္ကျီဖြူ စတစ်ကော်လာနှင့် မီးခိုးရောင် သက္ကလပ်ပါးတိုက်ပုံအင်္ကျီအပြင် ခါးတွင် ရေညှိရောင် အင်းလေးလုံချည်ကို ဝတ်ဆင်ထားသည်ဖြစ်ရာ အားလုံးကို ခြုံ၍ကြည့်လျှင် ကိုယ်နှင့် လိုက်ဖက်ညီအောင် ဝတ်ဆင်ယင် လေ့ရှိသော လူချောလူခန့်ကြီး တစ်ယောက်ဟုပင် ဆိုရပေမည်။ ဦးတင်စိုး စေခိုင်းချက်အတိုင်း ကားကို နယူးစီဗီလိုင်းရပ်ရှိ ခြံဝန်းကျယ်ကျယ်နှင့် တိုက်အိမ်တစ်ခုထဲသို့ ထွန်းလွင် မောင်းဝင်လိုက်သည်။

ကားကို နှစ်ထပ်တိုက် ဆင်ဝင်အောက်တွင် ရပ်လိုက်ပြီး ဦးအောင်မြင် ထိုင်သောဘက်မှ တံခါးကို ခပ်မြန်မြန် ဖွင့်ပေးလိုက်သောအခါ ဦးအောင်မြင်သည် မပြုံးရယ်သော မျက်နှာမျိုးနှင့် ဆင်းပြီး အိမ်ထဲဝင်သွားသည်။ လေယာဉ်မှ အဆင်းတွင်မှစ၍ ယခုအချိန်ထိုင် ဦးတင်စိုး၏ အမူအရာမှာ အလွန်ရိုသေရလွန်းသောဟန်ပန်များကို ထွန်းလွင် သတိထားမိရင်း၊ ဦးအောင်မြင် ဝင်သွားသော အိမ်အခြေအနေကိုသာ လက်လှမ်းမှီသ၍ လေ့လာနေလိုက်သည်။ ခဏအကြာတွင် ဦးတင်စိုး ရေးကြီးသုတ်ပြာနှင့် ပြန်လာပြီး ထွန်းလွင်ကို ပြောလိုက်သည်။

'မင်းကား အခြေအနေ ကောင်းရဲ့လား'

'ကောင်းပါတယ် ဆရာ'

'မနက်စာ စားပြီးရင် သူဌေး တောင်ကြီးသွားလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာ စားအပြီးတွင် ဘောက်စ်ဝက်ဂွန်းကား ငယ်သည် မန္တလေးမှ တောင်ကြီးသို့သွားရန် စတင်ထွက်ခွာခဲ့ရသည်။ တစ်လမ်းလုံး ဦးအောင်မြင် စိတ်ကြိုက်တွေ့စေရန် သတိဝီရိယ ထား၍ ဂရုတစိုက် မောင်းခဲ့သော်လည်း ဦးအောင်မြင်ကမူ ထွန်းလွင်ကို ရှိသည်ဟုပင် ထင်မှတ်ပုံမရ။

တိုင်း(မ်)(စ်) မဂ္ဂဇင်းတစ်စောင်ကို ဖတ်ရင်းသာ လိုက်ပါလာသည်။ ခါတိုင်းအချိန်များတွင် ကားပေါ်တွင် မိန်း၍ လိုက်ပါလာသူ ဦးတင်စိုးပင် အိပ်ငိုက်ခြင်းမရှိသည်ကို ထွန်းလွင် သတိပြုမိ၏။ မိတ္ထီလာဝင်လိုက်၊ သာစည်ဝင်လိုက်၊ ကလောဝင် လိုက်နှင့် ည(၉) နာရီခွဲမှ တောင်ကြီးသို့ ရောက်သည်။

ဟော်ကုန်းရပ်ကွက် တည်းခိုသောအိမ် ရောက်သည်နှင့် ပင် ထွန်းလွင်သည် ကားကို ရေနှင့် တဘွမ်းဘွမ်းလောင်း၍ ဆေးကြောနေလိုက်သည်။

'မောင်ထွန်းလွင်၊ ညကြီးမှာ ချမ်းချမ်းစီးစီးနဲ့ကွယ် မနက်မှ ဆေးရင်လဲ ရပါတယ်'

ထွန်းလွင် လှည့်ကြည့်လိုက်သောအခါ နှင်းကာ အင်္ကျီရှည်ကြီးဝတ်၍ ရပ်နေသည့် ဦးအောင်မြင်ကို တွေ့လိုက် ရသည်။ ထွန်းလွင် တစ်ကိုယ်လုံးတွင် ရေစိုဘောင်းဘီ တိုကလေး တစ်ထည်သာ ဝတ်ထားသည်ဖြစ်၏။

'ဩော်.....ဟုတ်ကဲ့ခင်ဗျာ'

'ဒီကောင်က သိပ်သန့်ရှင်းတဲ့ကောင်၊ အားရင် သူ့ကား ကိုပဲ နှိုက်နေတာတဲ့'

ဦးတင်စိုးက ဝင်၍ထောက်ခံပေးလိုက်သည်။

'မောင်ထွန်းလွင် အအေးမိမယ်၊ တော်ပြီ ကားကိုဒီ



အတိုင်းထားခဲ့ ရေသွားမချိုးလိုက်နဲ့၊ ခြေလက်လောက်ပဲ ဆေးတော့လေ'

ထွန်းလွင် ငြင်းဆန်ရမှာ ခက်သလို ကြောင်နေမိသည်။

'ဟော့.....သူပြောသလိုလုပ်ကွာ'

ဦးအောင်မြင်ထွက်သွားမှ ဦးတင်စိုးက အလေးတကြီး ပြောလိုက်သည်။

'သူဌေးက သူပြောသလိုလုပ်မှ ကြိုက်တာ၊ ဘယ် တော့မှ နှစ်ခွန်းမပြောဘူး၊ လုပ်လုပ် မြန်မြန်လုပ်စမ်း'

ထွန်းလွင်သည် ခြေလက်မျက်နှာကို ဆေးကြောရင်း ဦးအောင်မြင်ထံ ချဉ်းကပ်နိုင်ရန်သာ အမျိုးမျိုး စဉ်းစား နေလိုက် သည်။

'မောင်ထွန်းလွင် ဒီလာဟေ့'

ဦးအောင်မြင်အသံဖြစ်၍ ဧည့်ခန်းဘက်သို့ ခပ်သွက် သွက် လာခဲ့သည်။

'ရော့.....အရက် နည်းနည်းသောက်လိုက်'

ဦးအောင်မြင်သည် ပါးလွှာ လှပသော ဖန်ခွက်ထဲတွင် အရက်ကိုလက်သုံးလုံးခန့် ထည့်ပြီး ကမ်းပေးလိုက်၍ တရိ တသေ လက်နှစ်ဘက်ဖြင့် လှမ်းယူလိုက်ရသည်။ မသောက်ရဲ သလိုဟန်မျိုးနှင့်လည်း မရဲတရဲ ကိုင်ထားလိုက်သည်။

'သောက်လိုက်လေကွာ၊ ဒီကောင်က အရက်လဲ မသောက် တတ်ဘူးခင်ဗျ'

ထွန်းလွင်ကို လှမ်းပြောရင်း တစ်ဆက်တည်းပင် ဦးအောင် မြင်ဘက်သို့ ဦးတင်စိုးက ရှင်ပြလိုက်ခြင်းဖြစ်၏။ ထွန်းလွင်က မျက်စေ့ကိုမှိတ်၍ 'ဖွတ်'မျိုချရသောဟန်မျိုးနှင့် မော့ချလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တော့၏။အေးမြသော တောင်ကြီး ရာသီဥတုပင် ဖြစ်လင့်ကစား ရင်ထဲတွင် ပူနွေးသွားသည်ဟုပင် ထွန်းလွင် ထင်လိုက်မိ၏။ အရက်သည် ပြည်တွင်းဖြစ် ဘရန်ဒီ မဟုတ်၊ နိုင်ငံခြားဖြစ် ဟာပ်(န်)နက်စီ ဘရန်ဒီ ဟုလည်း ထွန်းလွင် သိလိုက်သည်။

'အစ်ကိုကြီး ဒရိုင်ဘာက လူချော့ပဲ'

အခန်းထဲသို့ မည်သည့်အချိန်က ရောက်နေသည်ကို သတိမပြုမိသော်လည်း အသံကြားမှ ကြည့်လိုက်သောအခါ အသက်အစိပ်ခန့် အမျိုးသမီးတစ်ယောက်ကို တွေ့လိုက် သည်။ နိုင်ငံခြားဖြစ်ဆွယ်တာ အကောင်းစားတစ်ထည်ကို ပုခုန်းပေါ် တင်ထားသော သူ့အသွင်သည် အိမ်ရှင်ဟုပင် ထင်မှတ်ရမည် ဖြစ်သည်။

ဦးအောင်မြင်နှင့် နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ယှဉ်တွဲ၍ ဝင်ထိုင်လိုက်သည်။ လှပသော၊ ချောမွေ့သော၊ ဆွဲဆောင်မှု အပြည့်အဝရှိသော ကိုယ်ကာယပိုင်ရှင်လည်း ဖြစ်သည်။ ထူးခြားမှုမှာ သေးသိမ်လွန်းသောခါးနှင့် ပြည့်တင်း လွန်းသော ကိုယ်ကာယ အချိုးအစား အတိုင်းအတာများ ဖြစ်၏။

ဦးအောင်မြင်လို အစစအရာရာတွင် ပြည့်စုံလှသော လူချောလူခန့်တစ်ယောက်၏ နံပါတ်စဉ်မပြီးသော ကြင်ဖော် တစ်ယောက်ဟုလည်း ထွန်းလွင် နားလည်လိုက်မိသည်။

'ဟုတ်တယ်၊ မောင်ထွန်းလွင်က လူချော့ပဲ"

ဦးအောင်မြင်က ဂုဏ်ယူရရပင် ထောက်ခံလိုက်သည်။

'ကျွန်တော်ကားကို ဆင်ဝင်အောက် သွင်းထားပါရစေ ခင်ဗျာ'

ထွန်းလွင်က ထွက်ပေါက်ရှာသလို ပြောလိုက်သည်။



'မောင်ထွန်းလွင်ရဲ့ကားက နှင်းတွေထဲမှာ မြောမသွား ပါဘူး'

ဦးအောင်မြင်က ပြုံး၍ ပြောလိုက်သည်။ ဦးအောင်မြင် ၏အပြုံးသည် အေးချမ်းသိမ်မွေ့လွန်းသည်ဟုပင် ထွန်းလွင် ထင်မှတ်လိုက်မိသည်။

'မြင့်ရေ၊ သူ့ကို အိပ်ဖို့ စီစဉ်ပေးပါဦး၊ တော်တော် ပင်ပမ်းရှာပါတယ်'

ဦးအောင်မြင်က သူနှင့်ယှဉ်တွဲထိုင်နေသော 'မြင့်' အမည် ပေါ်တွင်သည် မိန်းမချောကို လှမ်းပြောလိုက်သည်။

'သြော်.....ဟုတ်သားပဲ လာလာ'

ပြောပြောဆိုဆို ထလာပြီး အောက်ထပ် အတွင်းခန်း တစ်ခုဘက်သို့ ထွက်သွားသဖြင့် ထွန်းလွင်က ခပ်သုတ်သုတ် နောက်မှ လိုက်ခဲ့ရသည်။

အမျိုးသမီးသည် ထွန်းလွင်ကိုအိပ်ရန် အခန်းတစ်ခုကို ပြပေးသည့်အပြင် အိမ်ဖော်အမျိုးသမီးကြီးတစ်ယောက်ကို လည်း ထွန်းလွင်အတွက် ညစာကို ပြင်ဆင်ကျွေးမွေးစေပြီး ဦးအောင်မြင် တို့ ရှိရာဘက်သို့ လှမ်းဝင်သွားသည်။ ညစာ စားအပြီးတွင် ထွန်းလွင် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွား၏။

* * *

နံနက်လင်းသောအခါ အိပ်ယာမှစောစောထ၍ ညက ဆေးလက်စ ကားကို ပြန်ဆေးလိုက်ပြီး ပြောင်စင်အောင် သုတ်သင်ထားလိုက်၏။

'ကဲ.....ကားအသင့်ဖြစ်ရင် ဈေးလိုက်ပို့ပါ'

ညက မိန်းမချောဖြစ်၏။ နိုင်ငံခြားဖြစ် အပိုးတန်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း မျက်နှာပြင်ထက်တွင် ချယ်သမှုပင် ထူးထူးခြားခြား မတွေ့ရ။

'ဟုတ်ကဲ့ခင်ဗျာ'

သူကိုယ်တိုင်က ကားရှေ့ခန်းမှ တက်၍ ထွန်းလွင်က ကားကို မောင်းထွက်လိုက်သည်။

'ဘာမှ မစားရသေးဘူး မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ'

'ညက အိပ်လို့ ကောင်းရဲ့လား'

'ဟုတ်ကဲ့ခင်ဗျာ'

'ရှင့်ပါးစပ်က ဟုတ်ကဲ့ခင်ဗျာ တစ်လုံးပဲ ပြောတတ်သလား'

'ဩော်....အင်း၊ မဟုတ်ပါဘူးခင်ဗျာ'

အမျိုးသမီးက သဘောကျသွားသည့်အလား အသံလွင်လွင်ကလေးနှင့် ရယ်လိုက်သည်။

'ဦးတင်စိုးအိမ်မှာ ကားမောင်းနေတာ ကြာပြီလား'

'ကျွန်တော် သုံးလလောက်ပဲ ရှိသေးတယ်ခင်ဗျာ'

'ဩော်....မကြာသေးပဲကို'

'ဟုတ်ပါတယ်ခင်ဗျာ'

'ကျွန်မနာမည် ခင်မြင့်မြင့်ပါ ကျွန်မနဲ့ စကားပြောရင် ရှင့်ရဲ့ ခင်ဗျာ၊ ခင်ဗျာ ဆိုတာကြီးကို ဘေးဖယ်ပြီး ရင်းရင်းနှီးနှီး ပြောစမ်းပါ'

'ဟုတ်ကဲ့'

'ရှင် ကျွန်မထက်တော့ ငယ်မယ်ထင်ပါတယ်၊ အသက် ဘယ်နှစ်နှစ် ရှိပြီလဲ'



'ကျွန်တော် (၂၄) နှစ်ပါ'

'ဩော်....ငယ်သေးတာပဲကို'

'ဦးတင်စိုးဆီမှာ ကားမောင်းရတာ ပျော်ရဲ့လား'

ထွန်းလွင် ကားမောင်းရင်း ပြုံးလိုက်မိသည်။

'ရှင်ပျော်မယ်လို့တော့ ကျွန်မက မထင်ပါဘူး၊ ဦးတင်စိုးက ခြေသိပ်ရှုပ်တယ် နားရက်တောင် ရဖို့မလွယ်ဘူး'

ထွန်းလွင်ကဆက်၍ ငြိမ်နေလိုက်သည်။

တောင်ကြီးဈေးထဲတွင် ထွန်းလွင်နှင့် အမျိုးသမီးသည် ဆန်ခေါက်ဆွဲ ဝင်စားလိုက်ပြီးမှ ဈေးလျှောက်ဝယ်လိုက် ကြသည်။ အမျိုးသမီးက ရှေ့က၊ ထွန်းလွင်က ဈေးခြင်း တောင်းဆွဲ၍ နောက်မှ လိုက်ရသည်။

အချိန်တိုင်းလိုလို ဦးအောင်မြင် မျက်စေ့ ကျနိုင်ရန် အခွင့်အလမ်းကိုသာ ထွန်းလွင်စိတ်ထဲတွင် ကျိတ်၍ ကြံဆနေမိသည်။

○

## အခန်း(၅)

ညနေပိုင်းတွင်မှ ဦးအောင်မြင်ကို ကလောမြို့မှ ခေတ်မီ သပ်ရပ်သော တစ်ထပ်တိုက်ပုလေး တစ်ခုသို့ ပို့ပေးရသည်။ တထပ်တိုက်ကလေး အတွင်းတွင်ပင် ထွန်းလွင် ကိုယ်တိုင် အိပ်စောင့်ရသည်။

တစ်ထပ်တိုက်အတွင်းတွင် တွေ့ရသော ဦးအောင်မြင် ၏ နံပါတ်စဉ် မပြီးသော အငယ်အနှောင်းမှာ တစ်ချိန်က ရုပ်ရှင်လောကတွင် လျှမ်းလျှမ်းတောက် ထင်ရှားကျော်ကြား

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသော ရုပ်ရှင်မင်းသမီး 'ခင်သက်ထား'ပင် ဖြစ်နေသည်ကို ထွန်းလွင် တွေ့လိုက်ရ၍ အံ့သြမိသည်တော့ မဟုတ်။

အသက်(၂၀) ပတ်ဝန်းကျင်သာ ရှိဦးမည်ဟု ထင်ရပြီး ရုပ်ရှင်ရိုက်လျှင်လည်း စွံနိုင်သေးသော အခြေအနေဖြစ်၏။

ဘာကြောင့်များ ရုပ်ရှင် ဆက်မရိုက်သည်ကိုပင် ထွန်းလွင် မစဉ်းစားတတ်တော့ပေ။ ရုပ်ရှင်ရိုက်သည့် အခြေ အနေထက် ကောင်းသော အခြေအနေကို ဦးအောင်မြင်က ဖန်တီးပေးထားသလောဟုမင် ထင်ရမည်ဖြစ်၏။

ခင်သက်ထား၏ တစ်ဘပ်တိုက်တွင် တစ်ညအိပ်ပြီးမှ တောင်ကြီးသို့ ပြန်ခဲ့ကြသည်။

* * *

'ဘယ့်နှယ်လဲ၊ ကလောက မင်းသမီး အတော် လှရဲ့လား'

အတော်အတန်ပင် ရင်းနှီးခဲ့ပြီဖြစ်သော ခင်မြင့်မြင့်က နံနက်စာစားနေသော ထွန်းလွင်ကို ကြည့်ရင်း မေးလိုက်သည်။

'လှတော့လှပါတယ်၊ ဒါပေမဲ့ မမကိုတော့ မမှီပါဘူး'

ထွန်းလွင်က အရဲစွန့်၍ ကြိုးစားပြောရသည့် လေသံ ဟန်ပန်မျိုးနှင့် ပြောချလိုက်သည်။

'အံမယ်၊ဒီလိုတော့ မမြှောက်နဲ့ဆရာ၊ တို့တော့ မကြိုက်ပါဘူး'

'မကြိုက်ပါဘူး'ဟုပြောလာသော်လည်း ဝမ်းထဲက တော့ ပါပုံမရသည့် ခင်မြင့်မြင့်၏ အမူအရာကို ထွန်းလွင် စိတ်ထဲတွင် ကြိတ်၍ ပြုံးလိုက်မိသည်။

'ကျွန်တော်က စိတ်ထဲရှိတဲ့အတိုင်း ပြောလိုက်မိတာပါ၊ မမ မကြိုက်ဘူးဆိုရင်လဲ စိတ်မဆိုးပါနဲ့ဗျာ'



မသိနားမလည်သော မျက်နှာမျိုးနှင့်အတူ တောင်းပန် တိုးလျှိုးသောလေသံကို ပေါင်းစပ်ဖြေလိုက်၏။

'စိတ်မဆိုးပါဘူးရှင်ရယ်၊ မိန်းမဆိုတာ လှချင်တဲ့ အမျိုးပဲ၊လှတယ်ပြောရင် သဘောကျတာပေါ့၊ ထပ်ပြောပါဦး၊ကျွန်မ ကတော့ ထပ်ကြားချင်တယ်'

ထွန်းလွင် ငြိမ်နေလိုက်ပြီး ထမင်းကိုသာ ဆက်စားနေ လိုက်သည်။

'ရှင့်ဆရာ ဦးတင်စိုးတော့ ဒီနေ့မနက်ပဲ မန္တလေးကို ပြန်ဆင်းသွားပြီ'

'ဪ'

'အစ်ကိုကြီးက ရှင့်ကို တော်တော်သဘောကျနေပုံ ရတယ်'

'ဗျာ'

'ရှင်အစ်ကိုကြီးနဲ့သာ နေရရင်၊ သက်သာပါတယ်၊ ဦးတင်စိုးဆီမှာ မောင်းရတာကသာ ပင်ပမ်းတာပါ'

အသင့်အတင့် ပေးလာပြီဖြစ်သော အချိန်အခါ အခွင့် အရေးအတွက် ထွန်းလွင်စိတ်ထဲတွင် ကျိတ်၍ဝမ်းသာမိသည်။ သို့ရာတွင် လက်ရှိဘဝမှာ မရေရာသေးပေ။

နေ့လည်ပိုင်းတွင် ဦးအောင်မြင်က ထွန်းလွင်ကို အပေါ်ထပ်ရှိ စာကြည့်ခန်းထဲတွင် ခေါ်တွေ့သည်။

'မောင်ထွန်းလွင်၊ အန်ကယ်ဆီမှာ အလုပ်လုပ်ဖို့ စီစဉ်ထား တယ်၊ မောင်ထွန်းလွင် စိတ်ဆန္ဒ ဘယ်လိုရှိသလဲ'

'အန်ကယ်ရဲ့ဆန္ဒအတိုင်းပါပဲခင်ဗျာ'

ဝမ်းသာမှုကို မျိုသိပ်ရင်း လေသံမှန်မှန်နှင့် ကြိုးစား၍ ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်သေးဘူးလေ၊ မောင်ထွန်းလွင်ရဲ့ဆန္ဒကိုလဲ အန်ကယ် သိချင်ပါတယ်။ မောင်ထွန်းလွင် စိတ်ပါဝင်စားမယ် ဆိုရင် အန်ကယ်မောင်ထွန်းလွင်ကို အန်ကယ်ဆီမှာပဲ လုပ်ပါလို့ တောင်းပန်ပါတယ်'

'ကျွန်တော် အန်ကယ်ရဲ့စိတ်ဆန္ဒအတိုင်းပဲ ကျေကျေနပ်နပ် သဘောတူပါတယ်ခင်ဗျာ'

'ဒါထက် မောင်ထွန်းလွင် ကျောင်းနေခဲ့ဖူးသလား'

'နေခဲ့ဖူးပါတယ်ခင်ဗျာ၊ ကျွန်တော် တက္ကသိုလ်ဝင်တန်းအောင်ခဲ့တဲ့အထိပါ'

'ဩော်....ဘာဖြစ်လို့များ တက္ကသိုလ်အထိ ဆက်မတက်သလဲကွယ်၊ မောင်ထွန်းလွင်ရဲ့ ဗီရိယမျိုးနဲ့ဆိုရင် ပညာရေးမှာ အောင်မြင်နိုင်ပါတယ်'

'ကျွန်တော့်မိဘက ငယ်ငယ်ကပဲ ဆုံးခဲ့ပါတယ်ခင်ဗျာ၊ နဂိုကလဲ ချို့ချို့တဲ့တဲ့ ဆိုတော့ ပညာရေးကို စိတ်ဝင်စားမိပေမဲ့ ကျောင်းဆက်မနေနိုင်တော့ပါဘူး'

'ဩော်....ကျွတ်ကျွတ်၊ နှမြောစရာပါပဲ'

ထွန်းလွင်၏ ရုပ်ရှင်မင်းသား ရှုံးလောက်သော အမူအရာဟန်ပန် လေသံများကို ဦးအောင်မြင် သနားဂရုဏာ ဖြစ်သွားပုံရသည်။ နောက်ထပ်မေးခွန်းများသည် ထွန်းလွင် ဘဝ၏ နောက်ကြောင်း ရာဇဝင်များကို မသိမသာ ကြားဖောက်၍ လေ့လာအကဲခတ်သလို မေးသောမေးခွန်းများဖြစ်၍ ထွန်းလွင်က တိကျခိုင်မာသော အသွင်ယူဘဝ (Cover Story) ကို သတိနှင့် ပြန်ဖြေလိုက်သောအခါ ကျေနပ်သွားပုံရသည်။

စစ်ကြောရေးကိစ္စရပ် ဆိုသည်မှာ ထွန်းလွင် ဘဝအတွက်



အတွေ့အကြုံ များခဲ့ရသည်။ စစ်ကြောရေး ဆိုသည်မှာ ထောက်လှမ်းရေးပညာရပ်၏ အမြင့်မားဆုံးသော အပိုင်းကဏ္ဍဖြစ်၍ ထွန်းလွင်အတွက်တော့ ထူးဆန်းလှသည် မဟုတ်ပေ။ လူပုဂ္ဂိုလ်တော်တော်များများကို စစ်ကြော မေးမြန်းခဲ့ရဖူးသော ဘဝအတွေ့အကြုံများအရ ယခု သူ့ အမေးခံအလှည့်တွင် ဦးအောင်မြင်၏ မသိမသာ ပညာသားပါပါ မေးသော ဖြတ်ထိုးမေးခွန်းများကို အလိုက်သင့်ပင် ချောမောအောင် ဖြေနိုင်ခဲ့သည်။

မည်သို့ပင်ဖြစ်စေကာမူ ဦးအောင်မြင်သည် တတ်သိနားလည် ကျွမ်းကျင်သော အရည်အချင်းရှိသည့် ပစ်မှတ်တစ်ယောက်အနေဖြင့် ထွန်းလွင် အသိအမှတ်ပြုရတော့သည်။

သိမ်မွေ့သော၊ ခက်ခဲသော၊ နက်နဲသည့် ပစ်မှတ်တစ်ခုကို ချဉ်းကပ်ထိုးဖောက်ရမည့်အရေးမှာ လွယ်ကူသည့် အလုပ်တစ်ခု မဟုတ်၍ အချိန်တိုင်းတွင် 'သတိ'လက်လွတ်ဖြစ် မသွားမိစေရန်သာ လိုအပ်သည်ကို ထွန်းလွင် နားလည်ထားသည်။

'မောင်ထွန်းလွင် အနွေးထည်လဲ ပါလာပုံ မရဘူး'

တောင်ကြီးရောက်သည်မှာ တစ်ပတ်ခန့်ပင် ရှိခဲ့သည့်တိုင် ထွန်းလွင် အဝတ်အစားဟူ၍ အပိုပင် မပါရှိခဲ့။

'မြင့်ရေ၊ ဘန်ကောက်က ပို့ထားတဲ့ ဟိုဂျာကင် အင်္ကျီကို မောင်ထွန်းလွင် ပေးလိုက်ပါ၊ အစ်ကိုကြီးနဲ့လဲ နည်းနည်းချို့နေတယ်'

စာကြည့်ခန်းထဲသို့ ခင်မြင့်မြင့် ဝင်လာသည်။ လက်ထဲတွင် အထုပ်သေတ္တာဘူးကြီးတစ်ခုလည်း ကိုင်လာ သည်။

'မောင်ထွန်းလွင်ကို အန်ကယ် ဝတ်ပြီးသားအကျင်္ကျီကို

www.burmeseclassic.com

www.burmeseclassic.com



ပေးတာမဟုတ်ဘူးနော်အာန်ကောက်က မိတ်ဆွေတစ်ယောက် က လက်ဆောင်ပေးလိုက်တဲ့ အင်္ကျီပါ၊ အန်ကယ်နဲ့တော့ နည်းနည်း တိုနေတယ်၊ အစတုန်းကတော့ တောထဲမှာ အမဲပစ်ရင်း ဝတ် မလို့ပဲ၊ အချိန်လဲ သိပ်မရလို့ အမဲပစ်ဖို့ စိတ်မကူးအားဘူး'

စက္ကူသေတ္တာနှင့် သပ်သပ်ရပ်ရပ် ထည့်ထားသော အင်္ကျီသည် အမေရိကန်ပြည်လုပ် 'လိုက်ကာ' အမျိုးအစား အမွေးပွ သားရေဂျာကင်တစ်ထည်ဖြစ်၏။ ထွန်းလွင် ဝတ်လိုက် သောအခါ အနေတော်ပင်။ အတွင်းခံလိုင်နင် မပါ၍ ပါးပါး လျားလျား ချပ်ချပ်ရပ်ရပ်ပင်ဖြစ်၏။

'သူနဲ့ အတော်ပဲ အစ်ကိုကြီး'

ခင်မြင့်မြင့်က ထွန်းလွင်ကိုကြည့်ရင်း ပြောသည်။

ဦးအောင်မြင့်မှာ အရပ် ၅ ပေ၊ ၈ လက်မခန့်ရှိ၍ ထွန်းလွင်မှာ အရပ် ၅ ပေ၊ ၆ လက်မခန့်သာ ရှိသဖြင့် ဦးအောင်မြင့်နှင့်တိုနေသောအင်္ကျီမှာ ထွန်းလွင်နှင့်အကိုက်ပင် ဖြစ်၏။

'ကဲကဲ.....အဝတ်အစားကလေးဘာလေး ဝယ်ဝတ် ပေါ့'

ဦးအောင်မြင့်က စားပွဲအံဆွဲထဲမှ ရာတန်တစ်ထပ်ကို ထွန်းလွင်လက်ထဲသို့ ထည့်ပေးလိုက်သေး၏။

* * *

'အစ်ကိုကြီး အကြောင်းကို ရှင် နည်းနည်းပါးပါးတော့ သိထားဖို့ လိုမယ်ထင်ပါတယ်'

အောက်ထပ်သို့အဆင်းတွင် ခင်မြင့်မြင့်က စ၍ ပြော လိုက်သည်။

'မမက ပြောပြမှ ကျွန်တော် သိမှာပေါ့'



ခင်မြင့်မြင့်က ထွန်းလွင်၏မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

'အစ်ကိုကြီးက နေရာတကာမှာ တိကျတယ်၊ ပြတ် သားတယ်၊ ပြီးတော့ စေ့စပ်သေချာတယ်'

'ဟုတ်ကဲ့'

"ကျွန်မအထင် ပြောရရင်တော့ အစ်ကိုကြီးက ရှင့်ကို ကားမောင်းဖို့ လူတစ်ယောက်အနေနဲ့ ခေါ်တာတော့ ဟုတ်မယ် မထင်ဘူး'

'ခင်ဗျာ'

'ကားမောင်းတဲ့လူတွေ သူ့ဆီမှာ ပေါလွန်းလို့'

'ဒါဖြင့် ဘာအတွက်များပါလိမ့်မယ်'

'ရှင်ဟာ..... ဥပဓိရုပ်လဲ ကောင်းတယ်၊ အကင်းလဲ ပါးပုံရတယ်၊ ပြီးတော့ သွက်သွက်လက်လက် ဖျတ်ဖျတ် လတ်လတ် လူငယ်တစ်ယောက်ဆိုတော့ သူ့လုပ်ငန်းတစ်ခုခု မှာ နေရာပေးချင်လို့ ခေါ်တာ ဖြစ်မှာပေါ့'

'ခက်တာက ကျွန်တော့်မှာ သိပ်အရည်အချင်း ရှိတာ မဟုတ်တော့ ကျွန်တော့်ကို ခိုင်းတဲ့အလုပ်တွေ မကျေပွန် မှာဘဲ ကျွန်တော် စိုးရိမ်တယ်ဗျာ'

'မပူပါနဲ့ရှင်ရယ်၊ လူတစ်ယောက်ကို အကဲခတ်မိပြီ ဆိုရင် သူ့အဖို့ လွဲခဲပါတယ်၊ ရှင်နဲ့ သင့်တော်တဲ့ အလုပ်မျိုးပဲ သူက ခိုင်းမှာပါ'

'ဒီလိုဆို တော်သေးတာပေါ့ဗျာ'

'ရှင်အဝတ်အစားကို သပ်သပ်ရပ်ရပ် ဝယ်ဝတ်ပါ၊ သူက နေရာတကာမှာ အမြဲ သပ်သပ်ရပ်ရပ်ရှိမှ ကြိုက်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ခင်ဗျာ'

'လာပြန်ပြီလား၊ ဒီဟုတ်ကဲ့ခင်ဗျာ ဆိုတဲ့စကားကြီး'

ထွန်းလွင်၏လက်မောင်းကို လှမ်းထုလိုက်ရင်း ခင်မြင့်မြင့်က ရင်းရင်းနှီးနှီး ပြောလိုက်သည်။

'ကျွန်တော့်အပြုအမူတွေကိုလဲ မှားတာယွင်းတာရှိရင် ပြုပြင်ပေးပါလို့ မမကို ကျွန်တော် တောင်းပန်ပါတယ်'

ထွန်းလွင်က လှိုက်လှိုက်လှဲလှဲလေသံမျိုးနှင့် ပြောလိုက်သဖြင့် ခင်မြင့်မြင့် သဘောကျပုံရသည်။

'ကောင်းပါပြီတဲ့ရှင်'

ထွန်းလွင်သည် ခင်မြင့်မြင့်ကိုတော့ အစပျိုး၍ အသင့်အတင့် စည်းရုံးနိုင်ခဲ့ပြီဖြစ်၏။ ကလေးမ 'ခင်သက်ထား' ကတော့ အသက်အရွယ် ငယ်သေးသည်နှင့်အမျှ မာန်မာနခက်ထန်လွန်းသည်ဟု ထွန်းလွင် ထင်မိသည်။

ဦးအောင်မြင်နှင့် ကလေးသို့ လိုက်၍ နှစ်ရက်ခြားသုံးရက်ခြားဆိုသလို လိုက်အိပ်ဖူးသည်။ ခင်သက်ထား အိမ်တွင် ဝီလီ(စ်) အမျိုးအစား ဂျစ်ကား တစ်စင်းသားရှိပြီး ခင်မြင့်မြင့်အိမ်တွင် လင်းရိုဘာ(၂)ချိတ် တစ်စီးရှိသည်။ ဦးအောင်မြင်၏ နံပါတ်စဉ်မပြီးသောအမြောင်မယားများ ဟု ဆိုသော်လည်း အကြမ်းဖျင်းအားဖြင့် တိုက်တစ်လုံး၊ ကားတစ်စီး၊ တယ်လီဖုံးတစ်ခုစီတော့ ရှိကြသည်။

လူနေမှုအဆင့်အတန်းအနေဖြင့်ပင် မြင့်မားသည်သာမဟုတ်၊ အိမ်ထောင်ပရိဘောဂနှင့် ဝတ်စားဆင်ယင်မှုများကိုပင်ကြည့်၍ အကဲခတ်ဦးတော့ အထက်တန်းကျ၍ ခေတ်မီသပ်ရပ်ကြသည်ကိုပါ တွေ့ရသည်။ ဦးအောင်မြင်ကိုယ်တိုင်မှာ



တစ်ခါတစ်ရံတွင် ခင်မြင့်မြင့်တို့နေအိမ် အပေါ်ထပ် စာကြည့်ခန်းတွင်ရှိ အလုပ်စားပွဲတွင်သာ အလုပ်များ နေသည် ကို တွေ့ရသည်။

မည်သို့သောအလုပ်ကိစ္စများဟုတော့ ထွန်းလွင် မစပ်စုရဲသေးပေ။ အချိန်အခါ အခြေအနေကလည်း စောလွန်းသည်ဖြစ်သည်။

* * *

'ကဲ.....ဓာတ်လိုက်မင်းသား၊ ဓာတ်လိုက်မင်းသမီးက မိတ္ထီလာ ခဏသွားချင်လို့တဲ့၊ ကလေးက စောင့်နေတယ်'

ခင်မြင့်မြင့်က အောက်ထပ်ဆင်းလာရင်း ထွန်းလွင်ကို ပြောလိုက်သည်။

'ဗျာ.....ဘယ်လိုမမရဲ့'

'ခင်သက်ထားက မိတ္ထီလာကို ခဏဆင်းချင်လို့တဲ့၊ သူ့ကား မကောင်းဘူးတဲ့၊ အဲဒါ ရှင်က လိုက်ပို့ရမယ်လို့ အစ်ကိုကြီးက အပြောခိုင်းလိုက်တယ်"

ထွန်းလွင်သည် ကားကိုဓာတ်ဆီဖြည့်၍ ကလေးသို့ ဆင်းရန် ပြင်ရတော့သည်။

'ကဲ.....ဓာတ်လိုက်မင်းသား သွားပေဦးတော့'

ခင်မြင့်မြင်က တံခါးဝ အထိလိုက်ပို့ရင်း နှုတ်ဆက်လိုက်သည်။

* * *

ခင်သက်ထားက မိတ္ထီလာသို့ သွားသည်မှာ တစ်ယောက်တည်းသာဖြစ်၏။ အဝတ်အစားထည့်သော ခရီးဆောင်အိတ်ငယ်ကို ဘောင်စိဝက်ဖွန်း ကားနောက်ထိုင်ခုံ ပေါ်တွင်တင်၍ ရှေ့ခန်းမှ ထိုင်လိုက်လျှင်ပင် ကားကို မောင်းထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိတ္ထီလာရှိ ခင်သက်ထားမိခင်ကြီး နေထိုင်မကောင်းဟု ဆို၍ လာရောက်ကြည့်ရှုခြင်းဖြစ်ပြီး နောက်တစ်နေ့တွင် ထွန်းလွင်နှင့် ခင်သက်ထား နှစ်ယောက်တည်းပင် ပြန်ခဲ့ကြသည်။ထွန်းလွင် တောင်ကြီး ပြန်ရောက်သောအခါ ဦးအောင်မြင်သည် ဟဲဟိုးမှတစ်ဆင့် ရန်ကုန်သို့ လေယာဉ်နှင့် ပြန်သွားပြီဟု ခင်မြင့်မြင့် ပြောပြချက်အရ သိလိုက်ရသဖြင့် ထွန်းလွင် ရင်ထဲတွင် အလိုလို မောသွားမိတော့သည်။ ဦးအောင်မြင်ကို နီးရက်နဲ့ဝေးခဲ့ရပြန်ပြီလည်း ဖြစ်သည်။

'အင်.....မယားငယ် ပြဿနာတွေထဲမျှား ငါ ဘယ်လောက်အထိများ သံသရာ လည်နေဦးမလဲ မသိဘူး'

ခင်မြင့်မြင့်တို့ အိမ်အောက်ထပ်ရှိ အိပ်ခန်းထဲမှ ကုတင်ပေါ်တွင် လှဲချရင်း ထွန်းလွင် ညည်းတွားရေရွတ်လိုက်မိတော့သည်။

○

## အခန်း(၆)

'ကဲ.....ဇာတ်လိုက်မင်းသား၊ မင်းသမီးနဲ့ ဘာတွေဖြစ်ခဲ့ကြသလဲ'

ခင်မြင့်မြင့်က ထွန်းလွင်အခန်းထဲသို့ ဝင်လာရင်း မေးလိုက်သည်။

'ဘာဖြစ်ရမလဲ မမရယ်၊ ကျွန်တော်က ဒရိုင်ဘာပဲ၊ သူခိုင်းတဲ့ဆီ မောင်းပို့လိုက်ရင် ပြီးတာပေါ့'

'မသိနိုင်ဘူးရှင်၊ မင်းသားနဲ့ မင်းသမီးနှစ်ယောက်ထဲဆိုတော့'



'အိုဗျာ.....မမကလဲ'

ထွန်းလွင်က မကြားရဲသလို ညည်းတွားရင်း ကုတင်ပေါ်မှ ထရပ်လိုက်သည်။

'အလကား စတာပါ၊ ကျွန်မကို စိတ်ဆိုးသွားသလား'

'မဆိုးရဲပါဘူးဗျာ'

'သူက နည်းနည်းမာနကြီးတယ်၊ ဘုကျတယ်၊ ရှင်နဲ့မှ အဆင်ပြေပါ့မလားလို့ ကျွန်မ စိုးရိမ်လို့ပါ'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က ဒရိုင်ဘာပဲ အစစအရာရာ သည်းခံရတာပေါ့'

'ရှင် ဒရိုင်ဘာ မဟုတ်တော့ပါဘူး၊ အစ်ကိုကြီးက ရှင့်ကို ရန်ကုန်ခေါ်ဖို့ ရည်ရွယ်ထားတယ်'

'ဟင်.....ဟုတ်လား'

'ကျွန်မကိုလဲ မှာသွားတယ်၊ ရှင့်ကို ကောင်းကောင်း ပြုစုထားရမယ်တဲ့၊ ရှင် လိုတာရှိရင်လဲ ပြောပါ၊ ငွေရေးကြေးရေးက စပြီးတော့ပေါ့လေ'

'ကျေးဇူးတင်ပါတယ်ဗျ၊ ဘာမှ မလိုပါဘူး'

'ဒရိုင်ဘာ မဟုတ်ပေမဲ့ ကျွန်မ သွားချင်တဲ့နေရာ ရှိရင်တော့ လိုက်ပို့ပေးပါရှင်'

'ဟာ.....မမကလဲဗျာ၊ မမက ခိုင်းရင် ကျွန်တော် စေတနာအပြည့်နဲ့ လုပ်ပေးဖို့အသင့်ပါ၊ သဘောကျ ခိုင်းနိုင်ပါတယ်'

'ဟော.....ကြည့်စမ်း၊ ကျွန်မကို အရွဲ့တိုက်သလို ပြောင်တယ်'

ခင်မြင့်မြင့်က ထွန်းလွင်၏ လက်မောင်းကို ဆွဲလိမ်

www.burmeseclassic.com



လိုက်ရင်း ပြောလိုက်သည်။

'အန်ကယ်ဦးအောင်မြင်က ကျွန်တော့်ကို ဘယ်တော့လောက်များ ရန်ကုန် ခေါ်မလဲ မသိဘူးနော်'

'ဖြည်းဖြည်းပေါ့ရှင်၊ ကျွန်မတို့နဲ့ မနေချင်ဘူးလား၊ ဒီလိုဆိုရင်လဲ ကလောက မင်းသမီးအိမ်ကို ပြောင်းပြီး နေပါလား'

'ဟာဗျာ.....မမကလဲ'

'အလကား စတာပါ၊ တစ်လနှစ်လလောက်အတွင်း ခေါ်မယ် ထင်ပါတယ်'

နံနက်စာကို ခင်မြင့်မြင့်နှင့်အတူ ဝင်စားလိုက်ရင်း ဦးအောင်မြင်အကြောင်းကိုသာ ထွန်းလွင်စိတ်ထဲတွင် အမျိုးမျိုး စဉ်းစားနေလိုက်သည်။

တောင်ကြီးတွင် သောင်တင်နေစဉ်အတွင်း၌ အခန့်သင့်၍ လမ်းကြုံလျှင် ခင်သက်ထားအိမ်ကိုလည်း ဝင်ထွက်ဖြစ်အောင် ကြိုးစားရသေးသည်။ ခင်မြင့်မြင့်နှင့် ခင်သက်ထားတို့နှစ်ယောက်စလုံးထံမှ အထောက်အကူပြု သတင်းများ မရနိုင်သည့်တိုင် သတင်းအခြေအမြစ်နှင့် သတင်းအစအနလောက်ကိုတော့ ရနိုင်သည်ဟုလည်း တွေးမိ၏။

ခင်မြင့်မြင့်နေအိမ်တွင် စားရေးသောက်ရေးနှင့် နေရေး၊ ထိုင်ရေးကိစ္စများ အဆင်ပြေသော်လည်း အစစအရာရာတိုင်းတွင် လိုက်လျောစွာ အခွင့်အရေး ပေးလွန်းသော ခင်မြင့်မြင့်၏ စေတနာများကို ထွန်းလွင် အထူးသဖြင့် အစိုးရိမ်ကြီးစွာ ကြောက်ရွံ့မိခဲ့သည်။ ခင်မြင့်မြင့်၏ နီးကြွဆွဲဆောင်သော အလှအပများနှင့် အတူ ရဲတင်းသောအပြုအမူများ အပေါ်တွင် ရေရှည် ရှောင်တိမ်းရန် ဆိုသည်မှာ လွယ်ကူလှသည်တော့



မဟုတ်။

ခင်မြင့်မြင့်၏ ထက်မြက်သောစိတ်ကိုလည်း ထွန်းလွင် မလွန်ဆန်ရဲ။ ခင်မြင့်မြင့် ငြိုငြင်လျှင် အရေးကြီးသော အခွင့်အရေးကိုပင် ထိခိုက်ပျက်စီးနိုင်သော အခြေအနေဖြစ်၏။ အသေးအဖွဲကိစ္စကလေးများ ဖြစ်သော်လည်း ပြဿဒ်အထိ လောင်ကျွမ်းနိုင်သောမီးဖြစ်၏။ မိုးအေးသော တစ်ညနေ ဖြစ်၏။ ထွန်းလွင်သည် အိပ်ရာထက်တွင် မဂ္ဂဇင်းစာအုပ်နှင့် ကျွေးနေလိုက်သည်။

'ကဲ.....ဓာတ်လိုက်မင်းသား ထ'

ခင်မြင့်မြင့်က ထွန်းလွင်၏ အိပ်ခန်းထဲအထိ ဝင်လာရင်း ပြောလိုက်သည်။

'ထမင်းစာတော့မလား မမ'

'လာစမ်းပါ၊ မစားသေးပါဘူး'

ခင်မြင့်မြင် ကိုယ်ပေါ်တွင် အိမ်တွင်နေရင်း ဝတ်သည့် အဝတ်အစားမှစ၍ နိုင်ငံခြားဖြစ် အဝတ်အထည်ကိုသာ ဝတ်လေ့ရှိသည်ကို ထွန်းလွင် သတိထားလိုက်မိသည်။ အချိုးအစားကျ၍ ပြည့်တင်းသော သူမကိုယ်ပေါ်တွင် ယောကျ်ားဝတ် တက်ထရွန် အညိုကွက်ကို ကပိုကရို ဝတ်ဆင် ထားသည်ဖြစ်၍ သူမ၏ အလှကိုပင် ထွန်းလွင် မကြည့်ရဲ၊ ပြည့်ဖြိုးသောအပေါ်ပိုင်း၏ ဆွဲဆောင်မှုအလှအပများသည် အင်္ကျီအတွင်းမှ လှုပ်ရှားနေသည်မှာ စိတ်မောစရာပင် ဖြစ်တော့၏။

ခင်မြင့်မြင့်ခေါ်ရာ အပေါ်ထပ်သို့ လိုက်ပါခဲ့ရသော်လည်း လှေကားအတက်တွင် စီးချက်ကျကျ လှုပ်ရှားနေသော ခင်မြင့်မြင့်၏ နောက်ပိုင်းအလှကို ကြည့်ရင်း ထွန်းလွင် ရင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်၍ သက်ပြင်း အကြိမ်ကြိမ် ချနေမိ၏။

ဦးအောင်မြင် ရှိနေစဉ်က အလုပ်လုပ်သော စာဖတ်ခန်းထဲရှိ ဆိုဖာပေါ်တွင် ထိုင်မိသောအခါ ရှေ့မှ စားပွဲပု ကလေးပေါ်တွင် ဘီးဟိုက်ဘရမ်ဒီ အသေးတစ်လုံး ရေခဲ၊ ဆော်ဒါနှင့် အမြည်းများကို အဆင်သင့် ချထားသည်ကိုပါ တွေ့ရသည်။

'ကျွန်တော် အရက် မသောက်တတ်ဘူး မမရယ်'

'တစ်ခါတစ်လေ အပျင်းပြေပေါ့'

ခင်မြင့်မြင့်က ပြောပြောဆိုဆို အရက်ကို ဖန်ခွက်ထဲသို့ နှစ်ပက်ခန့်မျှ ထဲ့လိုက်ပြီး ဆော်ဒါနှင့် ရေခဲပါ ရောစပ်ပြီး ထွန်းလွင်လက်သို့ ပေးလိုက်သည်။

'ကျွန်တော် မသောက်ချင်ဘူးဗျာ'

ခင်မြင့်မြင့်က အသံထွက်အောင်ပင် ရယ်လိုက်သည်။

'ဒီလိုဆိုလဲ ကျွန်မက ချော့တိုက်ရတာပေါ့'

ပြောပြောဆိုဆိုပင် ထွန်းလွင်ထိုင်နေသော နှစ်ယောက်ထိုင် ဆိုဖာပေါ်သို့ ပြောင်းထိုင်ရင်း ပေါင်းချင်းထိမိသည့်အထိ တိုးကပ်လိုက်သည်။

'ကျွန်တော်.....ကျွန်တော်.....'

'မကြောက်စမ်းပါနဲ့၊ ကျွန်မ ရှင့်ကို ကိုက်မစားပါဘူး'

မထူးတော့သည်ဖြစ်၍ ထွန်းလွင်သည် လက်ထဲရှိ ဖန်ခွက်ထဲမှ အရက်ကို အနည်းငယ် စုတ်ယူပြီး ဖန်ခွက်ကို ပြန်ချလိုက်သည်။

'အစကတော့ မသောက်ဘူးဆို'

'ကျွန်တော် မသောက်ရင်လဲ မမ ဖွတ်တိုက်နေမှာပဲ မဟုတ်လား'



နောက်ထပ်၍ ဖန်ခွက်ထဲကို ခင်မြင့်မြင့်က ထည့်လိုက်သောအခါတွင် ဘရမ်ဒီ ပုလင်းသေးတွင် လက်သုံးလုံးခန့်မျှသာ ကျန်ရှိတော့သည်။ အခန်းထဲတွင် ငါးသုံးလုံး စီးကရက်မီးခိုး၏အနံ့များ လှိုင်နေသည်။ ခင်မြင့်မြင့်၏ ရှပ်အင်္ကျီတွင် ရင်ပတ်ကြယ်သီး တစ်လုံးပင် ဟနေသည့်အပြင် ဖြူဝင်းသော အသားစိုင်များကိုပင် ထက်ဝက်နီးပါး မြင်တွေ့နေရသည်။

'ငါ့ကိုတော့ ထောင်ချောက် ဆင်ပြီထင်တယ်'

ထွန်းလွင်၏စိတ်ထဲတွင် ကြိတ်၍ မှတ်ချက်ချလိုက်မိသည်နှင့်အတူ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း လမ်းစကိုလည်း စိတ်ထဲပ၌ စဉ်းစားနေလိုက်မိသည်။

'ကျွန်မ စီးကရက်သောက်ချင်တယ်'

ရီဝေသော မျက်စေ့များကိုမှေး၍ ဆိုလာသောအခါ ထွန်းလွင်က ငါးသုံးလုံးစီးကရက်တစ်လိပ်ကို မီးညှိပေးလိုက်ရသည်။

'ကျေးဇူးတင်ပါတယ်ရှင်'

အတူယှဉ်တွဲထိုင်နေရာမှ ထွန်းလွင်၏ ဝဲဘက်ပုခုံးပေါ်သို့ ခေါင်းကို မှေးတင်ထားလိုက်တော့သည်။

'ကျွန်တော် တော်ပြီ မမရယ်.....'

'ဟင့်အင်း.....အရက်မှ မကုန်သေးတာ'

'ကျွန်တော် မူးနေပြီဗျာ'

ထွန်းလွင် ငြီမ်နေလိုက်မိတော့၏။

'ကျွန်မဘဝကို ကြည့်စမ်းပါရှင်ရယ်၊ ပျော်စရာ မကောင်းဘူးလားဟင်'

'ကောင်းပါတယ် မမရယ်.....'

www.burmeseclassic.com

www.burmeseclassic.com



ခင်မြင့်မြင့်က အသံထွက်အောင် ရယ်လိုက်သည်။

'ဘာကောင်းတာလဲ၊ ကျွန်မကို သံယောင် မလိုက်နဲ့ မကြိုက်ဘူးရှင့်၊ သိရဲ့လား.....'

နောက်ဆုံးလက်ကျန်ကို ဖန်ခွက်ထဲသို့ ထဲ့လိုက် သောအခါ ထွန်းလွင် မတားမိတော့ပေ။

'ရွှေဘုံပေါ်မှာ စံနေရတဲ့ဘဝလို့ တင်စားချင် တင်စားဦး ကျွန်မ မပျော်ဘူး'

ထွန်းလွင်သည် ရှောင်လွှဲ၍ မရနိုင်သော အခွင့်အရေးကိုမှီ၍ အမြတ်ထုတ်ရန် စိတ်ပိုင်းဖြတ်လိုက်သည်။

မူး၍ပဲပြောပြော၊ ရူး၍ပဲပြောပြော၊ ကြားသိရသမျှ သည် 'သတင်း'သာ ဖြစ်ချေတော့သည်။

'ဩော်.....မမ မပျော်ဘဲကိုး'

'ဟုတ်တယ်ရှင့်၊ မပျော်ဘူး'

ဝမ်းနည်းသံ ပါလာခဲ့သည်ဟုပင် ထင်ရ၏။

'ဦးအောင်မြင်ဟာ ကျွန်မကို ငွေနဲ့စက်ပြီး ကူညီတယ်၊ ကျွန်မက သူ့ကိုပြန်ဆပ်တော့ ကျွန်မဘဝနဲ့ရင်းပြီး ဆပ်လိုက်ရတယ်လေ'

ထွန်းလွင်သည် ခင်မြင့်မြင့်မျက်နှာကို ငုံ့ကြည့် လိုက်သောအခါ မျက်လုံးများပင် မှေးနေပေပြီ။

'ကျွန်မက ဦးအောင်မြင်ကို အပြစ်မတင်ပါဘူး၊ အပြစ်တင်စရာလဲ မလိုပါဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အပါအဝင် မိန်းမတွေ တော်တော်များများက သူလိုလူတစ်ယောက်ကို မှီခိုရ တယ်ဆိုတာ ချစ်လို့မှ မဟုတ်ဘဲကိုး၊ ကျွန်မ ထင်ပါတယ် ဦးအောင်မြင်ရဲ့ရင်ထဲမှာ ကြင်နာမှုတွေ၊ စာနာမှုတွေဆိုတာ



တော့ ရှိနေပါလိမ့်မယ်၊ ဒါပေမယ့် အချစ်ဆိုတာ ရှိမှာ မဟုတ်ပါဘူး'

'ဘာဖြစ်လို့လဲ မမရယ်'

'သူ့ဘဝမှာ အချစ်ဆိုတာ ဖန်တီးယူလို့ ရပါတယ်၊ သူ့ဘဝမှာ အချစ်ထက်ပိုပြီး ဦးစားပေးရတဲ့ကိစ္စတွေ ရှိနေတာပေါ့'

'အချစ်ထက် ဦးစားပေးရတယ်ဆိုတာ ဘာတွေများလဲ မမရယ်၊ ကျွန်တော်တော့ နားမလည်တော့ပါဘူးဗျာ'

'ကျွန်မလဲ မသိဘူး၊ ကျွန်မလို မသိတဲ့သူတွေ အများကြီးပဲ၊ သူ့ဘဝမှာ သူချမ်းသာကြွယ်ဝတဲ့တန်ဘိုးကို တွက်ပြီး ပြောရမယ်ဆိုရင်တော့ ဒီတစ်သက်တင် မဟုတ်ဘူး။ နောင်ထပ် ဆယ်သက် ထိုင်စားလို့ မကုန်နိုင်တဲ့အထိ စီးပွားရေး ကောင်းပါတယ်'

ဩော်....တော်တော်ချမ်းသာတာပဲနော်'

'သိပ်ချမ်းသာတာပေါ့၊ မြန်မာပြည်က ဘဏ်တွေမှာ ပြောနဲ့၊ တိုင်းပြည်တိုင်းလိုလိုမှာ သူပိုင် နိုင်ငံခြားငွေ ရှိတယ်'

'ဒီလို ချမ်းသာလွန်းတဲ့လူတစ်ယောက်ကို လစ်လုပ်ရတဲ့ မိန်းမတွေကို ရှင် အထင်ကြီးသလား ကိုထွန်းလွင်'

'ကျွန်တော် မမကိုတော့ လေးစားပါတယ်ဗျာ'

ထွန်းလွင်၏အဖြေကို သဘောကျသလိုပင် သူက အသံထွက်အောင် ရယ်လိုက်သည်။ သူ့ရယ်သံမှာ သရော်သောအရွဲ့တိုက်သော ရယ်သံမျိုးဟု ထင်ရ၏။

'ကျွန်မအပါအဝင် သူ့မိန်းမပါဆိုတဲ့ အသိုင်းအဝိုင်းကို အထင်မကြီးစမ်းပါနဲ့ရှင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထွန်းလွင်၏ ဘယ်ဘက်လက်မောင်းကို လက်နှစ်ဖက်ဖြင့် ပိုက်ထားရင်း ခေါင်းကို ပခုံးပေါ်တွင် မှေးတင်ထားလိုက်သည်။

'ကျွန်မတို့ဘဝက သူရဲ့ အခြောင်မယားလို့သာ အမည်ခံရတာပါ၊ တကယ်တော့ သူ့အလုပ်သမားလို့ ခေါ်ရင်တောင် ပိုပြီး မှန်မယ်ထင်ပါတယ်'

ထွန်းလွင်ခေါင်းထဲတွင် ချာချာလည်နေသည်။ အရက်မူးသည်ကို ခံနိုင်စွမ်း ရှိသော်လည်း ရမ္မက်၏ ယစ်မူးမှုတွင် တွေဝေသွားမိခဲ့သည် အမှန်ပင်။

'ကျွန်မကို နမ်းစမ်းပါရှင်ရယ်.....'

ထွန်းလွင် ထိတ်ထိတ်ပြာပြာ ဖြစ်သွားမိသည်။

'ကျွန်မကို နမ်းလို့ ရှင်အပြစ် ဖြစ်မသွားပါဘူး ဦးအောင်မြင်ကလဲ ရှင့်ကို ဘယ်လိုမှ အပြစ်တင်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တစ်တွေဟာ အလုပ်သဘောအရသာ သူ့မယား အမည်ခံရတာပဲ၊ တကယ် တော့ သူ့အလုပ်သမားတွေပါ ရှင့်ရယ်'

ပြောပြောဆိုဆိုပင် ရင်ခွင်ထဲသို့ တိုးဝင်လာသော ခင်မြင့်မြင့်၏ တစ်ကိုယ်လုံးကို ထွန်းလွင်က ဆီး၍ ပွေ့ပိုက်ထားလိုက်ရရင်း တဆတ်ဆတ်တုန်နေသော နှင်းဆီဖူးလို နှုတ်ခမ်းကို မဝံ့မရဲနှင့်ပင် နမ်းလိုက်မိတော့သည်။

'ကိုလူအ၊ ဦးအောင်မြင်ဆီမှာ ဒီလို ရိုးပုံအ,ပုံမျိုးနဲ့တော့ ခက်ဦးမယ်ရှင့်'

ခင်မြင့်မြင့်က တိုးတိုးကလေး ပြောလိုက်သည်။

တောင်ကြီး ရာသီဥတုသည် မိုးတွင်းဖြစ်၍ အမြဲလိုလို



နှတ်စိုထိုင်းမှိုင်းနေသော်လည်း အိပ်ရာထက်တွင် ထွေးထွေးနွေးနွေး ရှိလှသည်ဟုပင်ထင်ရ၏။ အရက်နှင့် ရမ္မက်ဆိုသည်မှာ.....။

## အခန်း(၇)

ခင်မြင့်မြင့်ပြောသည့်အတိုင်း တစ်လပြည့်ခါနီး အချိန်တွင် ဦးအောင်မြင်နှင့် အသက် ၃၅ နှစ်ခန့် ဂင်တိုတို လူတစ်ယောက် မြို့ကုန်မှ လေယာဉ်ဖြင့် ဟဲဟိုးလာရင်း အပြန်တွင် ထွန်းလွင်ကို လေယာဉ်ဖြင့် ရန်ကုန်သို့ တစ်ပါတည်း ခေါ်သွားသည်။

* * *

မောင်ထွန်းလွင် ဦးရဲ့အိမ်မှာပဲ နေပါ၊ ဘာမှ စိတ်ဘက်အယှက် ဖြစ်စရာ မလိုဘူး'

စကားအပြောအဆိုမှစ၍ ရင်းနှီးလာခဲ့သည့် အပြင် လွင်ကိုပင် အန်ကယ်ဟု ပြောရိုးပြောစဉ်အတိုင်း မပြောတော့ 'ဦး' ဟု သူ့ကိုယ်သူ ပြောင်းလဲ သုံးစွဲလာ ခဲ့သည်ကို လွင် သတိထားမိ၏။ ဦးအောင်မြင်၏ နေအိမ်မှာ တက္ကသိုလ် သလမ်းနှင့် အင်းယာမြိုင်လမ်းထောင့် အတွင်းပိုင်းတွင် ရှိသည်။

ထုပိန်းစိမ်းစို၍ တိရိစ္ဆာ ပြတ်တောက်ထားသော စည်းရိုးကိုကျော်၍ အတွင်းသို့လှမ်းကြည့်မည်ဆိုလျှင် သာမန်လူပ နှစ်ထပ်တိုက်တစ်လုံးဟု ထင်မြင်ယူဆ မိမည် ဖြစ်သော် အတွင်းပိုင်းကိုကြည့်မှ ကျယ်ဝန်းမှုကို တအံ့တဩ ဖြစ်ရတော့သည်။ နှစ်ထပ်တိုက် နောက် ဘေးပိုင်းတွင် အလျားပေ

www.burmeseclassic.com

www.burmeseclassic.com



၁၀၀ ခန့်နှင့် အနံ ၇၅ ပေခန့် ရှိသော ရေကူးကန်တစ်ခုသာမကဘဲ ရေကူးကန်၏ အနံပိုင်းထိပ်တွင် တင်းနစ်ကွင်းတစ်ခုပင် တွေ့ရှိရသေးသည်။

အိမ်ပတ်ပတ်လည်တွင် စိုက်ထားသော မြက်ခင်းမှာ မြန်မာပြည်တွင် တွေ့ရသော မြက်အမျိုးအစား မဟုတ်၊ နိုင်ငံခြားတိုင်းပြည်တစ်ခုမှ အလှစိုက်သော စိမ်းစိုသည့် မြက်ခင်းတစ်မျိုးသာဖြစ်၏။ အိမ်အောက်ထပ်သို့ ဝင်လိုက် လျှင်ပင်ပါရှန်ဖြစ် အမွေးပွကော်ဇောကို ဧည့်ခန်းတစ်ခုလုံး အပြည့်ခင်းထားပြီး နိုင်ငံခြားလုပ် ဆိုဖာများ၊ စားပွဲ ပုံဆန်းများကို အစီအရီ ခင်းထားသည်။

တိုက်နံရံများအားအဖြူရောင် ဖော်မေကာပြားများကို အတွင်းမှစ၍ မျက်နှာကျက်ထိ ကာတားပြီး အိမ်အတွင်းတွင် လေးအေးစက် တပ်ဆင်ထားသည်ကိုပါ တွေ့လိုက်ရ၏။အခန်းနံရံများတွင် ကပ်ထားသော ဖော်မေကာပြားများ၏ အပေါက်ငယ်များကို ကြည့်ရင်း အသံဖမ်းစက် တပ်ဆင်ထားနိုင်သည်ကို ထွန်းလွင် သတိပြုမိလိုက်၏။

ဧည့်ခန်းတွင် ကာထားသော အခန်းစီးကို ဖြတ်ကျော်လိုက်လျှင် ဝဲယာ တစ်ဘက်တစ်ချက်တွင် နိုင်ငံခြား သင်္ဘောများကဲ့သို့ အခန်းများကို ဖွဲ့ထားသည်။ ပြီး ညာဘက်တွင် အပေါ်ထပ်သို့ တက်သော ကျွန်းလှေကားကို အရောက်တဖိတ်ဖိတ်ဖြင့် တွေ့ရသည်။

ထွန်းလွင်အတွက် ဝဲဘက်အတန်းဘက်မှ အစွန်ဆုံးသောအခန်းတွင် နေရာချထားပေးလိုက်၏ အခန်းမှာ ၁၅-ပေ ပေ ၂၀ ခန့်ဖြစ်၍ အတွင်းခန်းအထိပင် ဖော်မေကာပြားများ



နှင့် သပ်ရပ်စွာ ဆင်ယင်ထားသည်။ အခန်းထဲတွင် တစ်ယောက်အိပ် သောင်ပိတ် ကျွန်းကုတင်တစ်လုံး၊ မှန်တင်ခုံတစ်ခု၊ စာရေးစားပွဲနှင့် ကုလားထိုင် ၂-လုံးအပြင် လှပသောဝါယာကြိုးတပ် ကုလားထိုင် ၃-လုံးကိုလည်း စားပွဲပုကလေးနှင့်အတူ ချထားလိုက်ရသည်။

* * *

ညနေ ၅နာရီခန့်တွင် အိမ်ဖော် အဘိုးကြီးတစ်ယောက် ခေါ်၍ အပေါ်ထပ်သို့ တက်ခဲ့ရသည်။ လှေကား ဆုံးသည် ဆိုလျှင်ပင် အောက်ထပ်ဧည့်ခန်း အပြင်အဆင်ထက် ပိုမိုလွန်ကဲ ခမ်းနားသော အပေါ်ထပ် ဧည့်ခန်းကို တအံ့တသြ တွေ့ရပြန်သည်။

'ထိုင်ပါ မောင်ထွန်းလွင်'

ဦးအောင်မြင်က ဆိုဖာတစ်ခုကို ညွှန်ပြရင်း ပြောပြလိုက်၍ ထိုင်လိုက်သည်။

'အိမ်သားတွေနဲ့ မောင်ထွန်းလွင်ကို မိတ်ဆက်ပေးချင်လို့ပါ'

'ဟုတ်ကဲ့ခင်ဗျာ'

'ဒါက ဒေါ်အုန်း၊ သူက ဦးဘလှ၊ သူက မောင်အေး၊ သူတို့သုံးယောက်က စားသောက်ခန်းမှာ တာဝန်ယူကြတယ်'

'တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ'

'သူက လားဗဟာဒူး၊ သူကတော့ ဆေးဗဟာဒူး၊ သူတို့က ခြံလုံးရဲ့ သန့်ရှင်းရေးနဲ့ စိုက်ပျိုးရေးကွဲ့'

'ဟုတ်ကဲ့ခင်ဗျာ'

'မောင်သန်း၊ တင်ထွန်း၊ အေးဆောင်လို့ ခေါ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့က ဦးအိမ်က ကားမောင်းသူတွေ'

သူက ဦးမြင့်၊ အိမ်တံခါးဝ စောင့်တယ်၊ အခု လက်ရှိ စောင့်နေတာက ဦးဘအောင်'

'ဟုတ်ကဲ့ခင်ဗျာ၊ တွေ့ရတာ ဝမ်းသာပါတယ်'

'သူကတော့ မောင်ထွန်းလွင် လို့ ခေါ်ပါတယ်'

အားလုံးဘက်သို့ လှည့်၍ ပြုံးပြလိုက်သည်။

'သမီးကျောင်းက ပြန်လာပြီလား'

'ရောက်နေပါပြီရှင်၊ ဂေါက်ရိုက်နေပါတယ်'

'ကဲ.....မောင်ထွန်းလွင် အောက်ခဏဆင်းရအောင်'

ပြောပြော ဆိုဆိုထသွား၍ ထွန်းလွင်ကလည်း ကပ်၍ လိုက်ပါခဲ့သည်။

ရေကူးကန်၏အစွန်းတစ်ဖက်တွင် ကားရုံတန်းလျား တစ်ခုရှိ၍ အပေါ်ထပ်တွင် လူနေသည်ဟု သိလိုက်သည်။

ရေးကူးကန် အလျားဘက်ကျတော့ မြက်ခင်းပေါ်၌ ညနေပိုင်း၏ နေရောင်အောက်တွင် အသက် (၂၀) မင်ပြည့်ပုံ မရသေးသည့် အမျိုးသမီးတစ်ယောက်၊ ဂေါက်ရိုက်တံကို လွဲ၍ အရှိန်ယူနေသည်ကို တွေ့ရသည်။

'သမီး'

'ရက်(စ်)ဒယ်ဒီ'

ဦးအောင်မြင်က ခေါ်လိုက်သောအခါ ဂေါက်တံကို ဘေးချ၍ ထူးလိုက်သည်။

'သမီးကို မိတ်ဆက်ပေးရဦးမယ် သူက မောင်ထွန်း လွင် လို့ ခေါ်တယ်'

'ရက်(စ်)ဒယ်ဒီ'



'ကျွန်တော် ထွန်းလွင်ပါခင်ဗျာ'

'တွေ့ရတာ....ဝမ်းသာပါတယ်ရှင်၊ ကျွန်မ နံမယ် 'ခေစီအောင်မြင်'ပါ၊ အိမ်မှာတော့ 'စုစု'လို့ ခေါ်ပါတယ်'

သူ့ညာလက်ကို ဆန့်တန်းရင်း ပြောလိုက်၍ ထွန်းလွင်က ဆွဲကိုင်နှုတ်ဆက်လိုက်ရသည်။

* * *

ညစာကို အိမ်တွင်ရှိ၊ လူအားလုံးနှင့် ဝိုင်းစား လိုက်ကြသည်။

'မောင်ထွန်းလွင်ကို ဦး တစ်ခုပြောရဦးမယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'ဒီအိမ်မှာ မောင်ထွန်းလွင် လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်၊ ပြီးတော့ အလုပ်အနေနဲ့တော့ အခုအချိန်မှာ ထွေထွေထူးထူး လုပ်စရာ မရှိသေးဘူး၊ လောလော ဆည် ဆည်တော့ နားနေပေါ့၊ အိမ်သားတစ်ယောက် ဖြစ်နေပြီ ဆိုတော့ အိမ်ရဲ့လုံခြုံရေးကို အိမ်သားတစ်ယောက်လိုပဲ ဂရုစိုက်ပါ'

'ဟုတ်ကဲ့ခင်ဗျာ'

ဦးရဲ့သမီးနဲ့ပတ်သက်ပြီး နည်းနည်းပြောမယ် ဦးရဲ့ မိန်းက အမေရိကားမှာ ဆုံးသွားရှာတယ်'

'ဪ....ဟုတ်လားခင်ဗျား'

'စုစုကဦးရဲ့ တစ်ဦးတည်းသောသမီးပေါ့'

'ဟုတ်ကဲ့ခင်ဗျာ'

'စိတ်ရင်း သဘောထား ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ဦးတည်းသောသမီးဆိုတော့ နည်းနည်းပါးပါးဆိုးတာ လေးတွေ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ခင်ဗျာ'

'ဦကလဲ သူ့ကို လုံး၀ မချုပ်ချယ်ဘူး၊ ဘယ်သူမှလဲ သူ့ကို ချုပ်ချယ်လို့ မရဘူး'

'ဟုတ်ကဲ့ခင်ဗျာ'

သူ့မှာ သူ့စိတ်ဆန္ဒနဲ့၊ သူ့ကိုယ်ပိုင် ဆုံးဖြတ်ခွင့်ကိုပေးထားတယ်။ သူလိုအပ်လို့ အကူအညီတောင်းရင် ပေးပါ'

'ဟုတ်ကဲ့ ခင်ဗျာ'

'အလုပ်ကိစ္စနဲ့ ပတ်သက်ပြီးနောက်မှာပဲ ဦး ပြောပြတော့မယ်လေ'

'ဟုတ်ကဲ့ ခင်ဗျာ'

'ဒါထက် မောင်ထွန်းလွင် သေနတ်ပစ်တွေ ဘာတွေဝါသနာ ပါသလား'

'မပါ ပါဘူးခင်ဗျာ'

'လိုလိုမယ်မယ် လေ့ကျင့်ထားပေါ့၊ နောက်မှ ဦး စီစဉ်ပေးမယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'ဘာဖြစ်လို့လဲဆိုတော့ ငွေထုတ်ဖို့ကိစ္စတို့၊ နယ်ထွေကိုငွေ့ပို့ဖို့ကိစ္စဆိုတော့ လိုလိုမယ်မယ် တတ်ထားဖို့ပါ'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ကြိုးစားပါ့မယ်'

'ကဲ.....မောင်ထွန်းလွင် အနားယူပါတော့'

* * *

ရက်သတ္တတစ်ပတ် အတွင်းတွင် ထွန်းလွင် နေသားတကျ ဖြစ်သွားပေပြီ။

'ဒေစီအောင်မြင် သို့မဟုတ် စုစု'



အသက် (၂၀)ပင် ပြည့်ပုံမရသေး၊ ဦးအောင်မြင်၏ တစ်ဦးတည်းသော သမီး။ အရှေ့ တိုင်းသူတစ်ဦး၏ အလှအပကို ပေါပေါလွင်လွင် ခန့်မှန်းနိုင်သူဖြစ်၏။ အရပ်မှာ ၅-ပေ ၂-လက်မခန့်မြင့်၍ မြန်မာအမျိုးသမီးထဲတွင် မြင့်မားသည်ဟု ထင်ရသည်။

ဖြူဝင်းသောအသားအရေမှာ ပန်းနုရောင်သန်းနေသည်ဟုပင် ထင်ရအောင် နူးညံ့ညက်ညောလှသည်။ ကျန်းမာရေးကို လိုက်စားသူဖြစ်၍ ကိုယ်ခန္ဓာအရိုးအဆစ် တည်ဆောက်ပုံမှစပြီး ပုံသဏ္ဍာန်ကျကျလှပသော ကိုယ်ကာယ အလှအပများတွင် အကွေ့အကောက် အနိမ့်အမြင့်ပိုင်း၏ တည်ရှိပုံများ၊ အရမြင်သူတိုင်း ငေးမောရသော အလှပိုင်ရှင်မကလေး တစ်ဦးပင်ဖြစ်၏။

ခြုံ၍ဆိုရလျှင် အဘက်ဘက်က ပြည့်စုံသော အလှမျိုးစုံ၏ ပေါင်းဆုံရာ အလှကေရီတစ်ဦးဟုပင် တင်စားရမည်ပင်။

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာ အဓိကယူသော ပထမနှစ် ကျောင်းသူတစ်ဦးဟု သိလိုက်ရသောအခါတွင် ထွန်းလွင် အံ့ဩမိသည်။ အနောက်တိုင်း ခလေ့စရိုက်၊ ပတ်ဝန်းကျင်များလွှမ်းမိုးသော သူ့ဘ၀တွင် မြန်မာဆန်မှုကလေး များကိုလည်း အမှတ်မထင် တွေ့မြင်ရသေးသည်။

စုစုကို ရောက်စအချိန်တွင် လှသလောက် မာန်မာနကြီးမည်ဟု ထင်မိသော်လည်း ရက်ပိုင်းအတွင်းတွင် သူ၏ကလေးဆန်ဆန် အမူအကျင့်ကလေးများနှင့် ရိုးသားဖြူစင်းမှုများကို နီးနီးကပ်ကပ် တွေ့မြင်ရတော့သည်။ တစ်ညနေခင်း ထွန်းလွင်မြို့ထဲမှအပြန်တွင် အိမ်ရှေ့ ဂျပန်မြက်ခင်းပေါ် တွင်ထိုင်

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ အယ်လ်ဖေးရှင်းခွေးကြီး ၃–ကောင်နှင့် ကစားနေသည် စုစုကို တွေ့လိုက်ရသည်။

အယ်လ်ဖေးရှင်းခွေးကြီး ၃–ကောင်မှာ အလွန် လိမ္မာကြသော ခွေးကြီးများဖြစ်၏။ သူတို့ကျွေးမွေးစရိတ်နှင့် ဆေးဝါးကုသမှု စရိတ်များသည် သာမန်လူတစ်ယောက် စရိတ်ထက်ပင် ကြီးမားသည်။ နေ့လည်နေ့ခင်းတွင် သီးသန့် အိမ်ငယ်တစ်ခု ပြုလုပ်၍ လှောင်ပိတ်ထားသော်လည်း ညပိုင်းတွင် ခြံထဲသို့ လွှတ်ပေးထားလိုက်သည်ပင် အိမ် လုံခြုံရေးကို သူတို့က တာဝန်ယူကြသည်။

စုစုသည် တင်းနစ်ဘောလုံးလေးကို သူတို့နှင့်ကစားနေသဖြင့် ခွေးကြီးသုံးကောင်က ဘော်လုံးကို အလုအယက် ကောက်ပေးနေကြသည်။ ထွန်းလွင်က သူတို့ကို ရှောင်ကွင်းကာ အိမ်ထဲဝင်မည်အပြုတွင် စုစုက လှမ်းအော်ခေါ် လိုက်သည်။

'ဟေး.....ယူ.....ခဏလာအုံး'

အသံကျယ်ကျယ်အော်လိုက်သည်သာမက လက်ခုပ်တီးပြီး လက်ယပ်ခေါ်လိုက်သည်။

'ယူ .....ဘယ်က ပြန်လာတာလဲ'

သူ့အနားသို့ရောက်သောအခါ စုစုက မေးလိုက်သည်။

'ကျွန်တော်မြို့ထဲက ပြန်လာတာပါ'

စုစုစကားပြောလျှင် (You) ဆိုသော အသုံးအနှုန်းဖြင့်သာ ထွန်းလွင်ကို ခေါ်ဝေါ်သုံးစွဲတတ်သည်ကို သတိ ထားလိုက်မိသည်။

'ယူ့နာမည် ဘယ်လိုခေါ်တယ်'

သူ သိထားပြီးဖြစ်သော်လည်း ထပ်မေးနေပြန်၍ ထွန်းလွင်က စိတ်ရှည်ရှည်နှင့် ထပ်ပြောပြရသည်။

'ထွန်းလွင်ပါခင်ဗျာ'

သူက ထွန်းလွင်ကို ကြည့်၍ ပြုံးလိုက်သည်။

'စုစုသိသားပဲ၊ သက်သက်မေးတာပါ'

'ဟုတ်ကဲ့ခင်ဗျာ၊ နောက်မေ့နေတယ်ဆိုရင်လဲ မေးပေါ့၊ ကျွန်တော် ပြောပြပါမယ်'

ထွန်းလွင်က ဣန္ဒြေမပျက် လေးစားသော အမူအရာနှင့် ပြန်ပြောလိုက်သောအခါ သူသည် အသံလွင်လွင်ကလေးများ ထွက်အောင်ပင် ရယ်လိုက်သည်။

မီးခိုးရင့်ရောင်ထမိနှင့် ယောကျ်ားဝတ်ရှပ်လက်တို တစ်ထည်ကို ဝတ်ဆင်ထားသော်လည်း သူ့မျက်နှာပြင် နုနုကလေးပေါ်တလေးပေါ်တွင် ချယ်သမှုများပင် မတွေ့ရ။ မည်းနက်သော ဆံပင်များသည် သူ့ပုခုံးပေါ်တွင် ရယ်လိုက်တိုင်း လှုပ်ရှားနေသည်။

'ယူက ဘယ်ဆိုးလို့လဲ ပြောတတ်သားပဲ'

သူက မှတ်ချက်ချလိုက်သည်။

'ယူ တင်းနစ် ရိုက်တယ်သလား'

'မရိုက်တတ်ပါဘူးခင်ဗျာ'

'ဒါဖြင့် ကြက်တောင်ကော'

'မရိုက်တတ်ပါဘူး'

'ဂေါ့(ဖ်)ကော'

'ဟင်းအင်း'

'ရေကူး'

'မတတ်ပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'မြင်းစီးကော'

'မတတ်ပါဘူး'

သူက ထွန်းလွင်ကို မျက်မှောက်ကလေး ကုတ်၍ အကဲခတ်သလို ကြည့်လိုက်သော်လည်း ထွန်းလွင်က ပကတိ ရိုးရိုးသားသားအသွင်နှင့် ရပ်နေလိုက်သည်။

'ဒါဖြင် သေနတ်ပစ်ကော'

'ပိုတောင်မတတ်သေးတယ်'

ဒါဖြင့် အားကစားနဲ့ ပတ်သက်ပြီးယူ ဘာတတ်သလဲ'

'ကျွန်တော်ဘာမှ မတတ်ပါဘူးဗျာ'

'ယူက သိပ်ညံ့တာပဲ'

သူက မျက်နှာကလေးကို ရှုံ့မဲ့ရင်း ပြောလိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ'

'ဘာဟုတ်ပါတယ်လဲ'

သူက ခပ်ဆတ်ဆတ်ကလေး ဆိုလိုက်၏။

'ဪ.....ကျွန်တော် ညံ့တယ်လို့ ပြောတာပါ'

'ဒါဖြင့် ယူ ဘာဝါသနာ ပါသလဲ'

သူ့မေးခွန်းများကား များပြားလွန်းလှ၏။

'ထမင်းစားရအောင် အလုပ်လုပ်ဖို့ ဝါသနာပါပါတယ်'

သူ ထွန်းလွင်၏ အဖြေကို ကြားလိုက်ရသောအခါ ထွန်းလွင်မျက်နှာကို လှမ်းကြည့်လိုက်၏။ ထွန်းလွင်က အေးချမ်းစွာ ခေါင်းကို ငုံ့ထားလိုက်သည်။

'ယူပြောတဲ့ စကားကအဆန်းပဲ ယူက ဘာတတ်လို့လဲ'

'ကျွန်တော်ကားမောင်းတတ်ပါတယ်။ ပြီးတော့ သူများခိုင်းတာကိုလဲ ကျေပွန်အောင် လုပ်တတ်ပါတယ်'



'ယူက စုစုတို့အိမ်ကကားကို မောင်းမလို့လား'

သူက မျက်မှောင်ကလေးကိုကုတ်၍ မေးလိုက်သည်။

'အမောင်းခိုင်းရင် မောင်းရမှာပေါ့ဗျာ'

ထွန်းလွင်က အေးအေးအေးဆေးဆေးပင် ဆက်ဖြေလိုက်သည်။

'ဒက်ဒီက ပြောတယ်၊ ယူ့ကို ကားမောင်းဖို့ ခေါ်လာတာ မဟုတ်ဘူးတဲ့'

ဪ.....ဟုတ်လား'

'ယူ ကျောင်း ဘယ်နှစ်တန်းအထိ နေဘူးသလဲ'

'၄-၅-၆တန်း ဆိုပါတော့ဗျာ'

ထွန်းလွင်က ဖြေလိုက်ပြန်သည်။

'ယူ စုစုကို လိမ်တယ်၊ ညာတယ်'

ထွန်းလွင်ကို မကျေနပ်သလို မျက်စောင်းကြီး ထိုးရင်း ပြောလိုက်သည်။

'ယူ ဆယ်တန်းအောင်ပြီးပြီလို့ ဒယ်ဒီက ပြောတယ်'

'စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်က နောက်တာပါ'

ထွန်းလွင်က မရဲတရဲ အမူအရာနှင့် တောင်းပန် လိုက်သည်။

"ယူ ဘာဖြစ်လို့ တက္ကသိုလ် ဆက်မတက်တာလဲ"

'ကျွန်တော့်မှာ မိဘကလဲ မရှိတော့ဝါဘူး၊ ပြီးတော့ ကျနော်တို့က ဆင်းရဲပါတယ်ဗျာ'

ထွန်းလွင်က မျက်နှာထိ မျက်နှာထားနှင့် ညိုးညိုးငယ်ငယ်အမူအရာမျိုးကို လုပ်ပြလိုက်သည်။

'အို.....ယူက သနားစရာပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ့ တကယ်ပင် စိတ်မကောင်းဖြစ်မိသလို တိုးတိုးကလေး ဆိုလိုက်သည်။

'ယူ တက္ကသိုလ် ဆက်တက်ချင်ရင် စုစု၊ ဒယ်ဒီကို ပြောပေးမယ်နော်၊ စုစုပြောရင် ရပါတယ်'

သူတကယ်ပင် ဂရုဏာ သက်သွားပုံနှင့် ပြောလိုက်ခြင်း ဖြစ်၏။

'ကျေးဇူးတင်ပါတယ်ဗျာ၊ ပညာ သင်ရတဲ့ တက္ကသိုလ်ကိုတော့ ကျွန်တော် စိတ်မဝင်စားတော့ပါဘူး။ ဘဝ တက္ကသိုလ်မှာပဲ ကျွန်တော် ကျေနပ်ပါတယ်'

'ဘဝ.....ဘဝတက္ကသိုလ်ဟုတ်လား၊ ယူ ဘာကို ဆိုလိုတာလဲ'

သူက ထွန်းလွင်၏ စကားကို တအံ့တသြ လှမ်းမေးလိုက်သည်။

'ဟုတ်ပါတယ်၊ ဘဝ တက္ကသိုလ်ဆိုတာ ထမင်းစားရအောင် ရုန်းကန်လှုပ်ရှားရတဲ့အဖြစ်ကို တင်စားပြီး ပြောတာပါ'

'ယူ ပြောတဲ့စကားတွေက တစ်မျိုးပဲ'

သူ့မျက်နှာကလေးကို တည်တည်ထား၍ တကယ်နားမလည်မိသလို ပြောလိုက်သည်။

'ယူ့ကို စုစု ကိုယ်ချင်းစာပါတယ်လေ'

သူက လိုက်လိုက်လှဲလှဲ လေသံကလေးနှင့် ပြောလိုက်ပြန်သည်။

'ဘာဖြစ်လို့လဲဗျာ'

'စုစုမှာ ယူနဲ့စာရင် ဒယ်ဒီ ရှိသေးတယ်၊ မာမီက စုစု



ငယ်ငယ်ကပဲ အမေရိကားမှာ ဆုံးသွားရှာတယ်၊ ပြီးတော့ စုစုမှာ ယူ့လိုပဲ ညီအစ်ကို မောင်နှမ မရှိဘူး'

သူက ခပ်တိုးတိုးကလေး ပြောပြန်သည်။

'ဩော်.....ဟုတ်လား'

ထွန်းလွင် သူ့ကိုကြည့်၍ တကယ်လည်း ဂရုဏာသက်လိုက်မိသည်။

'ယူ စုစုတို့အိမ် ရောက်လာတာ စုစု ဝမ်းသာတယ်'

သူက ပြုံးပြုံးလေးနှင့် ထွန်းလွင်ကို ကြည့်၍ ပြောလိုက်သည်။

'ယူက ခပ်တည်တည်ကြီး နေတတ်ပေမဲ့ သဘောကောင်းတယ်'

'ဩော်.....ဟုတ်ကဲ့ဗျာ'

'ယူ စုစုကို ကူညီရမယ်နော်'

'ဩော်.....ကူညီပါမယ်ဗျာ၊ စုစု ကျွန်တော့်ကို ဘာခိုင်းချင်လို့လဲ ခိုင်းပါ'

ထွန်းလွင်က သူ့ကို စတင်၍ 'စုစု' ဟု စတင်ခေါ်ဆိုသုံးစွဲလိုက်သည်။

'ယူက သိပ်အောက်ကျခံချင်တာကိုး၊ စုစုက ယူ့ကိုခိုင်းဖို့ မဟုတ်ပါဘူး။ အကူအညီတောင်းမှာပါ၊ ဒက်ဒီကလဲ ယူ့ကို သူများတွေလို ခိုင်းဖို့ ခေါ်ထားတာ မဟုတ်ဘူးတဲ့ အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်တဲ့၊ ယူ့ကို အားလုံးက ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်လို့ မှာထားတယ်'

'ဩော်.....ဟုတ်ကဲ့ခင်ဗျာ'

'ယူ စကားပြောပုံကို စုစု မကြိုက်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူက ရုတ်တရက် ပြောလိုက်၍ ထွန်းလွင်ပင် နားမလည်သလို ဖြစ်သွားသည်။

'ဘာဖြစ်လို့လဲ ခင်ဗျာ၊ ကျွန်တော် မှားသွားရင်လဲ စိတ်မဆိုးပါနဲ့ တောင်းပန်ပါတယ်'

'စုစု စိတ်မဆိုးပါဘူး ယူပြောပုံကြီးက စုစုကို မရင်းနှီးသလိုကြီးပဲ'

'ဟာ....မဟုတ်ပါဘူးဗျာ၊ အကျင့်ပါနေလို့ပါ၊ နောက်ဆို စုစု ကြိုက်သလိုဖြစ်အောင် ကြိုးစားပေးပါ့မယ်'

'ဒါတော့ ယူ ပိုလွန်းသွားပြီ'

သူက ခေါင်းကလေးကို ရမ်းရင်း ပြောလိုက်သည်။ သူ့အသွင်ကလေးမှာ ကလေးဆန်လွန်းသော ချစ်စရာ အသွင်ကလေး ဖြစ်၏။

'ဒါထက်၊ ယူ့ကို ပြောထားရဦးမယ်'

'ပြောပါဗျာ....ပြောပါ'

'စုစုကို စိတ်ဆိုးအောင် မစနဲ့၊ စုစု စိတ်ဆိုးရင် ယူ မလွယ်ဘူး၊ ဒီမှာ တွေ့လား'

သူက ခပ်တည်တည် မျက်နှာထားနှင့် သူ့ဖြူဖြူနုနု လက်သီးကလေးကို မြှောက်ပြလိုက်သည်။ ချစ်စဖွယ် လက်သီး ဆုပ်လေးသာဖြစ်၏။

'ဟာ....ဒီလိုတော့ မလုပ်ပါနဲ့ ကျွန်တော် ကြောက်တတ်တယ်ဗျာ'

ထွန်းလွင်က တကယ်ကြောက်သွားမိသလိုပုခုံး နှစ်ဘက်ကိုတွန့်၍ ပြောလိုက်လျှင်ပင် သူက အသံလွင်လွင် ကလေးထွက်အောင် ရယ်လိုက်သည်။



နောက် ရက်အနည်းငယ်အတွင်းတွင် သူ့ကလေးဆန်လွန်းသောအမူအကျင့် ဓလေ့စရိုက်နှင့် ရိုးသားပွင့်လင်း၊ ရင်းနှီးမှုများအပြင် အနိုင်ယူတတ်သော သူ့အကျင့်ကလေး များကိုပါ ရင်းရင်းနှီးနှီး ဆုံတွေ့ခဲ့ရလေသည်။

## အခန်း(၈)

လောလောဆည်ဆည် ရောက်စအချိန်တွင် ထွန်းလွင်သည် ဆူးလေဘုရားလမ်းပေါ်မှ ဦးအောင်မြင်၏ အလုပ်တိုက်တွင်သာ ထိုင်နေရသည်။ ဦးအောင်မြင် ရုံးထိုင်သော အလုပ်တိုက်မှာ လေးထပ်တိုက်ကြီးတစ်ခုဖြစ်၍ အောက် ထပ်တွင် စာရွက်ဟိုတယ် တစ်ခုဖွင့်ထားသည်။

ပထမထပ် အခန်းကျယ်ကြီးကို အလုပ်တိုက် ရုံးခန်းထား၍ ဒုတိယထပ်မှာ ဦးအောင်မြင်၏ သီးသန့်အနားယူသော အခန်းဖြစ်၏။ တတိယထပ်မှာ အလုပ်ကိစ္စအတွက် လာရောက်သူ မိတ်ဆွေရင်းချာများ ခေတ္တတည်းခိုနေထိုင်သော ဧည့်ဂေဟာဆောင် ဆိုရပေမည်။

ပထမထပ်အခမ်းကျယ်ကြီးတွင် ဦးအောင်မြင်၏ ရုံးခန်းအတွက် သီးသန့် ကာရံထားရှိပြီး မျက်နှာစာဘက်တွင် အရောင်ဖိတ်ဖိတ်တောက်နေသော ကျွန်းသုံးထပ်သားများ ကာရံထားသည်။ အခမ်းများတိုင်းတွင် အစိုးရ ရုံးခန်းများ နည်းတူ သက်ဆိုင်ရာ စာရေးစာချီများနှင့် စနစ်တကျ ထားရှိသည့်ပြင် [illegible]၏။ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂများသည် ခေတ်မီသစ်လွင်၍ အဆင့်အတန်း မြင့်ကြသည် ဖြစ်သော်လည်း အဝင်ဝ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ငယ်မှာ အဆောက်အဦး၊ ပရိဘောဂများနှင့် စာကြည့်လျှင် သေးသိမ်လွန်းသည်ဟုပင် ထင်ရ၏။

**'အရှေ့တိုင်း ရောင်းဝယ်ရေး ကုမ္ပဏီ'**

အရောင်တဖိတ်ဖိတ် တောက်နေသော ကြေးဝါဆိုင်းဘုတ်ငယ် တစ်ခုမျှသာဖြစ်၏။ ထွန်းလွင်ကို ဦးအောင်မြင့်၏ သီးသန့်ခန်းနှင့် ကပ်လျက်သား ရုံးခန်းတစ်ခုတွင် နေရာချထားပေးသည်။ ၁၀ x ၁၅ ပေ အခန်း ဖြစ်သော်လည်း ရုံးသုံးပရိဘောဂ အပြည့်အစုံနှင့်ပင်။

လောလောဆည်အချိန်တွင် အလုပ်တိုက် မန်နေဂျာ ဦးလှမြင့်နှင့်အတူ ဘဏ်လုပ်ငန်းတွင် ငွေသွင်းငွေထုတ်သည့် အလုပ်မှစ၍ ဘဏ်တိုက်နှင့် ဆက်စပ်မှုအားလုံးကို လေ့လာရသည်။ ထူးထူးထွေထွေ ခက်ခဲလှသည်တော့ မဟုတ်။

တစ်ခါတစ်ရံ လှော်ကား သေနတ်ပစ်ကွင်းသို့ ဦးအောင်မြင့်နှင့် စုစုတို့ သေနတ်ပစ်သွားရာတွင်လည်း ထွန်းလွင်ကို ခေါ်သွားလေ့ရှိသည်။ ဦးအောင်မြင့်နှင့် စုစုတို့က လက်နက်ငယ်များ ပစ်ခတ်ကိုင်တွယ်နည်းကို ထွန်းလွင်ကို သင်ပေးသည်။ ထွန်းလွင်က သေနတ်ကို တစ်ကြိမ်တစ်ခါမျှ မကိုင်ဖူး သေးသော လူစိမ်းတစ်ယောက်လို ဟန်ပန်မျိုးနှင့် သင်ကြား ပြသမှုများကို ခံယူလိုက်သည်။

'မောင်ထွန်းလွင်ဟာ မှတ်ဉာဏ်လဲ တော်တော် ကောင်းတယ်၊ ကြိုးစားမှုလည်းရှိတယ်၊ အကင်းလဲ ပါးတယ်'

(၃)ကြိမ်ခန့် လှော်ကား သေနတ်ပစ်ကွင်းသို့ သွားရောက် ပစ်ခတ်ပြီးချိန်တွင် ဦးအောင်မြင့်က နှုတ်မှထုတ်၍ ချီးမွမ်းသည်။



'ဒယ်ဒီဟာ လူတစ်ယောက်ကို ပါးစပ်ကဖွင့်ပြီး ချီးကျူးခဲပါတယ်။ ,ယူကတော့ ချီးကျူးလောက်တဲ့ လူတစ်ယောက်ပါ'

ဦးအောင်မြင့် ခပ်လှမ်းလှမ်း၌ အနားယူနေဆဲတွင် စုစုက ထွန်းလွင်ကို ဖြိုးဖြိုးကလေး ပြောလိုက်၏။

'ကျွန်တော်ဟာ ဦးရဲ့ သစ္စာရှိတဲ့ အလုပ်သမားကောင်း တစ်ယောက်ဖြစ်ဖို့ အတတ်နိုင်ဆုံး ကြိုးစားပါမယ်'

ထွန်းလွင်က ပြန်ပြောလိုက်သည်။ ငါ သိပ်များ မပီမရီ ဟန်ဆောင်မိသလား။ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်မိ၏။ ဦးအောင်မြင့် သင်ပေးသော သေနတ်ပစ်ခတ်နည်းမှာ သာမန် ပွိုင့်တူးတူး ရိုင်ဖယ်၊ ကာဘိုင်နှင့်ပစ္စတို၊ ခြောက်လုံးပြူး မျှသာဖြစ်၏။ ထွန်းလွင်၏ ဘဝအတွေ့အကြုံတွင် အဝေးပစ် လက်နက်ကြီးနှင့် လက်နက်ငယ် အမျိုးအစားပေါင်းများစွာ သာမက ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ငန်းများအထိတတ် မြောက်ထားသည့် ပဋ္ဌမ်ထောက်လှမ်းရေး သမားကောင်း တစ်ယောက်၏ အတတ်ပညာများကိုပါ တတ်ကျွမ်းထား ခဲ့ပြီဖြစ်၏။

○

## အခန်း(၉)

ထွန်းလွင် ဦးအောင်မြင့်၏နေအိမ်ရောက်ပြီး တစ်လကျော်ခန့်အချိန်တွင် ဦးအောင်မြင့်က ဆူးလေဘုရားလမ်း သီးသန့်ရုံးခန်းထဲတွင် ထွန်းလွင်ကိုခေါ်တွေ့လိုက်၏။

'မောင်ထွန်းလွင်အတွက် ဦးရဲ့ လက်ဆောင်ပဲ ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တွင် အလျား ၁၀ လက်မ၊ အနံ ၆ လက်မ ခန့် သေတ္တာတစ်ခုကို ထွန်းလွင်ရှေ့သို့ တွန်းပေးလိုက်သည်။ ထွန်းလွင် ဖွင့်ကြည့်လိုက်သောအခါ အင်္ဂလန်ပြည်လုပ် ဝေါ(လ်)သာပီပီကေ အမျိုးအစား ဆီးမီးအော်တို ပစ္စတို တစ်လက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။ အပိုကျည်ကပ် သုံးခုပါ၍ ပွိုင့် ၃၂ အရွယ်အစား အသစ်စက်စက်ပင်။ ဖိတ်ဖိတ်တောက်နေသော သံရောင်ဘရောင် နင်နှင့်ဖြစ်၏။

'လိုလိုမယ်မယ်ပေါ့ကွယ် ...က်ဆို ဘဏ်မှာ ငွေသွင်း ငွေထုတ်နဲ့ နယ်တွေမှာ ...ိုယ်တိုင်ကိုယ်ကျ ငွေသွားပို့ရတဲ့ အချိန်တွေမှာ မောင်ထွန်းလွင်အတွက် လိုအပ်မယ်ထင်လို့ပါ'

'ဟုတ်ကဲ့ခင်ဗျာ'

'လိုင်စင်ပါ အပြီးအစီး လုပ်ထားပြီးပါပြီ။ မြန်မာပြည် တစ်ပြည်လုံး ဘယ်နေရာမှာပဲဖြစ်ဖြစ် တရားဝင် ကိုင်ဆောင် နိုင်ပါတယ်'

အီတလီပြည်လုပ် ပွိုင့် ၃၄ ဘာရိုက်တာ ပစ္စတိုကိုသာ စွဲမြဲမြဲ ကိုင်ခဲ့သော ထွန်းလွင်သည် ဝေါ(လ်)သာပစ္စတိုကို လက်တွင် ဆ,ကြည့်လိုက်မိသည်။ကိုင်နေကျ ဘာရိုက်တာနှင့် စာလျှင် အနည်းငယ်ပေါ့သည်မှအပ ကမ္ဘာပေါ်တွင် လူကြိုက်များ၍ အကောင်းဆုံး အမျိုးအစားဝင် ခဲသေနတ် တစ်လက်ဖြစ်၏။ သေနတ်တစ်လက်ကို ယုံယုံကြည်ကြည်နှင့် ပေးအပ်သည့်တိုင် ထွန်းလွင် လှုပ်ရှားရမည့် အတိုင်းအတာ အကျယ်အဝန်း၏ နက်ရှိုင်းမှုကို ဦးအောင်မြင်က ထုတ်ဖော် ပြောပြ သေးသည်တော့ မဟုတ်၊ လိမ္မာပါးနပ် ကျွမ်းကျင်လွန်းသော ပရိယာယ်စကားဖြင့် ပင် သိမ်သိမ်မွေ့မွေ့ ဖုံးကွယ် ထားလိုက်သေးသည်။

* * *



တစ်ပတ်ခန့်အကြာတွင် ထွန်းလွင်သည် ရန်ကုန် ကွပ်ကဲမှုဌာနချုပ်သို့ ပထမဦးဆုံးအကြိမ်အဖြစ် 'ဂလုပ်' ရုပ်ရှင်ရုံ၏ အများသုံးတယ်လီဖုံးမှ စတင် ဆက်သွယ် လိုက်၏။ နံပါတ်ငါးလုံးပြည့်အောင်လှည့်၍ နားထောင်လိုက် သည်ဆိုလျှင် ပင် တစ်ဖက်မှ အသံကို ကြားလိုက်ရသည်။

'အမိန့်ရှိပါခင်ဗျာ၊ စိတ်တိုင်းကျ ကူးသန်းရောင်းဝယ် ရေး ကုမ္ပဏီက စကားပြောနေပါတယ်'

'ကျွန်တော်ဦးဘတုတ်နဲ့ စကားပြောချင်ပါတယ်'

'အစုပြောတာဘယ်သူလဲ၊ 'သုံးရာသီမင်းသားလား'

'ထွန်းလွင်က အသံထွက်အောင် ရယ်လိုက်ရသည်'

'ဟုတ်ပါတယ် 'နွေ–မိုး–ဆောင်း'ပါပဲ'

'ဪ.....ဟုတ်ကဲ့ခင်ဗျာ'

တစ်ဘက်မှ အဖြေရလျှင်ပင် တယ်လီဖုန်းကို နေသားတကျ ပြန်ချထားလိုက်ပြီး ထွက်ခဲ့သည်။ စိတ်တိုင်းကျ ကူးသန်း ရောင်း ဝယ်ရေးကုမ္ပဏီသည် ကွပ်ကဲမှုဌာနချုပ်ဖြစ်၍ ဦးဘတုတ် သည် ညွှန်ကြားရေးမှူးချုပ်၏ အမည်ဝှက်။

မင်းသားသည် ထွန်းလွင်။

သုံးရာသီ စစ်ဆင်ရေး၏ အဓိကပုဂ္ဂိုလ်သည် ဦးအောင် မြင်၊

သုံးရာသီ ဆိုသည်မှာ 'နွေ၊ မိုး၊ ဆောင်း'။

ထွန်းလွင်သည် စကားဝှက်၏အဓိပ္ပာယ်များကို ခေါင်း ထဲတွင် ပြန်လည်ဆန်းစစ်နေလိုက်မိသည်။ ၁၉၆၀–ပြည့်၊ ဇော်တင်ဘာလ ၃–ရက်တွင် ဌာနချုပ်သို့ စတင်ဆက်သွယ် မှုနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၏ နိုင်ငံခြားသံတမန်အများစု နေထိုင်သော ရပ်ကွက်ဟု ဆိုရမည်ဖြစ်သော တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားမြိုင်လမ်းဆုံအနီးတွင် လက်ဘက်ရည်ဆိုင်ကလေး တစ်ဆိုင် ဖွင့်ထားသည်ကို ရက်ပိုင်းအတွင်း၌ ထွန်းလွင် သတိပြုလိုက်သည်။

ဆိုင်ငယ်လေး၏အမည်မှာ 'စိတ်ကြိုက်ကဖီး' ဟု ဆိုင်းဘုတ်ငယ်တစ်ခု ချိတ်ထားသည်ကိုပါ တွေ့ရ၏။ ပျင်းပျင်းရှိသည်နှင့် ဂလုပ်ရုပ်ရှင်ရုံ၏ အထူးတန်းတွင် တစ်ယောက်တည်း ည ၉ နာရီခွဲပွဲ ရုပ်ရှင်ကြည့်နေစဉ် အတွင်းတွင် တစ်စုံတစ်ယောက်က ထွန်းလွင်လက်ထဲသို့ စာအိတ်ငယ်တစ်လုံးကို မသိမသာ ထည့်လိုက်သည်။

ရုပ်ရှင်ရုံအိမ်သာအတွင်းဝင်၍ တံခါးကို လုံအောင် ပိတ်ပြီးမှ ဖွင့်ဖတ်လိုက်သောအခါတွင် လူတစ်ယောက်၏ ထင်ရှားပြတ်သားသော ကိုယ်တစ်ပိုင်းပုံကို ရှေ့တည့်တည့်၊ ဘေးစောင်း၊ ဝဲယာ လှည့်ရိုက်ထားသောအနေထား သုံးမျိုးတွေ့ရ၏။ ကိုဘမြင့်၊ အသက် ၃၀၊ အရပ် ၅ပေ ၂လက်မ၊ အသားရောင်ညို၊ စိတ်ကြိုက်ကဖီး တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားမြိုင်လမ်းထောင့်၊ ရန်ကုန်။ တယ်လီဖုန်းနံပါတ် (၉၀၉၁၅) ဟု ရေးထားသည်ကို တွေ့လိုက်ရ၏။ ထွန်းလွင်သည် မိနစ်ပိုင်းအတွင်းတွင် ဦးနှောက်ထဲတွင် အလွတ်ရအောင် ကျက်မှတ်လိုက်ပြီး ဓာတ်ပုံနှင့်စာရွက်ကို ပါးစပ်ထဲတွင် ညက်နေအောင် စားပစ်လိုက်မိပြီးမှ အစအန အချို့ကို အိမ်သာထဲချ၍ ရေကိုလောင်းချလိုက်သည်။

ထွန်းလွင် ဆက်သွယ်ရမည့် လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ယောက်ဖြစ်သည်။ သူသည်လည်း အသွင်ယူ ဖုံးကွယ်



မှုဘဝ (Coverstory) တစ်ခုနှင့်ပင်ဖြစ်၏။

* * *

နောက်တစ်နေ့နံနက်တွင် ထွန်းလွင်သည် အင်းလျားမြိုင်နေအိမ်မှ လင်ရိုဗာကားကို မောင်းထွက်လိုက်၍ စိတ်ကြိုက်ကဖီးရှေ့တွင် ကားကိုထိုးရပ်လိုက်ပြီး ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။

'စီးကရက် တစ်ဘူးလောက် လိုချင်လို့ပါ'

ကိုဘမြင့် ဆိုသူက ငွေသိမ်း စားပွဲငယ်နောက်တွင် ထိုင်နေရာမှ ထွန်းလွင်ကို မသိမသာ အကဲခတ်သလို ကြည့်ရင်း.....

'ယူပါခင်ဗျာ ယူပါ'

သူ့စားပွဲခုံပေါ်မှ ပုလင်းဘူးထဲတွင် တိုင်းရင်းဖြစ် စီးကရက်များကိုသာ အစီအရီ ထည့်ထားသည်ဖြစ်၏။

'ကျွန်တော့်ကို ငါးသုံးလုံး စီးကရက် တစ်ဘူးလောက်'

'ဪ.....ရပါတယ်ခင်ဗျာ'

အံဆွဲမှ ငါးသုံးလုံး စီးကရက်တစ်ဘူးကို ထုတ်၍ ထွန်းလွင် လက်ထဲ ထဲ့လိုက်၏။ ထွန်းလွင်က ကျသင့် ငွေကို ပေးလိုက်သည်။

ကိုဘမြင့် ဆိုသူနှင့် မျက်စေ့ချင်း ဆုံမိသည့် စက္ကန့်ပိုင်းအတွင်းတွင် တစ်ယောက်တစ်ယောက် ကိုယ်စီအသိဖြင့် နားလည်မှု ရရှိသွားကြပြီးဖြစ်၏။

ထွန်းလွင် နေထိုင်သောအိမ်နှင့် စိတ်ကြိုက်ကဖီးသည် ဆိုက် ၅၀-ကျော်ခန့်သာ ကွာလှမ်း၍ တွေ့ဆုံဆက်သွယ်မှုသည် လွယ်ကူသည်။ ဆိုင်တွင်းအခြေအနေမှာ သာမန် သပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



သော လက်ဘက်ရည်ဆိုင်ငယ်မျှသာဖြစ်၍ စာအုပ်ဆိုင်ကလေးကိုပင် တွဲထားလိုက်သေး၏။ တယ်လီဖုန်း ကတော့ အပေါ်ထပ်ခိုးတွင် လျှို့ဝှက်စွာ ထားရှိမည်ဟု ထွန်းလွင် ခန့်မှန်းလိုက်မိသည်။ ကိုဘမြင့် ထိုင်သော စားပွဲငယ်တွင် တယ်လီဖုန်းကို မတွေ့မိ၍ဖြစ်သည်

○

## အခန်း(၁၀)

ဦးအောင်မြင်နေအိမ်ရောက်မှ အစစအရာရာသည်တိုးတက်ပြောင်းလဲလာသည်ဟု ဆိုရမည်ဖြစ်သည်။

ထွန်းလွင်၏လစာငွေကို ၅၀၀ိ– သတ်မှတ်သော် လည်းပြည်ထောင်စုဘဏ်တွင် ထွန်းလွင်အတွက် ငွေ သုံးသောင်းကို စာရင်းထားဖွင့်ပေးသည်။ ဦးအောင်မြင်၏ အိမ်တွင် ကားလေးစင်းရှိသည်။

အနက်ရောင် မာစီဒီးမှာ ဦးအောင်မြင်၏ သီးသန့်သုံးသောကားဖြစ်၏။ လင့်ရိုဗာကားမှာ ထွန်းလွင်ကိုယ်ပိုင်လိုသုံးနေရသည်။ ဖိုးယက်အဖြူကလေးမှာ 'စုစု' တစ်ဦးတည်းအတွက် သီးသန့်ဖြစ်ပြီး ဝီလီ(စ်)ဂျစ်ကားမှာ အိမ်ထောင်စုတစ်ခုလုံးအတွက် သုံးသည်။ ဆူးလေဘုရားလမ်း အလုပ်တိုက်တွင် သုံးသောကားမှာ သုံးစင်းသာ ရှိသည်။

ထွန်းလွင်၏ အလုပ်သည် မယ်မယ်ရရတော့ မရှိသေး။ ရန်ကုန်တွင် ဦးအောင်မြင်၏ နံပတ်စဉ်မပြီးသော အပျော်မယားငါးယောက်ကို အိမ်တစ်ဆောင် မီးတစ်ပြောင်၊ ကားတစ်စင်းစီနှင့်ပင်တွေ့ ျပြန်သောအခါတွင် ထွန်းလွင် မအံ့သြမိတော့ပေ။



ဦးအောင်မြင်ကို တစ်ခါတစ်ရံ ထွန်းလွင်ကိုယ်တိုင် ညရေးညတာများတွင် လိုက်ပို့ပေးရ၍ သူတို့နှင့်ပင် ခင်မင်ရင်းနှီးခဲ့ရပြီဖြစ်၏။

တစ်ခါတစ်ရံတွင် ဦးအောင်မြင်၏ နယ်မှလုပ်ငန်း များသို့ငွေပို့ငွေယူ စသောလုပ်ငန်းများကိုသာ ခဏခဏ လုပ်ပေးရသည်။ သည်တစ်ကြိမ် တွေ့ဆုံမှုတွင် ဘဝအလွှာ၏ အောက် ဆုံးအဆင့်မှ အားဒရိုင်ဘာတစ်ယောက်၏ အသွင်မျိုး နှင့် မဟုတ်တော့။ ဦးအောင်မြင်၏ အတွင်းရေးကိုယ်စားလှယ် တစ်ယောက်အသွင်နှင့်ဖြစ်၍ အားလုံး၏လေးစားစွာ ဆက်ဆံမှုကိုပင် ခံယူရရှိခဲ့ပြီဖြစ်၏။

* * *

ယနေ့သည် စနေနေ့ဖြစ်၍ ဗိုလ်ချုပ်ဈေးတွင် စည်ကားသွန်းလှသည် ထင်မှတ်ရ၏။ စုစု မှာလိုက်သော စာအုပ်တစ်အုပ်ကို သူဝယ်နေကျ ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်တွင်ဝယ်ယူရင်းဈေးထဲသို့ ထွန်းလွင် လှည့်ပတ်ကြည့် နေလိုက်မိသည်။ ဗိုလ်ချုပ်ဈေး၏ အတွင်းလမ်းမကြီးပေါ်တွင် ခင်မြင့်မြင့်ကို အမှတ်မထင် တွေ့ လိုက်ရသည်။ခင်မြင့်မြင့် တစ်ယောက်ထဲတော့မဟုတ်၊ စုံတွဲဟူ၍ပင် ဆိုရပေမည် ဖြစ်၏။ခင်မြင့်မြင့်၏ တွဲဆောင်မှုအလှအပများနှင့် နှိုင်းယှဉ်မည်ဆိုလျှင် အလွန်ကွာခြား၍ လိုက်ဖက်မညီညာလွန်းသောသူဖြစ်သည်။

ထိုသူကိုတော့ ထွန်းလွင် သိသည်။ ထွန်းလွင်ကိုတော့ ထိုသူ သိမည်မဟုတ်။ မြစ်ဝကျွန်းပေါ်ဒေသ၏ လျှမ်းလျှမ်းတောက် ကျော်ကြား၍ သြဇာတက္ကမကြီးသော အတိုက်အခံအမတ်မင်းတစ်ယောက်ဖြစ်သည်။ အဖိုးတန် အပတ်အစား

www.burmeseclassic.com



များ ဝတ်စားလွှမ်းခြုံ ဆင်ယင်ထားသည့်တိုင် မည်းနက်ခြောက်ကပ်နေသော သူ့အသားအရေပေါ်တွင် မည်သို့မှ ကြည့်၍ မတင့်တယ်လှ။ မျက်နှာချင်းဆိုင်ဖြစ်၍ ခင်မြင့်မြင့်က ထွန်းလွင်ကို မြင်လိုက်လျှင်ပင် မသိမသာ မျက်စေ့တစ်ဖက်ကို လျှပ်တစ်ပြက်အတွင်း မှိတ်ပြရင်း ထွက်သွားတော့သည်။

ဆူးလေဘုရားလမ်း အလုပ်တိုက် အဝင်တွင် ဦးအောင်မြင်အဆင်းနှင့် ဆုံမိ၍ ထွန်းလွင်က ခပ်တိုးတိုး ကပ်ပြောလိုက်မိသည်။

'ကျွန်တော် တောင်ကြီးက မမမြင့်နဲ့ ဗိုလ်ချုပ်ဈေးထဲမှာ ဆုံမိသေးတယ်'

'သြော်.....ဟုတ်တယ် မောင်ထွန်းလွင် သူ ရန်ကုန်ရောက်နေတာ တစ်ပတ်လောက်ရှိပြီလေ'

အေးအေးဆေးဆေး ပြန်ပြောပြီး ထွက်သွားသော ဦးအောင်မြင်၏ ကျောပြင်ကိုကြည့်ရင်း ထွန်းလွင် သက်ပြင်းချမိသည်။ ဦးအောင်မြင်အနေဖြင့် မည်သို့သော ထူးခြားမှုပင် ရှိပုံမရပေ။ ခင်မြင့်မြင့်သည် ဦးအောင်မြင်အတွက် မည်သို့သောအခြေအနေမျိုးကို ဖန်တီးနိုင်ရန် အမတ်မင်းကို ချဉ်းကပ်နေသည်ကိုတော့ ထွန်းလွင် မစဉ်းစားတတ်အောင် ဖြစ်နေသည်။ ကွပ်ကဲမှုဌာနချုပ်အနေဖြင့်လည်း အရေးတစ်ကြီး ကိစ္စတစ်ရပ်အနေဖြင့် ညွှန်ကြားချက် တစ်စုံတစ်ရာ မပေးပို့သေးသဖြင့် ထွန်းလွင် ဆက်မတွေးမိတော့ပေ။

နောက်တစ်နေ့သံရုံးမှ ကုန်စည်ပြပွဲနှင့် ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲတစ်ခုကို အလုပ်တိုက် မန်နေဂျာနှင့်အတူ ထွန်းလွင်ကိုယ်တိုင် စထရင်းဟိုတယ်သို့ တက်ရောက်ခဲ့ပြီး အပြန်တွင် ဆူးလေဘုရားလမ်းအလုပ်တိုက်သို့



ဝင်လိုက်လျှင်ပင် ဦးအောင်မြင်၏ သီးသန့်ခန်းမှ ထွက်လာသော ခင်မြင့်မြင့်ကို ဆုံတွေ့လိုက်ရတော့သည်။

'ဘယ်လိုလဲ ကိုတော်ရျော'

ခင်မြင့်မြင့်က တွေ့သည်ဟု ဆိုလျှင်ပင် ထွန်းလွင်ကို မျက်စောင်းချိတ်၍ ဆိုလိုက်သည်။

'သြော်.....မမပါလား'

'ကျွန်မကိုမှ သတိရသေးရဲ့လားရှင်'

'ဟာဗျာ မမကလဲ သတိရတာပေါ့'

'သိနိုင်ဘူးလေ၊ ရှင်က တစ်သွေးတစ်မွေးဖြစ်နေလို့ ကျွန်မကိုတောင် မှတ်မိပါ့မလားလို့'

'မမကို ကျွန်တော် အမြဲသတိရပါတယ်ဗျာ'

'ယူရိုပီယံစု(တ)နဲ့ ရှင်နဲ့ သိပ်လိုက်တယ်'

အခြေအနေအားလျော်စွာ အနက်ရောင် ဥရောပ ဝတ်စုံကို ဝတ်ထားမိသော ထွန်းလွင်သည် အမေရိကန် ရုပ်ရှင်မင်းသားတစ်ယောက်လို ပုခုံးတွန့်ပြလိုက်သည်။

'ကျွန်တော်အခန်းထဲကို ဝင်ပါအုံး'

'သူများတွေအပေါ်မှာ ဟိတ်ကြီးဟန်ကြီးလုပ်ချင်လုပ် ကျွန်မကို လုပ်ရင်တော့ မရဘူးနော် မင်းသား'

'သြော်.....မမကလဲဗျာ၊ ကျွန်တော် မမကို အမြဲလေးစားလျက်ပါ'

'မလေးစားလို့လဲ ဘယ်ရမလဲ၊ အကြောင်းပြလိုက်မှာပေါ့'

အခန်းထဲအရောက်တွင် ခင်မြင့်မြင့်က ထွန်းလွင်ကို ရယ်ရယ်နဲ့ အမူအရာမျိုးနှင့် ကြိမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်ကို ဒီလို ခန့်ခန့်ညားညား မြင်ရတာ ကျွန်မ သိပ်ဝမ်းသာပါတယ် ရှင်ရယ်'

'မမ ထမင်းစားမလား၊ ကျွန်တော် အောက်ထပ်ကို မှာလိုက်မယ်'

'ထမင်း မစားချင်ဘူး'

ခင်မြင့်မြင့်က ထွန်းလွင်မျက်နှာကို ရွှန်းရွှန်းစားစား ကြည့်ရင်း အဓိပ္ပာယ်ဝါပါ ပြောလိုက်သည်။ထွန်းလွင် မျက်နှာသည် ရဲသွားသည်နှင့်အတူ အောက်သို့ ငုံ့ပစ်လိုက်ရင်း ပြုံးလိုက်မိသည်။

'ကျွန်တော် ထမင်းစားဖို့ မှာလိုက်မယ်နော်'

ထွန်းလွင်က ထပ်၍ ပြောလိုက်ပြန်သည်။

'ဟင့်အင်း'

ထွန်းလွင်သည် ဆက်မပြောတော့ဘဲ ခေါင်းမှ ဆံပင်များကိုသာ လက်ဖြင့်သပ်ချရင်း သက်ပြင်းချလိုက်မိ သည်။

'စိတ်ညစ်သွားပြီးလား၊ အလကား စတာပါ'

'မမနဲ့ ပတ်သက်ရင် ကျွန်တော် ဘယ်တော့မှ စိတ်ညစ်ရမယ့် အဖြစ်မျိုးကို မကြုံရဘူးလို့ ထင်ပါတယ်'

'တော်စမ်းပါ၊ ရှင် အခု စကားတွေ သိပ်တတ်နေပြီ ပေါ့လေ'

'မမပဲ သင်ပေးလိုက်တာ မဟုတ်ဘူးလား'

'တော်ပါ၊ မဟုတ်တာတွေမပြောနဲ့ မကြိုက်ဘူး'

နှုတ်ခမ်းကို လှလှပပ စူပြရင်း ခင်မြင့်မြင့်က ပြောလိုက်၏။

'မမ ထမင်းစားမယ်နော်'



ထွန်းလွင်က ထပ်၍ လောကွတ် ပိုလိုက်ပြန်သည်။

'မစားတော့ဘူး၊ ကျွန်မ ကိစ္စတစ်ခု ရှိသေးတယ်'

လိပ်စာကပ်ပြားတစ်ခုကို ထွန်းလွင်လက်သို့ ကမ်းပေးလိုက်သည်။

'ကိုယ်တော်ချောကို အေးအေးဆေးဆေးမှ တွေ့ရဦးမယ်၊ အခုတော့ မအားသေးဘူးရှင်ရယ်'

ခပ်တိုးတိုးပြောရင်း ခင်မြင့်မြင့် ထွက်သွားသည်။ လိပ်စာကပ်ပြားပေါ်တွင် ငွေရောင်ဖောင်းကြွသော စာလုံးများဖြင့် သပ်ရပ်စွာ ရိုက်နှိပ်ထားပြီး လွှစ္စလမ်း ပထမထပ်ရှိ အခန်းတစ်ခန်း ဖြစ်သည့်အပြင် တယ်လီဖုန်းနံပါတ်ကိုပင် အောက်တွင် ဖော်ပြ ပါရှိလေသည်။

○

## အခန်း(၁၁)

ညနေပိုင်း ဆူးလေဘုရားလမ်း အလုပ်တိုက်မှ ဆင်းလိုက်ချင်ပင် အသက် ၂၅–နှစ်ခန့် လူရွယ်တစ်ဦးက ထွန်းလွင်၏ အနီးသို့ ကပ်၍ စာအိတ်တစ်လုံးကို အမှတ်မထင် ပေးပြီး ပြန်ထွက်သွားသည်။စာအိတ်ထဲမှ စာရွက်ထိပ်တွင် အစိမ်းရောင် ကြယ်ပွင့်ကို ကြည့်လိုက်ရုံဖြင့် သိပ်အရေး တကြီးကိစ္စတော့ မဟုတ်ဟု သိလိုက်သည်။

ညွှန်ကြားချက် ဇကာစာအရ ဗိုလ်ချုပ်ဈေးထဲတွင် ထွန်းလွင် ကိုယ်တိုင် ခင်မြင့်မြင့်နှင့်အတူ တွေ့ခဲ့ရသော အမတ်မင်းနှင့် ဦးအောင်မြင့်၏ ဆက်စပ်လှုပ်ရှားမှု အခြေအနေကို စုံစမ်းအောင် ပြုရန်ဖြစ်၏။ အစိမ်းရောင် ကြယ်ပွင့် အမှတ်သားပါ အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာကိစ္စသည် သိပ်အရေးတကြီး လည်းမဟုတ်၊ ခင်မြင့်မြင့်ကို ချဉ်းကပ်လျှင် ပြီးနိုင်လောက်သောကိစ္စဖြစ်၍ ထွန်းလွင် စိတ်ထဲအေးအေးချမ်းချမ်းနှင့်ပင် ညွှန်ကြားချက်ဇာကို ပါးစပ်ထဲတည့်၍ဝါးချေနေလိုက် သည်။ ဦးအောင်မြင် မန္တလေးသို့ လေယာဉ်ဖြင့် ထွက်သွားပြီး နောက်တစ်ရက်တွင် ဆူးလေဘုရားလမ်း အလုပ်တိုက်မှနေ၍ ခင်မြင့်မြင့်ထံသို့ တယ်လီဖုန်း ဆက် ကြည့်သည်။

'ကျွန်တော် ထွန်းလွင်ပါ ခင်ဗျာ'

'သြော်.....ဓာတ်လိုက်မင်းသားပါလား၊ ဆိုစမ်း'

'ခင်မြင့်မြင့်အသံမှာ ခနဲ့သံ ငေါ်သံဖြစ်၏။

'မမ နေကောင်းရဲ့လား'

'ကောင်းတယ်'

'ဘာမှ အကြောင်းထူးရှိလို့ရယ် မဟုတ်ပါဘူး၊ မမကို သတိရလို့ ဆက်တာပါဗျာ'

'ကျွန်မကို သတိရရအောင် မိုးရွာတဲ့ညမှ မဟုတ်ပဲ'

ခင်မြင့်မြင့်၏ ပြောဆိုမှုများသည် ရဲတင်းပွင့်လင်းလွန်းသည် ထင်ရ၏။

'ကျွန်တော့်ကို ဒီလောက်အထိ အထင်အမြင် လွဲနေရင်လဲ မပြောတော့ဘူး'

'အလကား စတာပါ'

'လွန်ခဲ့တဲ့ နှစ်ရက်လောက်ကလဲ ဆက်ပါတယ်၊ မမ မရှိဘူးလို့ ပြောတယ်'

ထွန်းလွင်က လိမ်မှုလိုက်၏။

'သြော်.....ဟုတ်တယ်၊ ဟုတ်တယ်'



'ဆိုစမ်း၊ အခု ဘာကိစ္စ'

'ဘာကိစ္စမှ မရှိပါဘူး၊ မမကို သတိရလို့ အမှတ်တရ ပစ္စည်းတစ်ခုဝယ်ပြီး သိမ်းထားတယ်၊ အဲဒါ ဘယ်တော့ လာပေးရမလဲလို့ပါ'

'သြော်.....ဟုတ်လား ဒီလိုဆိုတော့လဲ ဘယ်ဆိုးလို့လဲ တိုက်တဲ့အချိန် လာခဲ့၊ စောင့်နေမယ်'

တယ်လီဖုန်းကိုချ၍ ထွန်းလွင်သည် ဗိုလ်ချုပ်ဈေးသို့ ပြေးပြီး နိုင်ငံခြားဖြစ် အလှပြင် ကရိယာတစ်စုံကို ဝယ်၍ ခင်မြင့်မြင့်ရှိရာ လွှစ္စလမ်းသို့ သွားလိုက်သည်။

'အဖိုးတန် ပစ္စည်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မမကို အမြဲလှနေစေချင်တဲ့ စေတနာအပြည့်နဲ့ အမှတ်တရ ပေးတာပါ'

'ကျေးဇူးတင်ပါတယ် ရှင်ရယ်'

တိုက်ခန်းသည် မကျဉ်းမကျယ်နှင့် သပ်သပ်ရပ်ရပ်ရှိသည့်အပြင် သစ်လွင်တောက်ပသော အိမ်ထောင်ပရိဘောဂများနှင့် အခြေအနေအရပ်ရပ်ကို လေ့လာအကဲခတ်မည် ဆိုပါက ဆောင်ကြီးက နေအိမ်ကဲ့သို့ ခမ်းခမ်းနားနားဖြစ်၏။

'နေရထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား'

'ဟုတ်ကဲ့ခင်ဗျာ'

ခင်မြင့်မြင့်ကိုတော့ ထွန်းလွင် ခေါင်းလျှို၍ ပေါင်းရတော့သည်။ မပေါင်း၍လည်း မဖြစ်။

'ကဲ.....ကိုရွှေညိုသည် လက်ဆောင်ပစ္စည်းပေးပြီးရင် ပြန်တော့ရှင်ရယ်'

ခင်မြင့်မြင့်က နှုတ်ခမ်းလွှာနှစ်ခုကို တင်းတင်းစေ့၍ မျက်စောင်းချိတ်ရင်း ထွန်းလွင်ကို နှင်လွှတ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ ကျွန်တော် မပြန်ချင်သေးဘူးဗျာ'

'အလိုဘုရားရေ'

ခင်မြင့်မြင့် စကားမဆုံးမီပင် ထွန်းလွင်က လျင်မြန်သော လှုပ်ရှားမှုဖြင့် ခင်မြင့်မြင့်၏ သေးသိမ်သောခါး ကလေးကို တင်းကြပ်စွာ ရစ်ပိုက်ရင်း နှုတ်ခမ်းလွှာအစုံကို ခပ်ကြမ်းကြမ်း နမ်းလိုက်တော့သည်။ နောက်ထပ် အချိန်များတွင် လည်တိုင် ကြောကြောမှစ၍ မျက်နှာပြင်တစ်ခုလုံး နေရာလွတ်များပင်မကျန် တော့။

'လွှတ်ပါဦးကွယ် အသက်ရှူကြပ်တယ်'

ခင်မြင့်မြင့်က နှမ်းလျသံနှင့် ညည်းတော့မှ ထွန်းလွင်က လျှော့ပေးလိုက်မိသည်။

'တယ်လဲ ပညာတွေ စုံနေပါလား'

ခင်မြင့်မြင့်က ခပ်တိုးတိုး ပြောလိုက်၏။

'လက်ဦးဆရာရဲ့ တပည့်ကောင်းတစ်ယောက်ပါ'

ထွန်းလွင်ကလည်း ခပ်တိုးတိုးပင် ပြန်ဖြေလိုက်၏။

'ဦးအောင်မြင့်က လက်ထပ်သင်ထားတယ် ထင်ပါရဲ့'

'မဟုတ်ပါဘူး ကျွန်တော့်ဆရာက သူ'

ထွန်းလွင်က ခပ်ကြမ်းကြမ်းနမ်းပြန်သည်။

'တော်ပါတော့ တော်ပါတော့'

ခင်မြင့်မြင့်က ငြင်ငြင်သာသာကလေး ထွန်းလွင်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်၍ ထွန်းလွင်က အလိုက်သင့်ပင် လွှတ်ပေးလိုက်သည်။

'ကျွန်တော် ပြန်အုံးမယ် မမရယ်.....'

ထိုင်ရာမှထ၍ ထွန်းလွင်က အေးချမ်းသောလေသံဖြင့်



ပြောလိုက်သည်။

'နေပါအုံးလေ'

ထွန်းလွင်က အကဲခတ်၍ နှုတ်ဆက်လိုက်လျှင်ပင် ခင်မြင့်မြင့်က အလိုမကျသောလေသံမျိုးနှင့် ခပ်ဆတ်ဆတ် ကလေး တားလိုက်သောကြောင့် ထွန်းလွင်က ဆိုဖာပေါ်တွင် ဖြည်းဖြည်း ထိုင်ချလိုက်ရသည်။

ခင်မြင့်မြင့်သည် လက်မှပတ်ထားသောနာရီကို တစ်ချက် ထွမ်းကြည့်၍ တယ်လီဖုန်း တင်ထားသော စားပွဲ ဆီသို့သေးသိမ် သော ခါးကိုနွဲ့၍ စွင့်ကားသောတင်ကို လှုပ်ရင်း ထသွားသည်။ ထွန်းလွင်က စီးကရက်ကို မီးညှိ ဖွာရှိုက်ရင်း နားစွင့် နေလိုက် သည်။ ခင်မြင့်မြင့်ပြောစကား အားလုံးကို ပြည့်ပြည့်စုံစုံ သဲသဲကွဲကွဲ ကြားရသော်လည်း မြစ်ဝကျွန်းပေါ်မှ အမတ်မင်း အမည်ကို ခေါ် ပြောနေသည့်အပြင် ယနေ့ည အချိန်းအချက်ကို ပယ်ဖျက်ရန် အကြောင်းဟု ထွန်းလွင် သိလိုက်သည်။

တယ်လီဖုန်း ပြောအပြီးတွင် ဘီရိုထဲမှ စကော့(ချ်) ဝီစကီပုလင်းကြီးတစ်လုံးနှင့် ဖန်ခွက်ကို ထွန်းလွင် ရှေ့တွင် ချထားပေးလိုက်ပြီး ရေခဲနှင့်ဆိုဒါပုလင်းများအပြင် အမြည်းအဖြစ် ကော်အူချောင်းကြော် ပုဂံတစ်ခုလည်း ချထားလိုက်၏။

'ဦးလှဘူးက ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတာ ဖျက်လိုက် တယ်လေ'

ထွန်းလွင်အားတွင် ပူပူကပ်ကပ် ထိုင်ချရင်း ပွင့်ပွင့် လင်းလင်းပင် ပြောလိုက်သည်။

'ဦးလှဘူး ဆိုတာက'

'ဟိုတစ်နေ့က ရှင်နဲ့ ဗိုလ်ချုပ်ဈေးထဲမှာ တွေ့ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



လူလေ သူက (.....)အမတ်လေ'

'ဩော်.....ဟုတ်လား၊ မမနဲ့ ရင်းနှီးသလား'

'အသင့်အတင့် ရင်းနှီးတယ် ဆိုပါတော့လေ'

'မြစ်ဝကျွန်းပေါ် ပိုင်းက သူ့ဩဇာရှိတဲ့နယ်ပယ်ထဲမှာ ဆီစက်တစ်လုံးနဲ့ ဆန်စက်တစ်လုံးတည်ဖို့ ဦးအောင်မြင်က ရည်ရွယ်ထားတယ်၊ ဒီအတွက် သူနဲ့ အပေးအယူ ရှိတယ်'

'ဩော်.....ဟုတ်လား'

စိတ်မဝင်စားသောလေသံအမူအရာနှင့် ထွန်းလွင်က ဝတ်ကျေဝတ်ကုန် မေးရင်း ဝီစကီကိုသာ စုပ်နေလိုက်သည်။

'စက်တွေ တည်ပြီးရင်တော့ ဦးလှဘူးလဲ အစုရှယ်ယာ ဝင်မယ်ပေါ့'

"ဦးအောင်မြင်ရဲ့ စီးပွားရေးလုပ်ငန်းတွေက များလှပါ ကလားဗျာ"

'အင်းပေါ့၊ အမတ်မင်း ရှယ်ယာဝင်တယ် ဆိုရင်ပဲ ဦးအောင်မြင်ရဲ့ခြေရာက မြစ်ဝကျွန်းပေါ်ပိုင်းမှာ အလှမ်း ကျဲကျဲ လှမ်းနိုင်ပြီပဲ၊ အမတ်မင်းရဲ့ဩဇာရှိသလောက်တော့ ဦးအောင်မြင် အတွက် အကျိုးရှိနိုင်ဖို့ချည်းပဲ'

ကျေနပ်လောက်သော သတင်းအခြေအမြစ်ကို ရပြီ ဖြစ် ၍ ထွန်းလွင်သည် စကားလမ်းကြောင်း ပြောင်းရန် ပြင်ရတော့ သည်။ အခြားလိုအပ်သော သတင်းဆက်စပ်မှုများကို အလုပ် တိုက်အတွင်းတွင် လိမ္မာပါးနပ်စွာ ရယူ နိုင်သည်။ အသစ်စက်ဖော် ဖောက်ထားသော ဝီစကီ ပုလင်းကြီးမှာလည်း ထက်ဝက်ကျော် ကျော် ကျိုးသွားခဲ့ပြီ ဖြစ်၏။ည ၂-နာရီခန့်တွင် ထွန်းလွင် ခင်မြင့်မြင့်ကို တောင်းတောင်းပန်ပန်နှင့် နှုတ်ဆက်၍



ပြန်ခဲ့ရသည်။

* * *

နောက်တစ်နေ့နံနက် ဆူးလေဘုရားလမ်း အလုပ်တိုက် တွင် တစ်နေကုန်ထိုင်၍ အလုပ်တိုက်မန်နေဂျာစားပွဲပေါ်မှ ဖိုင်တွဲများကို မသိမသာကြည့်ရင်းနှင့်ပင် အမတ်မင်းနှင့် သက်ဆိုင် သောကိစ္စရပ်ကို ကြိုတင် သတင်းတစ်ခုအနေဖြင့် တိကျစွာ သိနိုင်ခဲ့သည်။

အမည်ခံသူမှာ ဦးအောင်မြင်၏ ကိုယ်စားလှယ်တစ်ဦး ဖြစ်၍ အမတ်မင်း၏ ငွေကြေးသည် အဓိက ပါဝင်သည်ဟု သိရပြီး ဦးအောင်မြင်က ကမကထ ပြုလုပ်မည်ဖြစ်၏။

ထွန်းလွင်သည် တစ်ပတ်ခန့် စာရွက်စာတမ်းများနှင့် အခြေအနေအရပ်ရပ်ကို လေ့လာအတည်ပြု၍ ကြိုတင်သတင်း တစ်ခုကို အသေးစိတ် ရေးသားပြီး စိတ်ကြိုက်ကဖီးမှတဆင့် သတင်းချုပ်သို့ အစီရင်ခံစာတစ်စောင် ပေးပို့နိုင်ခဲ့သည်။

○

## အခန်း(၁၂)

ဦးအောင်မြင် မန္တလေးမှပြန်လာပြီး နောက်တစ်နေ့ တွင် ထွန်းလွင် မောင်းနေသော လင့်ရိဘာကားနှင့် ပဲခူးသို့ ထွက်သွား၍အပြန် ညနေပိုင်းတွင် ဖြစ်၏။

'မောင်ထွန်းလွင်ကို အဆင်သင့်လို့ ပြောရအုံးမယ်'

'ဟုတ်ကဲ့ခင်ဗျာ'

ကားပေါ်တွင် ထွန်းလွင်နှင့် နှစ်ယောက်တည်း ဖြစ်၍ ထွန်းလွင်က ကားကို ဂရုစိုက်၍ မောင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်ထွန်းလွင် စုံထောက်ဝတ္ထုတွေ ဖတ်ဖို့ ဝါသနာပါသလား'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဖတ်ပါတယ်'

'စုံထောက်ဝတ္ထုဆိုတာ ဖတ်ဖို့သင့်တယ်ကွဲ့'

'ဟုတ်ကဲ့ခင်ဗျာ'

'စုံထောက်တွေရဲ့ လှုပ်ရှားမှုတွေထဲမှာ နောက်ယောင်ခံတဲ့လုပ်ငန်းဟာ စိတ်ဝင်စားဖို့ကောင်းတယ်'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဥပမာ ဟိုရှေ့ကကားကို ကြည့်စမ်း'

'ဟုတ်ကဲ့ခင်ဗျာ'

'သူ့နောက်ကို မသိမသာ လိုက်ကြည့်စမ်း မောင်ထွန်းလွင်'

ထွန်းလွင်က အရှိန်အနည်းငယ်မြှင့်၍ အမှီလိုက် လိုက်၏။

'သူတို့ ရုတ်တရက် မရိပ်မိအောင် အဆင်သင့်ရှင်ကြားထဲမှာ ကားတစ်စီးနှစ်စီးလောက် လိုအပ်ရင် ကြားခံထားလိုက်ရတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'ပိပိရိရိ သေသေသပ်သပ် နောက်ယောင်ခံလိုက်ရှင်လိုအပ်တဲ့လျှို့ဝှက်မှုကို အနီးကပ်ဆုံးအဆင့်အထိ အကဲခတ်အစီပွာယ်ကောက်လို့ရတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်က ဦးအောင်မြင်၏ သင်ပြမှုများကို ဂရုတစိုက် မှတ်သားလိုက်နာနေလိုက်သည်။ ထွန်းလွင်သည် နောက်ယောင်ခံသည့်ပညာရပ်ကို အထူးသင်တန်းတစ်ခုအနေဖြင့်



တက်ရောက်သင်ကြားဖူးသည်သာ မဟုတ်သေး၊ လက်တွေ့လုပ်ငန်းတစ်ခုအနေနှင့်လည်း အချိန်တိုင်း လှုပ်ရှားဆောင်ရွက်ခဲ့ရသည်လည်းဖြစ်၏။ ယခုလည်း သူ့ကို ပူးကပ်စွာ အသွင်ယူဘဝနှင့် နောက်ယောင်ခံနေဆဲ။

ဦးအောင်မြင်၏ မသိမသာ သင်ကြားပြသမှုများသည် ကျွမ်းကျင်နားလည်စွာ တတ်ကျွမ်းသော ဝါရင့် နောက် ယောက်ခံသမားတစ်ဦး၏ လျှို့ဝှက်နည်းနာများဖြစ်၏။ တြိဂံ ပုံသဏ္ဌာန်မှ၍ အေ–ဘီ–စီ–နည်းလမ်း (A.B.C. METHOD) များအထိလည်း စိတ်ရှည်လက်ရှည်ပြောပြရင်း လက်တွေ့သင်ကြားပေးလိုက်သေးသည်။

'ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ် စိတ်ပါဝင်စားစွာနဲ့ တိတိကျကျ ဂရုတစိုက် လုပ်တတ်ကိုင်တတ်တဲ့ မောင်ထွန်းလွင်ရဲ့ အရည်အချင်းကို ဦး ချီးကျူးပါတယ်'

ဦးအောင်မြင်က လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် အမြဲကြိုးစားပါမယ်'

'ဒီလုပ်ငန်းအကြောင်းကို ပြောရတာ ဒီလိုကွဲ့'

'ဟုတ်ကဲ့ခင်ဗျာ'

'စီးပွားရေးနယ်ပယ်ဆိုတာ ကျယ်ဝန်းတယ်၊ ပရိယာယ်များတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'ဦးဟာ စီးပွားရေးနယ်ပယ်က လူတစ်ယောက်ဆိုတာကိုလဲ မောင်ထွန်းလွင်အသိပဲ မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'စီးပွားရေးနဲ့ ပတ်သက်လာရင် လူတိုင်းကို ယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလို့ မရဘူး'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော် အသက်နဲ့လဲပြီး ကာကွယ်ဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်'

'ကျေးဇူးတင်ပါတယ်၊ ဝမ်းသာပါတယ် မောင်ထွန်းလွင်၊ ဦး မောင့်ကို ယုံကြည်တယ် စိတ်ချတယ်၊ အားကိုးတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'ဦး စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ကို ရထားလို့ သိပ်ကျေနပ်မိတယ်။ ဒါကြောင့် တစ်ခါတစ်လေ လိုအပ်လို့ အရေးကြီးတဲ့ စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်လာရင် မောင်ထွန်းလွင်ကိုပဲ တာဝန်ပေးရမှာပဲ'

'စိတ်ချပါခင်ဗျာ'

အလွန်အရေးကြီးသော ပညာတစ်ရပ်ကိုပင် လိမ္မာပါးနပ်စွာ သိမ်းသွင်းဆွဲဆောင်၍ စိတ်ရှည်လက်ရှည် ရှင်းပြ သွန်သင်နေသော ဦးအောင်မြင်ကို ထွန်းလွင်၏စိတ်ထဲတွင် ကျိတ်၍ ပြုံးလိုက်မိသည်။

'မိကျောင်းကိုတော့ ရေကူးသင်နေပြီ ဦးအောင်မြင်'

ရင်ထဲမှ ကျိတ်၍ ပြောလိုက်ရင်း ကားကို ဂရုစိုက်၍ မောင်းနေလိုက်သည်။ ဦးအောင်မြင်သည် ပဲခူးမှအပြန် အိမ်ကိုပင် မဝင်သေးဘဲ ရန်ကုန်မြို့ထဲရှိ တွေ့ရှိသမျှ သောကားကို ညွှန်ပြရင်း လက်တွေ့ နောက်ယောင်ခံခိုင်းနေ၍ သူ့ ညွှန်ကြားချက်အတိုင်း စိတ်တိုင်းကျ နောက်ယောင်ခံပြလိုက်ရ၏။

ဦးအောင်မြင်ကိုယ်တိုင်သည် နောက်ယောင်ခံပညာ ရပ်၏ နည်းပရိယာယ်သာ ကျွမ်းကျင်သည်သာမဟုတ်၊ တန်ပြန်



စမ်းသပ်သောနည်းနှာ နိသျှများအထိပင် ကျွမ်းကျွမ်း ကျင်ကျင် ဆတ်မြောက်နားလည်သူဖြစ်ကြောင်း ထွန်းလွင် သိနားလည်လိုက်ရတော့သည်။ ထိုည သန်းခေါင်ကျော်မှ အိမ်ပြန်၍ ဦးအောင်မြင်နှင့်အတူ ညစာထမင်းကို စားရသည်။

အကြောင်းတိုက်ဆိုင်၍ လိုအပ်လျှင် ဤ၍ဤမျှပင် ရှုကောင်း၍ စိတ်ရှည်သော သူ့ကိုကြည့်ရင်း ထွန်းလွင်စိတ်ထဲတွင် ချီကျူးလေးစားမိသည်။

* * *

အင်းလျားမြိုင်အိမ်နှင့် ဆူးလေဘုရားလမ်း အလုပ်တိုက်အခန်းတံခါးများသည် နိုင်ငံခြားဖြစ် အမျိုးအစားကောင်းသော့များ ကိုသာ အသုံးပြုတပ်ဆင်ထား၏။ ထွန်းလွင်ကိုယ်တိုင်သော့တူ မပါဘဲ သော့ဖွင့်ကိရိယာ သံမဏိချောင်းများနှင့်ဖွင့်လျှင်ရနိုင်သော်လည်း ရေရှည်လုပ်ငန်းကြီးဖြစ်၍ အသုံးပြုရပေ။

သံမဏိချောင်းငယ်များနှင့် ဖွင့်လျှင် သော့ပေါက်များ ပျက်စီးနိုင်သည့်တိုင် သိသာနိုင်လောက်သော အခြစ်ရာကလေးများထင်၍ ကျန်ရစ်နိုင်သည်ဖြစ်ရာ အန္တရာယ်ကင်း၍ ပိရိသေသပ်သော သော့တူ ရရှိနိုင်ရန် ဖယောင်းနှင့် ပုံဖော်၍ ဖယောင်းပုံများကို စိတ်ကြိုက်ကဖီးမှတစ်ဆင့် ကွပ်ကဲမှုဌာနချုပ်သို့ ပေးပို့ပြုလုပ်ထားပြီးဖြစ်၏။ သော့တူများကို ထွန်းလွင်၏အခန်းထဲတွင် ထားရဲ၍ 'စိတ်ကြိုက်ကဖီး'တွင် အဆင်သင့် ထားရှိရသည်။

လောလောဆည်ဆည်အချိန်တွင် ရန်ကုန်မြို့တွင်ရှိ ဦးအောင်မြင်၏ လှုပ်ရှားဆက်သွယ်မှုများကို အဆင်ပြေစွာ ကွပ်ကဲမှုဌာနချုပ်သို့ အသေးစိတ် ပေးပို့နိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင်ကိုယ်တိုင် သီးသန့်စီးသော မာစီဒီးကား မောင်းသူ မောင်သန်းမှာလည်း ထွန်းလွင်၏ ဩဇာအောက် တွင်သာ ရှိသူဖြစ်၍ ဦးအောင်မြင် သွားရောက်ရာတိုင်းသို့ ထွန်းလွင် ကိုယ်တိုင် မလိုက်ပါနိုင်သည့်တိုင် မောင်သန်းကို စကား 'တောက်' လိုက်ရုံဖြင့်ပင် လိုအပ်သော လှုပ်ရှားမှု သတင်းကို တိကျပြည့်စုံစွာ ရရှိနိုင်ခဲ့သည် မဟုတ်ပါလား။

* * *

ထွန်းလွင်သည် ဦးအောင်မြင် တွေ့ဆုံ ဆက်သွယ် သော နိုင်ငံခြားသံတမန်အချို့နှင့် အရေးပေါ် ဆက်သွယ်သူ များကို ကြည့်ရှုလေ့လာမှတ်သားရသည်မှာ မလွယ်ကူ၍ ဓာတ်ပုံ ရိုက်ပြီး ကွပ်ကဲမှုဌာနချုပ်သို့ပေးပို့လိုက်လျှင် ပို၍ အဆင် ပြေနိုင်မည်ဟုလည်း စဉ်းစားလိုက်မိရင်း ညစာထမင်းကို အောက်ထပ် ထမင်းစားခန်းတွင် တစ်ယောက်တည်း စားနေလိုက် သည်။

စိတ်ကြိုက်ကဖီးမှတစ်ဆင့် အရေးပေါ် အသုံးပြုနိုင်ရန် ဂျပန်ပြည်လုပ် ၁၆–မီလီမီတာ (MINOLTA) 'မီနော်လတာ' အမျိုးအစား ကင်မရာတစ်လုံးနှင့် ၈–မီလီမီတာ 'မင်းနောက်' (MINOX) အမျိုးအစား ကင်မရာများအား တွဲသုံး ကိရိယာ များဖြစ်သည့် လျှပ်တစ်ပြက်စီးခွက် (FLASHGUN) နှင့်အတူ မှာကြား၍ စိတ်ကြိုက်ကဖီးတွင် အဆင့်သင့် ထားရှိရန် ညပိုင်း ထမင်းစားအပြီး လမ်းလျှောက်ရင်း မှာထားမည်ဟုလည်း ဆုံး ဖြတ်လိုက်သည်။

'ယူ ထမင်းစားပြီးရင် စုစုနဲ့ လိုက်ခဲ့စမ်းပါ'

ထက်ထရက် သောင်းဘီးရှည်အနက် ခပ်ကျပ်ကျပ်နှင့် ဆောက်ကျားဝတ် တက်ထရွန်ရှပ်လက်တို အနက်ကွက်ကို ဝတ်ထား သော စုစုက ထွန်းလွင်သောအတွင် ခါးထောက်ရပ် လိုက်ရင်း ပြောလာသည်။



'ဘယ်ကိုသွားအုံးမလို့လဲ စုစုရယ်'

'စုစု ပျင်းလို့ ကားလျှောက်မောင်းမလို့ပါ'

ဟင်းပန်းကန်ထဲမှ အသားတစ်တုံးကို ခက်ရင်းနှင့် ထိုးက်၍ သူ့ပါးစပ်ထဲ ထည့်၍ ဝါးလိုက်ရင်း ပြောသည်။

'ညကြီးမင်းကြီးမှာ ဘာအရှုးထအုံးမလို့လဲ'

လက်ကို ဆပ်ပြာဖြင့် ဆေးကြောရင်း ထွန်းလွင်က ပြောလိုက်သည်။

'ယူ သိပ်စကားများတာပဲကွာ'

သူက ကျွဲမြီးတိုသလို ဆိုလိုက်သည်။

'မလိုက်ချင်ဘူးလား လိုက်မှာလား'

သူက အသံကို မြှင့်၍ အော်လိုက်သည်။

'မလိုက်ချင်ဘူးကွာ'

စိတ်ကြိုက်ကဖီးတွင် အစီအစဉ် ရှိနေ၍ ထွန်းလွင်က အေးအေးချမ်းချမ်းပင် ငြင်းလိုက်သည်။

'ယူ လိုက်ခဲ့ရမယ် စုစုအမိန့်'

ထွန်းလွင် အသံထွက်အောင် ရယ်လိုက်မိတော့သည်။ သူ့ဟန်ပန်ကလည်း လက်မတောင်ထောင်နှင့် ချစ်စဖွယ် ဖြစ်၏။

'ဒီမှာ လာမအော်နေနဲ့ နားညည်းတယ်၊ ခပ်ဝေးဝေး သွားအော်'

ထွန်းလွင်က ခပ်တိုးတိုး ပြောလိုက်ပြီး သူ့အခန်း

www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှည့်ထွက်သွားလိုက်သည်။

'ဟေး.....ယူ၊ စုစုခေါ်တာ မလိုက်ဘူးလား၊ စုစု မကြိုက်ဘူး.....'

မြန်မာလိုတစ်ဝက် အင်္ဂလိပ်လို တစ်ဝက်ပြောလိုက်သော သူ့လေသံကိုကြား၍ လှည့်ကြည့်လိုက်သောအခါ သူ့မျက်လုံး ပြာပြာကြီးသည် ဒေါသရောင်နှင့် တောက်ပြောင်နေသည့် အပြင် မျက်နှာလှလှကလေးပေါ်တွင် ဒေါသ‌ေတွ၊ မာန်မာနတွေ ပေါင်း စပ်နေသည်ဟုပင် ထင်လိုက်ရသဖြင့် ထွန်းလွင်က ပျာပျာသလဲ လျှော့ပေးလိုက်ရတော့သည်။

'ကိုယ်က စတာပါ၊ စုစု ကမ္ဘာကို ပတ်မောင်းချင် မောင်း၊ ကိုယ် လိုက်ခဲ့မယ်၊ စိတ်မဆိုးနဲ့နော်.....လာလာသွားစို့'

သူ့မျက်နှာထားတင်းတင်းကလေးသည် လျှော့မသွား သေးသော်လည်း စကားကို ဆက်မပြောတော့ဘဲ ထွက်သွား၍ ထွန်းလွင်က သူ့နောက်မှ လိုက်ခဲ့ရသည်။

'ကိုယ် မောင်းမယ်နော် စုစု'

ဦးအောင်မြင် စီးသော မာစီဒီကားကြီး၏ လက်ကိုင် ဘီးနောက်တွင် နေရာယူလိုက်သော သူ့ကို ထွန်းလွင်က ချော့ ချော့မော့မော့နှင့် တောင်းပန်သလို ပြောလိုက်သည်။

'မလိုပါဘူး'

အလွန်စိတ်ဆတ်သော သူ့အကျင့်ကို နားလည်ထား ပြီးဖြစ်၍ ထွန်းလွင်က သူ့ဘေးမှ ဝင်ထိုင်လိုက်ရသည်။ သူသည် မျက်နှာထားတင်းတင်းနှင့် ကားကို ဆောင့် ထွက်လိုက်ပြီး အရှိန်ကို မြှင့်လိုက်သည်။ အိမ်မှထွက်၍ ကမာရွတ်အဝိုင်းကြီးကို ကွေ့.. ကဲ့ပြီး မာလာဆောင်ရှေ့ အရောက်တွင် ကားအရှိန်သည်



ပြန်လာသည်။ ဒိုင်ခွက်တွင် (၆၀)ကျော်ပင် ပြနေသည်ကို ထွန်းလွင် သတိပြုလိုက်မိ၏။

'ဖြည်းဖြည်းနော် စုစု'

'စကားမများနဲ့'

ကားအရှိန်သည် မရမ်းကုန်းရဲဌာနကို ကျော်လိုက်မိ လျှင်ပင် ကြောက်ခမန်းလိလိ တိုးမြှင့်လိုက်ပြန်သည်။ ဘေး တော်ဝန်းကျင် မြင်ကွင်းများသည်ပင် တရိပ်ရိပ်နှင့် စိတ်မော စရာဖြစ်သည်။ကားသည် စော်ဘွားကြီးကုန်းပင် ရောက်ခဲ့ပြီ ဖြစ်၍ အကွေ့အကောက်လမ်းကျဉ်းများအထိ အရှိန်မလျှော့။ ကြောက်စရာကောင်းလောက်အောင် လွန့်လူးနေတော့သည်။ ထွန်းလွင် အစဉ်းစားရ ကြပ်လာသည်။

ထပ်ပြောလိုက်လျှင်လည်း အရှိန်ကို ထပ်တင်ဦးမည် ဖြစ်သော သူ့စိတ်ကို သိနားလည်ခဲ့ပြီးဖြစ်၍ မပြောတော့ဘဲ အိတ်ထဲမှ လက်ကိုင်ပုဝါကို မသိမသာထုတ်၍ ကားအပြင် ဘက်သို့ ပစ်ချလိုက်သည်။

'စုစု ကျွန်တော့်လက်ကိုင်ပုဝါနဲ့ ပိုက်ဆံအိတ်'

ထွန်းလွင်က အရေးကြီးသောလေသံမျိုးနှင့် လှမ်းပြော လိုက်သည်။

'ကျွိ'

ဂီယာပင် မပြောင်းတော့ဘဲ ကလပ်(ချ်) နှင့် ဘရိတ်ကို ဆောင့်အုပ်လိုက်သဖြင့် ကားသည် ရှေ့သို့ပင် လျှော၍ သွားရင် တုန့်ခနဲ ရပ်သွားသည်။

'ဘာဖြစ်တာလဲ'

သူက မျက်နှာတင်းတင်းနှင့်ကြည့်ရင်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'လက်ကိုင်ပုဝါ ထုတ်ကိုင်ရင်း ပိုက်ဆံအိတ်ပါ အောက်လွင့်ကျသွားတယ်'

ဘက်ဂီယာကိုဆောင့်သွင်းလိုက်ပြီး နောက်သို့ တရှိန်တိုး ဆုတ်လိုက်သည်။ သူသည် ကားမောင်းလည်း အလွန်ကျွမ်းကျင်လည်သူ ဖြစ်၏။

'တော်ပြီ.....တော်ပြီ'

ထွန်းလွင်က ကမန်းကတန်း ကားပေါ်မှဆင်း၍ လက်ကိုင်ပုဝါကို ခပ်ကြာကြာ ရှာပြီးမှပြန်ခဲ့သည်။ ကား စက်ကိုရပ်၍ သူ မတုန်မလှုပ် ထိုင်နေသည်။ မျက်နှာထား တင်းတင်းနှင့်ဖြစ်၏။ ထွန်းလွင်က ကားပေါ်သို့ မတက်ဘဲ သူ့ဘေးဘက်သို့ ကပ်လိုက်သည်။

'ယူ့ညာဏ်က ဒါပဲလား'

သူက သဘောပေါက်သွားဟန်ဖြင့် လေသံမာမာနှင့် ပြောလိုက်သည်။

'မဟုတ်ပါဘူး၊ စုစု စိတ်ဆိုးနေလို့ တစ်မျိုးထင်တာဖြစ်ပါလိမ့်မယ်'

ထွန်းလွင်က မျက်နှာထားကို အတတ်နိုင်ဆုံး ပြုံး၍ သူ့ကို လေပြေထိုးရတော့သည်။

'စုစု ကားမောင်းတာကတော့ တကယ့်အိတ်စပတ်ပဲ'

သူက မလှုပ်။

'ကျွန်တော်တစ်လှည့် မောင်းမယ်နော်'

သူက မလှုပ်။

'စုစုကတော့ စိတ်ဆိုးရင်လဲ လှနေတာပဲ'

'စကားမများနဲ့'



'ကျွန်တော် မောင်းပါရစေနော်'

'မလိုချင်ဘူး၊ ကားပေါ်တက်'

ရှစ်ကြီးခိုးပါရဲ့၊ ကျွန်တော် မောင်းပါရစေ'

'ယူ ကြောက်သလား'

'ကြောက်ပါတယ်ခင်ဗျာ'

'စုစုအကြောင်း သိတယ်မဟုတ်လား' ၎

'သိပါတယ်ခင်ဗျာ'

'တကယ်လား'

'တကယ်ပါ၊ ဘုရားစူး မိုးကြိုးပစ်၊ ကျွန်တော် မောင်းမယ်နော်၊ ဟိုဘက်တိုး စုစုက လိမ္မာပါတယ်'

ထွန်းလွင်က သူ့ပုခုံးကလေးကို ညင်ညင်သာသာ တွန်းပြီး သူ့နေရာကို ကမန်းကတန်း လုထိုင်သည်။

'စုစု ဘယ်ကို မောင်းရမလဲ'

'ထောက်ကြံ့ဘက်ကို မောင်း'

ထွန်းလွင်သည် နဖူးတွင်စို့နေသော ချွေးပေါက်များကို လက်ကိုင်ပုဝါဖြင့် သုတ်ချလိုက်ပြီးမှ စက်နှိုး၍ မောင်းထွက်ရင်း သက်ပြင်းချလိုက်သည်။

'ယူက သိပ်ပါးတာပဲနော်'

သူ့မျက်နှာတွင် ဒေါသ၏ အရိပ်အယောင်ကလေးများ ဆင်းစင်သွားပြီဖြစ်၍ ကြည်ကြည်လင်လင်နှင့် ပို၍ လှလာသည်ဟု ဆင်လိုက်ရသည်။

'ဟင့်အင်း.....မပါးပါဘူးဗျာ'

'ဟင်း.....ကြောက်ချီးအိုးကြီး'

ထွန်းလွင် ယခုမှပင် ပြုံးလိုက်နိုင်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ထွန်းလွင်အင်္ကျီအိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူ၍ ကားဒက်(ရှ်)ဘုတ်မှမီးနှင့်ညှိပြီး ထွန်းလွင်၏ ပါးစပ်သို့ တပ်ပေးလိုက်သည်။

'တယ်လဲ လိမ္မာလိုက်ပါကလား'

သူက ချစ်စဖွယ်မျက်စောင်းကလေး ချိတ်ရင်း ပြုံးနေသည်။ ထွန်းလွင်နှင့် အသာချင်းထိအောင် ပူးပူးကပ်ကပ်ထိုင်နေ၍ သူ့ကိုယ်မှ မွှေးရနံ့သင်းသင်းကလေးများကိုပင် ထွန်းလွင်ရှူရှိုက်မိ၏။

'စုစုကို စိတ်ဆိုးသွားသလားဟင်'

'ဆိုးတာပေါ့'

သူက အသံလွင်လွင်ကလေးနှင့်ရယ်ရင်း ထွန်းလွင်၏ ဝမ်းဗိုက်သားကို လက်သီးဆုပ်ကလေးနှင့် ထုလိုက်သည်။

'စုစုအကြောင်းကို သိရက်သားနဲ့ သူက စတာကိုး'

နှုတ်ခမ်း ကလေးစူရင်း သူတစ်ယောက်ထဲ ခပ်တိုးတိုးကလေး ပြောလိုက်သည်။ထောက်ကြန့်စစ်သချိုင်းတွင် ခဏဝင်နားအပြီးအပြန်တွင် သူကိုယ်တိုင် မောင်းခဲ့သော်လည်း ခပ်မှန်မှန်သာဖြစ်၏။

○

## အခန်း (၁၃)

ဦးအောင်မြင်၏ မှတ်ဉာဏ်သည် ထွန်းလွင်အတွက် အံ့သြဘွယ်မဟုတ်သော်လည်း ချီးကျူးဖွယ်ဖြစ်၏။ လူတစ်ဦးတစ်ယောက်ကို တစ်ခါတွေ့ဆုံမိသည်ဆိုလျှင်ပင် နောက် တစ်ခါထပ်တွေ့လိုက်ရလျှင် မမေ့တော့ပေ၊ အမြဲမှတ်မိသည်။



စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်လျှင်လည်း အဘက်ဘက်မှ ထောင့်စေ့သည်ဟုပင်ဆိုရပေမည်ဖြစ်၏။ ရုပ်ရှင်လုပ်ငန်းမှသည် ရန်ကုန်တွင် ပြေးဆွဲနေသော ဘက်စ်ကားလိုင်းများတိုင်အောင် ဦးအောင်မြင်၏လုပ်ငန်းများက ကျယ်ဝန်းသည်။ ရပ်ဝေးကုန်သွယ်ရေးလုပ်ငန်းများအနေဖြင့်မူ မန္တလေး၊ မိတ္ထီလာ၊ တောင်ကြီး၊ မော်လမြိုင်တို့အပြင် မိုးကုတ် ကျောက်တွင်းလုပ်ငန်း၊ မြစ်ကြီးနားဆိုင်၊ ဖားကန့် ကျောက် စိမ်းတွင်း၊ မြစ်ဝကျွန်းပေါ်ပိုင်းတွင် ပြေးဆွဲနေသော မော်တော်များအထိလည်း ခြေလှမ်းကျယ်ပြန့်လှသည်။

သွင်းကုန်ထုတ်ကုန်လုပ်ငန်းသည် အခြေပြု လုပ်ငန်းဖြစ်သော်လည်း အရံအတား အထောက်အကူပြု လုပ်ငန်းများ များပြားလွန်းလှသည်။လုပ်ငန်းရပ်များအပေါ်တွင် တိုက်ရိုက်ဆက်စပ်ကိုင်သည်ဆိုသော်လည်း သက်ဆိုင်ရာ အမည်ခံနှင့်အစုစပ်များကို ခွဲထုတ်၍ ထွန်းလွင်က သီးခြား စုဆောင်း၍ မှတ်တမ်းတင်ထားရသည်။ ဦးအောင်မြင်နှင့် ဆက်သွယ်သူများအနေဖြင့် စီးပွားရေး သမားများသာမဟုတ်၊ နိုင်ငံရေးသမားများ၊ လက်ရှိအာဏာ ရအင်အားစုနှင့် အာဏာ ရရန် ကြိုးစားပြင်ဆင်ဆဲဖြစ်သော နယ်ချဲ့ကျင်ဘက် အတိုက် အခံအုပ်စုများ အထိလည်း ဦးအောင်မြင် ရင်းနှီးထိတွေ့ဆင်းကွာနိုင်ကြသည် မဟုတ်ပေ။ ဦးအောင်မြင်၏ လှုပ်ရှားဆောင်ရွက်ဆဲမှ အတိုင်းအတာကလည်း ကျယ်ဝန်းလွန်းလှသည်။ စီးပွားရေးရာ ဆက်ဆံရေးအနေဖြင့်မူ ထွန်းလွင်အပါအဝင် ဝန်ထမ်းအဆင့်မြင့်လူတိုင်း ကို ဆက်ဆံပြောဆိုပုံကအစ ယဉ်ကျေးသိမ်မွေ့လွန်းသည်။ သူနှင့်နှိုင်းယှဉ်၍မရအောင် ခြားနားလွန်းသော ထင်ရှားအတန်း ဖြစ်စေဦးတော့၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ

www.burmeseclassic.com

www.burmeseclassic.com



'မင်း' 'ငါ' စသော ရင့်သီးသည့် အသုံးအနှုန်းများကို သုံးလေ့သုံးထ မရှိခဲ့သည်ကို ထွန်းလွင် သတိပြုမိသည်။

အများအနား အစွန်ကျလွန်းသောဒေသမှ သာမန် အလုပ်သမားတစ်ဦးကိုပင် တစ်ကြိမ်ဆက်ဆံလျှင် နောက် အချိန်တွင် နာမည်ကိုခေါ်၍ အရေးတယူ လေးလေးစားစား ဆက်ဆံလေ့ရှိသော သူ့အပြုအမူကို သိမ်မွေ့နက်နဲမှု တစ်ခုအနေဖြင့် ထွန်းလွင် သတိပြုထားမိသည်။ အနေကြာလာခဲ့ရ သည်နှင့်အမျှ ဦးအောင်မြင့်၏ သိမ်မွေ့နက်နဲသော လှုပ်ရှားမှုများကိုပင် ထွန်းလွင် အကဲခတ် လေ့လာရင်း အတုယူ သင့်သည်များကို အတုယူရသေး၏။

* * *

ဦးအောင်မြင့်၏ စေခိုင်းချက်အရ ပဲခူးတွင် တစ်ည အိပ်၍ ထွန်းလွင် ရန်ကုန်သို့ ပြန်ခဲ့ရသည်။ အောက်ထပ် အိပ်ခန်းတံခါးဝကို ဂရုတစိုက် ကြည့်လိုက်သည်နှင့်ပင် ခြေရာ လက်ရာ ပျက်နေသည်ကို သတိပြုလိုက်မိ၍ ထွန်းလွင် ခေါင်း ပမ်းကြီးသွားသည်။ တံခါးဂျက်နှင့်တွဲသော သော့ပေါက်တွင် ထွန်းလွင် သေသေချာချာ ထားခဲ့သော ဆံပင် ချောင်းကလေး ကိုပင် မတွေ့လိုက်ရတော့ပေ။ အဝတ်အစား၊ အသုံးအဆောင် စာအုပ်များသည် ရုတ်တရက် အမှတ်မထင် ကြည့်လိုက်မည် ဆိုလျှင် မထူးခြားသလို ထင်ရသော်လည်း စနစ်တကျ စစ်ဆေး ကြည့်လိုက်လျှင်ပင် နေရာပျက်နေသည်ကို ထွန်းလွင် သိ လိုက်သည်။

တစ်စုံတစ်ယောက်သည် ထွန်းလွင်၏ အိပ်ခန်းကို ပညာ သားပါပါနှင့် စနစ်တကျ မွှေနှောက်သွားခဲ့ပြီဖြစ်၏။ ထွန်းလွင် စိတ်ထဲတွင် ကျိတ်ပြုံးလိုက်မိပြီး ငါးသုံးလုံး စီးကရက်တစ်လိပ်



မီးညှိဖွာရှိုက်ရင်း အိပ်ရာပေါ်ထိုင်၍ သွေးအေးအေးနှင့် စဉ်းစားနေလိုက်မိသည်။ စိတ်ထဲတွင် သိပ်အစိုးရိမ်ကြီးမိသည်တော့မဟုတ်။ လျှို့ဝှက်မှုနှင့် ပတ်သက်လျှင် ဦးနှောက်ထဲတွင် ထည့်၍ သိမ်းထားသည်ဖြစ်၍ လုံခြုံမှုမှာ စိတ်ချရ၏။ အိပ်ရာအိပ်ခန်း များတွင်လည်း မည်သို့သော မသင်္ကာဖွယ်ရာပစ္စည်းများကိုမှ ထွန်းလွင် မထားရှိ။ ယုတ်စွအဆုံး၊ အစီရင်ခံစာကိုပင် အခန်းထဲတွင် ထွန်းလွင်မရေး၊ အီတာလီကျောက်ပြားများ အထပ်ထပ်အောက် အပြည့်ကပ်ထားသော အိမ်သာထဲတွင်သာ ထွန်းလွင် ရေးလေ့ရှိသည်။

ကွပ်ကဲမှုဌာနချုပ်မှ ပေးပို့သော ညွှန်ကြားချက်ဆိုလျှင် အစအနပင် မကျန်ရအောင် ဝါးစားသည်။ အဆင်သင့်လျှင် မီးရှို့ပစ်သည်အထိဖြစ်၏။ မည်သို့ပင်ဖြစ်စေကာမူ ဝင်ရောက် ဆိုးမောက်မွှေနှောက်သူ 'ပညာသည်'ကိုတော့ တန်ပြန် ပညာသား ဖြင့် သိမ်သိမ်မွေ့မွေ့ ရှာဖွေရပေဦးတော့မည်။

ထွန်းလွင်သည် ဤသို့သော အဖြစ်မျိုးကို တစ်နေ့ မဟုတ် တစ်နေ့တွင် ကြုံရဦးမည်ကို အတတ်သိထား၍ အမြဲသတိ ထားပြီး တန်ပြန်ထောင်ခြောက်ဆင်ထားခဲ့ရသည် မဟုတ်ပါလား။ ညီမျှပင် ပိရိကျွမ်းကျင်ဦးတော့ သဲလွန်စ၏ အစအနကိုတော့ ရအောင် ရှာရမည်ဖြစ်သည်။ ဓာကြည့်စားပွဲ ပေါ်မှ စားပွဲတင်နာရီကို မသွားမီကပင် အဝတ်ဖြင့် ပြောင်စင်အောင် သုတ်၍ထားခဲ့သဖြင့် အလင်းရောင်အောက်တွင် ကြည့်ရုံဖြင့်ပင် လက်ဗွေရာများကို ထင်ထင်ရှားရှားပင် တွေ့လိုက်ရ၍ ပြုံးလိုက် မိပြန်သည်။

'မရှာရသေးဘူး မင်းကို မိနေပြီပဲကွာ' စိတ်ထဲမှ ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



လေချွန်လိုက်မိတော့သည်။ အဝတ်ဘီရိုကို ဖွင့်လိုက် သောအခါ ပုဆိုးခေါက်ထဲတွင် ညှပ်ထားသော ဆံပင်ချောင်း ကုလေးများပင် မရှိပြန်တော့ ပိုရှုံ၍သေချာသွားပြန်သည်။

အမှတ်တမဲ့ ပုဆိုးထပ်ကို ထိလိုက်လျှင် ကျကွဲလု မတတ် တင်ထားသော ခရီးဆောင် မှန်ချပ်ကလေးပင် နေရာ ပြောင်း နေသည်ကို တွေ့ရပြန်သည်။ မှန်ကလေးကို ထောင်ကြည့် လိုက်လျှင် လက်ဗွေရာများကို တွေ့ရပြန်သည်။

'မင်းပညာ နုပါသေးတယ်ကွာ၊ ငါ့ကို ဒီလိုအချိုးမျိုးနဲ့ တော့ မရသေးဘူး'

စိတ်ထဲမှ ကျိတ်ပြုံးရင် ပြောနေမိပြန်သည်။

'ပစ္စည်းတွေကို နေသားတကျ ပြန်ထားတတ်ရုံနဲ့ တော့ မင်းကိုယ်မင်း လည်လှပြီ ထင်နေသလား'

စိတ်ထဲမှ ထပ်ကြိမ်းဝါးလိုက်ရင်း စီးကရက်ကို ဖွာရှိုက်၍ အိပ်ယာပေါ် လှဲနေလိုက်သည်။ နောက်ထပ် အပင်ပမ်းခံ၍ဆက် ရှာရန် မလိုတော့ဟုလည်း ထွန်းလွင် သဘောပေါက်လိုက်၏။ ညဉ့်နက်အချိန်အထိ စောင့်၍ စာရေးစားပွဲပေါ်မှ (Sero Tape) ကို ကြည့်မှန်၊ စားပွဲတင် နာရီနှင့် အတူတူယူ၍ အိမ်သာခန်းထဲသို့ ဝင်လိုက်သည်။

မှန်ပေါ်တွင် ထင်နေသော လက်ဗွေရာမှာ ဆေးပေါင် ဒါ ဖြူးရန်ပင် မလို၊ သဘာဝအတိုင်း ရှင်းလင်းပြတ်သားစွာ တည်ရှိနေသည်။ ထွန်းလွင်သည် လက်ဗွေရာပညာရပ်နှင့် ပတ် သက်လျှင် မှုခင်းအရ အတွေ့အကြုံနည်းသည် ဖြစ်သော်လည်း အထူးသင်တန်းဆင်းတစ်ယောက်ဖြစ်၏။ ရုံးသုံး ဆယ်ရိုတိတ် သည် (Sero Tape) သည် လက်ဗွေရာကို စက္ကူချောပေါ်တွင်



ပြောင်းလဲကပ်ရန် အထူးအစီအစဉ်နှင့် ပြုလုပ်ထားသော ထရန်စ ဖာတိတ် (Transfer Tape) ကဲ့သို့ စိတ်ချစွာ အသုံးမပြုနိုင် သော်လည်း မရှိသုံးအနေဖြင့်မူ သုံး၍ရသည်။ထွန်းလွင်သည် နာရီမှန်နှင့်ကြည့်မှန်ပေါ်မှ လက်ဗွေရာ များကို ဆယ်ရိုတိတ်ဖြင့် လေမခိုအောင် သတိထားကပ်ပြီး ပြန်ခွာလိုက်သည်။ အသင့်ယူ လာသော မင်္ဂလာဆောင်ဖိတ်စာ မျက်နှာပြင်ချောတစ်ခုပေါ်သို့ သတိထား၍ ကပ်လိုက်သောအခါတွင် တိကျပြတ်သားသော လက်ဗွေရာကို ထင်ထင်ရှားရှားရခဲ့ပြီဖြစ်၏။

ဤအဆင့်သည် အရေးအကြီးဆုံးအဆင့်ဖြစ်၏။ လေခို သွားလျှင် ပျက်စီးသွားနိုင်သည်။ အခုတော့ လုံးဝစိတ်ချ နိုင်ပြီ ဖြစ်၍ လက်ဗွေရာများကို စာအိတ်တစ်ခုတွင်ထည့်လိုက်ပြီး အ (A) ဟု အမှတ်သားပြုရင်း လိုအပ်မှုကို ခပ်တိုတို ရေးရ ပြန်သည်။

'ပေးပို့ရန် မဟုတ်၊ သိမ်းဆည်းရန်သာ.....'

နောက်တစ်နေ့ နံနက်စောစော 'စိတ်ကြိုက်ကဖီး'သို့ လမ်းလျှောက်ထွက်ရင်း အပ်ထားလိုက်ရ၏။ အသေးအဖွဲဖြစ် သော်ငြားတော့ ထွန်းလွင်အိတ်ထဲတွင် ထည့်မထားရဲ။

'မောင်သန်းပဲ ဖြစ်မလား၊ ဦးဘလှပဲ ဖြစ်မလား၊ မောင်အေးပဲ ဖြစ်မလာ၊ ဦးအောင်မြင် ကိုယ်တိုင်တော့ လုပ်လိမ့် မည်မထင်၊ လိုလိုမယ်မယ် ထည့်တွက်ရဦးမည်ဖြစ်၏'

စောစောစီးစီးပင် မာစီဒီးကား နောက်ကြည့်မှန်၏ နောက် ကြည့်အချိန်အဆကို ဖျက်ပစ်လိုက်သည်။ လက်ကိုင်ပုဝါနှင့်ဆည်း မျက်နှာပြင်တစ်ခုလုံးကို ပြောင်စင်အောင် သုတ်လိုက်သည်။ မောင်သန်း ကားမောင်းလျှင် နောက် ကြည့်မှန်ကို သူ့မျက်စေ့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီရန် ပြန်လည်ချိန်ဆ မည်ဆိုလျှင် သူ့လက်ဗွေ အလွယ်တကူ ရနိုင်သည်။

'ဦးဘလှ ရေတာစ်ခွက်လောက် ပေးပါဗျာ'

ထမင်းစားခန်းတွင် လက်ဘက်ရည်သောက်ရင်း ထွန်းလွင်က ပြောလိုက်သဖြင့် ဦးဘလှက ရေခွက်ကို လှမ်းပေးလိုက် စားပွဲပေါ်တွင် ချထားပြီး သတင်းစာကိုသာ ဖတ်နေလိုက်သည် ဦးဘလှ ထွက်သွားမှ ရေဖန်ခွက်ကို သတိထားကိုင်ရင်း ရေ သောက်လိုက်သည်။ ဖန်ခွက်အား ပါးစပ်ဖြင့် အငွေ့ပေးလို လျှင်ပင် ဦးဘလှ၏ ညာဘက် လက်မနှင့် လက်ချောင်းအချို့ ဗွေရာများကို ထင်ထင် ရှားရှား ဖန်ခွက်ပေါ်တွင် တွေ့လိုက်ရ ၏။

ညာဘက်လက်တစ်ခုတည်း၏ ဗွေရာများသည် ခရုဝ ဗွေ (WHORL) အမျိုးအစားများဖြစ်၍ သံသယကင်းဖွယ် ၏။ ထွန်းလွင်ရယူလာသော ဗွေရာမှာ လှိုင်ဗွေရာ (Loop)အမျိုး အစားများဖြစ်၍ ခြားနားသည်။ ဦးဘလှ၏ ဝဲဘက်လက်တွ လှိုင်ဗွေဖြစ်လျှင်လည်း ဖြစ်နိုင်သည်။ သို့ရာတွင် ယေဘုယျ ဖြင့် ညာလက်ချောင်းများအားလုံးသည် ခရုပတ်ဖြစ်၍ ဝဲဘ သည်လည်း ခရုပတ်ပင်ဖြစ်နိုင်သည်ဟု အနီးကပ်ဆုံး ခန့်မှန် သည်။ မောင်အေးတော့မဖြစ်နိုင်၊ သံလျင်ရှိ မိဘအိမ်သို့ သွားသည်မှာ သုံးရက် မျှပင် ကြာသည်ဖြစ်ရာ ယခုတိုင်ပင်နေ တွင်မရှိသေး။

နေ့လည်ပိုင်းတွင် အဆင်ပြေသွားသဖြင့် ဦးအောင် နံနက်စာစားရန် မောင်သန်းကားနှင့် ပြန်လာချိန်တွင် စုစု ကျောင်းသွားမည်ဆဲဆဲပင်။



'သခင်မ အခုမှ ကျောင်းသွားမှာလား'

ထွန်းလွင်၏အမေးကို စုစုက ပြုံးပြုံးကလေးနှင့် ခေါင်း ငြိမ့်ရင်း ပြန်ပြောလိုက်သည်။

'မနက်ပိုင်းလက်ချာ မရှိဘူးလေ'

'သခင်မကို ကျွန်တော်မျိုးကြီး ကိုယ်တိုင် မာစီဒီးနဲ့ လိုက်ပို့ခွင့်ပြုပါခင်ဗျာ'

'YES THANK YOU'

စုစု၏ခွင့်ပြုချက် ရလိုက်လျှင်ပင် ထွန်းလွင် ဝမ်းသာသွား မိတော့သည်။ စုစု ထမင်းစားခန်းဆီသို့ ခပ်ကျယ်ကျယ် ကလေး လှမ်းအော်ပြောလိုက်သည်။

'ဒယ်ဒီ ကားကို သမီးသုံးမယ်'

ထွန်းလွင်သည် ကားလက်ကိုင်ဘီးနောက်တွင် နေရာ ယူနှင့်ရင်း စုစု ကားပေါ်ရောက်သောအခါ မောင်းထွက်လိုက် သည်။

'ဟေး.....ဒရိုင်ဘာ မမကို ၂-နာရီခွဲမှာ လာကြိုရမယ်၊ ပြီးတော့ ပစ်ချာကြည့်မယ်၊ ပြီးတော့.....'

'ခင်ဗျားလေးကိုလေ ကျုပ်က ဒီနေ့အဖို့တော့ အဝီစိ အထိ လိုက်ပို့မယ်ဗျာ'

စုစုက အသံလွင်လွင်ကလေးနှင့် တခစ်ခစ် အော်ရယ် လိုက်တော့သည်။

'ယူက သိပ်နောက်တာပဲကွာ'

* * *

စုစုအတန်းထဲ ဝင်သွားမှပင် နောက်ကြည့်မှန်ပေါ်မှ လက်ဗွေရာကို ဆယ်ရီတိတ်နှင့် ကပ်၍ခွာယူလိုက်ပြီး သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ရတော့သည်။ ထွန်းလွင် လိုချင်သော "လှိုင်" ဗွေရာဖြစ်၍ ဗွေရာချင်း ဆင်ဆင်တူသည်ကိုတော့ သိလိုက်မိ၏။ မှန်ဘီလူး ကောင်းကောင်းအောက်တွင် နှိုင်းယှဉ်၍ (COMPARE CHECK) လုပ်ကြည့်လျှင်ပင် ခွဲခြားသိမြင်နိုင်ပေပြီ။ မှန်ဘီလူးလည်း အဆင်သင့်မရှိ၍ ထွန်းလွင် ကိုယ်တိုင် ခေါင်းရှုပ်ရန် မလို။ ဌာနချုပ်ရုံးသို့ ပို့ပြီး စနစ်တကျ ဓာတ်ပုံရိုက်၍ ပုံကြီးချဲ့ကြည့်လိုက်လျှင်ပင် တိကျသောအဖြေကို ရနိုင်သောကြောင့် လိုအပ်ချက်ကိုရေးပြီး 'စိတ်ကြိုက်ကဖီး' သို့ (B)ဟု အမှတ်အသားပြု၍ ပေးပို့လိုက်၏။

နေလယ်ပိုင်းတွင် ဦးအောင်မြင် ရုံးပြန်တက်နိုင်ရန် ကားပြန်ထားသော်လည်း ဦးအောင်မြင်ကလက်မခံ။ စုစု စိတ်ကောက်မှာစိုး၍ ထွန်းလွင် အသုံးပြုသော လင့်ရီဗာ ကားကိုသာ ယူသွားသည်။ ထွန်းလွင်က သူ့ဂတိအတိုင်း ကျောင်းကို သွားကြိုလိုက်ရပြီး သူ သွားလိုသောနေရာများကို လိုက်ပို့ပေးရတော့သည်။ ညပိုင်းသို့ပြန်ရောက်၍ ထမင်းစားအပြီးတွင် စိတ်ကြိုက်ကဖီးသို့သွား၍ တွဲလျက်ရောင်းချသော စာအုပ်ဆိုင်မှ မဂ္ဂဇင်းဟောင်းတစ်အုပ် ဝယ်လိုက်သောအခါ စာအိတ်တစ်ခုကို ညှပ်ထဲ့ပေးလိုက်သည်။

ထုံးစံအတိုင်း အိမ်သာထဲဝင်၍ ဖတ်လိုက်သောအခါ ဌာနချုပ်ရုံးတံဆိပ်အနီရောင်ဖြင့် ဖော်ပြပါရှိသည့် ပြန်ကြားချက်ဖြစ်၏။ A နှင့် B သည် လူတစ်ဦးတည်း၏ ဝဲဘက်လက်မ ဗွေရာပုံစံများဖြစ်ကြောင်း တိကျနိုင်လုံစွာ ပြန်ကြားသည်။ ထွန်းလွင်သည် ပြန်ကြားချက် စာရွက်ကိုဝါးမြိုပြီးမှ အိမ်သာထဲမှ ထွက်ခဲ့တော့၏။ ယခုမှပင် ထွန်းလွင် သတိပြုမိ သည်။ မောင်သန်းသည် ဘယ်သန်ဖြစ်၏။ ဦးအောင်မြင်ကို ပြန်လည်



ဆင်ပြရန် မလိုအပ်သော ကိစ္စတစ်ရပ်ဟုလည်း ထွန်းလွင်ယူဆလိုက်သည်။ မည်သို့ပင်ဖြစ်စေကာမူ 'သတိ' လက်လွှတ်မဖြစ်ရန် စက္ကန့်တိုင်းတွင် စွဲမြဲနေရမည်သာ ဖြစ်တော့၏။

○

## အခန်း(၁၄)

စုစု၏ ပေါင်းသင်း ဆက်ဆံမှုနယ်ပယ် အကျယ်အဝန်းကလည်း ကျယ်ပြန့်လွန်းလှ၏။ ဝါသနာကလည်း စုံလှသည်။ ကားမောင်းသည်၊ သေနတ်ပစ်သည်၊ မြင်းစီးသည်၊ ရေကူးသည်၊ အလေးမသည်၊ တင်းနစ်ရိုက်သည်၊ ဂေါက်သီးပင်မကျန်။ ဖတ်လိုက်သည့် မြန်မာဝတ္ထု၊ ကြည့်လိုက်သည့် မြန်မာရုပ်ရှင်ကားများမှာလည်း မလွှတ်တမ်းဖြစ်၏။

တစ်ဦးနှင့်တစ်ဦး အလွန်ချစ်သော သားအဖနှစ်ယောက်၏ အတူညီဆုံးသောဝါသနာမှာ ခရစ်ယာန် ဘာသာဝင်များဖြစ်သော်လည်း ဘာသာရေးကို သိပ်အလေးအနက် မရှိကြခြင်းဖြစ်၏။ အနုပညာနှင့် ပတ်သက်လျှင် မြန်မာအကရော အနောက်တိုင်းအကပါ ဆရာမကို အိမ်ခေါ်၍ သင်သည်သာမဟုတ်၊ ဓောင်းကောက်နှင့် စန္ဒယားကိုလည်း အလွှတ်မပေး။ ဖြစ်ဖြစ်မြောက်မြောက် တတ်ကျွမ်းသည်တော့မဟုတ်၊ ကျောင်းကပွဲများတွင်လည်း ဝင်က,ဖြစ်အောင် က,လိုက်ပြန်သည်။ တစ်ခါတစ်ရံ စိတ်ကူး ပေါက်လျှင် အင်းလျားကန်စပ်တွင် တကဲ့တံငါးသည်ကြီး တစ်ယောက်လို ဝတ်စား၍ ငါးများတတ်သည်။ ထိုအချိန်များတွင် ထွန်းလွင်ကို မရမက အပါခေါ်သွားလျှင် အရုပ်ကောင်းကောင်း သစ်ပင်ကို မှီ၍ အိပ်ပျော်တတ်သော ထွန်းလွင်အကျင့်

www.burmeseclassic.com



ကို 'လာဘ်'ပိတ်သည် ငါးမရဟု အကြောင်းပြရင်း တပူပူတဆူဆူ လုပ်တတ်သေးတော့၏။

ဦးအောင်မြင်ကိုယ်တိုင် ဂေါက်ကွင်းတွင် ဂေါက်ရိုက်လျှင် ထွန်းလွင်ကို ခေါ်သွားလေ့ မရှိ။ လိုက်ပို့ရန်လည်းမခိုင်း။ စုစု ဂေါက်ရိုက်လျှင်တော့ ထွန်းလွင်အား ဂေါက်အိတ်ကို ဖွတ်အနိုင်ကျင့်၍ အမြဲအလွယ်ခိုင်းလေ့ရှိသည်။ ထွန်းလွင် စိုးရိမ်မိသည်မှာ စုစု ဂေါက်ရိုက်မှာတစ်ခုနှင့် ငါးမျှားမှာ တစ်ခုဖြစ်၏။ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်လျှင် လူမျိုးမရွေး၊ ဘာသာမရွေးတွဲသည်။ အရုပ်ဆိုးဆိုး ကုလားဒိန် အဆိုတော်နှင့်လည်း တွဲ၍လည်သည်။ မိန်းမချော ချောသော နာမည်ကျော် ရုပ်ရှင်မင်းသား ခင်မောင်သွင်နှင့်လည်း တပူးပူးတတွဲတွဲပင်။ သူ့အပေါင်းအသင်းအတွဲတွေ များလွန်းတော့လည်း ဘယ်သူသည် သူ့ချစ်သူဟူ၍ ထွန်းလွင် မခန့်မှန်းနိုင်ခဲ့ပေ။

* * *

'စုစုရဲ့အပေါင်းအသင်းတွေက များလှချည်လား'

ထွန်းလွင်က အိမ်ရှေ့ မြက်ခင်းပေါ်တွင် သူနှင့်ထိုင်နေရင်း ပြောလိုက်သည်။

'ဒါတောင် ယူ သိထားတာ နည်းသေးတယ်'

ထွန်းလွင် စိတ်ရှုပ်သွားသည်နှင့် ငြိမ်နေလိုက်၏။

'ယူ့စိတ်ထဲမှာ စုစု ဒီလို တွဲနေတာ ဘယ်လိုမြင်သလဲ'

ထွန်းလွင်က အဖြေရ ခက်သွားမိတော့၏။

'စုစုမေးတာ ဖြေစမ်းပါ'

'ဘယ်လိုမှ မမြင်ပါဘူးလေ'



'ယူ့ စကားပြောတာ တစ်ခါတစ်လေ မပွင့်လင်းဘူး စုစု သိပ်မုန်းတာပဲ'

'မုန်းရင်လည်း သတ်ပစ်လိုက်ပေါ့'

စကားလမ်းကြောင်း ပြောင်းရန် ထွန်းလွင်က စလိုက်သော်လည်း သူကတော့ မပြောင်း။

'စုစုက ပွင့်ပွင့်လင်းလင်းပဲ ကြိုက်တယ်၊ စုစုနဲ့ တွဲတဲ့သူတိုင်းလိုလို စုစုကို ချစ်တယ်လို့ ပြောကြတယ်'

'စုစုက ဘယ်သူ့ကို ချစ်သလဲ'

ထွန်းလွင်က အမှတ်မထင် မေးလိုက်ပြီးမှ နောင်တရသလို ဖြစ်သွားမိတော့၏။

'စုစုကတော့ ဘယ်သူ့ကိုမှ ချစ်တယ်လို့ မပြောသေးဘူး'

'တော်သေးတာပေါ့'

ထွန်းလွင်က သက်ပြင်းချရင်း ပြောလိုက်မိ၏။

'စုစုနဲ့ တွဲတဲ့လူတိုင်း စုစုကို ချစ်တယ်လို့ ပြောကြတယ် မပြောသေးတဲ့လူ တစ်ယောက်ထဲ ရှိတယ်'

'အင်း.....ဘယ်သူလဲ'

'ယူ.....ပေါ့'

'ဗျာ'

ထွန်းလွင်က စိတ်ထဲတွင် လှုပ်ရှားသွားလိုက်မိသည်နှင့်အတူ မျက်နှာတစ်ခုလုံး ထူပူသွားသည့်အထိ အနေရခက်သွားတော့သည်။

'စုစုနဲ့ ကျွန်တော်က မောင်နှမပဲ၊ ဒီလို မပြောကောင်းပါဘူးလေ'

ထွန်းလွင်က အခြေအနေတစ်ရပ်ကို ထားဆီးနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကပျာကယာ ထိန်းလိုက်မိသည်။

'ယူ့မျက်နှာတစ်ခုလုံး ရဲနေတာပဲ၊ ရှက်သွားသလား စုစုက မိန်းကလေးပါ'

'မဟုတ်ပါဘူး စုစုရယ်'

'ယူ စုစုကို ချစ်သလား'

'ချစ်တာပေါ့၊ စုစုဟာ ကျွန်တော့်ညီမလေးပဲ၊ သိပ်ဆိုးတဲ့ ညီမလေးပါ၊ ပြီးတော့ မိုက်လဲ မိုက်တယ်'

'ယူက သိပ်စကားတတ်တယ်၊ ပြီးတော့ သိပ်လျှို့ဝှက် သိပ်သည်းတာပဲ အံ့ပုန်း'

ထွန်းလွင်က ဣန္ဒြေကို ပြန်ထိန်းရင်း ပုခုံးကို တွန့်ပြ လိုက်သည်။

'ယူ့မှာ ချစ်သူ ရှိသလား'

ထွန်းလွင်က ခေါင်းခါပြလိုက်သည်။

'စုစုမှာလည်း ချစ်သူ မရှိသေးပါဘူး'

'ဪ.....အင်း'

ထွန်းလွင် ရင်ထဲတွင် ဝမ်းသာသွားမိသလို ခံစား လိုက်မိ၏။

'ဒယ်ဒီကိုလဲ စုစု ကတိပေးထားတယ်၊ စုစု ချစ်သူရှိရင် ဒယ်ဒီကို အသိပေးရမယ်၊ လက်မထပ်ခင် မညားစေရဘူးတဲ့'

သူ့စကားများက ပွင့်လင်းလွန်းသည်ဖြစ်၍ ထွန်းလွင် ပင် မကြားရဲသယောင်ယောင် ဖြစ်မိသည်။

'ပြီးတော့လဲ ဘွဲ့တစ်ခုခု ရပြီးမှ လက်ထပ်ရမယ်တဲ့'

'ကောင်းတာပေါ့'

'စုစုချစ်တဲ့သူဆိုရင် ဘယ်လိုလူပဲဖြစ်ဖြစ် ဒယ်ဒီမကန့် ကွက်ဘူးတဲ့'



'ကောင်းသားပဲ'

'ယူလဲ စုစုကိုချစ်ရင် အခုထဲက ပြောထား စုစုမှာ တန်းစီနေတဲ့လူတွေ အများကြီး'

'မောင်နှမချင်းကို ဒီလိုမပြောကောင်းဘူး ကလေးမရဲ့'

'မောင်နှမမှ မဟုတ်ဘဲနဲ့'

'စုစုကိုယ်တိုင်ပဲ ပြောတာလေ'

သူ့သူငယ်ချင်းများရှေ့တွင်ဆိုလျှင် သူက ထွန်းလွင် ကို 'ငါ့ဘရာသာ'ဟု အမွှန်းတင်ပြီး 'အကိုလွင်'ဟုလည်း ခေါ်တတ်သည်။ ကွယ်ရာတွင်ဆိုလျှင် 'ယူ' ဟုသာအသုံးပြု ခေါ်ဝေါ်မည်မှာ သူ့အကျင့်။ သူက ပြုံး၍ ထွန်းလွင်ကို ကြည့် လိုက်သည်။

'ယူ့ကို စုစုသူငယ်ချင်းတွေကလေ သိပ်စိတ်ဝင်စားကြ တယ်ဆရာ'

'အင်း.....'

'သူတို့က ယူနဲ့ သိပ်ရင်းနှီးချင်ကြတယ်'

'ကောင်းတာပေါ့၊ သူတို့အားလုံးကို ချစ်တယ်လို့ ပြောလိုက်စမ်းပါ'

'ယူ.....ဘာလယ်ဒီဖူး (ရှင် အရူးပဲ)'

'ယူ.....တူး (မင်းလဲ အတူတူပဲ)'

ထွန်းလွင်က ပြန်ပြောလိုက်သည်တွင် သူ ဣန္ဒြေမဆောင်နိုင်တော့ဘဲ ထွန်းလွင်နှင့်ရော၍ ခွက်ခွက်လန်အောင် အော်ရယ်လိုက်မိတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်မြင်သည် ကြုံကြိုက်သည့် အကြိမ်တိုင်းတွင် နောက်ယောင်ခံခြင်း နည်းနာနိသျှများကို ထွန်းလွင်အား စိတ်ရှည်လက်ရှည် သင်ကြားပေးရင်း တစ်နေ့တွင် လက်တွေ့စမ်းသပ်တော့သည်။ ရွှေဘုံသာလမ်းမှ စိန်ဘာဘူတစ်ယောက်ကို ဖြစ်၏။ ထွန်းလွင်က သူစီးနေကျ လင်ရှိဘာကားကိုပင်မသုံး။ ပန်းဆိုးတန်းမှာ အငှားကားတစ်စင်းကို တစ်နေ့ခြား ပြောင်းငှား၍ ရနစ်တကျ နောက်ယောင်ခံပြလိုက်သောအခါတွင် ကျေနပ်သွားပုံရသည့်အပြင် ဖျတ်ထိုးဉာဏ် ကောင်းသည်ဟုလည်း ချီးကျူးသည်။

နောက်တစ်ကြိမ်တွင် အလွန်အရေးကြီးသည်ဆိုသောကြောင့် ထွန်းလွင် ပို၍ဂရုစိုက်ရသည်။ ထွန်းလွင်၏ 'ပစ်မှတ်' မှာ လက်ရှိအာဏာရဝန်ကြီးတစ်ယောက်၏ အတွင်းရေး အတွင်းဝန်ဖြစ်၍ လျှပ်ရှားမှုအားလုံးနှင့်ဆက်သွယ် အကျွမ်းဝင်သူများကိုပါ တိတိကျကျ တင်ပြနိုင်သည်ဖြစ်ရာ ဦးအောင်မြင် အနေဖြင့် ချီးမွမ်းမဆုံးပင် ဖြစ်တော့၏။

ဦးအောင်မြင်အတွက်သာမက ကွပ်ကဲမှုဌာနချုပ်သို့တာန်ပြန် တင်ပြရာတွင်လည်း မြုပ်နေသော အဆက်ကလေး များကို ဦးအောင်မြင်၏ စေခိုင်းမှုကြောင့် ဆက်စပ်အနက် ကောက်ဖော်ပြနိုင်၍ ထွန်းလွင် အပင်ပမ်းခံရကျိုးနပ်သည် ဟုပင် ဆိုရမည်ဖြစ်၏။ ထွန်းလွင်အနေဖြင့် တစ်ပတ်ကျော်ခန့် ကြာသည်အထိ ကားအမျိုးမျိုးပြောင်း၍ လမ်းပေါ်တွင် အိပ်၊ လမ်းပေါ်တွင်စားနှင့် အပင်ပမ်းခံ၍ ကြိုးစားပြလိုက်ရာ၊ ဦးအောင်မြင်ကိုယ်တိုင်ကပင် နားပါဦးဟု ဆိုလာရတော့ သည်။

* * *



'ယူ ဘယ်သွားနေတာလဲ ကြာလိုက်တာ'

ညနေ(၄)နာရီခန့်တွင် ကျောင်းမှပြန်လာသော စုစုက ထွန်းလွင်ကို တွေ့လိုက်ရသည်ဟုဆိုလျှင်ပင် စ၍ မေးလိုက်၏။

'မန္တလေး သွားနေရတယ်လေ'

'ဒယ်ဒီကလဲ ပြောပါတယ်၊ နှစ်ရက် သုံးရက်ကြာရင် ပြန်လာမယ်တဲ့ ဒါပေမဲ့ ယူက အကြာကြီး နေတယ်'

'ဟုတ်တယ်၊ အလုပ်ကိစ္စ ရှိနေလို့'

'ယူ သိပ်ပိန်သွားတယ်နော်၊ စုစုတောင် စိတ် မကောင်းဘူး'

'ဘာဖြစ်လို့လဲ ရန်မဖြစ်ရလို့လား'

ဦးအောင်မြင်ကတော့ သူ့သမီးမျက်နှာကိုကြည့်ရင်းပြုံးနေသည်။

'မဟုတ်ပါဘူး၊ ယူ့ကို သနားလို့'

'မသနားပါနဲ့၊ ကျွန်တော်ကတော့ ခင်ဗျားနဲ့ ဝေးဝေးနေရတာ စိတ်ချမ်းသာတယ်၊ ခင်ဗျားနဲ့ နီးနီးနေရရင် သိပ်ဒုက္ခရောက်တယ်၊ ဂေါက်အိတ်လဲ ထမ်းရတယ်၊ ငါးမျှားရင်လဲ ကောင်းကောင်းမအိပ်ရဘူး၊ ပြီးတော့ အမြဲအဆူခံရတယ်'

သားအဖနှစ်ယောက်စလုံး ထွန်းလွင်၏ စကားအဆုံးတွင် ရယ်လိုက်ကြသည်။

'သမီးက မောင်ထွန်းလွင်ကို သိပ်ဒုက္ခပေးတာကိုး၊ မောင်ထွန်းလွင် ပင်ပမ်းလာတယ် သမီးရယ်၊ အနားယူ ပါစေအုံး'

စုစုက သူ့ဒက်ဒီနောက်ကွယ်မှ လက်သီးဆုပ်ကိုပြရင်း နှတ်ခမ်းကိုလည်း ကိုက်ပြလိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင်၏အခန်းသို့ ရောက်သောအခါ အနေ အထား မပျက် တွေ့လိုက်ရ၍ စိတ်ချလက်ချဝင်၍ တစ်ပတ် စာအဝတ် အစား ထည့်ထားသော ခရီးဆောင်အိတ်ကို နေသားတကျ ထားလိုက်သည်။

'ယှူ ဘာကောင်းသလဲ၊ စုစုကို ဒက်ဒီရှေ့မှာ ရန်တိုက် ပေးသလိုပြောတယ်၊ ဒယ်ဒီက စုစုကို ဆူတယ်'

'ဟာ..... သိပ်ကောင်းတာပေါ့၊ ရိုက်ဆုံးမရင် အကောင်း ဆုံးပဲ'

'ကြည့်စမ်း..... စုစုကို ဒီလို ပြောရသလား'

ပြောပြောဆိုဆိုနှင့်ပင် သူက ထွန်းလွင်၏ ဝမ်းဗိုက် သားပေါ်သို့ လက်သီးကလေးများနှင့် ဆင့်ကဲဆင့်ကဲ ထိုးလိုက် တော့သည်။ သူ ထိုး၍ ကျေနပ်တော့မှ ရပ်လိုက်သည်။

'ယှူ.....တော်တော်ပိန်သွားတယ်'

'အင်း.....'

'ရေမိုးချိုးတော့လေ'

'အင်း.....'

'ညစာထမင်းကို စုစုကိုယ်တိုင် ပြင်ကျွေးမယ်'

'အင်း.....'

'ပြီးတော့ ကောင်းကောင်းအနားယူ'

ထွန်းလွင်သည် လှပကြည်လင်သော သူ့မျက်နှာ ပြည့်ပြည့်ဝန်းကို ကြည့်ရင်း သက်ပြင်းတစ်ခုကို မသိမသာ ချလိုက်သည်။

'သိပ်အသိရခက်တဲ့ ချစ်စဖွယ်မိန်းကလေးပါလား'

စိတ်ထဲတွင် ကျိတ်၍ လှိုက်လှိုက်လှဲလှဲ ရေရွတ်ညည်းတွား



လိုက်ခြင်းဖြစ်၏။

၀

(အခန်း(၁၅))

ယခုတလော ဆူးလေဘုရားလမ်း အလုပ်တိုက်တွင် ထိုင်နိုင်အောင် အလုပ်များနေသော ဦးအောင်မြင်၏ လှုပ်ရှားမှုကို သိမသာ အရိပ်အခြေကြည့်ရင်း ခြေရာ ခံလိုက်သည်ဆိုလျှင်ပင် အင်းစိန်ရွာမပိုင်း၏ ချောင်ကျသော ခြံတစ်ခြံတွင် အရေးကြီးသော လူတစ်ယောက်ကို တွေ့လိုက်ရ၍ ထွန်းလွင် အံ့ဩမိချေတော့ သည်။

တနင်္သာရီတိုင်းအတွင်းတွင် ထင်ရှားကျော်ကြားသော ဆိုင်းရင်းသား လက်နက်ကိုင် သောင်းကျန်းသူ ခေါင်းဆောင် တစ်ဦး ဖြစ်နေသောကြောင့်ပင်။

လိုအပ်သောအစီစဉ်ဖြင့် ကွပ်ကဲဌာနချုပ်သို့ အချိန်မီ သတင်းပေးပို့ခဲ့သည်တိုင် စောင့်ကြည့်ရမည်ဟု ညွှန်ကြားချက် အမိန့်ရသဖြင့် ထွန်းလွင် ရင်တထိတ်ထိတ်နှင့်ပင် စောင့်ကြည့် နေခဲ့ရတော့သည်။ သိပ်ကြာကြာ မစောင့်လိုက်ရ၊ တစ်ပတ်ခန့် အကြာတွင် ဦးအောင်မြင်က တိုးတိုးတိတ်တိတ်ခေါ်၍ အသိပေး ညွှန်ကြားတော့သည်။

'နည်းနည်းအရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ယောက်ပဲ မောင် ထွန်းလွင်၊ သူ့ ထိုင်းဘက်ကို ကူးလိမ့်မယ်၊ မောင်ထွန်းလွင်ရဲ့ အစီအစဉ်နဲ့ သူတို့ကို လိုက်ပို့ပေးလိုက်ပါ'

'ဟုတ်ကဲ့ ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့ အရည်အချင်းကို ဦး ယုံကြည်တယ်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

ကွပ်ကဲဌာနချုပ်၏ ခွင့်ပြုချက် ရယူပြီးလျှင် ထွန်းလွင်သည် ထိုပုဂ္ဂိုလ်နှင့် နောက်လိုက်နှစ်ဦးကို ကားအဆင့်ဆင့် မော်တော်အဆင့်ဆင့်ဖြင့် ဂျိုင်းမြစ်ဝအထိ လိုက်ပို့လိုက် ရသည်။ သူတို့နှင့်အတူ ရာတန်ငွေစက္ကူများကိုလည်း ဂုံနီအိတ်နှင့်ထည့် ယူသွားကြသေးသည်။ သူတို့နယ်အတွင်းရောက်မှ လှည့်ပြန်ခဲ့ရပြီး ဖားအံမှတစ်ဆင့် ရန်ကုန်သို့ လေကြောင်းဖြင့် ချောချောမောမော ပြန်ခဲ့ရသည်။

အန္တရာယ်မကင်းသောအလုပ် ဖြစ်သော်လည်း ကွပ်ကဲမှုဌာနချုပ်အတွက် တိကျခိုင်မာသော အထောက်အထား များနှင့် အဖိုးတန်သတင်းတစ်ခုဖြစ်သလို၊ ဦးအောင်မြင့်၏ ချီးကျူးယုံကြည်မှုကိုလည်း ထွန်းလွင် ခံယူရပြန်သည်။

* * *

ဆူးလေဘုရားလမ်း အလုပ်တိုက်၏ သီးသန့်ခန်းတွင် ထိုင်ရင်း သတင်းစာတစ်စောင်ကို စိတ်ရှည်လက်ရှည် ဖတ်နေလိုက်မိသည်။ မျက်နှာဖုံးသတင်းအနေဖြင့် မြစ်ဝကျွန်းဆော်ပိုင်းတွင် အသစ်စက်စက် တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်သော ဆီစက်နှင့် ဆန်စက်သတင်းကို ဖော်ပြပါရှိသည်သာ မဟုတ်သေး၊ ထိုဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးနေသော အမတ်မင်း၏ဓာတ်ပုံကိုပင် ဖော်ပြပါရှိသည်ကို တွေ့လိုက်ရ၍ ထွန်းလွင် ပြုံးနေလိုက်မိသည်။

ထွန်းလွင်၏ တိကျမှန်ကန်သော ကြိုတင်သတင်းများသည် ခင်မြင့်မြင့်အကူအညီနှင့် အောင်မြင်စွာ ရယူနိုင်ခဲ့၍



ခင်မြင့်မြင့်ကိုလည်း ကျေးဇူးတင် သတိရလိုက်မိတော့သည်။

ခင်မြင့်မြင့် တယ်လီဖုန်း နံပါတ်ကိုလှည့်၍ ခေါ်လိုက်လျှင်ပင် ခင်မြင့်မြင့်ကို အဆင်သင့် တွေ့ရသည်။

'ပြောပါရှင်'

'ထွန်းလွင်ပါ မမရယ်'

'ဘာကိစ္စရှိသလဲ'

'ကိစ္စရှိမှ ဆက်ရတော့မှာလား မမရဲ့'

'မသိနိုင်ဘူး ရှင်ရယ်၊ သူဌေးသမက် ဆိုတော့'

'မမနော်၊ မဟုတ်တာတွေ မပြောနဲ့'

'ဓာတ်လိုက်မင်းသားကိုတော့ အမြဲ သတိရပါတယ်'

'ကျွန်တော်ကလဲ အမြဲသတိရပါတယ် မမရယ်'

'ဘာလဲ အရက်သောက်ချင်တယ် ထင်တယ်'

ခင်မြင့်မြင့် အဖြေများကတော့ ရဲတင်းလွန်းလှသည်။

'မဟုတ်ပါဘူးခင်ဗျာ'

'ဒါဖြင့်ရင်လဲ ပြီးရောပေါ့'

ခင်မြင့်မြင့်က မကျေမနပ်သံမျိုးနှင့်ပြော၏။

'ကျွန်တော် အားတဲ့ရက်မှာ လာခဲ့ပါအုံးမယ်'

'မလာခဲ့နဲ့ ရှုပ်တယ်'

ပြောပြောဆိုဆို တစ်ဖက်မှ ခင်မြင့်မြင့် တယ်လီဖုန်းချသွား၍ ထွန်းလွင်ကလည်း မချင့်မရဲနှင့် ချလိုက်ရတော့သည်။

'ယူ ဘယ်သူနဲ့ ပြောနေတာလဲ'

ထွန်းလွင် မော့ကြည့်လိုက်သောအခါ စုစုကို မျက်နှာထားတင်းတင်းနှင့် ခါးထောက်နေသည်ကို တွေ့လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုက်....ဘယ်အချိန်က ရောက်နေပါလိမ့်'

စိတ်ထဲတွင် ရေရွတ်လိုက်ရင်း ခေါင်းကိုသာ ကုတ်ဖွနေလိုက်မိသည်။

'မေးနေတာ မကြားဘူးလား'

ဒုတိယအကြိမ်တွင် သူ့အသံက ဟိန်းထွက်လာသည်။

'ကြားပါတယ် စုစုရယ်၊ ကျောင်းမတက်ဘူးလား'

'စုစုမေးတာကို ဖြေစမ်းပါ'

'အလုပ်ကိစ္စနဲ့ အမြတ်တော်ကြေးရုံးကို ဆက်တာပါ'

'စုစုကို မညာနဲ့နော်၊ မရဘူး'

'မညာပါဘူး စုစုရယ်'

'အမြတ်တော်ကြေးရုံးကို ပြောတာကလဲ မမရယ် ဘာရယ်နဲ့ 'ညု' ပြောရသလား'

'ဩော်....မဟုတ်ပါဘူး'

'ဘာမဟုတ်ဘူးလဲ၊ အခု အဲဒီကို ပြန်ဆက်စမ်း'

ထွန်းလွင် အဖြေကြပ်သွားမိတော့သည်။

'စုစု ထမင်းစားခဲ့ရဲ့လား၊ မစားရသေးရင် အောက်ထပ်က.....'

'စကားမရှည်နဲ့ အခုချက်ချင်း ဟိုနံပါတ်ကို ပြန်ခေါ်ပေးစမ်း'

'စုစု ဘာတွေ လုပ်မလို့လဲ'

'စုစု သိချင်တယ်'

'စုစု သိချင်ရင် ပြောပြမှာပေါ့၊ ဘာဖြစ်လို့ ဒီလောက်စိတ်တိုရတာလဲ စုစုရယ်'

'ယူ့ အဟုတ်ပြောမှာလား၊ မညာရဘူးနော်'



မျက်မှောင်ကလေးကို ကုတ်၍ လက်ညှိုးကလေးကိုထောင်
း ချစ်စရာ အမူအရာကလေးနှင့် ပြောလာသည် ဖြစ်၍
န်းလွင်က အာမဘာန္တေ ခံလိုက်ရတော့သည်။

အောက်ထပ် တရုတ်ဟိုတယ်မှ အစားအစာများကို
န်းလွင်က အခန်းထဲတွင် မှာယူစားသောက်ရင်း သူ့ကိုနှစ်သိမ့်
သည်။

'စောစောက ပြောနေတာ အပြတ်ခွန်ရုံးက အမျိုးကြီး
င်ယောက်ပါ၊ အလုပ်ကိစ္စနဲ့ ပတ်သက်ပြီး နည်းနည်းပါးပါး
င်နိုးနေတော့ အလိုက်သင့်အောင် ချော့ရတဲ့သဘောပါ'

'ယူ့ တကယ်ပြောတာလား'

သူက စားရင်းနှင့် မယုံသလို မေးပြန်သည်။

'စုစုကို ဘယ်တုန်းက ညာဖူးလို့လဲ၊ ပြီးတော့ ညာစရာလဲ
ိုပါဘူးလေ'

သူ ကျေနပ်သွားဟန်နှင့် ပြုံး၍ခေါင်းငြိမ့်ပြသည်။

သူကျေနပ်သွားတော့မှပင် ထွန်းလွင်က အစားကိုသာ
တစိုက် စားနေလိုက်မိသည်။

'စုစု ယူ့ကိုယ်ရေးကိုယ်တာကို ဝင်ပြီး စပ်စုမိတာကို
ိမဆိုးနဲ့နော်'

သူ စိတ်ထင်သည့်အခါတွင် တောင်းပန်တိုးလျှိုးသော
သံကလေးများနှင့် ဆိုလာပြန်တတ်သော အကျင့်ကလေး
သည်း ထွန်းလွင် မကြာခဏ ကြုံရတတ်သည်။

'ဆိုးတယ်ကွာ မစပ်စု'

သူက အသံလွင်လွင်ကလေးနှင့် ရယ်လိုက်သည်။

'ယူ့ဘယ်တော့မှ စုစုကို စိတ်ဆိုးမှာ မဟုတ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင် သူ့မျက်နှာကလေးကို ကြည့်ရင်း ပြုံး
သည်။

'ပြီးတော့ စုစု စေတနာ့ကလဲ ယူ့အပေါ်မှာ အမြဲပြုစုခ
တယ်၊ သန့်ရှင်းတယ်'

'ဟား.....ဟား.....ဟာ.....ဟား'

ထွန်းလွင်က ပြက်လုံးတစ်ခုအလား အသံထွက်အော
ပင် အော်ရယ်လိုက်မိသည်။

'ယူ မရယ်နဲ့ စုစု မကြိုက်ဘူး'

သူက ရှုမြွေကြီးတစ်ခုသားနှင့် ထမ်ပြောလိုက်တော့
ထွန်းလွင်က မျက်နှာပိုး သပ်လိုက်ရသည်။

'တစ်ခါတစ်လေ ယူက စုစုစေတနာကို နားမလည်
ဘူး'

'အင်း.....ဆိုပါဦးဗျာ'

'မနောက်နဲ့ စုစု တကယ်ပြောနေတာ'

'အင်း.....'

'ယူရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုတာ စုစုမှာ စေတနာ
အပြည့်နဲ့ပါကွာ'

ထွန်းလွင်က သူ့စကားကို နားထောင်ရင်း အစား
အသောက်ကိုသာ ငုံ့စားနေလိုက်မိသည်။

'ယူ့ကို ရှုပ်ရှုပ်ရှက်ရှက် မိန်းမတွေက အနိုင်ယူသွားမှာ
စုစု စိုးရိမ်တယ်'

'ဟင်.....'

ထွန်းလွင်သည် စွန်းခက်ရင်းကို ပုဂံပြားပေါ် ပြန်
ထားလိုက်ရင်း သူ့မျက်နှာကလေးကို မော့ကြည့်လိုက်မိသည်။



လှပသော မျက်လုံးပြာကြီးများနှင့် မျက်တောင်ကော့ကြီးများ
ပင် တည်ငြိမ်နေသည်ကို သတိပြုမိ၍ သူ့ကိုထပ်၍ စ,ရနောက်
ရမည့်အရေးကိုပင် ခေါင်းထဲမှ ဖယ်ရှားလိုက်ရ တော့၏။

'ယူက လူတော်လူကောင်းတစ်ယောက်ပါ၊ ပြီးတော့
လူတစ်ယောက်ကို ဘယ်တော့မှ မချိုးကျူးဘူးတဲ့၊ ဒယ်ဒီ
ကတောင် ယူ့ကို သိပ်ချီးကျူးတာပဲ'

'ဩော်.....အင်း.....အင်း'

'ဒါပေမဲ့ ယူက ဘဝင်မမြင့်နဲ့'

သူ့အသံက တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်၍ ထွန်းလွင်
က သူ့ကို အကဲခတ်သလို ကြည့်လိုက်မိသည်။

'ယူဟာ ရိုးရိုးသားသား လူတော်လူကောင်းတစ် ယောက်
ဖြစ်ပေမဲ့ ပရိယာယ်များတဲ့ မိန်းမတွေနဲ့တွေ့ရင်၊ နစ်မွန်းသွားနိုင်တဲ့
ယူ့ဘဝကို စုစု မကြည့်ရက်ဘူး'

'အစိုးရိမ်ကြီးရှာတဲ့ မိန်းကလေးရယ်'

ထွန်းလွင်က ရင်ထဲတွင် လှိုက်လှိုက်လှဲလှဲ ရေရွတ်
လိုက်မိတော့၏။ ဖခင်လုပ်သူ ဦးအောင်မြင့်က 'မိချောင်းကို
ရေကူးသင်သည်' သမီးဖြစ်သူ စုစုက 'ဘုန်းကြီးကို စာချ'
နေပြန်သေးတော့၏။ မည်သို့ပင်ဖြစ်စေကာမူ၊ စုစု စေတနာ
ကိုတော့ ထွန်းလွင်၏ အသည်းနှလုံးမှ လှိုက်လှိုက်လှဲလှဲပင်
အသိမှတ်ပြုရသည်နှင့်အတူ ခြားနားရလွန်းသောဘဝကို သတိရ
နေမိ၏။

'ယူ မျက်နှာလဲ မကောင်းဘူး၊ စုစုပြောတာတွေ
လွန်သွားသလားဟင်'

ထွန်းလွင်က ပြုံး၍ ခေါင်းကိုဖြည်းညင်းစွာ ရမ်းပြ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

“စုစုစေတနာတွေကို ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲပဲ ယုံကြည်လက်ခံထားပါတယ်”

တကယ်လည်း ရင်ထဲမှ ခံစားမိသည့်အတိုင်း ပြောလိုက်မိခြင်းဖြစ်၏။

‘ယု ဒီလို နားလည်တယ်ဆိုရင် စုစု ပျော်တယ်’

‘စုစုကို အမြဲပျော်ရွှင်ချမ်းမြေ့စေချင်တာက ကျွန်တော့်ဆန္ဒ၊ ကျွန်တော့်ရင်ထဲက စေတနာ’

‘ယု ပြောတာတွေ ပိုလာပြီနော်’

ချစ်စရာမျက်စောင်းကလေးများ ချိတ်၍သာမဟုတ်၊ မျက်မှောင်ကလေးကိုပင် ကုတ်ထားလိုက်ပြန်သည်ကို တွေ့ရတော့လည်း ရင်ထဲတွင် မောမိသည်။

‘ငါ့ဘဝမှာ ငါ့ရင်ထဲက အသည်းနှလုံးအတွက် ဦးစားမပေးနိုင်ပါဘူး မိန်းကလေးရယ်’

သူ့ကိုကြည့်ရင်း ထွန်းလွင်၏ ရင်ထဲတွင်သာ ကျိတ်၍ ပြောလိုက်မိခြင်း ဖြစ်တော့၏။နှုတ်မှဖွင့်ဟ၍ ပြောရသော စကားသည် ဦးနောက်၏ စေစားချက်များအရသာဖြစ်၏။ ထွန်းလွင်၏ဘဝတွင် ဦးနှောက်နှင့် အသည်းနှလုံးဆိုသည်မှာ ယှဉ်တွဲဆုံးဖြတ်နိုင်ခွင့် ရှိခဲ့သည် မဟုတ်။ တစ်သီးတစ်ခြားစီ ကန့်သတ်ထားရှိ ရသည်လည်းဖြစ်၏။

* * *

ညနေပိုင်းတွင် ဦးအောင်မြင် ဂေါက်ရိုက်မည့် အရိပ်အခြေကို ကြိုတင်ခန့်မှန်း သိရှိလိုက်ရ၏။ စုစုကို ဂေါက်ရိုက်ရန် သွေးဆောင်ရပေဦးမည်။ ဦးအောင်မြင် ဂေါက်ရိုက်လျှင် ထွန်းလွင်ကို ခေါ်လေ့မရှိ။ အရေးကြီးသော အထက်ဆုံးလွှာမှလူပုဂ္ဂိုလ်အချို့ကို ဂေါက်ကွင်းတွင် စတင်ထိုးဖောက်ရင်းဆက်သွယ်လှုပ်ရှားလေ့ရှိသော ဦးအောင်မြင်၏ခြေရာကို ထွန်းလွင်ကိုယ်တိုင် သိနားလည်ထားပြီးဖြစ်၏။



ထွန်းလွင်တစ်ယောက်တည်း ချဉ်းကပ် စုံစမ်းလျှင်လည်း မရသည်တော့မဟုတ်၊ သံသယကင်းသည်ထက် ကင်းအောင် လှုပ်ရှားခွင့်ရလျှင် အကောင်းဆုံးဖြစ်၏။

ညနေပိုင်းကျောင်းမှ အိမ်ပြန်ရောက်လာသော စုစုကို ကပ်၍ စည်းရုံးသွေးဆောင်ရတော့သည်။

‘အခုတလော စုစု ဂေါက်ရိုက်တာတောင် မတွေ့ရတော့ဘူး၊ ဘာဖြစ်လို့ မရိုက်တာလဲ’

‘အင်း....ဟုတ်တယ်၊ ကြာပြီ၊ ယု ဂေါက်(ဖ်)ဆက်ထမ်းပေးမှာလား၊ စုစု ပရိုက်တစ်(စ်) လုပ်ချင်တယ်ကွာ’

‘ထမ်းပေးမှာပေါ့’

‘တကယ်နော်’

‘တကယ်ပေါ့’

သူ့ကို သိပ်ကြာကြာ စည်းရုံးသွေးဆောင်ရသည်မရှိ။ တစ်ခါတစ်ရံ မြှောက်ပေးလိုက်လျှင်လည်း ရတတ်သည်။

ဂေါက်ရိုက်သောအခါ ဝတ်သောဝတ်စုံကို ဟိတ်ကြီးဟန်ကြီးနှင့် သူက ဝတ်ဆင်၍ အကောင်းဆုံးအမျိုးအစား ဂေါက်ရိုက်တံထည့်သော အိတ်ကြီးကို ထွန်းလွင်က လွယ်ရင်း သူ့နောက်ကလိုက်ရသည်။ အင်းစိန်ဂေါက်ကွင်းတွင် ဦးအောင်မြင်တို့ လူသိုက်ကိုလည်း စုံစုံစေ့စေ့ တွေ့မြင်ရသည်။ ဝါရင့်လျှို့ဝှက်ထောက် လှမ်းရေးသမားတစ်ယောက် အဖို့တော့ သူ့တို့ပြော

www.burmeseclassic.com

www.burmeseclassic.com



စကားများကို ပြည့်စုံအောင် နားထောင်ရမှ အကဲခတ်နိုင်သည် မဟုတ်၊ ဆက်သွယ်တွေ့ဆုံသူများကို ကြည့်လိုက်သည်နှင့်ပင် ဦးအောင်မြင်၏ခြေလှမ်းကို အကဲခတ် အနက်ကောက်နိုင်ပြီ ဖြစ်၏။

ဂေါက်ကွင်းအပြင်တွင် ရပ်ထားသော အဖိုးတန်ကားများကို တစ်ချက်လှမ်းကြည့်လိုက်သည်နှင့်ပင် ဂေါက်ကွင်းထဲတွင်ရှိနေမည်ဖြစ်သော လူပုဂ္ဂိုလ်များကို မျက်စေ့ထဲတွင် မြင်ယောင်ပြီးသား ဖြစ်သွားတော့၏။ ဤအလေ့အကျင့်မှာ အလွန်ကြိုးစားရယူထားရသော အတွေ့အကြုံများဖြစ်၏။

ဦးအောင်မြင်ကို လူသိုက်နှင့် ခပ်ဝေးဝေး ရောက်ပြီဆိုလျှင်ပင် ထွန်းလွင် ကျေနပ်သွားမိပေပြီ။ ဦးအောင်မြင်တို့ကတော့ (၁၈)ကွင်းအထိ 'စိမ်' နေကြအံ့ဖြစ်သည်။

'မောတယ်ကွာ'

သိလိုသောကိစ္စ ပြီးသွားပြီဖြစ်၍ ထွန်းလွင်က ဂေါက်အိတ်ကို မြေပြင်ထက်သို့ချလိုက်ပြီး သူကိုယ်တိုင်လည်း မြေကြီးပေါ်တွင် ခြေဝစ်လက်ပစ် ထိုင်ချလိုက်ရင်း ပြောလိုက်သည်။

'ယူ……ဘယ်လိုဖြစ်တာလဲ'

'မောလွန်းလို့'

ထွန်းလွင်က ငါးသုံးလုံးစီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း ထိုင်ရာမထ ပြောလိုက်သည်။ အခုမှ (၇) ကွင်း သာရောက်သေးသည်။

'ထပါကွာ၊ စုစု လက်တွေ့နေလို့ပါ'

'ခေါင်းမူးတယ်ကွာ၊ ပြီးတော့ ဖျားချင်သလိုလိုပဲ'

စုစုက ထွန်းလွင်အနီးကပ်လာပြီး နဖူးကို သူ့လက်ဖွေး



ဖွေးနုနုကလေးနှင့်အုပ်၍ စမ်းလိုက်သည်။

'ယူ……မညစ်နဲ့ကွာ ထ'

ထွန်းလွင်က မလှုပ်။

'ခေါင်းမူးတယ်လဲ ပြောသေးတယ်၊ စီးကရက်လဲ လက်ကမချဘူး၊ ပြီးတော့ ယူ့ကိုယ်မှာ ဖျားသွေးလဲ မရှိဘဲနဲ့ စုစုကိုညာတယ်'

'ဂေါက်အိတ်ကြီး ထမ်းရတာ လေးတယ်'

ထွန်းလွင်က ဆင်ခြေသစ်တစ်ခု ထပ်ပေးလိုက်ပြန်သည်။

'မလိုချင်ဘူး အခုထ'

'မထဘူးကွာ၊ ချာတိတ်တစ်ယောက်ယောက် ခေါ်ပေးမယ်'

'မလိုချင်ဘူး၊ ယူကိုယ်တိုင် ထမ်းရမယ်'

'စုစုက မသနားဘူးပေါ့နော်'

'မသနားပါဘူး၊ အစက ရောဘတ်တို့နဲ့ တင်းနစ် ရိုက်ဖို့ ချိန်းထားတာ၊ ယူ အစဖော်ပေးလို့ စုစု ဂေါက်ရိုက်ဖြစ်တာ သိလား'

ထွန်းလွင်သည် ထိုင်ရာမှ မထဘဲ အကြောင်းပြချက်တစ်ခုကို ထပ်စဉ်းစားနေလိုက်ပြန်သည်။

'ယူ……ဉာဏ်မများနဲ့ ထ,ဆို အခုထ'

ဂေါက်ရိုက်တံဖြင့် ဗိုက်ကို ထိုးရင်း လာဆော်နေသော သူ့အမိန့်ကို မလွန်ဆန်နိုင်တော့၍ ထိုင်ရာမှ ထလိုက်ရင်း ဂေါက်အိတ်ကို ကျောပေါ်လွယ်လိုက်ရတော့၏။

'ဟင်……စုစုကို ဒီလိုညာလို့ ဘယ်ရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူက ကြိမ်းဝါးရင်း ဆက်ရိုက်ပြန်သည်။ဦးအောင်မြင် တို့ ဂေါက်ကလပ်ထဲ ပြန်ဝင်၍ အမောပြေ ဘီယာစုပ်အပြီး ပြန်သွားကြသည့်တိုင် စုစုဓာစ်ယောက် လက်တွေ့နေဆဲ ဖြစ်၏။

ထွန်းလွင်မှာ ကိုယ့်အတာတ်နှင့်ကိုယ်စူးနေသလိုဖြစ်၍ ဂေါက်အိတ်ကိုလွယ်ရင်း လိုက်ရတော့သည်။

○

## အခန်း (၁၆)

ဦးအောင်မြင်၏ တာဝန်ပေး စေခိုင်းချက်အရ နောက် ယောင်ခံလုပ်ငန်းများကိုလည်း ထွန်းလွင် ပြတ်တောင်းပြတ် တောင်း လုပ်ပေးနေရ၏။ ဆူးလေဘုရားလမ်း အလုပ်တိုက် အပါအဝင် ဦးအောင်မြင် နေအိမ်တွင်းနှင့် ပတ်ဝန်းကျင် စီးပွား ရေး လုပ်ငန်းများအားလုံးအပေါ်အထိ ထွန်းလွင် ဩစာညောင် ခဲ့ပေပြီ။ နံနက် ၁၀ နာရီခွဲခန့်တွင် ဆူးလေဘုရားလမ်း အလုပ် တိုက်၏ သီးသန့်ခန်းမှထွက်၍ အလုပ်တိုက်ရှေ့တွင် ရပ်ထား သော လင့်ရိုဟာကားပေါ် သို့တက်လိုက်ပြီးအင်းလျား မြိုင်နေအိမ် ထမင်းစားပြန်ရန် အစပျိုးလိုက်သည်။

ဆူးလေဘုရားလမ်းပေါ်မှ ဗိုလ်ချုပ်လမ်းပေါ် ရောက် သည်နှင့်ပင် နောက်မှလိုက်လာသော အိုပယ်ကားကလေးကို ဝဲအာက်ကပ်၍ ကျော်တက်နိုင်ရန် လမ်းပေးလိုက်သော်လည်း အပြာရောင် အိုပယ်ကားကလေးက ကျော်မတက်။

ထွန်းလွင်က စိတ်ထဲတွင် ထင့်သွားမိသလို ခံစားမိ၍ လေဟာပြင်ဈေးကို ကွေ့ပတ်၍ သိမ်ကြီးဈေးဘက်သို့ ကားကို ဦး ချသည့်လိုက်တော့သည်။ သိမ်ကြီးဈေးနှင့် အနော်ရထာလမ်း



ထောင့် မီးပွိုင့်တွင် အိုပယ်ကားကလေးသည် ထွန်းလွင်ကား နောက်တွင် ကပ်လျက်သား မီးစိမ်းကို စောင့်နေကြောင်း နောက် ကြည့်မှန်ထဲမှ တွေ့လိုက်ရပြန်သည်။

မီးပွိုင့်မှ မီးစိမ်းပြလိုက်လျှင် ထွန်းလွင်က အနော်ရထာ လမ်းအတိုင်း ဆင်းလိုက်သောအခါ ကပ်ပါလာပြန်သည်ကိုတွေ့ ရပြန်တော့၏။

'ငါ့ကိုများ ရှဲဒိုး လုပ်နေသလား'

သေချာသည်၊ ရေရာသည် မဟုတ်သည့်တိုင်အောင် စိတ်ထဲတွင် သံသယ ဝင်သွားမိသည်။ စိတ်ထဲတွင် တန်ပြန် စမ်းသပ်မှု (COUNTER CHECK) ပြုလုပ်ရန် ဆုံးဖြတ်လိုက် ရတော့၏။ အရှိန်ကို မသိမသာမြှင့်၍ ဆေးကျောင်းရှေ့မှပတ်ရင်း ပြည်လမ်းမကြီးပေါ်သို့ တက်လိုက်သောအခါတွင် နောက်မှ အရှိန်မြှင့်၍ လိုက်လာသော ကားပြာကလေးကို တွေ့လိုက်ရ တော့မှ ပို၍ စိတ်ချမိတော့၏။

'ငါ့ကိုတော့ (Shadow)လုပ်နေတာ သေချာပြီပဲ' ဖတ်ထ ရက် တိုက်ပုံအင်္ကျီ၏အောက်တွင် ပုခုံးစလွယ်နှင့် လွယ်ထားသော ဝေါ(လ်)သာပစ္စတိုကို လက်ဖြင့် မသိမသာ စမ်းရင်း စိတ်ထဲမှ ရေရွတ်လိုက်၏။

ကားကို မြေနီကုန်း 'တံခွန်' ဟိုတယ်ရှေ့တွင်ရပ်၍ ထွန်းလွင် ဟိုတယ်ထဲသို့ ဝင်လိုက်သည်။ ငွေသိမ်းကောင် တာ တွင် ထိုင်နေသော မျက်နှာသိ ဟိုတယ်မန်နေဂျာကို နံနက်စာ အတွက် လိုအပ်သည်များကို မှာကြားလိုက်ပြီး အပေါ်ထပ်သီး သန့်ခန်းဆီသို့ ဣန္ဒြေမပျက် တက်သွားလိုက်သည်။ ကားပြာ ကလေးမှာ ထွန်းလွင်၏ ကားနောက် မလှမ်းမကမ်းတွင် ရပ်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်ကို အပေါ်ထပ် မှန်ပြူတင်းမှ ဆီး၍ပင် မြင်လိုက်ရသည်။

တစ်စင်းတည်းသာမဟုတ် (၃)စင်းဟုပင် ထင်ရသည်၊ နေရာယူထားပုံကိုက ထူးခြားနေသည်။ လမ်း၏ တစ်ဘက်တစ်ချက်တွင် ညှပ်ထားကြသည်ကို တွေ့ရ၏။အဖြစ်နိုင်ဆုံးမှာ မီးခိုးရောင် ဂျစ်ကားတစ်စင်း၊ အခြားတစ်စင်းမှာ ဖီးယက် အနက်ကလေး။ဖီးယက်ကားကလေးမှာ ဖြစ်နိုင်ဖွယ်ရာ ရှိသည်ဟု သာ ထင်ရသည်။ ရေရာသည်တော့ မဟုတ်သေး။

မှာထားသော နံနက်စာများကို စားရင်း ထွန်းလွင် စိတ်ထဲတွင် အမျိုးမျိုး စဉ်းစားနေမိတော့သည်။

'ကွပ်ကဲမှုဌာနချုပ်ကများ ဖြစ်လေမလား'

'ဦးအောင်မြင်၏ ဆန့်ကျင်ဘက် အင်အားစု တစ်ခုခုက ပေပဲလား'

'ဦးအောင်မြင် ကိုယ်တိုင်ကပဲ ခိုင်းထားသလား'

ထွန်းလွင် စဉ်းစားရင်း တွေဝေနေလိုက်မိသည်၊ မည်သို့ပင်ဖြစ်စေကာမူ 'ကျားနှင့်ဆင်' သည် လယ်ပြင်တွင် ဆုံမိခဲ့ကြပြီဖြစ်၏။ စဉ်းစားတွေးတောရုံဖြင့် တိကျသောအဖြေ ရနိုင်သောအချိန်အခါ အခြေအနေမျိုး မဟုတ်၍ ခိုင်လုံ တိကျသောအဖြေအနေတစ်ခုကို ဖြစ်အောင် (တန်ပြန် ထိုးဖောက်ရန်) ပြင်ဆင်ရတော့၏။

စားသောက်အပြီးတွင် စီးကရက်ခဲ၍ ကားပေါ်သို့ ဤကြေမပျက်တက်ပြီး မောင်းထွက်လိုက်သောအခါ ထွန်းလွင် အတွေးမှန်သည်ဟု နားလည်လိုက်ရတော့သည်။ သည် တစ်ကြိမ် လိုက်ပါလာသူက မီးခိုးရောင်ဂျစ်ကား ကလေး အလှည့်ဖြစ်၍ အပြာရောင်



ဖီးယက်ကားကလေးက နောက်ချန် နေခဲ့တော့သည်။ ထွန်းလွင်သည် သွားရမည့်နေရာကို စဉ်းစားရင်း မြေနီကုန်း၌ နေထိုင်သောဦးအောင်မြင်၏ နံပါတ်မဲ့ ဖနီးတစ်ယောက် နေမကောင်းသည်ကိုသတိရ လိုက်မိ၍ ကားကို အဆိုပါအိမ်ဘက်သို့ မောင်းခဲ့သည်။

အတော်အတန် သက်သာလာပြီဖြစ်သော ဦးအောင်မြင်၏ အမျှောင်ဇနီးသည်ကို ဝတ်ကျေဝတ်ကုန် မေးမြန်း အပြီးတွင်ကားကို မြို့ထဲပြန်မောင်းရန် ဗိုင်းဖြတ်လိုက်သည်။

အကယ်၍ ဤသို့သော အိမ်တစ်အိမ်ကိုမှ မဝင်ဘဲလျှောက်မောင်းမည်ဆိုလျှင် လိုက်နေသောသူများက သူ့တို့ကို တန်ပြန်စစ်ဆေးနေကြောင်းကို ရိပ်မိကြမည်မှာ မုချပင်။

ဘောင်ဒရီလမ်းလို လမ်းကျဉ်းကျဉ်းကလေးများ အထိတည်း သူတို့သည် ထွန်းလွင်ကားနောက်ကို သဲသဲမဲမဲ လိုက်ကြသည်ကို သတိပြုမိသည်။ ထွန်းလွင် ကားကို အရှိန်လျှော့လျှင်သူတို့က လိုက်လျှော့၍ အရှိန်တင်လျှင် သူတို့က လိုက်တင်ကြသည်။ ဂျစ်ကားမီးခိုးရောင်ကလေးက ဦးဆောင်လိုက်ပါသဲဖြစ်၏။ အလွန်လူပြတ်သောလမ်းများ ဘက်သို့ ထွန်းလွင်မောင်းရန် စိတ်မကူးရဲ။ အဆင်မသင့်လျှင် အမေရိကန် ရုပ်ရှင်ကားများထဲကလို ကားချင်းယှဉ်၍ သေနတ်တွေ စွတ်ပစ်လိုက်လျှင်ခက်ဦးမည်။ အတတ် မပြောနိုင်၊ ပစ်လို လျှင်လည်း ပစ်ဦးမည်။ ဇလိုလားအပ်သော စွန့်စားမှုမျိုးကို ထွန်းလွင် စဉ်းစားရန်စိတ်ကူးလေ့ မရှိပေ။

ဘောင်ဒရီလမ်းမှ ကားကို ခပ်မှန်မှန် ဤကြေမပျက်မောင်း၍ ဗိုလ်ချုပ်ဈေး ပလက်ဖောင်းတွင် ထိုးရပ်ပြီး ဗိုလ်ချုပ်ဈေးထဲသို့လှည့်ပတ် လမ်းသလားလိုက်သောအခါတွင် သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှဆင်း၍ပင် ခြေလျင် နောက်ယောက်ခံလုပ်ငန်း
ဆက်ဆောင်ရွက်ကြပြန်တော့သည်။

ဗိုလ်ချုပ်ဈေး၏ အတွင်းလမ်းမကြီးပေါ်သို့ ခပ်မှန်မှ
သွားနေရာမှ အမှတ်မထင်နောက်သို့ လှည့်လျှောက်လိုက် သေ
အခါ သူတို့ကို ပက်ပင်း၊ မျက်နှာချင်းဆိုင်တိုးမိတော့သည်
အံ့သြစိုးရိမ်သော သူတို့မျက်နှာထားများကိုလည်း တိုတောင်းသေ
အချိန်ပိုင်းအတွင်းတွင် မှတ်သားထားလိုက် မိပြီးဖြစ်၏။ ထွန်းလ
နောက်ပြန်လှည့်သည်က ဝယ်စရာရှိသောဆိုင်ကို အမှတ်တ
လွန်လျှောက်မိခဲ့သော ပုံစံမျိုးဖြစ်၍ တန်းတန်းမတ်မတ်
ဆိုင်ထဲသို့ ဟန်မပျက်ပစ္စည်းတစ်ခု ဝင်မေးလိုက်တော့မှ သူ
စိတ်အေးသွားကြပုံရသည်။

အမေရိကန်စုံထောက် ဇာတ်ကားများထဲမှ တွေ့ရသေ
စုံထောက်ကျော်များ၏ ပုံစံများအတိုင်း၊ မျက်မှန်နက်ကြီးမျ
တပ်၍ ဦးထုပ်များကို ခပ်ငိုက်ငိုက်ဆောင်းရင်း ပုံစံယူထ
ကြသည်။ သူတို့ပုံသဏ္ဌာန်များကို မျက်စေ့ထဲတွင် မှတ်သ
ထားလိုက်ရင်း ထွန်းလွင်၏စိတ်ထဲမှ ကြိမ်းဝါးလိုက်၏။

'မင်းတို့ ခပ်ညံ့ညံ့ကောင်တွေပဲ၊ ဒီလိုအဝတ်အစား
ဝတ်ပြီး ဒီလိုလိုက်လို့တော့ မင်းတို့ အရည်အချင်း မရှိတာ
ငါသိတာပေါ့'

ဝယ်ရန် မရည်ရွယ်သော် စုစုအတွက် နံ့သာယပ်တော
ကလေးတစ်ခုကို ဝယ်ယူပြီး ဗိုလ်ချုပ်ဈေးအပေါ် ထပ်
ဣန္ဒြေရရပင် တက်လိုက်တော့သည်။

အပေါ်ထပ်တွင်ရှိသော သွင်းကုန်ထုတ်ကုန် ကုမ္ပဏ
တစ်ခုမှာ ထွန်းလွင်နှင့် ရင်းနှီးနေသောကြောင့် ရုံးခန်းအတွင်း



ကျွမ်းသူအချို့ကို နှုတ်ဆက်အပြီးတွင် တယ်လီဖုန်းပြောခွင့်
တောင်းလိုက်သည်။ သူတို့ တယ်လီဖုန်းမှာ ချောင်ထဲတွင်
ား၍ အဆင် ပြေလှသည်။

'စိတ်တိုင်းကျ ကုမ္ပဏီ၏နံပါတ်ကိုလှည့်၍ မေးလိုက်ရ
သော၏။

'ကျွန်တော်ပါ၊ ထွန်းလွင်ပါ'

'ကျွန်တော် မှာထားတဲ့ပစ္စည်းတွေ ရောက်ပြီလား'

'မင်းသားနောက်ကို 'လူပြက်' ထည့်သလား'

ရယ်ရယ်မောမောနှင့် နောက်သလိုလို မေးလိုက်လျှင်
င် ကိစ္စတစ်ခု ရှင်းသွားတော့သည်။ ကွပ်ကဲမှုဌာနချုပ် အနေဖြင့်
န်းလွင်နောက်သို့ နောက်ယောင်ခံသူမထား ရှိပါဟု ခိုင်မာစွာ
သည်။ ဌာနချုပ် အကူအညီ မလိုအပ်ကြောင်း ပြန်ပြောအပြီး
ယ်လီဖုန်းကို ချလိုက်သည်။ သူတို့ငါးယောက်မှာ တာဝန်ကို
စိတ်မလပ် ထမ်းဆောင် နေကြဆဲဖြစ်၏။

'အင်......မင်းတို့ကိုတော့ ပညာပြရအုံးမယ်'

ထွန်းလွင်စိတ်ထဲတွင် ကြိတ်၍ကြုံးဝါးရင်း ဗိုလ်ချုပ်
း်းတစ်ဖက်ရှိ တရုတ်စားသောက်ဆိုင်တစ်ခုတွင်းသို့ လှမ်းဝင်
က်သည်။

နေ့လည်စာအဖြစ် ကော်ဖီနှင့်မုန့်များကို မှာယူ စားသောက်
ပြီးတွင် ဗိုက်ဆာကို မသိမသာ ကောင်တာသို့ ကပ်ရှင်းလိုက်ရင်း
တာင်ကဲကို ခပ်တိုးတိုး ကပ်ပြောလိုက်သည်။

'အပြင်ခဏ သွားပါရစေ'

လူကြီးလူကောင်းတစ်ယောက်၏ အဆောင်အယောင်
င် ဝတ်စားထားသော ထွန်းလွင်ကို ထောင်ကဲကြီးက ကျေကျေ

www.burmeseclassic.com

www.burmeseclassic.com



နပ်နပ် ခွင့်ပြုလိုက်သည်။ ထွန်းလွင်သည် နောက်ဖေးအိမ်သာ တက်မလိုလို့နှင့် အသင့်ဖွင့်၍ထားသော နောက်ဖေးပေါက်မှ ထွက်လိုက်သည်။ သူတို့အလုပ်နှင့်သူတို့ ရှုပ်နေ ကြသောအလုပ် သမားအချို့မှာ ထွန်းလွင်ကို ဂရုစိုက်၍ပင် မကြည့်အားကြသေ ထွန်းလွင်သည် တရုတ်ဆိုင်ဘက်သို့ တမျှော်မျှော် စောင့်ကြည့်မည် ဖြစ်သော သူတို့ကို မျက်စေ့ထဲတွင် မြင်ယောင်ရင်း ပြုံးလိုက်မိ သည်။

အချိန်မှာ သုံးနာရီကျော်ခန့်ပင် ရှိခဲ့ပြီဖြစ်၍ ဂလုပ်ရုံ အက်သို့ လျှောက်သွားလိုက်ရင်း ဂလုပ်ရုံမှ တယ်လီဖုန်းနှင့် မျက်နှာချင်းဆိုင်ရှိ ဆူးလေဘုရားလမ်း အလုပ်တိုက်သို့ လှမ်းပြော လိုက်သည်။

'ကျွန်တော်ကိစ္စရှိလို့ မိတ်ဆွေတစ်ယောက်ကားနဲ့ လိုက် သွားရတယ်၊ အစုဆေးရုံကြီးက ပြောနေတာ၊ ကျွန်တော့်ကား ဗိုလ်ချုပ်ဈေးရှေ့မှာ ထားခဲ့တယ်၊ အဲဒါ အင်းယားမြိုင်အိမ်လို တစ်ယောက်ယောက်နဲ့ ပို့ပေးလိုက်ပါ'

တယ်လီဖုန်းနှင့်ပြောပြီးလျှင်ပင် ညနေသုံးနာရီခွဲပွဲကိုအထူး တန်းမှ ဝင်ကြည့်နေလိုက်သည်။ ရုပ်ရှင်ပြီးချိန်တွင် တက္ကစီတစ် စင်းနှင့် အိမ်သို့ပြန်လာပြီး ဦးအောင်မြင်ကို စာကြည့်ခန်းတွင် ဝင်တွေ့၍ အဖြစ်အပျက်ကို အစအဆုံးကို အသေးစိတ် ပြောပြ သည်။ ထွန်းလွင်ကို နောက်ယောင်ခံသော လူအရေအတွက် ပုံသဏ္ဌာန်မှစ၍ ကားသုံးစင်း၏ နံပါတ်အထိပင် အသေးစိတ် ပြောပြလိုက်သောအခါတွင် တစ်ချိန်လုံး စိတ်ပါဝင်စားမှု အပြည့် နှင့် တည်တည်ငြိမ်ငြိမ် နားထောင်နေသော ဦးအောင်မြင်၏ တည်ကြည်လေးနက် သောမျက်နှာသည် ကြည်ကြည်လင်လင်ပ



ပြုံးလိုက်တော့၏။

'မောင်ထွန်းလွင်ဟာ တကယ်တော်တဲ့ လူတော် လူ ကောင်းတစ်ယောက်ပါပဲ'

ထွန်းလွင်က သူ့မျက်နှာကို လေးစားစွာ ပြန်ကြည့် လိုက်မိသည်။

'ဦးက မောင်ထွန်းလွင်ကို မညာခံမိလိုက်မိတယ်'

ထွန်းလွင် ငြိမ်နေလိုက်မိရင်း ခေါင်းကို အောက်သို့ ငုံ့ထားလိုက်သည်။

'ဒီအပြုအမူဟာ မောင်ထွန်းလွင်ကို မယုံကြည်လို့ လုပ်တဲ့ အပြုအမူတစ်ခုလို့ မယူဆပါနဲ့'

'ဟုတ်ကဲ့ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့စိတ်ထဲမှာ အနှောင့်အယှက်တစ်ခု လို ဖြစ်သွားမယ်ဆိုရင် ဦးက အလေးအနက် တောင်းပန်ပါ တယ်'

'ကိစ္စမရှိပါဘူးဗျာ'

'ဦး ခိုင်းတဲ့လူတွေဟာ သိပ်ခေတ်တဲ့လူတွေတော့ မဟုတ် ပါဘူး၊ မောင်ထွန်းလွင် မရောက်ခင်က သူတို့ကိုပဲ ဦးခိုင်း နေရတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့ အရည်အချင်းနှင့် ယှဉ်လိုက်ရင် တော့ သူတို့ဟာ မောင်ထွန်းရဲ့ ခြေဖျားကိုတောင် မမီကြဘူး'

'ကျွန်တော် ဒီလိုမယူဆပါဘူး ခင်ဗျာ'

'ဦးကအမှန်အတိုင်း ဝန်ခံတာပါ၊ မောင်ထွန်းလွင်ကို တွေ့ကတည်းက ခြေတောင်မြှောက်ပေးရင် ကိုးတက်လာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ အရည်အသွေးကို ခန့်မှန်းခဲ့မိတာပဲ'

ထွန်းလွင်က မျက်နှာကို အတည်ကြည်ဆုံးထား၍ ငြိမ်နေလိုက်မိတော့သည်။

'ကျောက်သွေးသမားတစ်ယောက်လိုပေါ့ မောင်ထွန်းလွင်၊ ကိုယ်သွေးတဲ့ကျောက်ဟာ သွေးရင်းသွေးရင်းနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အခြေအနေအထိ အောင်မြင်လာရင် ဝမ်းသာရတယ်မဟုတ်လား'

'ဟုတ်ပါတယ်ခင်ဗျာ'

'ဦး ဝမ်းသာတယ် မောင်ထွန်းလွင်၊ မောင်ထွန်း လွင်ဟာ ဦးအတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ ကျောက် ကောင်းတစ်ပွင့်ပဲ'

'ဦးရဲ့ကျေးဇူးကို ကျွန်တော် တစ်သက်မမေ့ပါဘူး ခင်ဗျာ'

'ဝမ်းသာပါတယ် မောင်ထွန်းလွင်'

ဦးအောင်မြင်က တည်ကြည်လေးနက်စွာပင် လှိုက် လှိုက်လှဲလှဲ ပြောလိုက်ခြင်းဖြစ်၏။

'မောင်ထွန်းလွင်ကို နောက်တစ်ခုလဲ ဝန်ခံရဦးမယ်'

ထွန်းလွင်က ဦးအောင်မြင်၏ တည်ကြည်လေးနက်သောမျက်နှာကို လေးလေးစားစား မော့ကြည့်လိုက်သည်။

'လွန်ခဲ့တဲ့လထဲက မောင်ထွန်းလွင် ပဲခူးကို သွားနေတုန်းမှာ ဦး မောင်ထွန်းလွင်ရဲ့အခန်းကို ဝင်မွှေဖို့ မောင်သန်းကို ခိုင်းခဲ့ဖူးတယ်'

ထွန်းလွင်က အလွန်အံ့အားသင့်သော မျက်နှာမျိုးကို ဖန်တီး၍ နားမလည်သလို ကြည့်လိုက်၏။

'မောင်ထွန်းလွင် သတိမပြုမိဘူးထင်တယ်'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်လဲ အမှုမဲ့ အမှတ်မဲ့



ဝါပဲ သတိမထားမိခဲ့ပါဘူး'

ထွန်းလွင်က တန်ပြန်ကွေ့ကောက်လိုက်ရတော့၏။

'မောင်သန်းဟာ အသင့်အတင့် အရည်အသွေးရှိတဲ့ သူခိုးတစ်ယောက်ပါ၊ ဦးက သူ့ကို သူခိုးဘဝက ချွတ်ပြီးမှအလုပ်ပေးထားတာ'

'ဩော်.....ဟုတ်ကဲ့ခင်ဗျာ'

'မောင်သန်း မွှေတာနှောက်တာကို မောင်ထွန်းလွင် သတိ မပြုမိတဲ့အတွက် ဦး စိတ်ထဲမှာ မောင်ထွန်းလွင်ကို ချို့ယွင်းမှု အနေနဲ့ မမြင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဦးရဲ့ အရိပ်အာဝါသအောက်မှာ မောင်ထွန်းလွင် ပကတိ ရိုးရိုးသားသားပဲ နေတာထိုင်တာကိုး'

'ဟုတ်ကဲ့ခင်ဗျာ'

'အားလုံးအပေါ်မှာခြုံပြီး ဦးက တောင်းပန်ပါတယ်၊ မောင်ထွန်းလွင်ရဲ့စိတ်ထဲမှာ အနှောင့်အယှက်မဖြစ်ပါနဲ့'

'လုံးဝ မဖြစ်မိတော့ပါဘူးခင်ဗျာ'

'နောက်အချိန်တွေမှာ မောင်ထွန်းလွင်ကို ဦး ထပ်ပြီး စမ်းသပ်မှာလဲ မဟုတ်တော့ပါဘူး၊ စမ်းသပ်စရာ မလိုအပ်ဘူးလို့လဲ ဦး ယုံကြည်စိတ်ချတယ်လေ'

'ဟုတ်ကဲ့ခင်ဗျာ'

'ကြုံကြိုက်လို့ တစ်ခုထပ်ပြောရဦးမယ် မောင်ထွန်းလွင်'

'ဟုတ်ကဲ့၊ အမိန့်ရှိပါခင်ဗျာ'

'တစ်ချို့အလုပ်ကိစ္စတွေမှာ အကြောင်းအရာ ပြည့်ပြည့်စုံစုံ မပြောတဲ့ လိုအပ်တာလောက်ကိုပဲ ဦးက နိုင်နဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ခင်ဗျာ'

'မောင်ထွန်းလွင် ကိုယ်တိုင်လဲ အပင်ပမ်းခံပြီး ကြိုးကြိုးစားစားနဲ့ အောင်အောင်မြင်မြင် ဖြစ်သည်အထိ လုပ်ပေးခဲ့ဖူးပါတယ်'

'ဟုတ်ကဲ့ ခင်ဗျာ'

'နောက်ကိုလဲ ဒီလိုကိစ္စတွေ ရှိနေဦးမယ်ဆိုတာ ကြိုတင်သိထားဖို့ပါပဲ'

'စိတ်ချပါခင်ဗျာ၊ ဘယ်လိုကိစ္စမျိုးပဲဖြစ်ဖြစ် ဦးအတွက်ဆိုရင် အသက်နဲ့လဲပြီး ဆောင်ရွက်ပေးပါမယ်လို့ ကျွန်တော်ဂတိပေးတယ်'

'ကျေးဇူးတင်ပါတယ် မောင်ထွန်းလွင်'

ဦးအောင်မြင်နှင့် တွေ့ဆုံအပြီးတွင် ထွန်းလွင်သည် စိတ်လက်ပေါ့ပါးစွာဖြင့် အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ အောက်ထပ် ဧည့်ခန်းကြီးထဲတွင် စုစုကို ဘောင်းဘီတို အဖြူ စပို့ရှပ်အဖြူနှင့် ကင်းပတ်ဘိနပ်အဖြူတို့ကို ဝတ် လျက်သား တွေ့လိုက်ရသည်။ တင်းနစ်ရိုက်အပြီး အနားယူနေသည် ထင်ရ၏။

'ယူ.....ဘယ်ကိုသွားပြီး အလေလိုက်နေတာလဲ၊ ယူ့ကားကိုတောင် သူများက လာပို့သွားတယ်၊ စုစုကို ညာမယ် ကြံနဲ့၊ ပြောစမ်းမှန်မှန်'

တွေ့လိုက်သည်နှင့်ပင် မျက်နှာထားတင်းတင်းနှင့် ခါးထောက်ရင်း သူက စတင်မေးမြန်းတော့သည်။

'မေးနေတာ မကြားဘူးလား၊ မတုန်မလှုပ်နဲ့ စုစု သိပ်မုန်းတာပဲ'



သူ့အသံသည် ဟိန်း၍ပင် ထွက်လာပြန်သည်။

ထွန်းလွင်သည် အပြောရကြပ်သွားသလို ဖြစ်သွားမိ၍ ခေါင်းကို လက်ဖြင့် ကုတ်ဖွလိုက်ရင်း စဉ်းစားလိုက်မိရာ သတိရ၍ တိုက်ပုံအင်္ကျီ အတွင်းအိတ်ထဲမှ ဗိုလ်ချုပ်ဈေးမှ ဝယ်ယူလာခဲ့သော နံ့သာယပ်တောင်ကလေးကို ထုတ်ယူရင်း သူ့လက်သို့ လှမ်းပေးလိုက်မိသည်။

'ခင်ဗျားကသာ ကျွန်တော့်ကို အပြစ်ရှာပြီး မုန်းနေတာပါ မစပ်စုရယ်၊ ကျွန်တော်ကတော့ ခင်ဗျားကို သတိရလွန်းလို့ တကူးတကန့်နဲ့ မိတ်ဆွေတစ်ယောက်အိမ်အထိ လိုက်ယူခဲ့ရတဲ့ ပစ္စည်းကလေးပါ'

သူသည် စက္ကူဘူးကလေးကို ဖွင့်၍ နံ့သာယပ်တောင်ကလေးကိုမြင်ရင်း ချွေးကလေးများ စို့နေသော သူ့မျက်နှာလှလှကလေးကို ညင်ညင်သာသာ ခပ်လိုက်သည်။

နံ့သာယပ်တောင်ကလေး၏ ရနံ့ကလေးသည် ထွန်းလွင်နှာခေါင်းအထိပင် သင်းနေသေးတော့၏။

'ဟယ်.....လှလိုက်တာကွာ၊ ကျေးဇူးတင်တယ် ယူ'

သူ့အဆင့်အတန်းနှင့် စာလိုက်လျှင် အလွန်တန်ဖိုးနည်းသော ပစ္စည်းကလေးတစ်ခု ဖြစ်သည့်တိုင် သူ့အတွက် မှတ်မှတ်ရရ ပေးသော လက်ဆောင်ဖြစ်၍ သူကျေနပ်သွားပုံရသည်။

'ယူက သိပ်လိမ္မာတာပဲကွာ'

'အင်း.....အင်း'

'ကြည့်စမ်းပါအုံး၊ အနံ့ကလေးက တသင်းသင်းနဲ့'

'ဟုတ်ပါတယ်ခင်ဗျား၊ ဟုတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ယမ်တောင်ကလေးက ချစ်စရာကလေး'

'မှန်ပါတယ်ခင်ဗျာ၊ မှန်ပါတယ်'

သူ့အပြုံးကိုကြည့်၍ ထွန်းလွင်၏ရင်ထဲတွင် ကြည်နူးရသည်မှာ အမှန်ပင်။

၀

## အခန်း ၁၇

ဦးအောင်မြင်သည် ကမ္ဘာအေးပုံးမှ သီးသန့်ခြံထဲတွင် အသစ်စက်စက် နောက်ဆုံးနံပါတ်စဉ်ဟု တင်စားရမည် ဖြစ်သော လှကညာတစ်ဦးနှင့် တစ်ညလုံး နေထိုင်မည်ဟု ခန့်မှန်းနားလည်လိုက်မိသောအခါတွင် ထွန်းလွင်သည် ခြေလှမ်းသစ်တစ်ခုကို တိုး၍လှမ်းရန် ပြင်ဆင်ရတော့သည်။

အခွင့်အရေးကို အရိပ်တကြည့်ကြည့်နှင့် စောင့်ကြည့်နေခဲ့ရသည်မှာလည်း ကြာပြီဖြစ်၏။ ယခုလိုညမျိုးတွင် ဦးအောင်မြင်သည် အိမ်ပြန်အိပ်မည်မဟုတ်သည်မှာ သေချာသည်။ သေချာသည်ထက် ပိုသေချာသော အခြေအနေကို ဖန်တီးနိုင်ရန်လည်း ထွန်းလွင် ခေါင်းအေးအေးနှင့် စဉ်းစားနေလိုက်မိသည်။

'စိတ်ကြိုက်ကဖိး' သို့သွား၍ ကိုဘမြင့်ထံမှ မင်းနောက် (MIN NOX) ၈-မီလီမီတာကင်မရာနှင့် ၁၆-မီလီမီတာ မင်းနော်တာ (MINOLTA) ကင်မရာလေးနှစ်လုံးကို လျှပ်တစ်ပြက် မီးခွက်များ၊ တွဲသုံးကိရိယာများနှင့်အတူ ဂျာကင်အင်္ကျီထဲတွင် လျှို့ဝှက်စွာ ထည့်ယူခဲ့သည်။

ကိုဘမြင့်ကိုလည်း ဦးအောင်မြင် ရှိနေမည်ဖြစ်သော လိပ်စာကို တိတိကျကျပေး၍ ညွှန်ကြားရသည်။ ဦးအောင်မြင်ရှိနေသော ခြံပေါက်ဝမှ စောင့်၍ ဦးအောင်မြင် ရပ်ဝေးသို့ ခရီးထွက်ချိန်တွင် ဖောက်ထွင်းဝင်ရောက်လျှင် အန္တရာယ်ကင်းသည်မှာ မုချဖြစ်သည့်တိုင်၊ ထိုအချိန်ကို ထွန်းလွင်မလိုလား။ ရန်ကုန်တွင် ရှိနေသောအချိန်တွင်သာ အရေးတကြီး ပစ္စည်းတစ်ခုကို သူနှင့်အတူ ထားရှိမည်ဟုလည်း ထင်ရသည်။

ဦးအောင်မြင်တစ်ယောက် မမျှော်လင့်ဘဲ ထွက်လာလျှင် ဦးအောင်မြင်၏ စာကြည့်ခန်းထဲမှ တယ်လီဖုန်းကို ဆက် ရန်ဖြစ်၏။ ထွန်းလွင် ဝင်ရောက်မည့်အချိန်ပိုင်းသည် ညနက်ပိုင်း ဖြစ်၍ အခြားဆက်သွယ်သူ မရှိနိုင်။

စုစုသည် ညနေပိုင်းက သူ့အပေါင်းအသင်းများနှင့်အတူ အိမ်တွင်းရေကူးကန်တွင် တစ်ညနေလုံး ဆော့ကစားထား၍ သည်ညတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်မည်ဖြစ်၏။

ဦးအောင်မြင် ကိုယ်တိုင်က 'သူခိုးကို ဒါးရိုးကမ်း' ထားသောကြောင့် ထွန်းလွင်အတွက် သိပ်ထူးထူးထွေထွေ စိုးရိမ်ရန်တော့မရှိ။ သို့ရာတွင် အရေးကြီးသော လျှပ်ရှားထိုးဖောက်မှုဖြစ်၍ တိကျရန်၊ ပိရိသေသပ်ရန် အလွန်လိုအပ်ပေသည်။ ထွန်းလွင်သည် လှုပ်ရှားနေသောစိတ်များကို ကြိုးစားထိန်းသိမ်းရင်း အစီအစဉ်များအပေါ်တွင် ခေါင်းအေးအေး ထား၍ ပြန်လည်ဆန်းစစ်နေလိုက်မိသည်။

ည (၁၂)နာရီကျော်တွင် ပစ္စည်းကရိယာ အစုံအလင်နှင့် ဦးအောင်မြင်၏ စာကြည့်ခန်းသို့ တက်ခဲ့တော့သည်။ မှေးတော့သော အလင်းရောင်အောက်တွင် အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေတော့၏။ အထူးအာမခံသော အမျိုးအစားကောင်း



www.burmeseclassic.com

www.burmeseclassic.com



များဆိုသည်မှာ စိတ်ချလက်ချ လုံခြုံကြသည်တော့ မဟုတ်၊ အခိုက်အတန့်သောအချိန်ပိုင်းကိုသာ ကြန့်ကြာစေသည်ဖြစ်၏။

ပေါင်းစပ် မောင်းဝိုင်းသော့နှင့် အခြားအမျိုးအစားကောင်းသော အထပ်ထပ်သည် ကြိုတင်စီစဉ်ထားသော ထွန်းလွင်၏ သော့တူများဖြင့် အခက်အခဲမရှိ လွယ်လွယ်ကူကူပင် ဖွင့်ရခဲ့သည်။

စာဖတ်ခန်းသည် ဦးအောင်မြင်၏အလုပ်ခန်းဖြစ်၍ အရေးကြီးသော စာရွက်စာတမ်းကို စာဖတ်ခန်းထောင့်ရှိ မီးခံသေတ္တာထဲတွင်သာ သိမ်းဆည်းတတ်သည်။ အလုပ်တိုက် ရုံးခန်းတွင် အရေးတကြီး စာရွက်စာတန်း မထားရှိသည်ကို ထွန်းလွင် အကဲခတ်မိပြီးဖြစ်၏။ သော့အထပ်ထပ် ခတ်ထား သောအခန်းထဲတွင် ခြေအိတ်နှင့် ရာဘာလက်အိတ် အကောင်းစားကိုစွပ်၍ ထွန်းလွင်သည် သွေးအေးအေးဖြင့်ပင် စနစ်တကျ မွှေနှောက်တော့သည်။

စာကြည့်စားပွဲသာ မဟုတ်၊ မီးခံသေတ္တာနှင့် အားလုံးသောစာရွက်စာတမ်းများထည့်သော အံဆွဲများအားလုံးကို စနစ်တကျ မွှေလိုက်သည်။ လိုအပ်သော စာရွက်စာတမ်း များကိုစနစ်တကျ ဓာတ်ပုံရိုက်ကူးယူသည်။ ကြက်သီး မွေးညှင်းထအောင် အရေးကြီးသော စာရွက်စာတမ်းများ ကိုလည်းတွေ့ရသည်။ အချို့စာရွက်စာတမ်းများမှာ အဆင့်အတန်းမြင့်မားသော ဝှက်စာဖြင့် ရေးသားမှတ်တမ်းပြုထား သည်ကို တွေ့ရ၏။ ထွန်းလွင် မပူပင်မိ။ ကွင်းကဲမှ ဌာနချုပ်သို့ရောက်လျှင် မည်မျှပိရိ သေသပ်သော ဝှက်စာမှ မခံနိုင်၊ သက်ဆိုင်ရာပါရဂူ တို့ အစွမ်းပြကြမည်ဖြစ်၏။



စိတ်ကြိုက်မွှေနှောက်ပြီးစီးသည် ဆိုလျှင်ပင် ရှင်ထဲတွင် လှုပ်ရှားမှုအပြည့်နှင့် နေသားတကျ ပြန်ဖြစ်အောင် ပြုပြင်ခန့်တီးရတော့သည်။

ဤသို့သော ဖြစ်ရပ်များသည် ထွန်းလွင်ဘဝတွင် အတွေ့အကြုံ များခဲ့ပြီဖြစ်၍ ထူးဆန်းသည်တော့မဟုတ်။

ပြန်လည်ထားရှိခြင်း အဆင့်ကိုအတတ်နိုင်ဆုံး အချိန်ယူ၍ လှုပ်ရှားရသည်။ ထွန်းလွင် စိတ်ချလက်ချ နေသားတကျ ရှိပြီးချိန်တွင် နာရီကိုမော့ကြည့်လိုက်သောအခါ နံနက်သင်းအားကြီး နှစ်နာရီခွဲဖြစ်၏။ စနစ်တကျ ပြန်လည် စစ်ဆေးပြီး၍ အောက်ထပ်ရှိ အိပ်ခန်းသို့ ရောက်သောအခါ တံခါးသော့ခေါက်၍ ထွန်းလွင်ထားရှိခဲ့သော ဆံပင်ချောင်း ကလေးများကို နေသားတကျ တွေ့လိုက်ရတော့မှ အခန်း ထဲတွင် စီးကရက်တစ်သိပ်ကို မီးညှိဖွာရှိုက်ရင်း သက်ပြင်းချမိတော့၏။

အပေါ်ထပ်တွင် မွှေကောင်းနေဆဲ တစ်ဦးတစ်ယောက်က သူ့အခန်းသို့ လာမည်တစ်ခုသာ ထွန်းလွင် စိုးရိမ်မိသည်။ အပေါ်ထပ်တွင် ဦးအောင်မြင်၊ မုမုနှင့် အိမ်စေအဖွားကြီးအပြင် ဆိုးခေတ်စားပိုမှုသာအိပ်သည်။ အောက်ထပ်တွင်မူ ထွန်းလွင်နှင့် အိမ်ဖော်အချို့သာရှိသည်။ ထွန်းလွင်သည် ဆက်၍ပင် အိပ်ရဲတော့။ နံနက် ဝေလီဝေလင်း၌ စိတ်ကြိုက်ကဖီးတွင် သင်္ချာများနှင့် အပိုပစ္စည်းများကို အစီရင်ခံစာနှင့်အတူ ကိုသာမြင့်ထက်သို့ လွှဲအပ်လိုက်သည်။

ကိုသာမြင့်ပင်လျှင် ထွန်းလွင်၏ ညွှန်ကြားချက်အတိုင်း တစ်ညလုံး ဦးအောင်မြင်ကို စောင့်ကြည့်နေရသဖြင့် ထွန်းလွင် ကဲ့သို့ပင် ဝေလီဝေလင်းမှ ပြန်ခဲ့ရသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အင်း.....တကယ်အရည်အချင်း ပြည့်ဝပြီး စည်းကမ်းစနစ်ကျနတဲ့ လူတော်လူကောင်းကြီးတစ်ယောက်ပဲ၊ သူ့ရဲ့အစွမ်းအစတွေနဲ့ တိုင်းပြည်အတွက် ကောင်းရာကောင်း ကြောင်းလုပ်တဲ့ ခေါင်းဆောင်တစ်ယောက်ဆိုရင် ဘယ်လောက်များ အကျိုးရှိလိုက်မလဲ။ အခုတော့ .....

* * *

ဦးအောင်မြင်၏ဘဝကို ရင်ထဲတွင် ကြေကွဲဝမ်းနည်းမှုဖြင့် နမျောတသရင်း ယူကြုံမရစွာ ညည်းတွားရေရွတ်မိတော့သည်။ ညက ထိုးဖောက်ဝင်ရောက်ခဲ့သော လူပ်ရှားမှုအတွက် ကိစ္စပြီးမှဝင် စိုးရိမ်မှုအပြည့်ဖြင့် ထွန်းလွင်၏ ရင်ထဲတွင် လှုပ်ရှားနေမိတော့သည်။ အတွေ့အကြုံများ၍ ဝါရင့် လျှို့ဝှက်ထောက်လှမ်းရေးသမားတစ်ယောက်ပင် ဖြစ်စေကာမူ သည်ကိစ္စအတွက်တော့ စိတ်ချလက်ချ နေနိုင်သည်တော့ မဟုတ်။

ထွန်းလွင်ဘဝ၏ အတွေ့အကြုံများတွင် သူခိုးတစ်ယောက်လို ဝင်၍ စိတ်တိုင်းကျ မွှေနှောက်ပြီး ပိရိသေသပ်စွာ နေသားတကျ ပစ္စည်းများကို ပြန်လည်ထားရှိ ပြီးသည်ဆိုလျှင်ဝင်ဖောက်ထွင်းဝင်ရောက်သောနေအိမ်ကို ကျောခိုင်း၍ စိတ်ချလက်ချ နေနိုင်ခဲ့သော အတွေ့အကြုံများသာ ရှိခဲ့သည်။

ယခုအခြေအနေတွင်မူ အလွန်လုံခြုံသော ဦးအောင်မြင်၏ ပတ်ဝန်းကျင်တွင် အနီးကပ်ဆုံးနှင့် အဖြစ်နိုင်ဆုံးတို့ အကြမ်းဖျင်း တွေ့ဦးတော့ ထွန်းလွင်တစ်ယောက်မှအပ ခြည်ထွေ တစ်ဦးတစ်ယောက်ကိုမှ သံသယရှိရန် မလို။

ဦးအောင်မြင်လို အရည်အချင်းပြည့်ဝ၍ ကျွမ်းကျင်သူတစ်ယောက်သည် ဤ၍ဤမျှ အရေးကြီးသော စာရွက် စာတမ်း



များကို အတတ်နိုင်ဆုံး လုံခြုံအောင် စနစ်တကျ ထားရှိသည်နှင့် အတူ လိုအပ်သော 'တန်ပြန်ထောင်ချောက်' ကိုတော့ ထားရှိမည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ပင် မရှိ။

ဦးအောင်မြင်က လုံခြုံရေးကို စနစ်တကျ ထားရှိသလို ကြိုတင်ကာကွယ်မှုအနေဖြင့် ပိရိသေသပ်၍ စနစ်ကျနသောနည်းစနစ်ကို အသုံးပြု၍ ထောင်ချောက် ဆင်ထားမည်။ မိမိက သူ့ထောင်ချောက်ထဲသို့ 'ကျွံ' ၍ပင် ထိုးဖောက်မိခဲ့ရသည်မဟုတ်ပါလား။ မည်၍မည်မျှပင် ကျွမ်းကျင်သူ တစ်ယောက်ဖြစ်ဦးတော့ သူ့မူရင်း နေသားတကျ အစီအစဉ် တစ်ခုခုကိုတော့ အနည်းနှင့်အများ ရွေ့ရှားပျက်ပြယ်စေမည် မှာအမှန်ဖြစ်၏။ လွဲရှောင်၍ပင် မရ။

အလွန်အရေးကြီး၍ အဆင့်အတန်း မြင့်မားလှသော လျှို့ဝှက်စာရွက်စာတမ်းများကို ရယူနိုင်ခဲ့သည့်တိုင်အောင် ထွန်းလွင် ဝမ်းမသာနိုင်ခဲ့။ ဦးအောင်မြင်နှင့် ရင်ဆိုင်ရမည် ကိုပင် စိုးရိမ်မိမိ တုန်လှုပ်နေခဲ့မိတော့သည်။

နံနက်စာကိုပင် စား၍ မဝင်တော့ပေ။ စုစုပင် ကျောင်းသို့ ထွက်သွားပေပြီ။ ဦးအောင်မြင် နံနက်ခင်းတွင် ပြန်လာပြီး အပေါ်ထပ်ညေ့ခန်းတွင် သတင်းစာများကို တစ်စောင်စီ ဖတ်နေသည်။ ထွန်းလွင်သည် ထမင်းကို ဆက်မစားနိုင်တော့၍အိပ်ခန်းထဲတွင်ဝင်ပြီး အိပ်ယာပေါ်တွင် ချေပစ်လက်ပစ် လှဲနေလိုက်မိတော့သည်။

'ဒေါက်.....ဒေါက်'

အိပ်ခန်းတံခါးကို ခေါက်သံကြားလိုက်ရ၏။

'ဘယ်သူလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင်က ထိပ်ထိပ်ပြာပြာနှင့် မေးလိုက်မိသည်။

'ကျွန်တော်မောင်အေးပါ၊ 'ဘဘ' အခေါ်ခိုင်းလို့ပါ ခင်ဗျာ'

'အေးအေး'

ထွန်းလွင်၏ တစ်ကိုယ်လုံး ပူထူနေမိတော့သည်။ 'ဦးအောင်မြင် ရိပ်မိသွားပြီထင်တယ်' စိတ်ထဲတွင်လည်း မှတ်ချက်ချလိုက်မိ၏။

'ဘယ်လိုပဲဖြစ်ဖြစ် သွားတွေ့ရမယ်'

စိတ်ထဲတွင် ဆုံးဖြတ်ချက် ချလိုက်ရသည်နှင့်အတူ မိမိဘဝ လုံခြုံရေးကိုလည်း ကြိုတင်ပြင်ဆင်ရတော့၏။

ခေါင်းအုံးအောက်မှ ပေါ်(လ်)သာပစ္စတိုကို ယူ၍ မောင်းတင်လိုက်သည်။ ပြောင်းရင်းထဲသို့ ကျည်ဆံတစ်တောင့် ဝင်ရောက်နေရာယူပြီးဖြစ်ချိန်တွင် ကျည်ရိုက်တံကို လက်နှင့် ထိန်း၍ ဖြန်ချထားလိုက်သည်။ လုံခြုံရေးခလုတ်ကိုတော့ အဆင်သင့် ဖွင့်ထားလိုက်၏။ သေနတ်ကို ဘောင်းဘီရှည် နောက်အိတ်ထဲတွင်ထိုး၍ ဟာဝေယံရှပ်လက်တိုနှင့် ဖုံးထားလိုက်သည်။

'ရန်သူဟာ ရန်သူပဲ'

စိတ်ထဲတွင် ကြိတ်၍ တင်းလိုက်ရင်း အပေါ်ထပ်သို့ ခြေလှမ်းမှန်မှန်နှင့် တက်သွားလိုက်တော့၏။ စာဖတ်ခန်းတံခါးကတော့ ပွင့်နေသည်။ ဦးအောင်မြင် ကိုယ်တိုင်ကတော့ အပေါ်ထပ်ဧည့်ခန်းမတွင် သတင်းစာများကို ဖတ်နေရာမှ ထွန်းလွင်ကို တည်ကြည်လေးနက်သော မျက်နှာနှင့် ကြည့်လိုက်၏။

'မောင်ထွန်းလွင်'

ဦးအောင်မြင်က စ၍ နှုတ်ဆက်လိုက်သည်။



'ဟုတ်ကဲ့ခင်ဗျာ'

ဗလာခြေမပျက်အောင်ကြိုးစား၍ ထူးလိုက်ရသည်။ ရင်ထဲတွင်မူ တုန်လှုပ်ခြောက်ခြားရလွန်းလှ၏။

'စာဖတ်ခန်းထဲက လေအေးစက် ပျက်နေတယ်၊ ခါတိုင်း ခေါ်နေကျလူကိုပဲ ဖုန်းနဲ့ခေါ်ပြီး အပြင်ခိုင်းပါ၊ မောင်ထွန်းလွင် ကိုယ်တိုင် စောင့်ကြည့်ပေးနော်'

'ဟုတ်ကဲ့ခင်ဗျာ'

ဝမ်းသာစိတ်များကို အစွမ်းကုန်နိုင်ဆုံး ထိန်းချုပ်၍ သာ ပြောလိုက်ရ၏။ စိတ်ထဲတွင်မူ ထ၍ ခုန်ပေါက်ပစ် လိုက်ချင် အောင်လည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်မှာ အမှန်ဖြစ်တော့ သည်။ သွက်သွက်လက်လက်ပင် စာကြည့်ခန်းထဲမှ ဖုန်းဖြင့်ခေါ် လိုက်လျှင် မကြာမီနှစ်နှစ်ယောက် ကားနှင့် ချက်ချင်း ရောက်လာ ကြသည်။ ဦးအောင်မြင် ခိုင်းနေကျ လူများပင်ဖြစ်၏။ သူတို့က လေအေးစက်ကိုပြင်ရန် မီးခံသေတ္တာကို အနည်းငယ် ရွှေ့ရန် ပြောသည်။ ထွန်းလွင်က မီးခံသေတ္တာကို အထဲမှ စာရွက်စာတမ်း များ ဖရိုဖရဲ ဖြစ်စေအောင်ပင် စောင်း၍လှုပ်၍ ရွှေ့ပေးလိုက်သည်။

အိမ်ဖော်များကိုခေါ်၍ အောက်တွင် ခင်းထားသောအမွေး ကော်ဇောကို သန့်ရှင်းခိုင်းသည်။ မူရင်းအနေအထား များအား လုံးကို အစွင့်အရေးရခိုက် အားလုံးပြောင်းရွှေ့ ဖျက်ဖျယ်စေ တော့သည်။ ဦးအောင်မြင်သည် နိုင်ငံခြားသား ဧည့်သည်တစ်ဦး အရောက်တွေ့ဆုံ၍ အပေါ်ထပ် ဧည့်ခန်းမတွင် စကားပြောနေ ခဲ့ဖြစ်၏။ ဗီရိုများ၊ စားပွဲအံများနှင့် မီးခံသေတ္တာများ လုံခြုံစွာ ပိတ်ထားသဖြင့် ဦးအောင်မြင် စိတ်ချလက်ချ ရှိပုံရသည်။

လေအေးစက် ပြုပြင်ပြီးစီးသည်နှင့်ပင် ထွန်းလွင်လည်း

www.burmeseclassic.com



သက်ပြင်းရှည်ကြီးတစ်ခုကို စိတ်ချလက်ချ မှုတ်ထုတ်လိုက်မိတော့သည်။ စာကြည့်ခန်းကို ဦးအောင်မြင့် စနစ်တကျ ပြန်လည်စစ်ဆေးနိုင်ခြင်းမပြုမီ အချိန်ပိုင်းတွင် ကုသိုလ်ကံ ကောင်းစွာ အခွင့်အရေးတစ်ခု ရခဲ့သည်။ ထိုအခွင့်အရေးကို တန်ဖိုးရှိရှိ အသုံးချလိုက်နိုင်ခဲ့သည်လည်း ဖြစ်၏။

ညက ဖောက်ထွင်းဝင်ရောက်စဉ်ကပင် စာကြည့်ခန်းထဲတွင် ခပ်နွေးနွေး ခံစားမိသလို ဖြစ်မိသော်လည်း သတိပင် မထားမိခဲ့။ အိမ်တွင်းရှိ အခန်းတိုင်းတွင် လေအေးစက် ထားရှိသည့်တိုင် လေအေးစက် ပျက်နေသော စာကြည့်ခန်းကို အမှတ်မဲ့ အမှတ်မဲ့ ဝင်ရောက်ခဲ့မိလောက်အောင် သတိလက်လွတ် ဖြစ်မိခဲ့သော မိမိ ချို့ယွင်းချက်ကို ထွန်းလွင် သတိပြုခဲ့တော့သည်။

'မင်း ဘဝင်မမြင့်နဲ့၊ မင်းဘဝကို မေ့နေသလား'

'မင်းကိုမင်း အထင်ကြီးသလား၊ အခန်းထဲမှာ လေအေးစက်တစ်လုံး ပျက်နေတာတောင် သတိမထားမိဘူး၊ မင်းတော်လို့ မဟုတ်ဘူး၊ ကုသိုလ်ကံကောင်းလို့'

ရေချိုးခန်းထဲတွင် ရေချိုးရင်း စိတ်ထဲမှကြိတ်၍ အပြစ်တင်နေလိုက်မိသည့်အပြင် လက်ဝါးနှစ်ဖက်ဖြင့် ပါးနှစ်ဖက်ကို မညှာမတာ ခပ်နာနာကလေး ရိုက်ရိုက်ပေးလိုက်မိသည်။

* * *

နေ့လည်ပိုင်း ရေချိုးအပြီးတွင် ဆူးလေဘုရားလမ်း အလုပ်တိုက်သို့သွား၍ ငွေသွင်းငွေထုတ်ကိစ္စများကိုသာ စနစ်တကျ ပြန်လည် စစ်ဆေးနေလိုက်မိသည်။ လက်နှိပ်စက်နှင့် ရိုက်ထားသော ရှင်းတမ်းများသည် သေသပ်မှုပင် မရှိ၊ ဖျက်ရာများ မှင်နှင့် ဖြင့်ဆင်ဖြည့်စွက်ချက်များနှင့် ရောထွေးနေသည်ကို



တွေ့ရ၏။ မေဘယ်(လ်)လွင်၏လက်ရာဟုလည်း အတတ်သိလိုက်၍ စားပွဲပေါ်မှ လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်သည်။

'မေဘယ်(လ်)လွင်ကို ခေါ်လိုက်စမ်းပါ'

ဦးအောင်မြင့်၏ မျက်နှာသာပေးသော စာရင်းဝင်ထင်မရှား အသုံးတော်ခံဖြစ်၍ ထောင့်မကျိုး၊ နေရာ တကာတွင် ဖစ်စုသည်။ ရှုပ်ထွေးသည်။ အခါအခွင့်သင့်လျှင် ဦးချိုး၍ ညာပေးရန် ထွန်းလွင် ရည်ရွယ်ထားသူဖြစ်၏။ တစ်ခါတရံ ဆိုအပ်သော စာရွက်စာတမ်းကို အလစ်တွင် မသိမသာ လေ့လာသော ထွန်းလွင်အတွက် အနှောင့် အယှက်တစ်ခုလည်း ကြွယ်ပိုင် နေရာတကာပါသူဖြစ်၏။

'မေဘယ်(လ်)ကို ခေါ်တယ်ဆိုလို့ပါ'

သောင်မတင်ရေမကျသော လေသံမျိုးနှင့် ပြောလာသော်လည်း သူ့မျက်နှာအရိပ်အကဲတွင် ကျေနပ်ပုံ မရသည်ကို တော့ ထွန်းလွင် အကဲခတ်လိုက်မိပြီးဖြစ်၏။

'ဟုတ်တယ်၊ ခင်ဗျားအလုပ်လုပ်ပုံ မသပ်ရပ်လွန်းလို့ ခင်ဗျားကို ကျုပ် ခေါ်တွေ့တာ'

'မေဘယ်(လ်) အတတ်နိုင်ဆုံး ကြိုးစားတာပဲ'

'ဒီလိုဆို ခင်ဗျား ဒီထက်ပိုမကြိုးစားနိုင်တော့ဘူးပေါ့'

ထွန်းလွင်က သူ့ရှေ့တွင်ချထားသော လက်နှိပ်စက် ရိုက်ထားသောစာရွက်များကို မှင်နီနှင့် အထက်အောက် ခွဲချ လိုက်ရင်း လေသံမာမာနှင့် မေးလိုက်သည်။ ထွန်းလွင် အမေးကို မဖြေ။ ဆေးရောင်စုံချယ်သထားသော သူ့ မျက်နှာပြင် မှာ မျက်ရည်များ ကျဆင်းလာခဲ့ပြီဖြစ်၏။

'ခင်ဗျားငိုတာအလှကြည့်ဖို့ ကျုပ်ခေါ်တာ မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'လေးလေးဦးအောင်မြင်ကိုယ်တိုင်တောင် ကျွန်မကို ဒီလို မပြောဖူးဘူး'

သူက ငိုရှိုက်ရင်း ပြောသည်။

'သူ မပြောပေမဲ့ ကျုပ် ပြောတယ်လေ'

ခပ်မာမာလေသံနှင့် ထွန်းလွင်က ပြောလိုက်၏။

သူက ဦးအောင်မြင်ကို ခစားရင်းသံတော်ဦး တင်ဦး တော့ ထွန်းလွင်မမှု။ ဦးအောင်မြင်သည် အလုပ်နှင့် ပတ်သက်လျှင် စည်းကမ်းကြီးသည်။ လက်ရှိ အခြေအနေ အရ မေဘယ်(လ်)နှင့် ထွန်းလွင်တို့၏ လုပ်ရှားမှုတန်ဖိုးသည်လည်း မနှိုင်းယှဉ်သာ အောင် ကွာခြားလွန်းသည်။

'မေဘယ်လ် အလွန်တော်၍ ဦးအောင်မြင်ကို ချဉ်းကပ် အနိုင်ယူဦးတော့လည်း အရေးထားမှုယ်မဟုတ်။ ဦးအောင်မြင် အရေးထားရလွန်းသော၊ ဦးစားပေးရလွန်းသော 'သူ' တစ်ယောက် ကို ထွန်းလွင် စည်းရုံးမိခဲ့၏။ အခြားသူမဟုတ် 'ရုရု' ကိုယ်တိုင် ဖြစ်၏။ 'ရုရု'ကိုထွန်းလွင်က တစ်ခွန်း ပြောလိုက်သည်နှင့်ပင် မီးတောက်ကြီးတစ်ခုကို ရေနှင့် ငြိမ်းသတ်သလို ပြီးစီးသွားနိုင် သလိုပင်။

'ခင်ဗျားအလုပ်လုပ်တာ အလုပ်နဲ့မတူဘူး'

ထွန်းလွင်က ထပ်ကြိမ်းလိုက်သည်။

'ဆင်ခြေဆင်လက် များတယ်'

'ခင်ဗျားကို ကျုပ် ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် အနေ နဲ့ သတိပေးချင်တယ်၊ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ပါ'

'ဟုတ်.....ဟုတ်ကဲ့'



မေဘယ်လ်လွင် အားမတန်၍ မာနလျှော့ရတော့သည်။

'ခင်ဗျား သေသေချာချာ နားလည်ထားဖို့က ကျုပ် ကိုယ်တိုင် အလုပ်ကိုအလုပ်နဲ့တူအောင် လုပ်တယ်၊ အလုပ်နဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး၊ ကြောက်လိမ့် မယ်လဲ မဟုတ်ဘူး'

အပြင်ဘက်မှ ကြားနိုင်လောက်သည်အထိ အသံကို မြှင့်၍ ကြိမ်းပစ်လိုက်တော့၏။

'ရော့ ..... ခင်ဗျား ရိုက်ထားတဲ့စာရွက်တွေ ပြန်ယူသွား၊ အသစ်ရိုက်၊ ခြစ်ရာဖျက်ရာတွေနဲ့ မလိုချင်ဘူး၊ ညနေ လေးနာရီ ထိုးမှီ လိုချင်တယ်'

ဖိုင်တွဲတစ်ခုလုံးကို မာန်ပါပါ သူ့ရှေ့သို့ ပြစ်ချပေး လိုက်ရင်း ပြောလိုက်တော့မှ ကျိုးကျိုးနွံနွံ အမူအရာနှင့် ပြန်ယူ၍ ထွက်သွားတော့သည်။ ညနေလေးနာရီမထိုးမီတွင် မေဘယ်လ်လွင် ဖိုင်တွဲကို ကိုင်၍ ဝင်လာပြီး ရိုရိုသေသေ လက်နှစ်ဘက်ဖြင့် ထွန်းလွင် ရှေ့သို့ ကမ်းပေးလာသည်။

'ထိုင်ပါ'

ထွန်းလွင် စားပွဲရှေ့မှကုလားထိုင်ကို ညွှန်ပြရင်း သူ ပေးလာသော စာရွက်စာတမ်းဖိုင်ကို ဖွင့်၍ စစ်ဆေးကြည့် လိုက်သည်။ သပ်ရပ်တိကျစွာ တွေ့လိုက်ရပေပြီ။

'ခင်ဗျားဟာ စိတ်ပါဝင်စားမှုအပြည့်နဲ့ အလုပ်ကို ဘယ်လုပ်ရင်လဲ တကယ်တိတိကျကျ ကျွမ်းကျင်နားလည် တဲ့သူတစ်ယောက်ပါ'

အပေါ်စီးမှ မသိမသာ ချီးကျူးလိုက်၏။

'မေဘယ်လ် စကားပြော မှားသွားမိပါတယ်၊ ရှင့်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



ဝါလို့ တောင်းပန်ပါတယ် အစ်ကို'

'ကျွန်တော် ကျေနပ်ပါတယ်၊ ကျွန်တော် ကိုယ်တိုင်လဲ မှားသွားမယ် ထင်ပါတယ်၊ မှားသွားရင်လဲ ကျေနပ်ပေါ့'

တိုးနိုင်ဆုတ်နိုင်သော မတင်မကျစကားကို ဆိုရင်း အပေါ် စီးမှ မသိမသာ တောင်းပန်သလို ပြောရသည်။

'အစ်ကို မမှားပါဘူး၊ မေဘယ်လ် မှားတာပါ'

ချစ်စရာကောင်းသော အမှုအရာကို ကြိုးစားသရုပ်ဆောင်ရင်း ထွန်းလွင်ဘက်သို့ ချဉ်းကပ်ရန် ပြင်ဆင်နေပြီ ဖြစ်၍ အခြေအနေကို အနိုင်ဖြင့် ပိုင်းရတော့၏။

'ကျေးဇူးတင်တယ် ဝမ်းသာတယ်ဗျာ၊ မေဘယ်လ် အနားယူနိုင်ပါပြီ'

ယဉ်ယဉ်ကျေးကျေး နှင်ထုတ်လိုက်သော်လည်း မျက်လုံးကလေးတစ်ချက် 'ဝင့်' ၍ ခေါင်းငြိမ့်ရင်း ထွက်သွား တော့၏။

* * *

အခုတစ်လော စုစုတစ်ယောက် တင်းနစ်(စ်) ရောဂါထနေသည်ဟု ပင်ဆိုရပေမည်။ နေ့စဉ်ရက်ဆက်ပင် ကစားနေ၏။ ယခုညနေတွင် နေအိမ်အတွင်းရှိ တင်းနစ် ကွင်းတွင် လူစည်ကားနေသည်။ ဦးအောင်မြင်ကိုယ်တိုင် အပါအဝင် လူတစ်သိုက်ကို တင်းနစ်ဝတ်စုံများနှင့်အတူ ကွင်းဘေး ခုံတန်းပေါ်တွင် တွေ့ရသည်။

စုစုကိုယ်တိုင် ပါဝင်ကစားနေသည်ကို တွေ့ရသည်။ နှစ်ယောက်တွဲပွဲ ဖြစ်၏။ ယောကျ်ားကလေးနှင့် မိန်းကလေး မိန်းကလေးနှင့်ယောကျ်ားလေး နှစ်ယောက်တွဲဖြစ်သည်။ ဤသို့သောကစားပွဲတွင် စိတ်ပါဝင်စားမှု မရှိသော ထွန်းလွင်



ည် အဝတ်အစားလဲ၍ ရေချိုးမစ်လိုက်သည်။ ညစာကို တစ် ဘက်တည်း အေးအေးဆေးဆေး စားအပြီးတွင် လမ်းလျှောက် အပြင်ထွက်လိုက်သည်။

နံနက်စာကို ကောင်းစွာ မစားနိုင်သော်လည်း ညစာကို တော်တော်များများ စားလိုက်မိသဖြင့် ဗိုက်လေးလေးနှင့် း‌လျှောက်လိုခြင်းလည်းဖြစ်မိသည်။ ကစားပွဲပြီး၍ ဦးအောင် ဝင် ရေချိုးခန်းဝင်နေပေပြီ။ စုစုသူငယ်ချင်း ယောကျ်ား လေးနှင့် မိန်းကလေးများသည် ကားပေါ်တက်၍ ပြန်ရန်အသင့် နေသည်ကို တွေ့ရ၏။ တင်းနစ်ရိုက်တံ ကိုလက်တွင်မိုက်၍ တစ်ဘက်ကို ထော့နင်းထော့နင်းနှင့် စုစု အိမ်ဘက်သို့ လာသည်နှင့် ဆုံမိပြန်ရသည်။

'ဟော့.....ယူ'

ထွန်းလွင်ကို မြင်လိုက်သည်ဆိုလျှင်ပင် အော်ကျယ် လျှယ်နှင့် လှမ်းခေါ်လိုက်တော့သည်။ မကြားချင်ဟန် ဆောင်၍ မရနိုင်တော့မှ သူ့ထံသွား လိုက်ရတော့၏။

'မစပ်စု ဘာဖြစ်လာပြန်ပြီလဲ'

သူက မျက်နှာကလေးကိုရှုံ့မဲ့၍ ပြရင်း ခြေထောက်ကို ကျ်ညှိုးထိုး ဆိုလိုက်သည်။

'အင်ဂယ် (လ်) ANGEL နည်းနည်းလယ်သွားတယ် င်တယ်'

'မောင်သန်း၊ ဆေးရုံ ဖုန်းဆက်ပြီး လူနာတင်ကား ပြန်ခေါ်စမ်း သိပ်စိုးရိမ်ရတယ်'

ခပ်လှမ်းလှမ်းမှ ကားရေဆေးနေသော မောင်သန်းက ထွန်းလွင် ပြောလိုက်သည်ကို ပြုံးနေသည်။

www.burmeseclassic.com



'ယူ မနောက်နဲ့ကွာ စုစု တကယ်နာတာပါ'

'ခင်ဗျားအလေးက အမျိုးစုံအောင်ဆော့တာကိုး'

သူ့ထော့နင်းထော့နင်းအမူအရာကလေးသည် ထွန်းလွင်ကို တွေ့မှ ပိုသည်းလာသည် ထင်ရ၏။

'ယူ စကားမများစမ်းနဲ့၊ စုစုကို လာတွဲစမ်း'

'မတွဲချင်ပါဘူး၊ ခင်ဗျားကိုယ်က ချွေးတွေနဲ့'

'ဒါဖြင့် ယူက ရွံတယ်ပေါ့'

ထွန်းလွင်က နှာခေါင်းကို ရှုံ့တွပြလိုက်၏။

'စုစုကို စိတ်ဆိုးအောင် မစနဲ့'

သူ့မျက်နှာအနည်းငယ်တင်းသွားသလို အကဲခတ်မိ တော့မှ သူ့ကိုတွဲ၍ အိမ်ထဲသို့ ခေါ်ရသည်။ သူ့က ငြိမ်ငြိမ် လိုက်ပါသည်တော့မဟုတ်။ သူ့လက် ကလေးဖြင့် သူမျက်နှာ ထက်မှ ချွေးကလေးများအား ထွန်းလွင်၏ မျက်နှာကို သုတ်လိုက် တော့သည်။

'စုစု မလုပ်နဲ့၊ အခုမှ ရေချိုးထားတာ'

အလွန်ရှုံ့တတ်သော ထွန်းလွင်က စိတ်ပျက်စွာ ညည်း ရင်း မျက်နှာကို လက်ကိုင်ပုဝါဖြင့် ခပ်မြန်မြန် သုတ်ပစ် လိုက်သည်။

'စုစုအကြောင်းကို သိတယ်မဟုတ်လား'

သည်အကြိမ်တွင် ပိုကဲလာတော့သည်။ သူ့ လက်ဖဝါး ကို လျှာနှင့်တို့၍ ထွန်းလွင်မျက်နှာကို သုတ်ပြန်၏။

'အေး.....အေး၊ ကြိုက်သလို လုပ်တော့'

ထပ်ဆင့်တိုး ကဲလာတတ်သော သူ့အကျင့်ကို နားလည် သိရှိထားသဖြင့် မပြောတော့။ ထပ်ပြောလျှင် ပိုကဲဦးတော့



မည်ဖြစ်၏။ သူ့ဘဝ၏ သူ့လောကတွင် သူ့ စိတ်တိုင်းကျ လုပ်ရလျှင် သူ ကျေနပ်၏။ သူ့ဒယ်ဒီပင် သူ့သမီး အလိုဆန္ဒကို ငြင်းပယ်ရဲသည် မဟုတ်။

'ယူ အခန်းထဲကို ပို့ပေးစမ်း'

'ဟုတ်ကဲ့ဗျာ၊ ဟုတ်ကဲ့'

'စုစုကစားတဲ့အခန်းထဲမှာ 'လင်နမင်' ရှိတယ်၊ သွားယူပေး'

'ကောင်းပါပြီ ခင်ဗျာ၊ ကောင်းပါပြီ'

သူက ထွန်းလွင်၏ အိပ်ယာပေါ်တွင် တက်ထိုင်နေ တော့သည်။ လင်နမင် ယူသလိုလိုနှင့် ရေချိုးခန်းထဲ ဝင်ပြီး မျက်နှာကို ဆပ်ပြာနှင့်တိုက်၍ ဆေးကြော သုတ်သင်ပြီးမှ လင်နမင်ပုလင်းကိုယူပြီး ပြန်ခဲ့သည်။

'ယူသွားတာ ကြာလိုက်တာ။ ဩော်..... မျက်နှာဒါမှ သစ်တာကိုး၊ သိကြရောပေါ့ကွာ၊ ဒီလောက်ရှုံ့တဲ့လူ'

အခန်းထဲမှ မျက်နှာသုတ်ပုဝါနှင့် ...သော စကား ထွန်းလွင်ကို တွေ့လိုက်ရ၍ သူက ကြိမ်းတော့။

'အေး.....ဒီလိုသာ ကြိမ်းဝါးနေရင်... ကိုယ် တစ်ယောက်ထဲ နေခဲ့တော့၊ ကျုပ် အပြင်...'

'အလကား နောက်တာပါ၊ စုစု ...န်းလွင်ကလည်း လာစမ်းပါ၊ လင်နမင်နဲ့ လူးပေးစမ်းပါ' ...မ်းစုပြီး အိပ်ရာ

သူက ဘီနပ်ဖြူနှင့် ခြေအိတ်ဖြူကို ...၍ ထွက်သွားနေ သည်။ ...ခေါင်းပိတ်ထိုက်

'ကန်တော့နော် ကန်တော့ ကန်တော့'

သူ့နှုတ်မှလည်း ဆိုလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကန်တော့ မနေပါနဲ့၊ ခင်ဗျားက အဝီစိအထိ သွားမှာ မဟုတ်လား'

'ယူက ခွင့်လွှတ်တယ်၊ ကျေနပ်တယ်၊ စေတနာ ထားတယ်ဆိုရင် စုစု ငရဲမကြီးပါဘူး။ ယူ ကိုယ်တိုင်လဲ ကုသိုလ်ရတယ် မဟုတ်လား'

သူကပင် ကြီးကြီးကျယ်ကျယ်ပြော၍ တရားဟော နေပြန်သေးတော့သည်။

'ဒါပေမဲ့ စေတနာမရှိရင်သော့ မလုပ်ပေးနဲ့၊ စုစုက ငရဲကြီးမှာ ကြောက်တယ်'

'ကဲ.....ကဲ မရွှေချော၊ စကားမရှည်နဲ့၊ ကျွန်တော်က စေတနာ ရှိပါတယ်၊ ကျေနပ်ပါတယ်'

ပြောပြောဆိုဆိုနှင့်ပင် သူ့ညာဘက် ခြေမွှတ်တိုက် ကို
မင် ခပ်ပါးပါး လူးပေးလိုက်ရသည်။
တော့သ လွန်ချောမောပြေပြစ်သူကလေးဖြစ်၏။ ခြေချောင်း
'စုစု ထိပင် လှပကျော့ရှင်းစွာ သန့်စင်လွန်းလှသည်။
အလွန် း အဖြူတိုတိုကလေးနှင့်ဖြစ်၍ သူ့ဖြူဖွေး
ထွားရင်း မျက် င်ဖြူဖြူကို အနီးကပ် တွေ့ရသူ ထွန်းလွင်
လိုက်သည်။ င် မှားမိတော့သည်။ အားကစားတစ်ခုခုကို
'စုစုအ ပ်ရှားလေ့ကျင့်သူဖြစ်၍လည်း သူ့ကိုယ်ခန္ဓာ
သည် ပုံသဏ္ဌာန် ကျလွန်းသည်။
ကို လျှာနှင့် ယ်ယောင်နေသော ချေပွတ်တိုင်ပိုင်းကို လင်နမင်
'အေ ုံးနေသော အကြောစုကလေးကို နှိပ်၍ဖြေပေး
ထ အော်ဟစ်ညည်းထွားရင်း သူက ခံယူရှာသည်။
သိရှိထား လှတာကတော့ ခြေချောင်းကလေးတွေက စပြီး



လှတာပဲကွာ'

ဖြူဖွေးပြည့်ဖြိုးသော ခြေချောင်းကလေးများ အထိပင် လှပသန့်ရှင်းကြသည်ကို တွေ့မြင်ရ၍ နှုတ်မှပင် ဖော်ထုတ် ချီးကျူးမိတော့၏။ ခြေသည်းကလေးများကို အသားရောင် ဆိုးဆေးနှင့် ဆိုးထားသဖြင့် အရောင်ပင် တောက်နေ သေးသည်။

'ယူ ဘယ်လိုပြောတာလဲ၊ ပြန်ပြောပါဦး'

'သြော်.....ခြေထောက်ကလေးက လှတယ်လို့ ပြောတာ ဒီထက် ပိုလှအောင်'

သူက ကျေနပ်သွားသလိုနှင့် ထွန်းလွင်၏ စကားကို ဆက် နားထောင်နေသော်လည်း ထွန်းလွင်က ငြိမ်နေလိုက် သည်။

'ယူ ပြောလေ၊ ပိုလှအောင် ဘယ်လိုလုပ်ရမလဲ'

'ခြင်ကိုက်ခံပြီး ဆင်ခြေထောက်ဖြစ်အောင်လုပ်၊ ဒါမှ ပိုကြီးလာပြီး လူတွေ ဂရုတစိုက်ကြည့်ကြမှာ'

ထွန်းလွင်၏စကားဆုံးလျှင် သူ ကြားလိုသော စကား မဟုတ်၍ သူ့မျက်နှာ သုန်မှုန်သွားတော့သည်။

'ယူ မူး (ရှင်အရူးပဲ)'

'ယူတူး (မင်းလဲ အတူတူပဲ)'

သူက ဒေါသတကြီး ပြောလိုက်၍ ထွန်းလွင်ကလည်း အားကျမခံ ပြန်ပြောလိုက်သည်။ သူက နှုတ်ခမ်းစူပြီး အိပ်ရာ ပေါ်မှထ၍ ကြမ်းပြင်ကို ဒေါင့်ကြီးအောင့်ကြီးနင်း၍ ထွက်သွား၏။ ထွန်းလွင်ကလည်း အားကျမခံ အခန်းတံခါးကို ဆောင့်ပိတ်လိုက် တော့သည်။

၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

၁၉၆၁-ခုနှစ်၏ ဖဆပလ အကွဲအပြဲအချိန်ကာလတွင် နိုင်ငံရေးအရှုပ်အရှင်း ပြဿနာများ လှုပ်ရှားလှိုင်းထန်သ 'မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ' ဆိုသလိုပင် ဦးအောင်မြ အတွက် လှုပ်ရှားရလွန်းသော အချိန်ကာလလည်း ဖြစ်သည် နိုင်ငံရေးဆို သည်မှာ စီးပွားရေးနှင့် ကင်းကွာ၍ မရသ စီးပွားရေးဆိုသည်မှာလည်း နိုင်ငံရေးနှင့် ဒွန်တွဲနေသ အခြေအနေ အချိန်အခါပင်။ နှစ်ဘက်စလုံးသော ဆန့်ကျင်ဘ အင်အားစု နှစ်စုလုံးကို ဦးအောင်မြင်က လူအင်အား၊ အင်အားနှင့် အင်တိုက် အားတိုက် ကူညီသည်။ အရေး အရာရောက်နိုင်သူကို နည်းမျိုးစုံနှင့် ချဉ်းကပ်သည်။ အလု ဝေးလွန်းသူများ၏ ခြေလှမ်းကို အကဲခပ် အနက်ကော နိုင်ရန်အတွက် ထွန်းလွင် ပါဝင်လှုပ်ရှားရပေအုံးမည်။ ဦ အောင်မြင်၏ အသားကျနေပြီဖြစ်သော တည်ငြိမ်ရင့်ကျက် များအတိုင်းပင် အရေးမကြီးလှသောကိစ္စတစ်ရပ်ပမာ ထွန်းလွင ခေါ်ယူ၍ အေးအေးဆေးဆေးပင် ညွှန်ကြားစေခိုင်းပြန်သည် သည်တစ်ကြိမ် လှုပ်ရှားရမည့် နောက်ယောက်ခံလုပ်ငန်း ပစ်မှ များလွန်းလှသည်။

ထွန်းလွင် တစ်ဦးတစ်ယောက်တည်းနှင့်ပင် ဖြစ်နိုင် သည်တော့မဟုတ်။ သို့ဖြစ်၍လည်း ယခင်လက်စလက်န ရှိခဲ့သေ ဦးအောင်မြင်၏ လူရင်းငါးဦးကို ထွန်းလွင်က ဦးဆောင်ပြ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရပေမည်။

'ကျွန်တော် တစ်ခုတော့ တင်ပြခွင့်ပြုပါခင်ဗျာ'



'ပြောပါ မောင်ထွန်းလွင်၊ ပွင့်ပွင့်လင်းလင်းသာ ပြောပါ'

'အခုကိစ္စမှာ လူဟောင်းတွေနဲ့ စုပေါင်းလုပ်ရမယ် ဆိုတော့ ကျွန်တော် မြင်ရတဲ့ အခက်အခဲတစ်ခု ရှိပါတယ်'

'ပြောပါ မောင်ထွန်းလွင်၊ ဦး နားထောင်နေပါတယ်'

'ကျွန်တော်ကတော့ သူတို့ကို နည်းနည်း စိမ်းနေပါ တယ်၊ သူတို့ကို ဦးဆောင်ဖို့၊ ခေါင်းဆောင်ဖို့ဆိုတဲ့ကိစ္စမှာ သူတို့ဟာ မတတ်သာလို့ လိုက်နာရတဲ့ အစီအစဉ်မျိုး မဖြစ်စေ ချင်ပါဘူး'

'မှန်တယ် မောင်ထွန်းလွင်'

'ပြီးတော့လဲ သူတို့ကို ဘယ်လောက်ယုံကြည်နိုင် တယ်ဆိုတာ ကျွန်တော်ကိုယ်တိုင် တာဝန်မယူရဲဘူး'

'မှန်တယ် မောင်ထွန်းလွင်'

'အလုပ်သဘောအရ စုပေါင်းပြီးလှုပ်ရှားမှ ရနိုင်တဲ့ အခြေအနေဆိုတော့'

ထွန်းလွင်က စကားကို ခဏရပ်ထားလိုက်သည်။

'ဆက်ပြောပါ မောင်ထွန်းလွင်'

'ကျွန်တော်ကိုယ်တိုင် သူတို့အုပ်စုထဲမှာ သာမန် အဖွဲ့ဝင် တစ်ယောက်အနေနဲ့ ပါဝင်လှုပ်ရှားခွင့် ရမယ်ဆိုရင် အဆင် ပြေလိမ့်မယ်လို့ ထင်ပါတယ်ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့ အတွေးအခေါ် အယူအဆတွေဟာ လက်ရှိအခြေအနေအရ မှန်ပါတယ်။ ဒါပေမဲ့ ဦး ပွင့်ပွင့်လင်း လင်းနဲ့ ရှင်းရှင်းပဲ ပြောပြမယ်လေ'

'ဟုတ်ကဲ့အမိန့်ရှိပါ'

'ဦးဆီမှာ မောင်ထွန်းလွင်ကို မှီတဲ့ ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မရှိဘူးဆိုတာ ဝန်ခံချင်တယ်'

ထွန်းလွင်သည် ခေါင်းကိုငုံ့ပြီး စိတ်ထဲတွင်ကြိတ်
ပြုံးလိုက်မိတော့သည်။ သည်တာဝန်ကို စောစောကပင် လက်ခံ
သည် ဖြစ်သော်လည်း လိမ္မာသောပရိယာယ်ကို သုံး၍ 'မူ'ရအော
သည်။

'ဒီတော့ မောင်ထွန်းလွင်ကို ပြောချင်တာကတော့ သူတို့ငါး
ယောက် ရှိပါတယ်။ သူ့တို့ကို မောင်ထွန်းလွင် စိတ်ချလက်
သုံးပါ၊ သူတို့မောင်ထွန်းလွင်ရဲ့ အစီအမံ အောက်မှာ တိတိကျ
ရှိဖို့ ဦးက တာဝန်ယူပါတယ်'

ထွန်းလွင်က အာမဘာဏ္ဍာခံရတော့သည်။ ဦးအောင်မြ
၏ လျှို့ဝှက်မှုများအနက် အရေးပါ အရာရောက်သေ
အပိုင်းများတွင် ထိုးဖောက်ဝင်ရောက်နိုင်ခဲ့သလို ဌာနချုပ် အတွ
ထူးခြားစွာ အရေးပါ အရာရောက်သော သတင်းများ ရရှိပေ
တော့မည်။

* * *

နောက်တစ်နေ့တွင်မှ ထွန်းလွင်သည် ဦးအောင်မြင်နှ
နှစ်ယောက်တည်းပင် ရှစ်မိုင်ရှိ ခြံကျယ်ကြီးတစ်ခုထဲသို့ ရောက်
သည်။ အလွန်လုံခြုံသည်ဟုပင် ဆိုရပေမည်။ စိုက်ပျိုးခင်းမျာ
ပတ်ပတ်လည်တွင် အရိပ်ကောင်းသော သစ်ပင်ကြီးငယ်များ
နှင့်အတူ တစ်ထပ်တိုက် အိမ်ကျယ် တစ်ခုအတွင်းတွင် သူတို့ငါး
ယောက်က အသင့်စောင့်နေကြသည်။

သိပ်ထွေထွေထူးထူး ပြောဆိုရသည်တော့ မဟုတ်၊ သူတို့
ငါးယောက်ကို ထွန်းလွင်လက်သို့ လွှဲအပ်သည်ဟုပင် ဆိုရမည်
ဖြစ်၏။ သူတို့ငါးယောက်သည် သိပ်ငယ်ရွယ်သူများတော



မဟုတ်ကြပေ။ အသက်နှစ်ဆယ်ကျော်မှ အသက်သုံးဆယ်ကျော်
ခန့်သာ ရှိသူများဖြစ်ပြီး ထွန်းလွင်ထက် ကြီးသူများနှင့်
ငယ်သူများ ပါဝင်ကြသည်။

ဦးအောင်မြင်၏ များပြားလှသော စီးပွားရေးလုပ်ငန်း
များတွင် တစ်ဦးစီ နေရာရ,ထားကြသည်ဟု သိရသည်။
ဦးအောင်မြင်၏ ပြောပြချက်အရ လခကောင်းကောင်းနှင့်
အခွင့် အရေး ရယူထားကြသည်ကိုလည်း သိရ၏။ လူစုံသည်
ဟုလည်း ဆိုရမည် ဖြစ်သည်။ ကရင်ကပြား၊ ကုလားကပြား၊
တရုတ်ကပြား၊ ဗိုလ်ဆန်ချင်သော ကပြားအထိလည်း
တွေ့ရသည်။ တန်ဖိုးမနည်း၊ မနိမ့်ကျသောသူတို့ ဝတ်စား
ဆင်ယင်မှု ကိုကြည့်၍ ဦးအောင်မြင် ၏အမိန့်ကို တစ်သွေ
မတိမ်း လိုက်နာကြမည်မှာ သံသယဖြစ်ဖွယ် မရှိ။

ယေဘုယျ ဆိုရမည်ဆိုလျှင် သူတို့အရည်အသွေးမျိုး
ကို လခကောင်းကောင်း၊ အခွင့်ရေးကောင်းကောင်း ပေးနိုင်သူမှာ
ဦးအောင်မြင်မှတစ်ပါး သူတို့ ရှာဖွေ တွေ့နိုင် မည်မဟုတ်ဟုပင်
ထွန်းလွင် နားလည်လိုက်မိသည်။

* * *

မည်သို့ပင်ဖြစ်စေကာမူ စည်းကမ်းစနစ်ကြီးကြီးနှင့်
ချုပ်ကိုင်လှုပ်ရှားသော ထွန်းလွင်၏ အစီအစဉ်များကိုတော့
လေးလေးစားစား ကျိုးကျိုးနွံနွံ လိုက်နာကြ၏။ ထွန်းလွင်သည်
သူတို့နှင့်တွဲပြီး နောက်ယောက်ခံ လုပ်ငန်းကို အပင်ပမ်းခံ၍
ကြိုးကြိုးစားစား လုပ်ပြရတော့သည်။ လက်ရှိရှုပ်ထွေးနက်နဲစွာ
ပရိယာယ်ကြွယ်သည် နိုင်ငံရေးလှုပ်ရှားမှုအခြေခံနေသည်
ဦးအောင်မြင်၏ အရေးတကြီး လိုအပ်သော လှုပ်ရှားမှုကိစ္စရပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်သာမက ဌာနချုပ်အတွက် အရေးကြီးသော ကိုတင် ဖြင့်ဆင်မှု သတင်းပင်ဖြစ်၏။

* * *

ယနေ့ စနေနေ့ဖြစ်သော်လည်း ညနေလေးနာရီ ကျော်ကျော်မှ ထွန်းလွင်သည် အလုပ်တိုက်မှာ ပြန်ခဲ့ရသည်။ အိမ်သို့ ရောက်သည်ဆိုလျှင်ပင် စုစုကို တောက်ပြောင်ရှာ ဝတ်စားဆင်ယင်၍ အလုပဆုံး တွေ့လိုက်ရသဖြင့် ပါတီ တစ်ခုသို့ သွားတော့မည်ဟု သိလိုက်မိသည်။

'ဟော့.....ယူ၊ စုစုကိုကြည့်စမ်း၊ မလှဘူးလား'

သူ့လက်ကလေးများကို သားသို့ ကားပြရင်း ကိုယ်ကို တစ်တစ်နီးပါးလည်အောင် လှည့်ပြလိုက်သေး၏။ သူ့အသွင် ကလေးသည် ရှုမဝအောင် လှပသည် ထင်မိသော်လည်း ပါယ် သွားသော သူ့ကို သိပ်မကျေနပ်လှသည်ဖြစ်၍ ထွန်းလွင် အ ရှုံ့၍တွ၍ပြရင်း မျက်နှာလွှဲလိုက်တော့သည်။

'ယူ့နော် သွားခါနီး လာခါနီးမှာ ရန်မစနဲ့'

ညည်းခန်းတွင် သူ့ကို ထားခဲ့ပြီး အဝတ်အစားလဲ၍ရေ ချိုးနေလိုက်မိတော့၏။ ထွန်းလွင် ရေချိုးပြီးသော အချိန်တွင် သူ့ကိုမတွေ့ လိုက်ရတော့ပေ။ အိမ်ရှိသော ကားအားလုံးကို စေ့စေ့တွေ့ လိုက်ရ၍ တစ်ဦးတစ်ယောက်၏ ကားနှင့် လိုက် သွားပြီဟုလည်း သိနားလည်လိုက်၏။ ရောဘတ်လား၊ နယ် ဆင်လား၊ ကျော်ခင်မောင်မြင့်လားတော့ မပြောတတ်၊ သူ့အပေါင်း အသင်းက များလွန်းလှသည်။

နာရီဝက်ကျော်ကျော်ခန့်အကြာတွင် ခန့်ညားထည် သော ဗဲ(လ်) အဲယားကားကြီးတစ်စင်း မောကြီးပမ်းကြီးနှ



ထိုးဆိုက်လာသည်။ ကားပေါ်မှ ကမန်းကတန်း ဆင်းလာ သူ မှာ 'ပက်ထရစ်' သို့မဟုတ် စိုင်းဝဏ္ဏ ဖြစ်၏။

'ဒေစီ တစ်ယောက်'

သူက အလောတကြီး လှမ်းမေးလိုက်သည်။

'စောစောကပဲ ထွက်သွားပါတယ်ခင်ဗျာ'

သက်တူရွယ်တူခန့် ဖြစ်သော်လည်း စုစု၏ ရင်နှီးသော အပေါင်းအသင်းဖြစ်၍ လေးစားစွာ ဖြေလိုက်ရသည်။

'ဘယ်သူနဲ့ သွားတာလဲဗျ'

သူက မေးလိုက်သည်။

'အဲဒါတော့ ကျွန်တော် သတိမထားလိုက်မိဘူးဗျာ'

'ခင်ဗျား အိမ်မှာနေတာပဲ၊ ဒါနဲ့တောင် မသိဘူးလားဗျ'

ထွန်းလွင်က ပြုံးလိုက်ရတော့သည်။

'ကျွန်တော် အမှတ်တမဲ့ ဖြစ်လို့ သတိမထားလိုက်မိ တာပါ၊ နေအုံးဗျာ၊ ကျွန်တော် မေးပေးပါ့မယ်နော်'

အတတ်နိုင်ဆုံး၊ ပြေပြေပြစ်ပြစ်ပြော၍ အိမ်ထဲသို့ လှမ်း မေးရတော့သည်။ စုစုလက်စွဲတော် ဒေါ်အုန်းထံမှ ရသော အဖြေကို သူ့ထံ တစ်ဆင့် တင်ပြရပြန်၏။

'ကျော်ခင်မောင်နဲ့ လိုက်သွားတယ်လို့ ပြောပါတယ်'

ထွန်းလွင်၏ အဖြေကို ကြားလိုက်ရသည်နှင့်ပင် ဘသား ချော၏မျက်နှာမှာပို၍ တင်းမာသွားသလို ထင်လိုက်ရသည်။ ကျေးဇူးတင်စကားကိုပင် ဗွေ့ရားကျေ မပြောနိုင် တော့သလို ချာခနဲလှည့်၍ ကားတံခါးကို ဆောင့်ပိတ်လိုက်ပြီး ကားကို ဒေါသတကြီး မောင်းထွက်သွားတော့၏။

သူကိုယ်တိုင်လည်း ကပွဲသဘင်တစ်ခုကို သွားမည်

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားများကို အတောက်ပြောင်ဆုံး ဝတ်ထားသည် တွေ့ရ၍ စုစုနှင့် အချိန်းအချက် လုပ်ထားပြီး လာခေါ်သည် ထင်ရ၏။ သူ အနည်းငယ်နောက်ကျသွားသည်ကို ကျော် မောင်မြင့်က ကွက်ကျော်ရိုက်သွား၍ သူ့ကျေနပ်ပုံမရ။

စိတ်မထင်လျှင် မထင်သလို လုပ်တတ်သော စုစု အကျ ကိုလည်း ထွန်းလွင် နားလည်ထားခဲ့မိပြီဖြစ်၏။စုစု မည်သူ့ကို ဂရုစိုက်မည် မဟုတ်။ ချိန်းထားသည့်တိုင် သူ လိုက်လိုသူနှ လိုက်ပါသွားတတ်သည်လည်း ရှိ၏။

'မောင်ထွန်းလွင်'

မည်သည့်အချိန်ကပင် ရောက်နေနှင့်သည်ကိုပင် သတိ ထားလိုက်မိ၊ အသံကြားရတော့မှ လှည့်ကြည့်လိုက် သောအ ဦးအောင်မြင့်ကို တွေ့လိုက်ရသည်။

'ဟုတ်ကဲ့ခင်ဗျာ'

'လူတစ်ဦးတစ်ယောက်ကို မောင်ထွန်းလွင်၊ ဒီလော အထိ အောက်ကျို့ပြီး ဆက်ဆံဖို့ မလိုဘူးလို့ထင်တယ်'

တည်ငြိမ်လေးနက်သော မျက်နှာမျိုးနှင့် အေးချမ်းစွ ဆိုလိုက်သည်။

'ဪ.....ဟုတ်ပါတယ်၊ စုစု မိတ်ဆွေဆိုတော့'

'ဦး သဘောပေါက်တယ် မောင်ထွန်းလွင်'

'ဟုတ်ကဲ့ခင်ဗျာ'

'ဒီသူငယ်မျိုးကို ခြံထဲက မောင်းထုတ်ပစ်ရင်ထော သမီးက မောင်ထွန်းလွင်ကို အပြစ်တင်ရှာမှာ မဟုတ်ပါဘူး'

ထွန်းလွင်က ခေါင်းငုံ့ရင်း ဦးအောင်မြင့်၏ စကားမျှ ကိုသာ နားထောင်နေလိုက်မိတော့၏။



'မောင်လွန်းထွင်'

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်က ခေါင်းကိုမော့၍ နားစိုက်ထောင်လိုက် ပြန် သည်။

'ဒီသူငယ်ဟာ မိုက်ရိုင်းတယ်၊ လူမှုရေးကို နားမလည် ဘူး၊ သူ့မိဘအရှိန်အဝါအားကိုးနဲ့ သိပ်မိုက်ရိုင်းတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်က ငြိမ်နားထောင်ရင်း 'ဟုတ်ကဲ့' သာ ပြောက်နေလိုက်မိတော့သည်။ ခဏမျှ ငြိမ်နေလိုက်ပြီးမှ ခပ်တိုး တိုးလေးသံနှင့် စကားကို ပြန်ဆက်လိုက်တော့သည်။

'သမီးလေးနောက်ကို လိုက်ပြီး စောင့်ရှောက်လိုက်ပါ'

'ဟုတ်ကဲ့ခင်ဗျာ'

စကားအဆုံးတွင် ထွန်းလွင်သည် ချာခနဲလှည့်၍ သွက် လက်လက်လက်ပင် တိုက်ထဲသို့ လှမ်းဝင်လိုက်တော့ သည်။ အခန်းထဲရောက်လျှင် မီးခိုးရောင် ဥရောပဝတ်စုံကို အနက်ရောင် ည်စီးနှင့် သပ်သပ်ရပ်ရပ်တွဲ၍ ဝတ်ဆင်လိုက်သည်။ လက်စွဲ တော်ဝေါလ်သာပစ္စတိုကို ပခုံးစလွယ်အိတ်နှင့် ပတ်၍ လွယ်ထား လိုက်သည်။

'မောင်သန်း၊ မင်းကားကို သုံးမယ်'

ဦးအောင်မြင့်၏ ခန့်ညားထည်ဝါသော မာစီဒီး ကားသစ် ကြီးပေါ် တက်၍ မြေနီကုန်းဘက်သို့ မောင်းရန် ပြောလိုက်သည်။ ပိုဆုံးလွှာက အသိုင်းအဝိုင်းပါဟုဆိုသော သူတို့ ပတ်ဝန်းကျင်ဆို သည်မှာ ထွန်းလွင်အတွက်က ထူးဆန်းသည်မဟုတ်။ ကျူးတ ခန့် ဖိတ်ကြားသော ပါတီပွဲများကို မတက်ရောက်ဖြစ်သလို

www.burmeseclassic.com

www.burmeseclassic.com



မဖိတ်ခေါ်သော သီးသန့်ပွဲများကိုလည်း လိုအပ်လျှင် တက်ဖြ
အောင် တက်လိုက်ရသည့်မှာ အကြိမ်ပေါင်းများစွာဖြစ်တော့သည်။ မြေနီကုန်း၊ ပြည်လမ်းမကြီးပေါ်မှ ခြံကျယ်ကြီးတစ်ခုထဲသို့ ဝင်လိုက်မိသောအခါ ည (၈)နာရီခန့်ပင်ရှိပြီဖြစ်၍ သူတို့ 'မွတ်'ပွဲ သဘင်ကြီးပင် ဆင်ယင်ကျင်းပနေပြီးဖြစ်သည်။

'ကားပေါ်မှာပဲ နေခဲ့'

ကားတံခါးကို ဖွင့်ပေးသော မောင်သန်းအား ခပ်တိုးတိုး ကပ်ပြောရင်း ပါတီပွဲကျင်းပရာသို့ လှမ်းလိုက်မိသည်။

ညွှန့်ခံကြိုဆိုရေး မချောတစ်သိုက်ကို ဦးစွာ ဆုံတွေ့လိုက်ရတော့သည်။

'ဆရာသာ နောက်ကျနေပါတယ်ရှင်'

'ဟုတ်ပါတယ်၊ ကိစ္စတစ်ခု ရှိနေလို့ပါ'

'သီတာရဲ့မွေးနေ့ကို မှီပြီး ရှယ်လီတို့က အမြတ်ထုတ်နေကြပါတယ် တီးဝိုင်းတစ်ခု ထောင်ဖို့ပါ'

တန်ဖိုးငွေအားဖြင့် လေးငါးခြောက်ကျပ် ထက်မ
မတန်သော လက်ကိုင်ပဝါလှလှကလေးကို ငွေလင်ပန်းပေါ်
တင်ရင်း ခပ်ချောချော ခပ်တောင့်တောင့်နှင့် 'ရှယ်လီ' ဆိုသူအ
သမီးက 'ဘော်' ချက်တော့သည်။

'အလကားဟာမတွေ'

နှုတ်မှထွက်၍ ကျိန်ဆဲမိသည်တော့ မဟုတ်။ စိတ်
မှကြိတ်၍ ကျိန်ဆဲလိုက်ခြင်းသာဖြစ်သည်။ လိုလိုမယ်မ
ရာတန်တစ်ထပ်သာ မှတ်မှတ်ရရ ထည့်လာခဲ့မိသဖြင့် အောင်သ
သက်နှင့်ပင် ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်ရတော့သည်

'နင်တို့ အကုန်လုံး (.....)တန်း ရောက်ကုန်ရင်



အေးတာပဲ'

ထပ်ဆင့်၍လည်း စိတ်ထဲမှ မေတ္တာပို့လိုက်သေး၏။ မချောတစ်သိုက်က ထွန်းလွင်၏ အရှိန်အဝါကို ကြည့်၍ အထင်ကြီးကြသလို 'ရော'လိုက်ကြသည်။

'အဖော်မပါတာတစ်ခုပဲ အပြစ်တင်စရာရှိတယ်'

တစ်ယောက်တည်းလာသော ထွန်းလွင်ကိုကြည့်ရင်း ဆိုကြတော့သည်။

'အဆင်မပြေလို့ပဲ ဆိုပါတော့'

ထွန်းလွင်က အလိုက်သင့်ပြုံးပြီး ခေါင်းကို အောက်သို့ ခပ်စိုက်စိုက်ထား၍ ပြန်ရောရတော့သည်။

'ရှယ်လီက ဘရာသာကို ကူညီပါရစေရှင်'

မချောတစ်သိုက်က လက်ခုပ်လက်ဝါးသီး၍ ဩဘာပေးရင်း အသံသေးအသံကြောင်နှင့်လည်း အော်ကြပြန်သည်။

'ဒါ မင်းတို့ အထက်လွှာဆိုတဲ့ လူတွေရဲ့ ယဉ်ကျေးမှုတဲ့လား'

စိတ်ထဲမှ ကြိတ်၍ကြိတ်၍ ကျိန်ဆဲမိပြန်သော်လည်း 'ရှယ်လီ' ကိုတော့ သဘောကျမိသည်။ တောင့်သော၊ ဖြောင့်သော၊ ချောသော၊ လှသော၊ ရဲတင်း၍ မြူဆွယ်သော အရည်အချင်း ပြည့်ဝသူ ဖြစ်သောကြောင့်ပင်။ မည်သို့ပင် ဖြစ်စေကာမူ စိတ်ဝင်စားဖွယ်ကောင်းသော အဖော် တစ်ယောက်ကို 'တွေ့' မိပြီဖြစ်၏။ အရေးအကြီးဆုံးအချက်က 'စုစု' နှင့် မဆုံစေရန်သာဖြစ်သည်။

ပွတ်သဘင်ပွဲတော်ကြီးမှာ ခေတ်မီနှစ်ထပ်တိုက်ကြီး အပြင်ဘက် ပန်းခြံထဲတွင် ကျင်းပပြုလုပ်သည်ဖြစ်ရာ ပြုပြင်ထားသော သစ်ပင်ပုကလေးများတွင် ရုပ်လုံးဖော်ထားသော

www.burmeseclassic.com

www.burmeseclassic.com



မီးရောင်စုံမှိန်မှိန်တို့မှာ ဈေးရှိသော အလင်းရောင်ပင်မရှိ။ စားပွဲ၊ကုလားထိုင်များကို အစီအရီချထားပြီး သောက်သူက သောက်နေဆဲဖြစ်၏။ မှောင်ရိပ်မှ ခပ်ဆင်ဆင်တူသော အတွဲကို ကြည့်ရင်း ထွန်းလွင် ဘုရားတ၍ပင် ဆုတောင်းလိုက်မိ၏။

'ဩော်.....သခင်မကာ ဒီမှာကိုး'

ထွန်းလွင် သက်ပြင်းချ၍ စိတ်ထဲတွင် ရေရွတ်မိတော့သည်။ ဒေါ်သကြီးသော စိုင်းဝဏ္ဏ၏ ရင်ခွင်တွင် ခပ်နွဲ့နွဲ့မှီ၍ ကနေသော တင်းနစ်ကွင်းထဲမှ စုစုတို့ အတွဲကို မြင်လိုက်ရတော့မှ စိတ်အေးသလို ဖြစ်မိသည်။

'အစ်ကို့နာမည်ကို သိချင်လိုက်တာ'

အရေးထဲ တွဲဘက် မချောက စပ်စုသေးပြန်၏။

'ထွန်းလွင်ပါ၊ အရှေ့တိုင်း ထရိတ်ဒင်း ကုမ္ပဏီမှာ မန်နေဂျာ လုပ်ပါတယ်'

'အရှေ့တိုင်း ကုန်သန်းရောင်ဝယ်ရေး ကုမ္ပဏီ' ဟု ပြောလိုက်သည်ဆိုလျှင်ပင် ဦးအောင်မြင်၏ထင်ရှားကျော်စောမှုနှင့်အတူ 'စုစု' အကြောင်းပါ ရှယ်လီ သိထားလိုက်သည်ဖြစ်၏။

'ဩော်.....ဒေစီအောင်မြင်ရဲ့ ကားစင် ဘရာသာ ဆိုတာကိုး၊ လူမမြင်ဘူးပေမဲ့ နာမည်ကို သိထားပါတယ်၊ သူနဲ့ သိပ်မရင်းနှီးဘူး၊ သိတော့သိတယ်'

ရှယ်လီကိုယ်တိုင်ကလည်း ခေသူတစ်ယောက်မဟုတ်၊ ရန်ကုန်မြို့ အောင်မြင်သော စီးပွားရေးသမားအကြီးစား တစ်ဦး၏သမီး ဓေတ်ပညာတတ်တစ်ယောက်။

'အကိုလွင် အဲ(န်)နီး ဒရင့်ခ်'



'ဝီစကီပဲ မှာပေးပါ'

ရှယ်လီက ဦးဆောင်၍ ရှေ့က လျှပ်ရှားနေသဖြင့် ထွန်းလွင်က နောက်မှ လိုက်ပါရတော့သည်။ လိုက်ဘက်ညီညာသောစုံတွဲများကိုလည်း တော်တော်များများ တွေ့ရသည်။ ထွန်းလွင် တို့လို အေးအေးဆေးဆေး ထိုင်နေသူများလည်း စားပွဲနှင့် ကုလားထိုင်ပေါ်တွင် ပြည့်လုနီးပါးရှိ၏။

အခုမြင်၊ အခုတွေ့၊ အခုမှ စတွဲမိသည် ဆိုသော်လည်း ထွန်းလွင်နှင့် ရှယ်လီသည် တော်တော်ရင်းနှီးသွားခဲ့ကြသည်။ သူဝုဏ်ထံအသိုင်းအဝိုင်းဟု တင်စားကြသော သူတို့အရင်း ရှင်ဆါင်းသင်းဆက်ဆံရေးဆိုသည်မှာ ထူးဆန်းသည်တော့ မဟုတ်။

စုစု၏ စားပွဲတွင် စိုင်းဝဏ္ဏသာ့မက ဂျော့(ချ်) ခင်အောင်မြင့်နှင့် အပေါင်းအသင်း တော်တော်များများကိုပါ တွေ့လိုက်ရသည်။ သူတို့အားလုံး စုစု၏အပါးမှ မခွါနိုင်အောင် သစ်မွှးစွာ 'ခစား' နေကြပြီဖြစ်၍ ထွန်းလွင်အနေဖြင့် စိုးရိမ်းရန်ပင် မလိုတော့။ ရှယ်လီ၏ လှပသော အနံ့မှ အမြင့်ကောက်ကြောင်း ပုံသဏ္ဍာန်များကိုသာကြည့်၍ သူ့အကြိုက်လိုက်ရင်း ဝင်ရောနေလိုက်မိသည်။

'အစ်ကိုလွင်က သိပ်သတောကောင်းတာပဲ'

အဖိုအထောင်၊ အမြှောက်အပင့်တွေ ဝေဝေဆာဆာနှင့် အစွမ်းကုန် လိုက်လျောနေသည့် ထွန်းလွင်ကို ရှယ်လီ သဘောကျသွားတော့သည်။ ခဏအကြာတွင် မမျှော်လင့် သော အခြေအနေတစ်ခုကြောင့် ထွန်းလွင်သည် သွက်သွက်လက်လက် နှင့် ထရပ်လိုက်ရတော့သည်။

စုစု၏အသံသည် စူးစူးဝါးဝါး ထွက်ပေါ်လာခဲ့သည်ကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်မိသည်။ သူ့အကျင့်အတိုင်း သူ စိတ်ဆိုး၍ ဒေါသဖြ… လာလျှင် အင်္ဂလိပ်လိုနှင့် မြန်မာလို ရောထွေး၍ ပြောတတ်သည်… ယခုလည်း ဒေါသတကြီး ပြောနေပြီဖြစ်၍ ထွန်းလွင်က သူ… အပေါ်သို့ ခပ်မြန်မြန် ချဉ်းကပ်ရတော့သည်။

'စုစု၊ ဒေါသမကြီးနဲ့ကွယ် သတိထားပါ'

ဒေါသကို မာန်မာနတွေနဲ့ ပေါင်းစပ်လိုက်သောအခ… လှပသော သူ့မျက်လုံးပြာကြီးများကိုပင် ကြောက်စရာကောင်… အောင် အရောင်တလက်လက်နှင့် တွေ့ရသည်။

'ယူ လိုက်လာတာ အတော်ပဲ၊ စုစု ယူနဲ့ပြန်မယ်'

ထွန်းလွင်ကို မြင်လိုက်သည်နှင့်ပင် သူက ဒေါသ ဖြ… ရာမှ ကျေနပ်သော အရိပ်အရောင်နှင့် ပြောလိုက်သည်။ … ဦးစာည်၍ ရန်တွေ့နေသူမှာ စိုင်းဝဏ္ဏ၊ မခိုးမခန့် သောပုံစံ… အမေရိကန်ဇာတ်လိုက်မင်းသားဂိုက်ဖမ်းရင်း ရပ်နေသည်… တွေ့ရ၏။ သူတို့ပြောစကားများအရ စုစုကို ပြန်ပို့ပေးလိုသော… စိုင်းဝဏ္ဏနှင့် စုစုတို့ အခြေအတင်ပြောရင်း စိုင်းဝဏ္ဏက စုစု… စောင့်မနေသည့်အကြောင်းကို ပြောရာမှ စကားများ ကြမ်း… ထွန်းလွင် နားလည်လိုက်မိတော့သည်။

စုစုက စိုင်းဝဏ္ဏကို အားရပါးရ ဆဲပါသည်။ မြန်မာ… လည်း ရေရေလည်လည် ဆဲ၏။ အင်္ဂလိပ်လိုလည်း ဆဲ… စိုင်းဝဏ္ဏကလည်း အားကျမခံ မိန်းမပျက်ဟုဆိုသည်။ ပတ်… ကျင်မှ ပရိသတ် တော်တော်များများ ရုတ်ရုတ်သဲသဲ ဖြစ်လာသ… အထိ ဝရုစိုက်ကြည့်ကြသောအခါတွင် ထွန်းလွင်က စုစု… ချော့ရင်း စိုင်းဝဏ္ဏကို တောင်းပန်ရတော့သည်။

'ကျေနပ်ပါတော့ဗျာ၊ လူတွေထဲမှာ ရှက်စရာလဲ ကောင်…



တယ်'

'မင်းပြောစရာမလိုဘူး၊ မင်းက လူလိုသူလို ဝတ်စား ထားပေမဲ့ သူတို့အခိုင်းအစေပဲ'

'ဘလယ်ဒီဖူးလ်၊ နင် ဒီလိုမမိုက်ရိုင်းနဲ့၊ သူဟာ ငါ့ကာစင်'

စုစုက ပါးစပ်မှသာ ပြောသည်မဟုတ်သေး။ ထွန်းလွင် မတားဆီးနိုင်မီအချိန်တွင် သူ့လက်တစ်ဖက်က လေထဲတွင် ဆတ်ခနဲ မြောက်တက်သွားသည်နှင့်အတူ စိုင်းဝဏ္ဏ၏ ပါးပေါ်သို့ အရှိန်ရှိန်ပြင်းပြင်းနှင့် ကျရောက်သွားတော့သည်။

'ဖျန်း'

အရပ် ၅-ပေ ၂-လက်မ မြင့်ပြီး တင်းနစ်ရိုက်လေ့ ရှိသော သူ့လက်အရှိန်က ပြင်းထန်လှ၏။ ခံလိုက်ရသူ စိုင်းဝဏ္ဏ မှာ မသက်သာလှ။ ခေါင်းဖက်သို့ပင် ယိုင်သွားသည်အထိ ပြင်း ထန်လှ၏။ စိုင်းဝဏ္ဏ၏ညာလက်သည် လေထဲတွင် အရှိန်ယူ လိုက်သောအခါ ထွန်းလွင်က သွက်လက်စွာ စုစုရှေ့မှ ဆီးကာ လိုက် သည်သာမဟုတ်၊ အရှိန်နှင့်ကျလာသော သူ့ ညာလက်ကို ဘယ်လက်နှင့် ကျင်ကျင်လည်လည် ဖမ်းထားလိုက်ပြီး ဖြစ် သွားတော့သည်။

'မိတ်ဆွေ၊ လွန်မယ် သတိထားပါ'

ထွန်းလွင်က ခပ်မှန်မှန်လေသံမျိုးနှင့် ပြောလိုက်မိသော် လည်း သူက ထွန်းလွင်၏ဘယ်လက်မှ သူ့ညာလက်ကို ဒေါသတကြီးနှင့် ဆောင့်ရုန်းလိုက်ပြီး ပါးစပ်မှ ညစ်ညစ် ညမ်း ညမ်း ဆဲဆိုရင်း ဘယ်လက်သီးကို လျှပ်တစ်ပြက်အလျင်း ထွန်းလွင်၏မျက်နှာဆီသို့ အရှိန်ပြင်းပြင်းနှင့် လွှတ်လိုက်တော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်မျှော်လင့်ထားသည်ဖြစ်၍ လွယ်လွယ်ကူကူ
ဘေးသို့ ညာလက်ဖျံနှင့် ခပ်နာနာ ခုတ်ဖယ်ရင်း ကိုယ်ရှိန်နှင့်
ပေါင်း၍ တရှိန်ထိုး ပြန်ပင့်လိုက်သည်တွင် သူ့မျက်နှာပိုင်း
ခွင်ကျကျ ထိမိလိုက်သဖြင့် နောက်သို့ လန်ထွက်သွားတော့သည်
လည်မျိုသို့ သွင်းလိုက်လျှင် မွဲချင်းပြီး သေနိုင်သော တိုက်ကွက်
ဖြစ်၏။ နောက်လန် သွားလျှင် ကျင့်သားရ၍ မှုသေနေပြီဖြစ်သော
ညာခြေနှင့်ပင် ထိထိမိမိ မလွတ်တမ်း ခပ်လိုက်သောအခါ
ပေါ်တွင် အရုပ်ကြိုးပြတ် ကျသွားတော့သည်။

အခိုက်အတန့်အချိန်ပိုင်းတွင် နောက်မှ သိမ်းဖက် လို
သော သန်မာတင်းကြပ်သည့်အတွေ့ကို ခံစားလိုက်မိသည်
စုစုတော့ မဖြစ်နိုင်။

ကိုယ်ကိုကြုံ့၍ နောက်ရှန်သူ၏ ခြေသလုံးရိုး
ခန့်မှန်းပြီး ရှူးဘိနပ်စီးထားသော ခြေစောင်းဖြင့် ခြေဖမိုးပေါ်
ဆောင့်နင်းလိုက်သည်။ ထိမှန်ချက်ကို ခံစားလိုက်မိသည်
အတူနာကျင်စွာ အော်လိုက်သံပင် ကြားလိုက်ရ၏။ ကိုယ်ကို
ဘက်သို့ လှည့်မယောင်မယောင်ရှန်း၍ လျှပ် တစ်ပြက်အတွင်
ဘယ်ဘက်လှည့်လိုက်သည်။ ဝဲဘက် တံတောင်ဆစ်သ
နံစောင်းပေါ်သို့ မျှော်လင့်သည့်အတိုင်း ကျရောက်သည်နှင့်အ
ခွေကျသွားတော့သည်။

ရျောခင်မောင်မြင့်အလှည့်ဖြစ်၏။ ဖြန့်ဖြေမလို
တိုက်ခိုက်တော့မယောင်ယောင်နှင့် လက်ကားယား ခြေကားယ
နှင့် ဝင်လာသူတို့ကိုတော့ ဘယ်ညာလက်သီးများကို စုံသုံး
တိုက်ခိုက်ပစ်လိုက်သည်။ အလွန်ပျော့ညံ့သူ ဖြစ်၏။ ခုခံရှောင်တ
နိုင်စွမ်းပင်မရှိ။ စားပွဲပေါ်တွင် ထိုးကျသွားတော့သည်။



'မဆိုင်တဲ့လူ မကပ်နဲ့'

ထွန်းလွင်ပါးစပ်မှ ကျားရိုင်းကြီးတစ်ကောင်လို ကြိမ်းဝါး
ိုက်ရင်း ဆိုဒါပုလင်းလွတ်ကြီးကို တကိုင်ကိုင်နှင့် မည်သူ့
တ်ရမလိုဖြစ်နေသော စုစုရှေ့မှ ကာ၍ ရပ်လိုက်ရင်း ရန်သူ
သစ်ကို ရှာလိုက်မိသည်။ သိုင်းဖြောင်းပြန်သမား တစ်ယောက်
လုံခြုံသော 'အသေခံချွန်း'ကို ဆင်ထားလိုက်သောအခါ
ရှေ့တွင် ကျားရိုင်းကြီးတစ်ကောင် ကာကွယ် နေသည်ဟုပင်
င်ရ၏။ တားဆီးဖြန်ဖြေသူများ ရောက်လာသောအခါ ရန်သူ
စ်ကို မတွေ့ရသော်လည်း တုတ်တို တစ်ချောင်းနှင့် မောင်သန်း
ို တွေ့လိုက်ရသည်။

'မောင်သန်း၊ နောက်ဆုတ်နေစမ်း'

တုတ်တိုကို အသင့်ကိုင်ထားသော မောင်သန်းသည်
ွန်းလွင်အမိန့်အတိုင်း နောက်ဆုတ်၍ ရပ်နေလိုက်သည်။

'ဒီလိုဖြစ်ရတာ အများကြီး ဝမ်းနည်းပါတယ်၊ ကျွန်တော်
ားလုံးကိုလဲ တောင်းပန်ပါတ ယ်'

ဆင်ထားသော 'ချွန်း'ကို ဖျက်၍ လူအုပ်ကို တောင်းပန်
သည်။ သည်လို အရေးထဲအကြောင်းထဲတွင် ခတ်ပုံရိုက်သော
ျပ်တစ်ပြက်မီးများ ဝင်းလက်သွားသည် ကိုလည်း သတိထား
။ လျှပ်တစ်ပြက်မီးခွက် တပ်ဆင်ထားသော ကင်မရာကိုယ်
ကိုင်သူ လူသုံးဦးကိုလည်း မျက်စေ့ထဲတွင် ကျက်မှတ်ရင်း
ရဲဖြစ်နေသော အဝတ်အစားများကို ပြုပြင်သလိုလိုနှင့်
ဝတ္ထုတို့အုပ်စု မြင်သာအောင် ပုခုံးစလွယ်နှင့် သေနတ်ကိုလည်
သိမသော လှန်၍ပြလိုက်သည်။ သူတို့အုပ်စု ဝိုင်းတွယ်လျှင်
ရဲကောင်း ဆန်နိုင်မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'စုစု၊ လာစမ်း ဒီကို'

ထွန်းလွင်က ပြောပြောဆိုဆို သူ့လက်မောင်းရင်း ပြည့်ပြည့်ဖြိုးဖြိုးလေးကို ခပ်ကြမ်းကြမ်းကိုင်၍ ဆွဲခေါ်လိုက်ပြီး လက်ထဲမှ ဆိုဒါပုလင်းကို ပုတ်ချလိုက်၍ ကားဆီသို့ ဆွဲခေါ်သွား လိုက်သည်။

'စုစုတို့၊ အခုပြန်ကြ.....'

'စကားမများစမ်းနဲ့'

စုစုစကားမဆုံးမီပင် ထွန်းလွင်က ဖိကြိမ်းလိုက်၍ သူ ငြိမ်သွားတော့သည်။ သူ့အသွင်မှာ ထွန်းလွင်နှင့်စာလျှင် ကြောင် မကလေးတစ်ကောင်လို ကုတ်နေတော့သည်။

'မောင်သန်း၊ မင်းမှာ သေနတ်ပါသလား'

'ပါ.....ပါ.....ပါ.....ပါတယ်ခင်ဗျာ'

'အိမ်ကို တောက်လျှောက်မောင်းသွား၊ လမ်းဘယ်မှာမှ မရပ်နဲ့၊ သူ ခိုင်းရင်လဲ ရပ်မပေးနဲ့'

'စုစု နားလည်းရဲ့လား၊ သူ့ကို ဘယ်မှာမှ အရပ် မခိုင်းနဲ့'

သူမျက်လုံးပြာကြီးများကို အကြောင်သား ငေးကြည့် ရင်း ခေါင်းကလေးကို တစ်ဆတ်ဆတ် ညိတ်ပြရှာသည်။

'အိမ်ရောက်ရင် ဒယ်ဒီကို အမှန်အတိုင်း ပြောပြ'

သူခေါင်းကလေးကို တဆတ်ဆတ်ညိတ်ပြရှာသည်။

'မောင်သန်းသွားတော့၊ ဒီမှာ ပြဿနာတစ်ခု ရှင်းစရာ ရှိသေးတယ်'

ထွန်းလွင် ပြောလိုက်သည်နှင့်ပင် မောင်သန်းသည် ကား ... တရှိန်ထိုး မောင်းထွက်သွားတော့သည်။ထွန်းလွင်



သည် အဝတ်အစားများကို ထပ်၍ပြုပြင် လိုက်ရင်၊ ခြံထဲသို့ လှည့်မပျက် ပြန်ဝင်လိုက်သည်။ တီးဝိုင်းမှတီးလုံးများပင် ပြန်လည်တီးမှုတ်နေကြပြီဖြစ်သော်လည်း ကနေသော အတွဲများ ဝင် သိပ်မရှိတော့ပေ။ စုရုံးစုရုံးနှင့် စောစောက အဖြစ်အပျက်ကို စိတ်ဝင်စားစွာ ဝေဖန်နေကြသည် ထင်ရ၏။

'အစ်ကိုလွင်'

'ဪ.....ရှယ်လီ လာလာ'

သူ့ကို အဆင့်သင့် တွေ့လိုက်ရတော့သည်။

'စောစောက ဓာတ်ပုံရိုက်တဲ့သုံးယောက်ကို ခဏတွေ့ ချင်တယ်၊ သူတို့ကို ခေါင်းပန်ချင်လို့ပါ'

ရှယ်လီ သဘောပေါက်သွားဟန်ဖြင့် ထွန်းလွင်ကို တိုက်ထဲ သို့ ခေါ်သွင်း၍ နေရာပေးရင်း ရှယ်လီ ပြန်ထွက် သွားတော့ သည်။ ခဏအကြာတွင် ဓာတ်ပုံရိုက်သူ (၃)ယောက်နှင့် ဧည့် ခန်းတွင် တွေ့ပေးလိုက်သည်။

'ဒီကိစ္စဟာ တိုင်းပြည်က သိလောက်အောင် အရေး မကြီးဘူး ထင်ပါတယ်ခင်ဗျာ၊ နှစ်ဦးနှစ်ဘက်ရဲ့ ကာယကံ ရှင်များကလဲ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေဆိုတော့.....'

ထွန်းလွင်သည် အင်္ကျီအိတ်ထဲမှ ရာတန် အထပ် လိုက်တို ဟန်ပါပါ ထုတ်ယူရင်း သူတို့ကို သိသိသာသာ စည်းရုံးလိုက်သည် နှင့်ပင် သူတို့ကလည်း တုံ့ပြန်ကြတော့၏။

'ညီလေးပြောတာ မှန်ပါတယ်'

သူတို့က စိုင်ပင်ထားသလို တညီတညာတည်း ပြောလိုက် ကြတော့၏။

'အစ်ကိုကြီးတို့ကို ကျေးဇူးတင်ပါတယ်ဗျာ၊ နောင်

www.burmeseclassic.com

www.burmeseclassic.com



အကူအညီ လိုအပ်ရင်လဲ ကျွန်တော့်ကို ဆက်သွယ်ကြပါ'

တစ်ယောက်ကို ရာတန် (၃)ရွက်စီ ပေးရင်း သူတို့ ကင်မရာထဲမှ ဖလင်လိပ်ကို ထုတ်ယူ၍ မီးရောင်အောက်တွင် ဖြည်လိုက်ရတော့သည်။

'ကျွန်တော် အစ်ကိုကြီးတို့ကို စိတ်ချယုံကြည်ပါရစေ'

ညာဏ်များတတ်သော သူတို့အကျင့်ကို သိ၍ ထပ်၍ သေချာအောင် ပြောရတော့သည်။ သူတို့က အသိအမှတ်ပြု ကပ်ပြားများကို ထုတ်ပြရင်း နိုင်နိုင်မာမာ အာမခံကြ သောအခါ ထွန်းလွင် ကျေနပ်ရတော့သည်။

'အခုမှ မိတ်ဆက်ပေးရဦးမယ်၊ အခုကျင်းပတဲ့ ညစာစားပွဲ လုပ်တာ သူ့မွေးနေ့အတွက်ပါ၊ သူ့နာမည်က ဒိုရင်း အလိုင်းယား သီတာပါ'

စာတ်ပုံသမားသုံးယောက် ပြန်သွားမှ ရှယ်လီက သူနှင့် မတိမ်းမယိမ်း လှကညာကို မိတ်ဆက်ပေး တော့သည်။

'အကိုလွင်၊ ရှယ်လီကို လိုက်ပို့နော်'

'ချောချောလှလှ မိန်းကလေးတစ်ယောက်ကို လိုက်ပို့ ခွင့်ရတဲ့အတွက် ကျွန်တော် ဂုဏ်ယူပါတယ်ခင်ဗျာ'

သူ့ကားကလေးမှာ ဘောက်စ်ဝက်ဂွန်း လိပ်ခုံးနီနီ ကလေး ဖြစ်၏။ ကားကလေးကို ပြည်လမ်းကြီးပေါ်သို့ မောင်းတက်လိုက် ရင်း ထွန်းလွင်က မေးလိုက်၏။

'ရှယ်လီ ဘယ်ကို မောင်းရမလဲ'

'ကန်တော်ကြီးဘက်ကို မောင်းပါကွယ်၊ ရှယ်လီ ခေါင်းထဲ မှာ နည်းနည်းမူးနေတယ်'

ကန်တော်ကြီး မရောက်မီပင် ရှယ်လီ၏ ခေါင်းကလေး



သည် ထွန်းလွင်၏ပုခုံးထက်တွင် မှေးတင်ထားလိုက် တော့၏။ ကန်တော်ကြီးမှ ကန်နေဒီကျွန်း သစ်ပင်ရိပ်တွင် ရပ်လိုက် သောအခါ ည (၁၁) နာရီကျော်ပြီဖြစ်၍ လူသူ ရှင်းနေပေပြီ။

'အကိုလွင်'

လေသံသဲ့သဲ့ဖြင့်သာမဟုတ်၊ မျက်တောင်ကော့ ကလေး များပင် မှေးထားလိုက်သေး၏။ ထွန်းလွင်က ပြန်မထူး မိတော့ပေ။ နီရဲရဲသော နှုတ်ခမ်းလွှာကို ခပ်ကြမ်းကြမ်းနမ်း လိုက်ရင်း သူ့ တစ်ကိုယ်လုံးကို ပွေ့ဖိုက်နှစ်သိမ့်လိုက်သော အခါ သူ့လက်က လေးနှစ်ဘက်ကလည်း ထွန်းလွင် တစ်ကိုယ်လုံးကို ခပ်တင်းတင်း ဖြန့်၍ဖက်တွယ်ထားလိုက်တော့သည်။ ကန်တော်ကြီးကို ဖြတ် ကျော်၍ တိုက်သောလေသည် အေးချမ်းသန့်ရှင်း လတ်ဆတ် သလို လရောင် အောက်မှ ရေပြင်သည် လှိုင်ဂယက်ကလေးများ လွန့်လူး၍ တိတ်ဆိတ် ငြိမ်သက်သောညတွင် သာယာလှလွန်း သည်ဟု ထင်မှတ်ရသည်။

○

## အခန်း (၁၉)

ညနေပိုင်းတွင် ဆူးလေဘုရားလမ်း အလုပ်တိုက်သို့ ခင်မြင့်မြင့် တယ်လီဖုန်း ဆက်လာ၏။

'စာတ်လိုက်မင်းသား၊ ဘယ်လိုလဲ ကျွန်မကို သတိရ သေးရဲ့လားရှင့်'

သူ့အကျင့်အတိုင်း ခနဲ့သံများနှင့်အတူ ငေါ့တော့၏။

'မမကို အမြဲသတိရနေပါတယ်'

'ကျွန်မကို သတိရနေတယ်ဆိုရင်ပဲ ကျွန်မလဲ ဝမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်ရှင်ရယ်'

'ဒီလိုမပြောပါနဲ့မမရယ်၊ တလောက ကျွန်တော်ဆေး ကြည့်ပါတယ်၊ မမ တောင်ကြီးပြန်သွားတယ် ပြောလို့ပါ'

'အော်.....ဟုတ်တယ်၊ အခု ပြန်ရောက်တာတောင် သုံးရက်ပဲ ရှိသေးတယ်'

ခင်မြင့်မြင့် ကျေနပ်သွားသည်ဟု ထင်ရ၏။

'အခု မမ ဘာလိုချင်လဲ၊ ကျွန်တော် ဘာလုပ် ပေးရမလဲ ပြောလေ မမ'

သူ့ကိစ္စကို မေးလိုက်မိတော့သည်။

'အခုညနေ ကျွန်မကို လာတွေ့ပါဦး'

'အကြောင်းထူး ရှိသလား မမ'

'စကားရှည်မနေနဲ့၊ လာဖြစ်အောင် လာခဲ့'

ပြောပြောဆိုဆိုပင် စိတ်မရှည်ဟန်နှင့် တယ်လီဖုန်း ချသွားတော့သည်။

'ငနဲမကြီး၊ ဘာများ ပြဿနာပေါ်နေသလဲ မသိဘူး'

ထွန်းလွင်စိတ်ထဲတွင် အောင့်သက်သက်နှင့် မှတ်ချက် ချမိတော့၏။ 'ငနဲမကြီး' ဟုသာ တင်စားရသည်၊ ထွန်းလွင် ထက် တစ်နှစ်သာ ကြီးသည်။ လှသော၊ ချောသော၊ ဆွဲဆောင်မှု အလှအပ အပြည့်နှင့်ဖြစ်သည်။ သူ့ကိုတော့ အထိုက်အလျောက် အားလျော်စွာ အသုံးပြုနိုင်၍ ကင်းကွာ နိုင်သေးသည်မဟုတ်။ ညနေပိုင်းတွင်မှ လွစ္စလမ်းတိုက်ခန်းသို့ သွားတွေ့လိုက်တော့ သည်။

ရေချိုးပြီးစဖြစ်၍ လယ်ဟိုက်ဘလောက်(စ) အင်္ကျီအပြာ ကို အတွင်းခံမပါဘဲ ဝတ်ထားသည်။ အလွန် လွတ်လွတ်လပ်



လပ် နေလေ့ရှိသော သူ့အကျင့်ဖြစ်၏။

'မောင်မောင်လာမယ်ဆိုလို့ ကျွန်မ စောင့်မျှော်နေ ပါတယ် ရှင်'

သူ့ဝသီအတိုင်း ရဲရဲတင်းတင်း နောက်လိုက်သည်။

'ဇာတ်လိုက်မင်းသားကတော့ တသွေးတမွေးနဲ့ လှလို့ ချောလို့ပါလားရှင်'

ထွန်းလွင် သူပြောသမျှကို တုန့်ပြန်ပြောဆိုခြင်း မပြု တော့ဘဲ သူ့တစ်ကိုယ်လုံးကို အမှတ်မထင် ပွေ့၍ သူ့ မျက်နှာ ပြင် ထက်ကို ခပ်ကြမ်းကြမ်း နမ်းပစ်လိုက်မိတော့သည်။

'ရှင့်အနမ်းခံချင်လို့ ခေါ်တာ မဟုတ်ဘူး၊ ထိုင်စမ်း'

'ပြောပြောဆိုဆိုပင် ဆိုဖာပေါ်သို့ ထွန်းလွင်ကို ထွန်းချ လိုက်သည်။

'လှတာတွေ့တော့ လွန်သွားတယ်ဗျာ'

'တံငါနား နီးတော့လဲ တံငါပေါ့၊ ဦးအောင်မြင့်နား နီးတော့ ဦးအောင်မြင့်အကျင့်တွေ ကူးကုန်ရောပေါ့'

'ဒီလိုလဲ မဟုတ်ပါဘူး၊ မမက လှလွန်းလို့ပါ'

'အပိုတွေ မပြောနဲ့၊ ကျွန်မ ၁၆နှစ်သမီး မဟုတ်ဘူး၊ ရှင် သိတယ်မဟုတ်လား'

ထွန်းလွင် ပြုံး၍ ငြိမ်နေလိုက်မိတော့သည်။

'ရှင့်ကို မေးရအုံးမယ်၊ ရှင် မေဘယ်လ်လွင်ကို ဖောက်ပစ်လိုက်တယ်ဆို'

ခင်မြင့်မြင့်ကပင် သိနှင့်နေသောအကြောင်းကို ထွန်းလွင် ကိုယ်တိုင်ပင် အံ့ဩမိတော့သည်။

'အော်.....မမတောင် သိနေတာကိုး၊ ဟုတ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့၊ သိပ်ထူးဆန်းတာမှ မဟုတ်ဘဲ၊ ဆူးလေဘုရားလမ်း အလုပ်တိုက်က လူတွေသိတဲ့ကိစ္စပဲ ကျွန်မလဲ သိတာပေါ့'

'ရှင် မေဘယ်လ်ကို 'ဟောက်'တာ ကျွန်မ အံ့ဩတယ်'

'ဘာအံ့ဩစရာရှိလို့လဲ မမရယ်'

'အံ့ဩရတယ်ရှင် အံ့ဩရတယ်၊ မေဘယ်လ်လွင်ဟာ အများထင်သလို ဦးအောင်မြင့်ရဲ့ မယားငယ် မဟုတ်ဘူးရှင့်၊ ကျွန်မတစ်ယောက်ပဲ သိတယ်'

'ဗျာ'

ထွန်းလွင် အံ့ဩသွားမိတော့သည်။

'ဟုတ်ကဲ့.....ဟုတ်ကဲ့'

ထွန်းလွင်သည် မမျှော်လင့်သောအကြောင်းအရာ တစ်ခုကို သိလိုက်ရ၍ စိတ်ထဲတွင် လှုပ်ရှားနေမိတော့သည်။

'အခုမှသိရလို့ စိုးရိမ်သွားပြီလား ဇာတ်လိုက် မင်းသားရဲ့၊ မျက်စိမျက်နှာများတောင် ပျက်လို့'

ခင်မြင့်မြင့်က ထွန်းလွင်အားတွင် ဝင်ရောက်ပူးကပ်ထိုင်ချရင်းပုခုံးကို ကိုင်၍ မေးလိုက်သောအခါ ထွန်းလွင် သတိပြန်ဝင်မိ၍ ကူကြွေဖြင့် တင်းလိုက်ရသည်။

'လှုပ်ချင်တာတွေ စွတ်လုပ်ပြီး အခုမှ အစိုးရိမ်ကြီးနေလိုက်တာ'

ခင်မြင့်မြင့်က ဖိကြိမ်းပြန်တော့သည်။

'အစိုးရိမ်မကြီးစမ်းပါနဲ့၊ ဦးအောင်မြင့်က ရှင့်ကို အထူးသဖြင့် ယုံကြည်အားကိုးပါတယ်'

ထွန်းလွင်ကသက်ပြင်းတစ်ခုကို မှုတ်ထုတ်လိုက်မိသည်။



'မေဘယ်လ်လွင်က ဦးအောင်မြင့်ရဲ့မယားငယ် မဟုတ်ရင် ဘာလဲ မမရယ်'

ထွန်းလွင်က အဆက်ပြတ်သွားသော ခင်မြင့်မြင့်၏ စကားကို ထပ်မေးလိုက်မိသည်။

'ရှင် သိချင်ရင် ကျွန်မ ပြောပြမယ်၊ တောင်ကြီးက လာရင် ကျွန်မ တိုက်မှာတည်းကြတယ်၊ အခန်းတစ်ခန်းထဲမှာ ကုတင်တစ်လုံးစီနဲ့ အိပ်တယ်၊ ညဆိုရင် လင်မယားလို မအိပ်ဘူး၊ ကျွန်မ စပ်စုပြီး အကဲခပ်လို့ သိတာ၊ ပြီးတော့ မေဘယ်လ်လွင်ရဲ့နေတာထိုင်တာကလဲ သာမန် လက်နှိပ်စက် စာရေးမလို့ ထင်ရပေမဲ့ မခေဘူး၊ ရှင်အပါအဝင် အလုပ်တိုက်က လူတွေကသာ မယားငယ်ထင်တာ မဟုတ်ဘူးရှင့်၊ ရင်းရင်းနှီးနှီး အတွင်းလူတွေကလဲ ဒီလိုပဲ ထင်ကြတယ်'

ထွန်းလွင်သည် စိတ်လှုပ်ရှားမှုများကို ကာကွယ်နိုင်ရန် အလို့ငှာ ခင်မြင့်မြင့် စကားများကို ဂရုစိုက် နားထောင်ရင်း နှင့် ခင်မြင့်မြင့်၏ ပြည့်ဖြိုးကျော့ရှင်းသော လည်တိုင်ကို နှာခေါင်းနှင့် ပွတ်နေလိုက်မိသည်။

'ရှင့်ကို ဒီကိုခေါ်ပြီး သတိပေးရတာကတော့ ရှင်က ရိုးရိုးသားသားနဲ့ စိတ်ထင်သလို စွတ်စွတ်လုပ်တတ်တော့ အမှားတွေ့တတ်တယ်'

'ဟုတ်ပါတယ် မမရယ်'

'ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ရှင့်ကို ဦးအောင်မြင့်က အားကိုးပါတယ်။ ရှင် စိုးရိမ်စရာတော့ မလိုပါဘူး။ လိုလိုမယ်မယ်သာ ကျွန်မက သတိပေးတာပါ'

'မမကျေးဇူးတွေ စေတနာတွေကို ကျွန်တော် တစ်သက်လုံး

www.burmeseclassic.com

www.burmeseclassic.com



မမေ့ပါဘူးဗျာ'

ထွန်းလွင်က လှိုက်လှိုက်လှဲလှဲပြောလိုက်ရင်း သူ့လ
မောင်းရင်းပြည့်ပြည့်များကို ဆက်မွေးကြူနေမိ၏။

'ရှင် စုစုနဲ့လဲ အဆင်ပြေနေတယ် မဟုတ်လား'

'ဒီလိုလဲ မဟုတ်ပါဘူး'

ခင်မြင့်မြင့်က အသံလွင်လွင်ကလေးနှင့် ရယ်လို
သည်။

'သူများကို လိမ့်ချင်လိမ့်၊ ကျွန်မကို မလိမ့်နဲ့'

ထွန်းလွင်၏ဗိုက်ကြောကို ခပ်နာနာ လိမ်ဆွဲလိုက် သည

'နာတယ်ဗျာ'

တကယ်နာ၍ ညည်းလိုက်မှ လွှတ်ပေးလိုက်သည်။

'ကျွန်မက ရှင့်ကို ချစ်တယ်'

သူက တိုးတိုးကလေး ပြောလိုက်သည်။

'ကျွန်တော်လဲ မမကို ချစ်တာပဲ'

ထွန်းလွင်က ပြန်ပြောလိုက်သည်။

'ကျွန်မကို ထပ်မလိမ့်စမ်းနဲ့၊ ကျွန်မက ၁၆နှစ်သမီး
မဟုတ်ဘူးဆို၊ စုစုကို လိမ့်လို့ရပေမဲ့၊ ကျွန်မက မလိ
ကျွန်မက ဖြူဖြူစင်စင်စေတနာနဲ့ ရှင့်ကိုချစ်မိတာ၊ ကျွန်မ
လူပေါင်းစုံနဲ့ ပေါင်းသင်းဆက်ဆံရတဲ့မိန်းမမျိုးကို ရှင် ချ
မလိုပါဘူး'

'မဟုတ်တာတွေ မပြောပါနဲ့ဗျာ၊ ကျွန်တော် မမ
ဒီလို မထင်ရက်ပါဘူး'

'စုစုဟာ သိပ်မာနကြီးတဲ့ ကောင်မလေး ဦးအောင်မြ
ဟာ သူ့ကို အသက်ထက်တောင်ချစ်တယ်'



'ဟုတ်ပါတယ်'

'ရှင်နဲ့ တတွဲတွဲ မြင်ရလို့ ကျွန်မ ဝမ်းသာတယ်'

ထွန်းလွင်သည် ခင်မြင့်မြင့်ပြောနေသော စကား
များကိုသာ ငြိမ်၍ နားထောင်နေမိသည်။

'ကျွန်မက ရှင့်ကို ချစ်တယ်ဆိုတာ ယုံရဲ့လား'

'ယုံပါတယ် မမရယ်'

ထွန်းလွင်က လည်တိုင်ကျော့ကျော့စ၍ နှုတ်ခမ်းလွှာအထိ
ညင်ညင်သာသာ နမ်းလိုက်မိသည်။

'ရှင့်ကို ဘာကြောင့်များ ကျွန်မက ချစ်မိလဲ မသိဘူး'

သူကထပ်၍ တိုးတိုးကလေး ဆိုပြန်သော်လည်း ထွန်းလွင်
က ငြိမ်နေလိုက်မိသည်။

'စုစုကို ကလန်ကဆန် မလုပ်နဲ့၊ ကျွန်မလို ရှင့်ကို
သည်းခံမှာ မဟုတ်ဘူး သိရဲ့လား'

'ဟုတ်ကဲ့'

သူ့စကားများသည် နှလုံးသားမှ ပြောသောစကားများ
ဟုပင် ထင်ရလောက်အောင် တည်ငြိမ်ရင့်ကျက်လှသည်။

'ငါ့အဝတ်များ သူ ရိပ်မိလေသလား' ဟုပင် ထွန်းလွင်
စိုးရိမ်မိပြန်သည်။

'ရှင်ဟာ လူတော်လူကောင်းတစ်ယောက်ပဲ၊ အဆင်
သင့်လို့ အမြင့်ကိုရောက်တဲ့အခါမှာ ပေါင်းသင်းဆက်ဆံရေး
ကို သတိထား၊ မမောက်မာမိစေနဲ့'

'ဟုတ်ကဲ့'

'ကျွန်မကတော့ ချစ်လိုက်ရတာလေ'

သူက ထွန်းလွင်၏ဆံပင်ဆွဲ၍ ခေါင်းကို ကလေး

www.burmeseclassic.com

www.burmeseclassic.com



ငယ်တစ်ယောက်လို သပ်ပေးရင်း ထပ်တလဲလဲ ပြောနေသော အခါ ထွန်းလွင် ငြိမ်နေလိုက်ရတော့သည်။

'ကျွန်မ တောင်ကြီး ပြန်ရဦးမယ်'

သူ ထပ်ပြောနေသည့်တိုင် ထွန်းလွင် ဆက်မပြောနိုင် တော့ပေ။ တစ်ကိုယ်လုံးကို မွေ့ပိုက်ရင်း နမ်းလိုက်မိ တော့သည်။

○

## အခန်း (၂၀)

ခပ်မြင့်မြင့် သတိပေးပြီးသည့် နောက်ပိုင်းအချိန်များ၌ မေဘယ်(လ်)လွင်ကို ခပ်မှန်မှန် ဆက်ဆံမိခဲ့ရာမှ မသိမသာ လိုက်လျောမှုကလေးများနှင့် ပြောင်းလဲဆက်ဆံ လိုက်သောအခါ မေဘယ်(လ်)လွင်နှင့် ထွန်းလွင်၏ ဆက်ဆံရေးသည် အသင့် အတင့်ကောင်းမွန်စွာ တိုးတက်လာခဲ့တော့သည်။ နီးနီးကပ်ကပ် လှေလာမိသောအခါတွင် စိတ်ဝင်စားဖွယ်ရာ ကျစ်လျစ်သိပ်သည်း သော သူ့အကျင့် ကလေးများကိုပင် သတိပြုလိုက်မိသည့်အဖြစ် နက်နဲသော လျှို့ဝှက်မှုတစ်ခု ရှိနိုင်လောက်သော လှုပ်ရှားမှုကို အကဲခတ်မိသည်။

လိုအပ်သောအဆင့်ထက်ပို၍လည်း ထွန်းလွင် မချဉ်းကပ် ရဲသေး။ သိသာထင်ရှားလွန်းသော လိုက်လျောမှုများကိုလည်း ထင်ပေါ်အောင် မဖန်တီးမိရန် သတိထားနေရသည်။ မည်သို့ပင် ဖြစ်စေကာမူ ရင်းနှီးခင်မင်သောအဆင့်တွင်ပင် ထွန်းလွင် ရပ်ထား လိုက်သည်။ ဦးအောင်မြင်၏ စာကြည့်ခန်းတွင် ထိုးဖောက် မွှေနှောက်ခဲ့စဉ်က ရရှိခဲ့သော (ဝှက်စာအညွှန်း) များသည် တန်ဖိုးရှိသော သတင်းအချေအမြစ်များ ဖြစ်၏။ ဝှက်စာအညွှန်းတို



သည့်တိုင် အသံဖမ်း အသံလွှင့်သောစက်အထိ ခြေရာမခံနိုင်ခဲ့ သည့်အကြောင်းကိုသာ နေ့စဉ်နှင့်အမျှဆိုသလို မကျေမချမ်း ဖြစ်ရသည်။ ဆင်ခြေရာကို ထင်ထင်ရှားရှား တွေ့ရသော်လည်း ဆင်ကြီးတစ်ကောင်လုံးကို မတွေ့နိုင်သေးသည့်အဖြစ်ကို ထွန်းလွင် မကျေမချမ်း ဖြစ်နေမိသည်။

* * *

တနင်္ဂနွေနေ့တွင် ဦးအောင်မြင်၏ (ဂ) မိုင်ခြံ အတွင်းတွင် နောက်ယောင်ခံအဖွဲ့ဝင်အားလုံးကို စုစည်း၍ ထွန်းလွင်က တွေ့ဆုံလိုက်၏။ ညနေ (၄) နာရီခန့်ဖြစ်၍ ထွန်းလွင်ကပင် သူတို့အားလုံးအတွက် ပြည်တွင်းဖြစ် ဘရန်ဒီအကြီး (၃) လုံးနှင့် အစားအသောက်ကို အိတ်ထဲမှ ထုတ်၍ ဧကာခံလိုက်သည်။ နောက်ပိုင်းတွင် စကားစုံတတ်သောအကျင့်ဖြစ်၍ အခွင့်အရေး တစ်ရပ်အနေနှင့် စကားအစအန ပေါ်ထွက်လာနိုင်သည်ဟု မျှော်လင့်ရသည်။ အခြားလူများ လိမ်လိမ်မာမာ ပါးပါးနပ်နပ်နှင့် ဖြူးကျိုးနွံနွံ ဖြစ်သော်လည်း တော်မီလှကျော်မှာ သူ့ဝသီအတိုင်း ဟောင်ဖွာဟောင်ဖွာလုပ်သည်။

'ဆရာသမား လုပ်တာတွေကို မကောင်းဘူးလို့တော့ ပြောပါဘူးဗျာ၊ ဒါပေမဲ့ မှန်တဲ့အတိုင်း ပြောရရင်တော့ တစ်ခါ တစ်လေ မလိုအပ်ဘဲနဲ့ ပိုလွန်းတာတွေ ရှိပါရဲ့"

ထွန်းလွင် ဆင်သောအကွက်ကို ဆိုက်ဆိုက်မြိုက်မြိုက် ထိတိုးတော့သည်။

'ဒီမှာကိုလှကျော်၊ ကျုပ် ခင်ဗျားကို သတိထားကြည့်နေ တယ်၊ ခင်ဗျား လုပ်ပုံကိုင်ပုံတွေကို ကျုပ် သိပ်မကျေနပ်ဘူး၊ ခင်ဗျားမြူးများတယ်၊ အဘိုးကြီးကို ပြောပြလိုက်ရင်လဲ ခင်ဗျားအဖို့

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကောင်းဘူး’

‘ဆရာသမားက ပြောနိုင်တဲ့နေရာကနေ ပြောနိုင်တာ ပြောပေါ့ဗျာ၊ ကျွန်တော်က သည်းခံရမှာပေါ့’

ထွန်းလွင်သည် ထိုင်ရာမှ ဝုန်းခနဲ ထရပ်၍ လှကျော်၏အင်္ကျီရင်ဘတ်ကို စဆွဲလိုက်သည်။

‘ဟေ့ကောင် လှကျော်၊ မင်း ငါ့ကို ခွါရာတိုင်းတာလား’

ထွန်းလွင်ထက်ပင် အသက်နှစ်နှစ်ခန့် ကြီးသော်လည်း မိုက်ရိုင်းရမည့်အချိန်သို့ ရောက်ခဲ့ပြီဖြစ်၍ မိုက်ရိုင်းရတော့သည်။ အခြားသူများသည် တုတ်တုတ်ပင် မလှုပ်ကြတော့ပေ။

‘ခင်ဗျားက ဆရာသမားပဲဗျာ၊ ဒီလိုတော့ မလုပ်ပါနဲ့ သော့(စ်)သိသွားရင်လဲ မကောင်းပါဘူး’

လှကျော်က ချုပ်တည်းရလွန်းသော အမူအရာနှင့် ထွန်းလွင်ကို မခံချင်အောင် ဆွပေးလိုက်သည်။

‘လှကျော်......ဦးအောင်မြင့်အတွက် ငါ တာဝန်ယူတယ်။ မင်း ငါ့ကို စမ်းကြည့်ပါလားကွာ’

ထွန်းလွင်က သူ့ကို လွှတ်လိုက်ပြီး ခပ်ပြုံးပြုံး ပြောလိုက်သည်။

‘ကိုယ့်လူ တကယ်ပြောတာလားဗျ’

လှကျော်က ပြောပြောဆိုဆို ထရပ်လိုက်သည်။ အားမှ သူများ တောင်းပန်လာသည့်ကိုပင် ထွန်းလွင်က လက်ကာ ပြလိုက်၍ ငြိမ်သွားကြသည်။

‘တကယ်ပြောတာ လှကျော်၊ ဦးအောင်မြင့်နဲ့ ပတ်သက်ပြီး ငါ တာဝန်ယူတယ်၊ မင်းကိုယ်မင်း ယုံကြည်ရင် ထ’

လှကျော်က အကြိုက်တွေ့သွားသလို ရှပ်အင်္ကျီကို ဟန်



ပါ ဆွဲချွတ်လိုက်ပြီး ပစ်ချထားလိုက်သည်။ တုတ်ခိုင်သော ကိုယ်လုံးနှင့် ကြွက်သားများကို သူ အားကိုးပုံရ၏၊ ဘောင်းဘီ ရှည်ကိုလည်း ဒူးဆစ်အထိ လိပ်တင်ထားလိုက်သေး၏။ ထွန်းလွင်သည် တက်ထရက်တိုက်ပုံအင်္ကျီကို ချွတ်၍ လုံချည်ကို ခပ်မြဲမြဲ ပြန်ဝတ်ပြီး အောက်အနားစ တစ်ဘက်တစ်ချက်ကို ခါးသို့ နိုင်မြဲအောင် ညှပ်ထားလိုက်သည်။

‘ငါက နေရာမရွေးဘူး လှကျော်၊ မင်းကြိုက်တဲ့နေရာကို ရွေးပါ’

အိမ်နောက်ဖေး မြက်ခင်းပြင်ကို သူက ရွေး၏။

‘ထဲ......မင်း ငါ့ကို အသေသာ တွယ်တော့ကွာ’

သူ့အကဲကို သိလို၍ ထွန်းလွင်က ချွန်းပုံစံမင် မဆင်ဘဲ ရပ်စောင့်လိုက်၏။ တစ်ဦးနှင့်တစ်ဦး ခြောက်ပေခန့် အကွာမှနေ၍ လှကျော်က လက်ကားယား ခြေကားယားဖြင့် လှည့်ပတ်ချောင်း နေသည်။ မဝင်သေး။

‘မင်း မဝင်ရင် ငါ ဝင်မယ် လှကျော်’

ပြောပြောဆိုဆိုပင် ရှေ့တွင် ခင်းထားသော ဘယ်ခြေကို နောက်တွင်ထားသော ညာခြေနှင့် ခပ်ပြင်းပြင်းနင်းထပ်၍ ဘယ်ခြေကို လေထဲတွင် မြှောက်ပြလိုက်သည်။ လှကျော်က နောက်သို့ တစ်လှမ်းခုန်၍ ဆေးသေသပ်သပ် ခုန်ထွက်သွား သည်။

‘ခြော်......မင်းလဲ ပညာသည်တစ်ယောက်ကိုး’

ထွန်းလွင်စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။ နောက်သို့ ဆုတ်သောပညာသည် မကောင်းဟုတော့ မပြော။ သို့ရာတွင် ထွန်းလွင် မကြိုက်။ ဆိုင်းပြောင်းဖြန့်သမားသည် ရန်သူကို

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ဆုတ်၍ တိုက်ခဲသည်။

လှကျော်က ဆုတ်လိုက်သည်နှင့်အတူ ကိုယ်ကိုနှိမ့်၍ ထွန်းလွင် ရင်ညွှန့်ရင်ဆိုင်သို့ ဘေးကန်နည်းစနစ်၏အတိုင်း ခြေထောက်တစ်ချောင်းကို အရှိန်နှင့် လွှတ်လိုက်သည်။ အရှိန်ကို ပြန်ထိန်းထားသော ထွန်းလွင်က ဘယ်လက်နှင့် ဝိုက်၍ဖက် ထုတ်လိုက်သည်။ ဘယ်လက်နှင့်ဝိုက်၍ ဖယ်သည်နှင့်အတူ ညာခြေကိုပါ တစ်ပါတည်း တွဲလိုက်သော်လည်း လှကျော်က နောက်သို့ ဆုတ်သွား၍ မမီလိုက်သော့။ ထွန်းလွင်၏ခြေသည် လှကျော်၏နံရိုးအနီးမှ ဖြတ်လွတ်သွားသည်။ လှကျော်၏ စိတ်ထဲတွင် အံ့ဩသွားပုံ ရလိုက်သည်။ နောက်သို့သာ ဆုတ်သည်။ ရှေ့မတိုးတော့။ ထွန်းလွင်သည် ဘယ်ညာခြေနှစ်ဖက်ကို သပ်သပ်ရပ်ရပ် မြှောက်ပြသည်၊ လှကျော် မဝင်တော့၊ ဆုတ်၍သာနေသည်။

'အချိန်ကြာတယ်'

ပါးစပ်မှထုတ်၍ ကြိမ်းဝါးရင်း ဘယ်ခြေနှင့်မြဲ၍ ညာခြေကို ပတ်တော့မယောင်ယောင်နှင့် ပေါက်ခပ်လိုက်ရာ လှကျော်၏ ရင်အုပ်ကို ထိသည်။ လူချင်းကပ်ပူး၍ ဒူးတံတောင်ကို ဆက်တိုက် တွဲလိုက်သည်။ ထွန်းလွင်၏မေးရိုးပေါ်တွင် တစ်ချက်ပြင်းပြင်း အထိခံလိုက်ရရင်း လှကျော်က ပူးကပ်ရာမှ ခုန်ထွက်သွားတော့ သည်။ လှကျော် အထွက်နောက်ကျသည်ဟုပင် ဆိုရပေမည်။ အထွက်တွင် ညာဖြတ်လက်သီးတစ်လုံး သည် သူ၏မျက်ခုံးပေါ်သို့ တိုက်ရိုက်ကျသွားတော့သောအခါ ယိုင်သွားသည်။သို့ရာတွင် ညာခြေကို ပြင်းပြင်းမက်၍ ထွန်းလွင် မျက်နှာဆီသို့ လွှတ်လိုက် တော့သည်။

ထွန်းလွင်၏ရှေ့ခြေသည် ပေါင်ရင်းဆီသို့ ပင့်ဖြတ်



လိုက်သောအခါ လမ်းခုလပ်တွင် ရပ်သွားသည်။ ဝှေ့ခြားထဲသို့ တိုက်ရိုက်ထည့်လျှင် သေကွင်းဖြစ်၏။ ပျက်သွားသော သူ့ အရှိန်ကို ပြန်မထိန်းနိုင်မီပင် သိုင်း ပြောင်းပြန် 'ဝေါက်'၏ လှည့်ပတ်မှုနှုန်းထားအတိုင်း တစ်ကိုယ်လုံးအားနှင့် ကိုယ်ကို လှည့်ခတ်လိုက်သောညာခြေသည် သူ့ဘယ်လက်နှင့် ကိုယ်လုံး ဝိုင်းကို ပတ်ရိုက်လိုက်မိသည်တွင် မြေပြင်ထက်သို့ မှောက်လျက် ကျသွားတော့သည်။ပွဲပြီးသွားပြီဟု ထွန်းလွင် နားလည်လိုက် သည်။ လုံချည်ကို ပြင်ဝတ်လိုက်၏။ မျက်နှာပြင်တစ်ဖက် တစ်ချက်တွင် နာနေသောသူ့လက်သီးချက်များကို သက်သာစေ သောငှာ ပုဆိုးနှင့် မျက်နှာကို သုတ်လိုက်ရတော့၏။

'နွားသိုးမှန်လျှင် ဂျိုရာမကင်း'ဟုပင် ဆိုရချေမည်။ ကွဲမသွား၍ တော်သေးသည် ထင်မှတ်ရ၏။ မမျှော်လင့်ဘဲ ဦးအောင်မြင်ကို တွေ့လိုက်ရသောအခါ ပြုံး၍ပင် နှုတ်ဆက် လိုက်ရတော့သည်။

'ကိုလှကျော် ထ,စမ်းပါ.....'

ထွန်းလွင်က တွဲထူ၍ ထ,လိုက်သောအခါ သူ့မျက်နှာ ထက်တွင် သွေးများနှင့် ရဲနေတော့သည်။ ညာဘက်ခြေပင် ကောင်းကောင်းမထောက်နိုင်။ ဝဲဘက်လက်မှာ ခပ်ကွေးကွေး ငြိမ်နေပြီး ညာဘက်လက်က ဆုပ်နယ်နေသည်။

'မောင်လှကျော်ကို အနံကယ်လ် အတန်တန် သတိပေး ထားတယ် မဟုတ်လား'

ဦးအောင်မြင်က တစ်ဆက်တည်းပင် ပြောလိုက်၏။ အခုမှ ထွန်းလွင် သတိထားကြည့်လိုက်မိသည်။ ဦးအောင်မြင် ၏ဘေးတွင် မေဘယ်လ်လွင် ပါလာသည်ကိုပါ တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် မောင်လှကျော်ကို အတန်တန်ပြောထားတယ်'

လှကျော်သည် ဆော့နင်းဆော့နင်းနှင့် ဦးအောင်မြင့်၏ ခြေထောက်ကိုကိုင်၍ တောင်းပန်တော့သည်။

'ကျွန်တော့်ကို ဒီတစ်ကြိမ် ခွင့်ပြုပါခင်ဗျာ.....'

အံ့ဩဖွယ်ကောင်းလောက်အောင် ပြောင်းလဲခြင်းဖြင့် တောင်းပန်ရှာသည်။ ငိုရှိုက်ပြီး အထပ်ထပ်အခါခါ တောင်းပန်သည့်တိုင် ဦးအောင်မြင့်၏မျက်နှာမှာ တည်ငြိမ်လေးနက်နေသည်။ထွန်းလွင်၏မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်သောအခါ ထွန်းလွင် သတိရမိတော့၏။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် အစအဆုံး တာဝန်ယူဖို့ ရည်ရွယ်ချက် ရှိပါတယ်ခင်ဗျာ'

'ကိစ္စမရှိဘူးမောင်ထွန်းလွင်၊ အိမ်ပြန်ပြီးနားပါ'

မေဘယ်လ်လွင်က လူအများရှေ့တွင်ပင် ဖြစ်စေကာမူ ထွန်းလွင်၏မျက်နှာပေါ်ရှိ ဒဏ်ရာများကို သူ့လက်ကိုင်ပဝါကလေးကို ရေဆွတ်၍ တယုတယ သုတ်ပေးနေသည်။

'ဦးက သူ့ကို အတန်တန်ပြောထားပြီးပြီ မောင် ထွန်းလွင်'

'ကျွန်တော် ကျေနပ်လို့ ကျွန်တော့် ခွင့်ပြုချက်အရ သူလုပ်ရတာပါခင်ဗျာ၊ ကျွန်တော့်မှာ ရည်ရွယ်ချက်လည်း ရှိပါတယ်၊ ကျွန်တော် တာဝန်ယူပါရစေခင်ဗျာ'

ထွန်းလွင်က ထပ်တောင်းပန်သလို ပြောသောအခါ ဦးအောင်မြင့် မငြင်းဆန်တော့။

'ဒီလိုဆိုရင်လဲ ဦး ပြန်မယ် မောင်ထွန်းလွင်'

'ဟုတ်ကဲ့ခင်ဗျာ'

'လေးလေး၊ မေဘယ်လ် နေခဲ့မယ်နော်'



ဦးအောင်မြင့်က ခေါင်းညိတ်၍ပြုံးရင်း ထွက်သွား တော့၏

'မေဘယ်လ်တို့ ဘယ်တုန်းကရောက်နေကြတာလဲ'

'ရန်ပွဲစတဲ့အချိန်ကပဲ ဆိုပါတော့ အစ်ကိုလွင်'

'ကဲ.....အားလုံး ပြန်နိုင်ပါပြီဗျာ၊ ကိုလှကျော် နေခဲ့'

ထွန်းလွင်နှင့် မေဘယ်လ်တို့ကို နှုတ်ဆက်၍ ထပြန်သွားသောအခါ လှကျော်၊ ထွန်းလွင်နှင့် မေဘယ်လ်တို့သာ ကျန်ရစ်ခဲ့တော့၏။

'တော်မီ..... ရှင် လေးလေးစကားကို ဖယ်ရှားတယ်နော်၊ ရှင် ခက်ဦးမယ်'

မေဘယ်လ်က မကျေနပ်သလို ခပ်မာမာ ပြောလိုက်၍ လှကျော်သည် ခေါင်းကို အောက်သို့စိုက်ကျသွားသည်။

'မေဘယ်လ် ကျေးဇူးပြုပြီး ကားပေါ်က သွားစောင့်ပါလား'

ထွန်းလွင်က ရင်းရင်းနှီးနှီးလေသံနှင့် ပခုံးကလေးကို ကိုင်၍ တောင်းပန်လိုက်သည်။

'အစ်ကိုက သူများကို နိုင်တယ်'

ခပ်တိုးတိုး နှုတ်ခမ်းစူပြောရင်း ထွက်သွားတော့၏။

'ဆရာ ကျွန်တော် မှားပါတယ်၊ ကျွန်တော့်ကို ပစ်မထားပါနဲ့ ဆရာ၊ ကျွန်တော့်ကို ကယ်ပါဗျာ'

ထွန်းလွင်၏ခြေထောက်ကိုကိုင်၍ ပြောလာသော လှကျော်ကို ထွန်းလွင် နားမလည်သလို ဖြစ်မိသည်။

'ဆရာ ကျွန်တော့်အသက်ကို တာဝန်ယူပါဗျာ'

ထွန်းလွင်သည် သဘောပေါက်မိသည်။ အသေးအဖွဲကိစ္စဖြစ်ဦးတော့ လျှို့ဝှက်လုပ်ငန်းတစ်ခုလုံးကို သံသယ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်သူကို ဆက်ထားရန် ဦးအောင်မြင် ဝန်လေးနေသည် ထင်ရ၏။

'ကျုပ် တာဝန်ယူမယ်၊ ခင်ဗျားကို ကျုပ် ဘယ်လို တာဝန်ယူရမှာလဲ ကိုလှကျော်'

'ကျွန်တော့်ဘဝမှာ ဘယ်လိုမှ လှုပ်ရှားလို့ မရပါဘူး။ ကျွန်တော့်အကြောင်းက မပေါက်ကြားစေရပါဘူးဆရာ၊ ကျွန်တော်မှာ သားမယားတွေ၊ မိဘတွေနဲ့အတူ နေရတာပါ'

'ခင်ဗျား ပြန်တော့ ကျုပ် တာဝန်ယူတယ်'

သူ့ကိုနှစ်သိမ့်ရင်း ထွန်းလွင် အပြင်ရောက်သောအခါ မေဘယ်လ်လွင်က ကားကို အသင့်စက်နှိုးရင်း စောင့်နေသဖြင့် အားကျ ဝင်ထိုင်လိုက်ရတော့သည်။

'မေဘယ်လ်နဲ့ အိမ်ကို လိုက်ခဲ့ပါ အစ်ကိုရယ်'

ထွန်းလွင် မငြင်းဘဲ လိုက်ခဲ့မိတော့သည်။ သူ့အိမ်မှာ လမ်း (၅၀) ထဲမှ သုံးထပ်တိုက်တစ်လုံးဖြစ်၏။ မြေညီထပ်မှလွဲ၍ ပထမထပ်နှင့် ဒုတိယထပ် နှစ်ထပ်စလုံး သူပိုင်ဟု သိရသည်။ အောက်ထပ် ခေတ်ပုံဆိုင်ကို ငှားထားသော်လည်း သူပိုင်ဟု ဆိုပြန်သည်။ လေအေးစက် တပ်ထားသည့် ခမ်းခမ်းနားနားတိုက်ခန်းဖြစ်သော်လည်း ထွန်းလွင် မအံ့သြတော့ပေ။ ပထမထပ်တွင် အသက် ၅၀ ခန့် အဘွားကြီးတစ်ယောက်နှင့် (၁၀)နှစ်ကျော်ခန့် မိန်းကလေးအိမ်ဖော်တစ်ယောက်သာ တွေ့ရသည်။ သူ့အခန်းတွင် ရေအချိုးခိုင်သည်။ ဒဏ်ရာများကို ရေနွေးနှင့် စနစ်တကျ ဆေးကြောသုတ်သင်ပေးသည်။

'အပန်းဖြေပေါ့အစ်ကိုရယ်၊ ပြီးတော့ ထမင်းစားပြီးမှ ပြန်ရမယ်နော်'



ဗိုက်လေဘယ် ဝီစကီပုလင်းအသစ်ကိုဖောက်၍ သူက ဆိုသောအခါလည်း ထွန်းလွင်က၊ နှစ်ပက်ခန့်သာ 'ချို'၍ သောက်သည်။ ရင်းနှီးသော၊ လေးစားသော စကားများကိုသာ ပြောဆိုရင်း ထမင်းစားအပြီးတွင် ထွန်းလွင် နှုတ်ဆက်၍ ပြန်ခဲ့သည်။ အိမ်ရောက်သောအခါ ည (၈)နာရီခွဲခန့်ဖြစ်၍ ဦးအောင်မြင်၏ စာကြည့်ခန်းထဲသို့ ဝင်တွေ့လိုက်သည်။

'ထိုင်.....မောင်ထွန်းလွင်'

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်က သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'လှကျော်ကိစ္စကို ဘယ်လို ရည်ရွယ်သလဲ မောင်ထွန်းလွင်'

မောင်လှကျော်ဟုပင် မခေါ်ဝေါ်သည်ကိုပင် ထွန်းလွင် သတိပြုလိုက်မိသည်။

'ကျွန်တော်နဲ့ ရေရှည်မှာ တွဲရဦးမယ်ဆိုတော့ သူတို့အပေါ်မှာ ကျွန်တော် နိုင်နိုင်နင်းနင်း ချုပ်ကိုင်ထားနိုင်ဖို့ ရည်ရွယ်ပါတယ်ခင်ဗျာ'

'လှကျော်ဟာ မလိုလားအပ်တဲ့ လူတစ်ယောက်လို ဖြစ်သွားရင် ဘယ်လိုအရေးယူမလဲ မောင်ထွန်းလွင်'

ထွန်းလွင်က ပြုံးလိုက်သည်။

'ကျွန်တော်စောစောကပဲ သူ့နောက်ကို ယုံကြည်ရတဲ့ လူနှစ်ယောက် ထည့်ထားပါတယ်ခင်ဗျာ'

'နာမည်တွေကို ပြောပြပါလား မောင်ထွန်းလွင်'

www.burmeseclassic.com

www.burmeseclassic.com



'စိုးမောင်နဲ့ ကိုလှမြင့်ပါ'

'အဆင်တော့ပြေသွားပဲ၊ ဒီနှစ်ယောက်က လှကျော်ရဲ့ အဆင်မပြေဘူး မောင်ထွန်းလွင်'

ဦးအောင်မြင့် ကျေနပ်သွားပုံရ၏။

'ထားပါတော့ မောင်ထွန်းလွင်၊ သူဟာ ပေါက်ကြား နိုင်တဲ့ သူတစ်ယောက်ဆိုရင် ဘယ်လိုလုပ်မလဲ'

'ဒီလိုဆိုတော့လဲ စိတ်ချလက်ချ ပစ်သတ်လိုက်ဖ ပေါ့'

အေးအေးဆေးဆေးလေသံနှင့် ထွန်းလွင်က ပြောလိုက် တော့၏။

'မောင်ထွန်းလွင်အလုပ်တစ်ခုကို အကြောင်းမဲ့ မလု တတ်ဘူးဆိုတာ ဦး သိပါတယ်၊ ဒါကြောင့်လဲ ယုံကြည် စိတ်ချမိတာပဲ'

'ဟုတ်ကဲ့ခင်ဗျာ'

'လှကျော်အတွက် ဦးမှာ အစီအစဉ် နိုင်နိုင်မာ ရှိထားပြီးပါပြီ၊ မောင်ထွန်းလွင် အတန်တန်တောင်းပန် လို့သာ

လှကျော်ကို 'ပျောင်ပစ်'ရန် အကြောင်းကိုပင် အ အမြွက် ပြောလာသောအခါ ထွန်းလွင် မအံ့သြမိတော့။

'ကျွန်တော့်အမြင်ပြောရရင် ကျွန်တော်တို့မှာ လူနည်း တယ်၊ တွေ့တဲ့လူတိုင်းကိုလည်း ယုံယုံကြည်ကြည်သုံးလို့ မရ အလုပ်ရှုပ်ရတဲ့အထဲမှာ မလိုလားအပ်တဲ့ပြဿနာ ကို အချိန်ပိုသုံးပြီး မဖြေရှင်းချင်ဘူး၊ ဒီတော့ စက်စက် စုစည်းထားတဲ့လူတွေကို သုံးနိုင်တဲ့အထိတော့ သုံးချင်ပါတယ် ခင်ဗျာ'



'မောင်ထွန်းလွင်ရဲ့ အစီအစဉ်အပေါ်မှာ ဦး ကျေနပ် တယ် မောင်ထွန်းလွင်၊ ဒါကြောင့်လဲ ဦး မောင့်ကို အားကိုး မိတာပဲ၊ လှကျော်အတွက်လဲ မောင်ထွန်းလွင်ရဲ့ စိတ်ကြိုက်ပဲ စီစဉ်ပါ'

ဦးအောင်မြင့် လုံးဝကျေနပ်သွားသည်ဟု သိလိုက်မိ၏။

'မောင်ထွန်းလွင်ကို ဦး တစ်ခု အသိပေးရဦးမယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့လုပ်ငန်းထဲမှာ မေဘာယ်လ်ကို ထည့် သုံးပါ၊ သူဟာ မောင်ထွန်းလွင်နီးပါး အရည်အချင်းရှိတဲ့ ကလေးမပဲ၊ သူ့ကို မောင်ထွန်းလွင်က ဦးဆောင်ပြီး တွဲလုပ်ပါ'

ထွန်းလွင်က အံ့အားသင့်သော မျက်နှာမျိုးဖြင့် ဦးအောင်မြင့်ကို ကြည့်နေမိသည်။

'မောင်ထွန်းလွင် အံ့သြနေတယ်ထင်တယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'မေဘာယ်လ်ဟာ အတွေ့အကြုံ ရှိပြီးသားပဲ မောင် ထွန်းလွင်'

'ဟုတ်ကဲ့ခင်ဗျာ'

အသိပေးသင့်သောအပိုင်းကို စနစ်တကျ ကန့်သတ် သော ဦးအောင်မြင့်၏ (Need to Know) နည်းစနစ် သည်လည်း အဆင့်မြင့်၍ ရင့်ကျက်သော လျှို့ဝှက်ကိုယ်စားလှယ် တစ်ယောက်၏ ပီပြင်မှန်ကန်မှု တစ်စိတ်တစ်ဒေသဖြစ်၏။

○

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်သည် တော်လှန်ရေး အစိုးရ တက်ရောက်သောနေ့ရက်ဖြစ်ပြီး မတ်လ (၅) ရက်သည် စုစု၏ အသက် (၂၀)ပြည့်နှစ် မွေးနေ့ဖြစ်၍ သူ့မွေးနေ့ အခမ်းအနားကို နေအိမ်တွင်ပင် ခမ်းနားကြီးကျယ်စွာ ကျင်းပပြုလုပ်သည်။ သူ၏ခမ်းနားကြီးကျယ်သော ငွေကုန် ကြေးကျ များလွန်းသည့် မွေးနေ့တွင်သာ အဖိုးတန် လက်ဝတ် ရတနာများကို တစ်ကြိမ်သာ ထုတ်ဝတ်ဖူးသည်ကို ထွန်းလွင် မှတ်မှတ်ရရ သတိထားမိသည်။ ရှာမှရှားသော မရွှေစုဟုပင် မှတ်တမ်းတင်ရမည်ဖြစ်၏။ သူ၏ စိန်ရွှေငွေ ရတနာ လက်ဝတ် လက်စားတို့ကို ခင်မင်တွယ်တာစွာ အရေးတယူ ဝတ်ဆင်သူ မဟုတ်ပေ။

ယုတ်စွအဆုံး သူ့လည်တိုင်ကျော့တွင် ရွှေဆွဲကြိုး ကလေး တစ်ကုံးပင် ဆွဲမထားတတ်၊ သူ့ဖြူလွလွ နားရွက်လှလှ ကလေးတွင်ပင် နားကပ်ဝတ်ရန် နားပေါက် မရှိ၊ လက်ကောက် မဆိုထားနှင့် ရွှေလက်စွပ်တစ်ကွင်းကိုပင် သူ ဝတ်လေ့ရှိသူ မဟုတ်။ သူနှင့်အမြဲမပြတ်သော လက်ဝတ်ရတနာမှာ လက်ပတ် နာရီဟုပင် ဆိုရမည်ဖြစ်၏။ ရိုးလက်စ် အမျိုးအစား အဖိုးတန် လက်ပတ်နာရီမှလွဲလျှင် သူ့ကိုယ်တွင် အဖိုး လက်ဝတ်ရတနာပင် မထားရှိတတ်။

အဝတ်စားကိုတော့ အမြဲ အဖိုးတန်များကို မချွတ်တမ်း ဝတ်၏။ အိမ်နေရင်းလည်း အကောင်းဆုံးကိုသာ ဒုံးစံ၍ ဝတ်သည်။ နိုင်ငံခြားဖြစ် အဖိုးတန်များသာဖြစ်၏။ တစ်ခုတော့



ကျက်သည်။ သူ စိတ်မထင်လျှင် အိပ်ရာမှ ထလာသော အဝတ်အစားနှင့်ပင်ဖြစ်စေ အပြင်သို့ ထွက်လည် တတ်သည်။

တစ်ခါတစ်ရံ အပြင်ထွက်မည်ဆိုလျှင် (၃)နာရီကျော် နှံ့ကြာအောင် ဖီးလိမ်းပြင်ဆင်နေတတ်သလို ချောင်ချောင်ထွက်၍ သွားတတ်သောအချိန်များသည်လည်း မနည်းလှ။

အသုံးအဖြုန်းကလည်း ကြီးလှ၏။ အစားအသောက် ကလည်း မဆင်ခြင်။ လမ်းဘေးရှိ မုန့်ပဲသွားရေစာမှစ၍ အကောင်းဆုံးဟိုတယ်များမှ အစားအသောက်များအထိ သူ ကောင်း။ အိမ်ရှိအိမ်ဖော်များအားလုံးကလည်း သူ့ကို မွေးမွေး ကျက်ထားကြသည်။ ရာတန်စက္ကူစိမ်းစိမ်းကို အထပ်လိုက် ကိုင်၍ ဖြန့်ဝေတတ်သောသူ့ကို အရိပ်တကြည့်ကြည့်နှင့် ချစ်တတ်ကြ သည်။ မည်သို့ပင် ဖြစ်စေကာမူ သူ ချွေခြံသော အကျင့်တစ်ခုမှာ အားကစားတစ်ခုခုကိုတော့ မပြတ်လုပ်ဆောင်တတ်လေ့ရှိခြင်း ပင်ဖြစ်သည်။

'ယူ့ကို တယ်လီဖုန်း လာတယ်'

တက်ထရက်ဘောင်းဘီရှည် အစိမ်းပုတ်ရောင် ခပ်ကျပ် ကျပ်နှင့် အလောက်(စ်)အကောင်းစားတစ်ထည်ကို ကိုယ်ကျို ဝတ်ထားသောသူက ထွန်းလွင်၏အိပ်ခန်းထဲသို့ ဝင်လာရင်း ပြောလိုက်သည်။

'ဘယ်သူတဲ့လဲ စုစု'

ထွန်းလွင်က ပြန်မေးလိုက်မိသည်။

'မသိဘူး'

သူက ခပ်တိုးတိုးပြောလိုက်၍ ထွန်းလွင်က သူ့ မျက်နှာကို ကြည့်လိုက်သောအခါ၊ သုန်သုန်မှုန်မှုန်နှင့် တွေ့လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်ဧည့်ခန်းမရှိ တယ်လီဖုန်းခွက်ကို ထွန်းလွှင် ကောက်ကိုင်လိုက်သောအခါ သူက အပိုစကား ပြောခွက် (Extention) ကို ကောက်၍ကိုင်လိုက်တော့သည်။ တစ်ဖက်မှ ပြောသောစကားနှင့် ထွန်းလွှင်စကားကို သူ ကြားသိလိုသော အခိုပွာယ်ပင်။

'ကျွန်တော် ထွန်းလွှင်ပါ ခင်ဗျာ'

'ရှယ်လီပါ အစ်ကိုလွှင်'

ထွန်းလွှင် စိတ်ထဲတွင် ဘုရားတမိတော့သည်၊ ခါတိုင်း အလုပ်တိုက်ဖုန်းကို သုံး၍ ဆက်သွယ်နေကျဖြစ်၏၊ လစ်လျှင် လစ်သလိုလည်း ရှယ်လီနှင့် အကျွမ်းတဝင် ဆုံတွေ့မိကြသည်လည်းရှိသည်။ ယခုအကြိမ်သည် အိမ်ကဖုံးကို ရှယ်လီ ပထမဦးဆုံး ဆက်သွယ်ခြင်း ဖြစ်၏။

'ဪ....အင်းအင်း'

စုစု နားထောင်နေသောကြောင့် မနည်းကြီး အိမ်ချွဲ ဆည်လိုက်ရတော့သည်။

'အလုပ်တိုက်ကို လှမ်းဆက်ကြည့်တယ်၊ အိမ်မှာ ရှိနေတယ်ပြောလို့ အိမ်ကိုဆက်တာ'

ညနေမိုင်းအတွင်း အလုပ်တိုက်သို့ ပြန်မသွားဘဲ တိုက်တိုက်ဆိုင်ဆိုင် မရွှေစုပင် နေ့လယ်ပိုင်း ကျောင်းမတက် သဖြင့် ကျားရှေ့ မှောက်ရက် လဲသလို ကြုံလိုက်ရတော့သည်။

'ဪ....ရှယ်လီ နေကောင်းတယ်နော်'

အသံကိုသာဖြတ်၍ နားထောင်နေသည် မဟုတ် ထွန်းလွှင်၏ မျက်နှာရိပ်မျက်နှာကဲကိုပါ တစ်ဆက်တည်း ကြည့်၍ အကဲခပ်နေသော မရွှေစု ကိုယ်တိုင်၏ ရှေ့မှောက် တွင် အိမ်ချွဲမပျက်အောင် ကြိုးစား၍ ပြောမိပြောရာ ပြော



လိုက်ရခြင်းဖြစ်သည်။

'ရှယ်လီ နေကောင်းပါတယ်၊ အစ်ကိုလွှင်၊ ဒီနေ့ အားရင် ပစ်ချာကြည့်ရအောင်၊ ပြီးတော့ ကန်တော်ကြီးဘက် ဖြစ်ဖြစ် အင်းလျားဘက်ဖြစ်ဖြစ် ကားလျှောက်မောင်းရရင် ကောင်းမလားလို့'

'အမလေး မြတ်စွာဘုရား'

စိတ်ထဲမှကျိတ်၍ ထွန်းလွှင် ဘုရားတ,ရင်း အိမ်ချွဲဝင် မဆောင်နိုင်တော့။

'ဒီနေ့.....ဒီနေ့ ကျွန်တော် ဖျားနေပြီးမြစ်နေလို့ အိမ်မှာ ညှို့သည်တွေလဲ ရောက်နေတယ်၊ စုစုလဲ ရောက်နေတယ်'

'အစ်ကိုလွှင် ဘယ်လို ဖြစ်နေတာလဲဟင်'

'ဪ....မဟုတ်ပါဘူး၊ စုစုလေ.....စုစု'

'စုစုဆိုတာ ဒေစီကို ပြောတာလား'

'ဟုတ်တယ်ရှယ်လီ၊ သူလဲ သိပ်နေမကောင်းဘူး'

'ဒီလိုဆိုရင် အစ်ကိုလွှင် မလာဘူးပေါ့'

'အင်း.....အင်း'

'မလာချင်ရင်လဲ နေပေါ့၊ ရှယ်လီ စိတ်ဆိုးတယ်'

'စိတ်မဆိုးပါနဲ့ ရှယ်လီ၊ ကျွန်တော် တောင်း..... တောင်းပန်ပါတယ်'

ထစ်ထစ်ငေါ့ငေါ့ တောင်းပန်၍ မဆုံးမီပင် ရှယ်လီ စိတ်ကောက်သွား၍ တယ်လီဖုံးချသွားပြီဖြစ်၏။ ထွန်းလွှင် သည် တယ်လီဖုံးကို နေသားတကျ ပြန်ချထားပြီး သူ့မျက်လုံးများ ဒေါ်ကို မခံရဲတော့သလို အိပ်ခန်းထဲဝင်ရန် လှမ်းရတော့သည်။

'မော.....သူ၊ နေဦး'

www.burmeseclassic.com



သူ၏စစ်ကြောရေးများ အစပျိုးတော့မည်ဖြစ်၍ ထွန်းလွင် မကြားသလိုလိုနှင့် အိပ်ခန်းထဲ ဝင်လိုက်သည်။

'နေဦးလို့ စုစု ပြောနေတယ်'

'ခေါင်းမူးလွန်းလို့ပါ စုစုရယ်'

'စောစောကပဲ အကောင်းကြီး ရှိသေးတယ်'

ပြောပြောဆိုဆိုပင် သူ့အခန်းထဲသို့ဝင်၍ လိုက်လာတော့သည်။

'ယူ့.....ဘာဆင်ခြေ ပေးဦးမှာလဲ'

ထွန်းလွင်၏ရှေ့တွင် ဟန်ပါပါ ခါးထောက်ရပ် လိုက်ရင်း မေးတော့သည်။

'ယူက မလည်ရှုပ်၊ ဟိုဟာမက လူလည်'

ထွန်းလွင် စိတ်ပျက်ပျက်နှင့် ငြိမ်နေလိုက်မိတော့သည်။

'ရှယ်လီနဲ့တွဲပြီး ဘယ်နှစ်ခါ လည်ဖူးသလဲ'

'စုစုမေးတာ ဖြေစမ်းပါ'

'မလည်ဖူးပါဘူး စုစုရယ်၊ တစ်ခါတလေ သူအားရင် ဖုန်းနဲ့ဆက်ပြီး စကားပြောဖူးတာလောက်ပါပဲ'

ထွန်းလွင်က ပြောမိပြောရာ စကားနှင့် ဖွတ်ပြန်ဖုံးကွယ်လိုက်မိတော့၏။

'စုစုကို မညာနဲ့လို့ စုစု ပြောနေတယ်'

သူတော်တော် စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားပုံ ရသည်။ ထွန်းလွင်၏ ရှပ်အင်္ကျီရင်ဘတ်ကို စုဆွဲလိုက်ရင်း ရှေ့တိုးနောက်ငင်နဲ့ ဆွဲလှုပ်တော့သည်။

'နောက်ကို စုစုမကြိုက်ရင် သူနဲ့ မဆက်ဆံဘူး ပေါ့၊ သိပ်လဲ ရင်းနှီးတာ မဟုတ်ပါဘူး''



ထွန်းလွင်က လျှောချရင်း နှစ်သိမ့်မိပြန်သည်။

'စုစု မကြိုက်ဘူးဆိုတာ ယူ မသိဘူးလား'

'မသိလို့ပါ စုစုရယ်'

ထွန်းလွင် လိုက်လိုက်လျောလျော ပြောမိမှ ပို၍ဆိုး ...ွားတော့သည်ဖြစ်၏။

'ယူ.....စုစုကို လိမ်တယ်၊ စုစု မကြိုက်ဘူး'

အသံသည် ပိုကျယ်လာသည်နှင့်အမျှ ထွန်းလွင်၏ ...အင်္ကျီရင်ဘတ်ကို လှုပ်ရှားခါရမ်းလိုက်တော့၏။ ထွန်းလွင် ...ိုယ်တိုင်ပင် သိပ်စိတ်မရှည်မိတော့ပေ။

'ပါတီပွဲတကာမှာ နှာမည်ပျက်နေတဲ့ ကောင်မ,ကို ...ရောမဝင်နဲ့လို့ စုစု ပြောခဲ့တယ် မဟုတ်လား'

သူက ဒေါသတကြီး အော်လိုက်တော့၏၊ သူ့အသံ ...းပင် တုန်နေသောကြောင့် သူတော်တော်စိတ်ဆိုးနေသည်ပင်။

'စုစု ကိုယ်တိုင်လဲ ပါတီတွေ သွားတာပဲ မဟုတ်လား'

အမှတ်မထင် အစီအစဉ်မရှိ မေးလိုက်ပြီးမှ ထွန်းလွင် ...ာင်တ ရမိလိုက်တော့၏။ စုစုမျက်နှာသည် အံ့ဩစရာ ...ောင်းလောက်အောင်ပင် သွေးရောင်များ လျှမ်းတက်လာပြီး ...က်လုံးပြူကြီးများသည်ပင် နီသွားသယောင်ယောင် ထင်မှတ် ...ိုက်ရတော့၏။

'ယူ.....ယူ'

ဒေါသနှင့် တုန်ရီအက်ကွဲမှုများကို စုပေါင်း၍ ထစ်ထစ် ...ငေါ့ငေါ့နှင့် ပြောလိုက်သည်သာမဟုတ်။ သူ့ညာလက်သည် ...သထဲတွင် မြှောက်ရွယ်လိုက်သည်။

'ငါ့ကို ပါးရိုက်တော့မှာပါလား' ဟု ထွန်းလွင် သတိထား

www.burmeseclassic.com

www.burmeseclassic.com



မိသော်လည်း မလှုပ်ရှားမိ။ ငြိမ်၍ရပ်နေရင်း သူ့မျက်လုံးထဲကိုသာ
စိုက်ကြည့်နေလိုက်မိသည်။

'ယု....ယု'

သူ ထစ်ထစ်ငေါ့ငေါ့ကြီး ထပ်ပြောလိုက်ပြီး သူ့ လက်
လေထဲတွင် တအားလွှဲ၍ ရိုက်လိုက်တော့၏။ ထွန်းလွင်
ရိုက်လိုက်သည်တော့ မဟုတ်။ အခန်း၏နံရံကို ရိုက်လိုက်ခြင်းသာ
ဖြစ်၏။ ပြင်းထန်လွန်းသောရိုက်ချက်သည် အုတ်နံရံ
ရိုက်လိုက်သည်ဖြစ်သော်လည်း ထွန်းလွင်၏ရင်ထဲမှ အသည်း
နှလုံးကို ရိုက်လိုက်သလို ခံစားမိတော့သည်။နောက်တစ်ချ
ထပ်လွှဲလိုက်သောအခါတွင် ထွန်းလွင်သည် သူ့လက်ကို အ
ဖမ်းထားလိုက်မိတော့သည်။

'စုစု....ကိုယ် မှားသွားတယ်၊ စကားပြော မှားသွား
တာ၊ ကိုယ် စတာ လွန်သွားပါတယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါ'

သူ့လက်ဖဝါးနုနုကလေးကို မွတ်သပ်ဆုပ်နယ်ရင်း
အသည်းနှလုံးထဲမှ ထွက်လာသော လှိုက်လှဲမှု လေသံများ
နှင့်လည်း အထပ်ထပ်အခါခါ တောင်းပန်မိသည့်အပြင် သူ့
လက်ဖဝါးနုနုကို ပါးနှင့်ကပ်၍လည်း အထပ်ထပ် တောင်းပန်
တော့သည်။

'ယုက စုစုကို ပြောရက်တယ်'

သူက တုန်ရီအက်ကွဲသောလေသံနှင့် တိုးတိုးဆိုလိုက်
သော်လည်း သူ့စကားသည် ထွန်းလွင်၏ အသည်းနှလုံးတွင်
ခံနိုင်စွမ်းပင် မရှိတော့။

'မပြောရက်ပါဘူး၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ ထပ်
မပြောနဲ့တော့ စုစုရယ်၊ စုစု နာသွားသလားဟင်၊ ကိုယ်



မှားသွားပါတယ်'

တကယ် ရင်ထဲတွင် ခံစားရလွန်းသော ခံစားချက်
အတိုင်း ပြောလိုက်မိသည်နှင့်အတူ သူ့လက်ဖဝါးနုနုကို
အထပ်ထပ်နမ်းရင်း ဆုပ်နယ်မွတ်သပ်ပေးနေလိုက်မိတော့၏။

'ယု့ကို အစ်ကိုလွင်လို့ စုစုအသည်းထဲမှာ မခေါ်
တော့ဘူး'

သူက တည်တည်ငြိမ်ငြိမ် ပြောလိုက်တော့၏။

'အို....စုစု၊ ကိုယ့်ကို သိပ်စိတ်နာသွားပြီလား'

သူ့မျက်နှာထက်တွင် တင်းမာမှုများသည် အံ့ဩစရာ
ကောင်းလောက်အောင်ပင် ကွယ်ပျောက်သွားတော့သည်။
သူ့မျက်လုံးအိမ်တွင် မျက်ရည်တော့ မရှိ။ သို့ရာတွင် ချစ်စရာ
မျက်လုံးပြာကြီးများသည် ကြည်လင်စွာ ရွှမ်းလဲ့နေသည်ကို
တအံ့တဩ တွေ့လိုက်ရ၏။ မီးတောက်ကိုမြင်၍ ငြိမ်းသတ်ရန်
ရေကို ရှာဖွေဆဲတွင် တောက်လောင်နေသော မီးတောက်သည်
အေးမြသော ရေစင်အဖြစ် ပြောင်းလဲသွားသလို တွေ့ရှိလိုက်ရ
သော်လည်း ထွန်းလွင် နားမလည်မိတော့။

'ပြောပါဦး စုစုရယ်၊ ကိုယ့်ကို မုန်းသွားပြီလား'

သူ့မျက်နှာကို မော့ကြည့်ရင်း ထပ်မေးလိုက်မိသည်။

သူ့မျက်နှာသည် ကြည်ကြည်လင်လင်ပင် ပြုံးလိုက်
သည်။ သူ့မျက်လုံးပြာကြီးထဲတွင် လေးနက်သဆောင်ဆောင်
ပင် ထင်မှတ်လိုက်ရတော့၏။

'ယု့ကို ဘယ်တော့မှ မမုန်းဘူး၊ ဘယ်တော့မှ
မနာကျည်းဘူး၊ သူများတွေခေါ်သလို အစ်ကိုလွင်လို့ မခေါ်
တော့ဘူး၊ စုစုရင်ထဲမှာ အသည်းထဲမှာ 'အစ်ကိုလွန်း' လို့ပဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တော့မယ်'

တစ်လုံးချင်း အေးအေးချမ်းချမ်းပင် သူ့နှုတ်မှ ခပ်ဖြည်းဖြည်း ပြောလိုက်သည်။

'အို.....စုစုရယ်.....'

ထွန်းလွင်သည် ဝမ်းသာရသည်နှင့်အတူ မကြားရက်တော့သော သူ့စကားကို လှမ်းတားလိုက်ရင်း သူ့လက်ဖဝါးနုနုကို ယုယုယယပင် ပါးနှင့်ကပ်ထားလိုက်မိသည်။

'စုစုက ကိုယ့်ညီမလေးပါ၊ မိုက်တဲ့ညီမလေး၊ သိပ်ဆိုးတဲ့ ညီမလေး'

'နောက်ဆိုရင်လေ စုစု ပါတီတွေလဲ မသွားတော့ဘူး။ ဘယ်သူနဲ့မှလဲ မလည်တော့ဘူး သိလား ယု'

'အို.....စုစုရယ် သွားပါကွယ်၊ ကိုယ်က စုစုကို စ,မိတာပါ'

'ယုက ပါးစပ်က ဘယ်လိုပြောပြော ယု့မျက်လုံးထဲမှာ ဘာတွေ ခံစားနေရတယ်ဆိုတာ စုစု နားလည်တယ်၊ စုစု ရိုက်လိုက်တာက အုတ်နံရံကို ရိုက်လိုက်တာပါ၊ ယု ခံစားရတဲ့အဖြစ်က စုစုလက်ဝါး နာတာကို ယု့နှလုံးသားကို ရိုက်လိုက်သလိုလို့ ခံစားလိုက်ရတယ် မဟုတ်လား'

အလွန့်အသိရခက်သော မချောချောစု၊ သို့မဟုတ် မျက်လုံးပြာကြီးများနှင့် မြန်မာဆန်ချင်လွန်းသော မြန်မာ အဓိကယုသည့် တက္ကသိုလ်ကျောင်းတော်သူကြီး မချစ်စုပင် နှလုံးသားပြဿနာကို ဖွင့်လှစ်တင်ပြခြင်း မပြုနိုင်မီ အချိ ကာလတွင် အသွင်ယူ လှုပ်ရှားရသောဘဝကို ဆက် အသက်သွင်း လှုပ်ရှားရဦးမည်ဖြစ်၏။ ပွင့်လင်းပီပြင်



မထွက်ပေါ်မီအချိန်ကို တားဆီး နိုင်ရန် အစားထိုး နှစ်သိမ့်မှုကို ကြိုးစားရတော့၏။

'အပိုစကားတွေမပြောနဲ့တော့ မစပ်စု၊ ခင်ဗျား ကျေနပ်ဖို့ အရေးကြီးတယ်၊ နောက် ကျွန်တော် ဘယ်သူ့ကိုမှ မဆက်ဆံဘူး'

'ယုက လူရိုး၊ လူအ၊ အုံပုန်း၊ မလည်ရှုပ်၊ ကောင်မတွေက ဖျဲတွေ၊ ယု ခံရမယ်'

'ကောင်းပါပြီဗျာ ကောင်းပါပြီ'

ပုံမှန်အခြေအနေသို့ ပြန်ရောက်သွားပေပြီ။ သူ့ရင်ထဲမှ ပွင့်လင်းလုဆဲဆဲ နှလုံးသားပင် အေးအေးချမ်းချမ်း နေသားတကျ ဖြစ်သွားသည် ထင်လိုက်ရ၏။ ထွန်းလွင် သက်ပြင်းရှည်တစ်ခုကို မှုတ်ထုတ်လိုက်မိတော့၏။

'ယု ရှယ်လီနဲ့ တကယ် ဘာမှမဖြစ်ဘူးနော်'

'မဖြစ်ပါဘူး စုစုရယ်၊ တကယ်ပါ'

'စုစု ယုံပါတယ်လေ၊ ဒီကောင်မက လည်တယ်၊ အခုဆက်တာတောင် ကြည့်ပါလား၊ ယောကျ်ားလေးတစ်ယောက်ကို သူက စ,ချိန်းသတဲ့'

'အင်း.....'

'ယုကသာ ကြောက်ကြောက်နဲ့ ထစ်အထစ်အ လုပ်နေတာ ကောင်မက ပြောလိုက်တာ ချောလို့မောလို့'

'အင်း.....အင်း'

သူက ရှုံ့ရင်းမဲ့ရင်း ပြောနေသည်ဖြစ်၍ ထွန်းလွင်က 'အင်း' လိုက်နေရတော့သည်။

'စုစုကိုလဲ နေမကောင်းဘူးလို့ ယု ပြောလိုက်သေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း.....အင်း'

'ဘာ အင်းအင်းလဲ'

'ဟာ.....မဟုတ်ဘူး စုစုရဲ့၊ ယောင်လို့'

သူ တော်တော် ကျေနပ်သွားပုံရသည်။

'ယူ စုစုလေ'

'ခင်ဗျား ဘာရှုပ်ဦးမလို့လဲ'

'မြင်း စီးချင်လို့'

'ကောင်းကွာ'

ထွန်းလွင် ပြောပြောဆိုဆိုနှင့်ပင် သူနှင့်လိုက်ပါရန် ပြင်ဆင်ရတော့သည်။ ကျိုက္ကဆံကွင်းတွင် ဦးအောင်မြင့်ပိုင် မြင်း(၁၀)ကောင်ခန့် ရှိသည်။

○

## အခန်း (၂၂)

မေဘာယ်လ်လွင်ကို တကယ်တန်း မူးမူးကမ်ကမ်တွဲ၍ လှုပ်ရှားရသောအခါတွင် မေဘာယ်လ်လွင်၏ အရည်အချင်း များသည် စနစ်တကျ တတ်ကျွမ်းနားလည်သော ထောက်လှမ်းရေးသမားကောင်းတစ်ယောက်၏ အရည်အချင်းများဟု ထွန်းလွင် သိနားလည်လိုက်ရတော့၏။

အထက်လွှာပိုင်းကို ထိုးဖောက်ချဉ်းကပ်လေ့လာ၍ အနက်ရောက်ခန့်မှန်းရသော အချိန်အခါ အခြေအနေများ တွင် ထွန်းလွင်သည် ဦးဆောင်သူတစ်ယောက် ဟုသာ အမည်သညာ ပြုရသည့်တိုင် မေဘာယ်လ်လွင်ကသာ တွဲခေါ်သွားသောအဖြစ် များကို ''သိမသာ ရောလိုက်ရသော အချိန်များဖြစ်၏။ နိုင်ငံကြီး



ဘာသာစကားလေးမျိုးကို ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုတတ်ပြီး အချို့ဘာသာစကားများကို အဆိုက်အလျောက် အားလျော်စွာ ရော၍ပြောနိုင်သည်။ အပေါင်းအသင်းဆန့်သည်ကလည်း မပြောနှင့်တော့။ အလွှာပေါင်းစုံတွင် ဝင်ဆန့် မွှေနှောက်နိုင်သူ ဖြစ်၏။ တစ်ဦးတစ်ယောက်ကို လိုတိုးပိုလျှော့၊ တစ်ကွက် ချန်၍လည်း ပါးပါးနပ်နပ် ဆက်ဆံတတ်သည်။

(Check Counter Check) နည်းစနစ်ကို အရိုးစွဲ နေသည့် ကျွမ်းကျင်သူ ထောက်လှမ်းရေးသမားတစ်ယောက်၏ ဓလေ့ ရိုက်အတိုင်း အမြဲမသင်္ကာစိတ်နှင့် သတိထားတတ်သော အလေ့ကျင့်ရှိသူဖြစ်၏။ ထွန်းလွင်ကိုလည်း ဘဝတူ တစ်ယောက်၊ ဦးဆောင်သူ တစ်ယောက်အသွင်ကို ရှေ့တန်းသို့ ဟန်ပြတင်၍သာ ဆက်ဆံရသော်လည်း ရင်ထဲတွင်ကျိတ်၍ သိပ်သည်းလွန်းသော သူ့ဆက်ဆံမှုကို ထွန်းလွင် သဘောပေါက်ထားပြီးဖြစ်၏။ ညည်သို့ပင်ဖြစ်စေကာမူ ဦးနှောက်ထဲတွင် အကန့်အကန့် ကိုယ်စီထား၍ ဆက်ဆံနေကြသော ထွန်းလွင်နှင့် မေဘာယ်လ် တို့အစွဲသည် လိုက်ဖက်ညီသည်ဟု ဆိုရမည်ဖြစ်၏။ နှစ်ယောက် ပေါင်း၍ အဓိက အရေးကြီးသောပုဂ္ဂိုလ်ကြီးများ၏ ပတ်ဝန်းကျင် များကို ထိုးဖောက်ချဉ်းကပ်ခဲ့မိကြသည်။ ရှင်ပြုနားသ၊ ဂေါ်လာဆောင်၊ အသုဘ စသော လူမှုရေးကိစ္စများတွင်သာမဟုတ်၊ လောင်းကစားဝိုင်းများနှင့် ပျော်ရွှင်မှုအခမ်းအနားများတိုင် ကျယ်ပြန့်စွာ ခြေလှမ်းကျဲခဲ့ကြသည်။

တစ်ချက်တစ်ချက်တွင် အကဲခတ်မိ၍ ဆွဲဆောင်သော အပြုအမူများသည် ထွန်းလွင်အတွက် အသက်ရှုပင်မှားမိအောင် ခံစားလိုက်ရသော်လည်း ဇာခြေပျက်သည်အထိတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။

* * *

နိုင်ငံခြားသံရုံးတစ်ခု၏ ညှော်ခံပွဲမှအပြန်တွင် ထုံး အတိုင်း သူ့ကို ထွန်းလွင်က အိမ်ပြန်ပို့ပေးလိုက်ရသည် တစ်လမ်းလုံး ခေါင်းနည်းနည်းမူးသည့် အကြောင်းပြ၍ ပူပူ ကပ်ကပ်နှင့်ထိုင်ရင်း ထွန်းလွင်၏ပခုံးပေါ်တွင် ခေါင်းတင် သူလိုက်ပါလာခဲ့သည်။ အိမ်ရှေ့ရောက်သည်အထိပင် သူ မဆင် သူ့ကို အပေါ်ထပ်အထိ ပို့ပေးရမည်ဆို၍ ထွန်းလွင်က ဖေး လိုက်ပို့လိုက်ရတော့သည်။ သည်တစ်ကြိမ်တော့ ထွန်းလွ အံ့ဩမိသည်နှင့်အတူ ဝမ်းသာကျေနပ်မိသည်မှာ အမှန်ပင် ရှင်းရှင်းနှီးနှီး ဖြစ်ခဲ့ရသည်မှာ အတန်ကြာသည့်တိုင် သူ နေထိုင်လေ့ရှိသော ပထမထပ်အထိသာ မကြာမကြာ ရောက် သော်လည်း သီးသန့်ဧည့်သည်များအတွက် လိုလိုမယ်မယ် ထားရပါသည်ဆိုသော ဒုတိယအထပ်အထိ အပို့ခိုင်းသော ကြောင့်ဖြစ်၏။

သည်အထပ်သည် ထွန်းလွင် မျက်စေ့ကျနေမိခဲ့သော အထပ်ဖြစ်သည်။ သူနီးတစ်ယောက်လို ထိုးဖောက်ဝင်ရောက် လိုစိတ် အပြည့်အဝရှိသော်လည်း အခြေအနေ၊ အချိန်အခါကို တစောင့်စောင့်နှင့်သာ မျှော်နေခဲ့ရတော့သည်မှာ အတန်ကြာ ပေပြီ။

မဆင်မခြင်နှင့်လည်း စွန့်စား၍ ရနိုင်သောအလုပ် လည်း မဟုတ်။ တိကျသော အချိန်အခါ၊ အခြေအနေကို စောင့်၍ လှုပ်ရှားထိုးဖောက်ရမည်ဖြစ်သော နက်နဲခက်ခဲသည့် လှုပ်ရှားမှု ဝ..ိခုသာဖြစ်၏။ မေဘယ်လ်လွင်၏ လှုပ်ရှားမှုကို ထွန်းလွင်သည်



သူနှင့် မျက်နှာချင်းဆိုင် လေးထပ်တိုက်တစ်လုံး၏ တတိယထပ်မှ စောင့်၍ တည်ငြိမ်စွာ အမြဲမပြတ်ကြည့်ရန် လူတစ်ယောက်ကို 'စိတ်တိုင်းကျကုမ္ပဏီ'၏ အကူအညီဖြင့် ထားရှိပြီးဖြစ်၏။

တာဝန်ရှိသူသည် အဝေးကြည့် မှန်ပြောင်းတစ်ခုကို အခန်းစီး လိုက်ကာကြားမှ စနစ်ကျနသော လျှို့ဝှက်မှုဖြင့် အဆက်မပြတ် စောင့်ကြည့်နေခဲ့သည်မှာ ရက်သတ္တတစ်ပတ် ပင် ကျော်ခဲ့ပြီ။ ဤအစီအစဉ်သည် ထွန်းလွင်အနေဖြင့် သူ့အပေါ် တစ်ကွက်ကျော်၍ လက်ဦးထားသော အစီအစဉ်ဖြစ်၏။ အမြဲ သတိရှိနေသော သူ့နောက်ကို တကောက်ကောက် လိုက်ပါ နေသော 'နောက်ယောင်ခံခြင်း' မဟုတ်၍လည်း ထွန်းလွင် ကျေနပ်မိတော့သည်။

'အစ်ကိုလွင် မပြန်ပါနဲ့ဦးနော်'

အခန်းထဲရောက်သည်ဆိုလျှင်ပင် သူက ချွဲချွဲပြစ်ပြစ် လေသံမျိုးနှင့် ဆိုပြန်တော့လည်း ထွန်းလွင်က ဆိုဖာတစ်ခု ပေါ်တွင် ထိုင်နေလိုက်မိတော့သည်။

'အစ်ကိုလွင် သောက်ဦး.....'

ရှုရှားပြည်ဖြစ် ဗော်လ်ကာအရက်ပုလင်းကို ဖန်ခွက်နှင့် အတူ ချပေးရင်း သူက ဆိုပြန်သည်။ ဝေါ့ဓ၊ ငါ့ကိုတော့ ပညာစမ်းနေပြီ။ ထွန်းလွင်၏ စိတ်ထဲတွင် ကျိတ်၍ ကျိန်ဆဲပစ် လိုက်မိတော့သည်။ ညှော်ခံပွဲတွင် ဂျော်နီဝေါကား ဝီစကီကို သောက်ခဲ့သည်။ အမျိုးအစားတူညီသော အဖိုးတန် အရက် မျိုးစုံသည် သူ့ဗီရိုထဲတွင် ရှိနေမည်ဖြစ်သော်လည်း အမျိုးကွဲ အရက်ကို ရွေးတိုက်သည်ကိုတော့ ထွန်းလွင် ဘဝင်မကျလှ။

'ဝီစကီ မရှိဘူးလား မေဘယ်လ်'

www.burmeseclassic.com



'ဒီအပေါ်ထပ်မှာတော့ မရှိဘူး အစ်ကိုလွင်၊ အောက်ထပ်မှာတော့ ရှိမယ်ထင်တယ်၊ အောက်ထပ်ကိုလဲ မသွားချင်တော့ဘူး အစ်ကိုရာ.....နော်'

သူက လိမ်လိမ်မာမာနှင့် ပညာပြ၍ ငြင်းတော့သည် ဖြစ်၏။

'ဖြစ်ပါတယ်လေ.....ကိစ္စမရှိပါဘူး'

ထွန်းလွင်ကလည်း သူ့'စိမ်ခေါ်ချက်'ကို အလိုက်သင့်ပင် လက်ခံလိုက်ရတော့၏။

'သံရုံးက မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးထားတာပါ၊ အစ်ကိုဖို့ သီးသန့်တိုက်ဖို့ ဖယ်ထားတာ'

'ဪ.....'

စိတ်ထဲမှ မကျေမနပ်နှင့် 'ဪ.....'ဟုဆိုလိုက်ရင်း ပုလင်းကို သေသေချာချာ စစ်ဆေးကြည့်လိုက်မိသည်။အသစ်စက်စက် ခြေရာလက်ရာမပျက်ဖြစ်၍ တော် သေးသည် ဟုပင် အောက်မေ့ရ၏။ သူ့ကို စိတ်ချယုံကြည်ရသည်တော့ မဟုတ်။ အခြားသော အရက်တစ်မျိုးမျိုးနှင့် ရော၍သော် လည်းကောင်း၊ အခြားနည်းလမ်းတစ်ခုခုဖြင့် လိုအပ်သော မူးယစ်ဆေးမှုထက် ပို၍ လွန်ကဲနိုင်အောင် ဖန်တီးထားလေသလားဟုလည်း သတိထားရ၏။

'သောက်လေ အစ်ကိုလွင်'

ထွန်းလွင် ခပ်ကြမ်းကြမ်းပင် ကောက်မော့လိုက်ပြီး အိတ်ထဲမှ အမေရိကန်ပြည်လုပ် လပ်ကီးစရိုက် စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိဖွာရှိုက်လိုက်သည်။

'ဆန့်ကျင်ဘက်အစွန်းနှစ်ခုကတော့ ကျန်တော့မိုက် ထဲမှာ



ဆုံနေကြပြီ မေဘယ်လ်'

ရုရှားပြည်လုပ် ဗော်လ်ကာအရက်နှင့် အမေရိကန်ပြည်လုပ် လပ်ကီးစရိုက် စီးကရက်တို့ ပူးတွဲရောယှက်မှုကို အလေးပြု၍ ထွန်းလွင်က ပြက်လုံးတစ်ခုကို ပြောလိုက်မိသည်။

'ဆန့်ကျင်ဘက်နှစ်ခုဆုံရင် မီးပွင့်တတ်တယ်အစ်ကို'

သူက အနှောက်အသွားမလွှတ်သော ပြက်လုံးကိုပင် ပြန်ထုတ် လိုက်သေးတော့၊ ထွန်းလွင်၏ဘေးတွင် အသားချင်းထိအောင် ပူးပူးကပ်ကပ် တိုးထိုင်ပြန်သည်။ သူ့မျက်လုံးများမှာ အရောင်တလက်လက်နှင့် မြူဆွယ်သယောင်ယောင်။

'အကိုလွင် ခဏနော်.....'

သူက ချစ်စမွယ်အမူအရာကို ဖန်တီးပြုလုပ်ရင်း အခန်းထဲသို့ ဝင်သွားတော့သည်။ 'ငါ လိုက်သွားရရင်ကောင်းမလား' ထွန်းလွင် စဉ်းစားလိုက်မိတော့သည်၊ 'အချိန်စောသေးတယ်'ဟု ပြန်လည် ဖြေသိမ့်ရင်း တိုက်စစ်ဆင်နိုင်ရေးကို ခေါင်းထဲတွင် စဉ်းစားနေလိုက်မိတော့သည်။

လည်ဗင်းမှ လည်စီးကို လျှော့လိုက်ပြီး ကုတ်အင်္ကျီကိုလည်း ကိုယ်မှချွတ်လိုက်၍ ချိတ်စရာရှာသလိုလိုနှင့် ခမ်းနားကြီးကျယ်သော အခန်းကြီးကိုသာ လှည့်ပတ်အကဲခတ်နေလိုက်မိသည်။

'မေ ချိတ်ပေးမယ်အစ်ကို.....'

ထွန်းလွင်လက်ထဲမှ ကုတ်အင်္ကျီကိုယူ၍ သူက နေသားတကျ ချိတ်ပေးလိုက်၏။ သူ အဝတ်အစား လဲထားသည်ကို သတိပြုလိုက်မိ၏။ သူ့မျက်နှာလှလှပေါ်တွင်လည်း ထပ်၍ ပြုပြင်လာသေး၏။ ပို၍လည်း လှပကျော့ကြိုင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်ထင်ရ၏။ ကိုယ်ပေါ်မှ ဗိုးသား ပျော့ပျော့ လယ်ဟိုက်
ဘလောက်(စ်)အင်္ကျီအောက်တွင် အခုအခံ အတားအဆီး မရှိပြ
ပြည့်တင်းလုံးဝိုင်းသော သူ့အလှအပပစ္စည်းများသည် လွတ်လွ
လပ်လပ် လှုပ်ရှားနေကြသည်ကို ရင်မောစရာကောင်းအောင်
မြင်တွေ့ရတော့သည်။ မူရင်းအခံရှိသော ဝိစကီသည်
ဖော်လ်ကာအရက်သုံးပက်ခန့် ကျော် ကျော်နှင့် ဆုံတွေ့မိသော
ခေါင်းထဲတွင် ရိုဝေလာခဲ့မိ၏။

'ငါ့ကိုတော့ ထောင်ချောက်ဆင်နေပြီ'

စိတ်ထဲတွင် ထပ်ရေရွတ်လိုက်ပြီးနောက် ထိုးစစ်တ
ကို လျှပ်တစ်ပြက် ဆင်လိုက်သည်။ သူမ၏ သေးသိမ်သော
ခါးကို လျှပ်တစ်ပြက်အတွင်း တင်းကြပ်စွာ ပွေ့ပိုက်လိုက်
သည်နှင့်ပင် သူ့ဖွံ့ဖြိုးသောကိုယ်သည် ထွန်းလွင်၏ ရင်ခွင်
တွင် ပူးကပ်သွားမိတော့သည်။ လှုပ်ရှားမှုသည် လျှင်မြန်
လွန်း၍ သူ လှုပ်ရှားတိမ်းရှောင်ချိန်ပင် မရလိုက်။ သိပ်
မပြင်းထန်သော လှုပ်ရှားမှုကလေးများနှင့် သူ ရုန်းကန်
လှုပ်ရှားသော်လည်း ထွန်းလွင်က လွှတ်မပေး 'တိုက်စစ်'၏
ပရိယာယ်ဖြစ်၏။

'မေ့ကို သိပ်ချစ်တာပဲ.....'

ဦးနှောက်ထဲ၌ စောစောကပင် ထည့်သွင်းစီစဉ်ထားရှိ
သောစကားကို အထပ်ထပ်အခါခါဆိုရင်း သူ့မျက်နှာ အနှံ့
အပြားကို ဆက်တိုက် နမ်းပစ်လိုက်သည်။

'မေ့ကို တကယ်ချစ်သလား အစ်ကိုလွင်.....'

သူ့ကိုယ်ကိုနွဲ့၍ ထွန်းလွင်၏အနမ်းများကို ရှောင်
တိမ်းရင်း ပြန်မေးလိုက်သည်။



'ချစ်တယ်၊ မေ့ကိုချစ်တယ်'

ယစ်မူးရလွန်းသောလေသံနှင့် ထွန်းလွင်ကပြောရင်း
သူ့တစ်ကိုယ်လုံးကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထား
လိုက်သည်။

'လေးလေးကို ပြောပြ၊ မေ အစ်ကို့ကို လက်ထပ်မယ်'

သူ့ 'ခံစစ်ဆင်မှု'က သိမ်မွေ့လှ၏။ တင်းတင်း ကြပ်ကြပ်
က်ထားသော ထွန်းလွင်၏လက်များပင် လျော့ရဲရဲဖြစ်သွား
တော့သည်အထိ ဖြစ်၏။

'မေပြောနေတာ အစ်ကို ကြားလား'

သူက 'ထိုးစစ်'အသွင်သို့ ကူးပြောင်းရန်ပင် အစပြု
နေတော့သည်ဖြစ်၏။

'ကြားပါတယ်၊ ဘာခက်တာလိုက်လို့၊ လက်ထပ်လိုက်
တာပေါ့'

'ထိုးစစ်'သည် အဆင်မသင့်၍ ရှေ့သို့ ချီတက်ရန်မဖြစ်
သေးသည့်တိုင် နောက်ကိုတော့ မဆုတ်လိုသေး။ ထိုးစစ် မမည်၊
ခံစစ်မပီသော အခြေအနေမျိုးဖြင့် ရောက်ရှိနေဆဲ နယ်မြေတွင်
'ကျားကန်'၍ ဆင်နွှဲချင်သေး၏။

သို့ဖြစ်၍လည်း အရေးတကြီး အကြောင်းမဟုတ်
သလိုလိုနှင့် ဆက်၍ပင် နမ်းပစ်လိုက်ပြန်သည်။

'လွှတ်ပါဦးအစ်ကိုရယ် မေ မောလိုက်တာ'

ထွန်းလွင်က လျှော့ပေးလိုက်မိသည်။

'မေ့ကို ချစ်တယ်.....'

ထပ်၍လည်း ထွန်းလွင်က ဆိုရချေသေး၏။

သူက လျော့ရဲသောရင်ခွင်ထဲမှနေ၍ ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



'လေးလေးကို ပြောမပြခင် စုစုကို အရင်တိုင်ပင်
ဦးလား အစ်ကိုရယ်'

'စုစု'ဟု ကြားလိုက်ရသည်နှင့်ပင် ထွန်းလွင်၏ နှ
သွေးများသည် ရပ်ဆိုင်းသွားကြသလို ခံစားလိုက်ရတော့
ဝမ်းထဲတွင် နှစ်မျိုးရောယှက်၍ ယစ်မူးနေသော အရက်အ
များပင် ပျက်ပြယ်သွားသည် ထင်လိုက်ရသည်။

'မေ့ကို ဖွတ်နမ်းတာ စုစုကို တိုင်မယ်'

လျော့ရဲရဲ ထွန်းလွင်၏ရင်ခွင်မှ အိုက်ကီဒိုပညာ
ဆန်သော လှုပ်ရှားမှုကလေးများနှင့်လည်း သပ်သပ်ရပ်ရ
လှမ်းရှားရင်း သူ သိမ်သိမ်မွေ့မွေ့ပင် ရုန်းထွက်သွား၏။
တုန့်ပြန်လာသောထိုးစစ်ကိုပင် ခံစစ်အသွင် မဆိုထားနှ
အောင်မြင်စွာ မဆုတ်ခွာနိုင်တော့သည် အထိလည်း ထွန်းလွ
ရှုံးနိမ့်ခဲ့ရပြီဖြစ်၏။ သူ့စကားကိုပင် ပြန်လည်မချေပနိုင်သေး
ယောင်ယောင်မှားမှားနှင့် ထိုင်ရာမှ ထလိုက်မိသည်။

'သိပ်ကြောက်သွားသလား အစ်ကိုရယ်၊ မေက စတာပါ
ထိုင်စမ်းပါဦးရှင်ရယ်၊ စုစုကိုလဲ မတိုင်ပါဘူး၊ လေးလေးကိုလဲ
မပြောပါဘူး'

သူနှင့်တွဲ၍ ဣန္ဒြေမပျက် ထိုင်ချလိုက်ရသည့်တိုင်
ထွန်းလွင် မောနေမိတော့၏။ လှုပ်ရှားနေမိတော့၏။

'သောက်ပါဦး အစ်ကိုရယ်'

အရေးထဲ သူက အရက်ကိုသာ တွင်တွင်ချော့တိုက်
နေပြန်သေးတော့၏။ သူ့အလှနှင့်အရက်တွင် မူးယစ်ရလွန်းသူ
တစ်ယောက်လိုလည်း သူ တိုက်သမျှကို သောက်နေလိုက်
မိသည်။



"မေဘယ်လ်.....နင် တော်တော်လည်၊ နင့်ကိုတော့
ပညာပေးရဦးမယ်"

စိတ်ထဲမှာ ကျိန်ဆဲရေရွတ်ရင်း အရက်ကိုသာ တွင်တွင်
သောက်နေလိုက်မိ၏။ နှုတ်ခမ်းသန့်ရှင်းသောအရှယ်နှင့် ကျန်းမာ
ရေးကို အမြဲမပြတ် လိုက်စားနေခဲ့သောကြောင့် သွေးအား
ကောင်းသည်၊ 'ကိုယ်ခံပညာ'ရပ်ကို စနစ်တကျ လေ့လာလိုက်စား
ခဲ့ရာမှ စိတ်ကို တစ်ပါတည်း ချုပ်ထိန်းတည်ငြိမ်စေသော
အလေ့အကျင့်သည်၊ လုံးဝ အောင်မြင်သည်ဟု မဆိုနိုင်သော်လည်း
အသင့်အတင့် အောင်မြင်မှုရရှိခဲ့သည်ဖြစ်၍ အရက်ကို တစ်ဝ
သောက်ဦးတော့ 'သတိနှင့်' ကင်းကွာမည် မဟုတ်သည့်
အဖြစ်ကိုတော့ ထွန်းလွင် ယုံကြည်ထားမိပြီးဖြစ်၏။ ဝမ်းဗိုက်
ထဲတွင် လေးလာသည်နှင့်အမျှ ခေါင်းထဲတွင် တရိပ်ရိပ်
ဖြစ်လာသည်အထိ 'သတိ'သည် ထွန်းလွင်နှင့် မကင်းကွာခဲ့။
မူးမူးရူးရူးအသွင်နှင့် သူ့ကို နမ်းနေသောအခါတွင် သူ မရုန်းတော့၊
အလိုက်သင့်ပင်။

'ကြိုက်သလိုသောက်ပါအစ်ကို၊ မေ ကိုယ်တိုင် အိမ်
လိုက်ပို့ပေးပါ့မယ်.....'

တတ်လည်းတတ်နိုင်လွန်းသူဖြစ်၏။ တကယ်ဆိုလျှင်
'ဒီမှာတင် အိပ်ပါ'ဆိုသော နှစ်သိမ့်မှုမျိုးကို ထွန်းလွင်
မျှော်လင့်တောင့်တမိသည်သာဖြစ်၏။ သူ့အလှအပများတွင်
သာယာကြည်နူးမှု မရစေဦးတော့ အခန်းကြီး၏ ပတ်ဝန်း
ကျင်ကို စေ့စေ့စပ်စပ် လေ့လာလိုသည်မှာ ထွန်းလွင်၏ဆန္ဒ။
မျက်နှာကျက်ကြီးသည်ပင်လျှင် ထွန်းလွင်၏မျက်စေ့များ တွင်
ဝါးနေခဲ့ပြီဖြစ်၍ စကားသံများပင် မပီသနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူထပ်၍ချော့တိုက်ရင်း စပ်စုသောစကားများသည် ထွန်းလွင်၏ နောက်ကြောင်းရာဇဝင်များကို မသိမသာ ဖောက်၍ 'အစ' ၍ ထုတ်နေသေးသော်လည်း သတိလည် လွှတ်ကင်းမသွား၊ စကားပင် ပြောမရတော့။ ပြောလျှင်လည်း ပီသနိုင်သည် မဟုတ်တော့။

'ဒါလောက်လည်တဲ့ အမျိုးသမီးတော့ သိကြရောပေါ့'

ထွန်းလွင်၏စိတ်ထဲတွင် ထပ်၍ ကျိန်းဝါးလိုက်ပြီး သူ့အလစ်တွင် ပါးစပ်ထဲသို့ လက်ကို မသိမသာထိုး၍ သူ့ရင်ခွင်ထဲတွင် ထိုးအန်လိုက်တော့၏။ များများစား၍ များများသောက်သော ထွန်းလွင်၏အန်ဖတ်များသည် သူ့ တစ်ကိုယ်လုံးနှင့် နေရာအနှံ့အပြားတွင် ပေကျံနေတော့သည်။ သူသာမဟုတ်၊ ထွန်းလွင် တစ်ကိုယ်လုံးလည်း ပေကျံနေတော့၏။ သည့်လိုတော့လည်း သူက မဆိုး၊ ပြောင်စင်အောင် ရှင်းလင်းသန့်စင်ပြီး သူကိုယ်တိုင် ထွန်းလွင်ကို ရေချိုးပေးရတော့သည့်အပြင် သူကိုယ်တိုင်လည်း ချိုးရတော့၏။

လှသော၊ ချောသော၊ ပြည့်တင်းဖွံ့ဖြိုးလွန်းသော လှကညာကိုပွေ့၍ အိပ်စက်နားနေသည့်တိုင် ရင်ထဲတွင် ကြည်နူးပြေသိမ့်ပျော်ပိုက်နိုင်သည်မဟုတ်၊ မှုန်ဝါးဝါး မီးရောင်အောက်တွင်မြင်နေရသော အခန်းကြီး၏ အခြေအနေကိုသာ ကြည့်ရင်း သက်ပြင်းချနေလိုက်မိသည်။ 'သူ' သို့မဟုတ် မေဘယ်လ်လွင် ကိုယ်တိုင်ပင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့်တိုင် ထွန်းလွင် မလှုပ်ရှားရဲ မျှော်လင့်ထားသော ထိုးစစ်တွင် ရှုံးနိမ့်ရသော်လည်း မမျှော်လင့်သော တိုက်ကွက်အရ အနိုင်ရရှိခဲ့၍ ဤအဆင့်နှင့်ပင် မချင့်မရဲ ကျေနပ်လိုက်ရတော့၏။ အိပ်ပျော်နေသော သူ့ဘေးမှ မေဘယ်လ်



လွင်ကို ကြည့်၍လည်း ထွန်းလွင် သက်ပြင်း အထပ်ထပ်အခါခါ ချမိသေးတော့၏။

အိပ်ပျော်နေသော သူ့အသွင်သည်၊ သနားဖွယ်ရာနှင့် စွဲမက်ဖွယ်ရာ အသွင်အပြင်သဏ္ဌာန်ဖြစ်သော်လည်း သူ့ကိုနမ်းရလွန်းသော အနမ်းသည် သင်းတုန်းဓားထက်ထက်ကိုပျားရည်သုတ်လိမ်း၍ နမ်းရသောအနမ်းများပမာ ကြောက် ခမန်းလိလိ အသည်းထိတ်ရင်ဖိုရလွန်းသည်ပင်.....။

## အခန်း (၂၃)

တစ်မတ်ခန့်အကြာတွင် ဦးအောင်မြင်နှင့် မေဘယ်လ်လွင်တို့ တောင်ကြီးသို့ လေယာဉ်ဖြင့်ပင် ထွက်ခွါသွားကြသဖြင့် ထွန်းလွင်သည် ဆူးလေဘုရားလမ်း အလုပ်တိုက် တွင်းရှိ သီးသန့်ခန်းတွင် ထိုင်နေလိုက်မိ၏။

'ဦးထွန်းလွင် ဝင်ခဲ့မယ်နော်'

အသက်(၅၀)နီးပါးရှိသော အလုပ်တိုက်မန်နေဂျာ ဦးလှမြင့်ကပင် သူ့သားအရွယ်သာသာရှိသော ထွန်းလွင်ကို လေးလေးစားစား 'ဦး' တပ်၍ခေါ် ရင်းဝင်ခဲ့သည်။

'ထိုင်ပါဦးလေး၊ ကျွန်တော် ဘာကူညီရမလဲ'

လူတိုင်းအပေါ်တွင် အပြေပြစ်ဆုံးဖြစ်အောင် ကြိုးစားရှ်ဆက်ဆံသော ထွန်းလွင်က လေးလေးစားစား နေရာပေးလိုက်သည်။

'သုံးရာသီမင်းသားကိုတော့ အကူအညီတောင်းရ တော့

www.burmeseclassic.com

www.burmeseclassic.com



မယ်'

ဦးလှမြင့်က တိုးတိုးပြောလိုက်သော်လည်း ထွန်းလွင် လန့်သွားလိုက်မိတော့သည်။

"နွေ–မိုး–ဆောင်းကို အစိုးရတဲ့မင်းသားပါ"

ဦးလှမြင့်က စကားဝှက်ကိုသာ ဆက်၍ပြောလိုက် သော သည်မဟုတ်။ ညာဘက်လက်ညှိုး၊ လက်ခလယ်၊ လက် သူကြွယ် ကိုလည်း တိတိကျကျ ထောင်ပြလိုက်သေးတော့၏။

ထွန်းလွင်နှင့် ဘဝတူ အသွင်ယူ ဖုံးကွယ်မှုဘဝ (Cover Story) နှင့် ပိပိရိရိ ခနထိုင်ထိုးဖောက်နေသော ဘဝတူ လျှို့ဝှက် ထောက်လှမ်းရေးသမားတစ်ဦးဖြစ်သည်မှာ သံသယဖြစ်ဖွယ် ပင် မရှိတော့ပေ။ ထွန်းလွင်က ပြုံး၍ ခေါင်းညိတ်ရတော့သည်။

'ကျွန်တော် ယုံကြည်ပါပြီ၊ ဆက်ပြောပါ ဦးလေး၊ ဘာ ကိစ္စလဲ'

ဦးလှမြင့်က ထွန်းလွင်၏ အခန်းပတ်ဝန်းကျင်ကို လှည့် ပတ် ကြည့်လိုက်သည်။ လျှို့ဝှက်သော အသံဖမ်းစက် တစ်ခုများ ရှိနေလေမလားဆိုသော အထင်မျိုးနှင့်ဖြစ်၏။ သည်အခန်းကို ထွန်းလွင်ကိုယ်တိုင် စနစ်တကျ စစ်ဆေးပြီး ဖြစ်၍ စိတ်ချနိုင်သော အခန်းဖြစ်၏။ သို့ရာတွင် ဝီရိယနှင့် သတိဆိုသည်မှာ ပိုသည် မရှိလှ။

'ဦးလေး၊ အောက်ထပ်က ဟိုတယ်မှာ အခန်းတစ်ခု စီစဉ်ရင်း နံနက်စာ မှာထားနှင့်ပါ၊ ကျွန်တော်လိုက်ခဲ့ မယ် လေ'

သူ့ကို ယဉ်ယဉ်ကျေးကျေး နှင်ထုတ်လိုက်ရတော့၏။ သူ ဆင်းသွားတော့မှ စိတ်တိုင်းကျကုမ္ပဏီသို့ တယ်လီဖုန်းနှင့်



ဆက်မေးရတော့သည်။

'ကျွန်တော်ပါ၊ ထွန်းလွင်ပါ၊ သုံးရာသီမင်းသားကို စစားတဲ့ လူကို အတည်ပြုချင်လို့.....'

'ဟုတ်ပါတယ်၊ ကျုပ်တို့ မတတ်နိုင်လို့ မင်းသားကို အခစားခိုင်းရတာ'

ပိုမိုတိကျခိုင်လုံသွားပြီဖြစ်၍ သံသယကင်းစွာ တယ်လီ ဖုန်းချပြီး အောက်ထပ်သို့ ဆင်းခဲ့ရသည်။ ဦးလှမြင့်မှာ နံနက် စာများနှင့်အတူ သီးသန့်ခန်းတွင် စောင့်နေ၏။

'ချီးကျူးလေးစားပါတယ် မောင်ထွန်းလွင်'

ဦးလှမြင့်က ခပ်တိုးတိုးပြောလိုက်၏။ ထွန်းလွင်၏ ဘဝတွင် ခြေလှမ်းမှား၍မဖြစ်၊ အမှားမခံနိုင်၊ သံသယ ကင်းဖွယ် စကားဝှက်ကို ဆိုစေဦးတော့ သေချာခိုင်လုံ သည့်တိုင် အတည်ပြုရ မည်မှာ တာဝန်တစ်ရပ်။ ခါတိုင်းအချိန်များတွင်လည်း အလုပ် တိုက်ရှိ လူတိုင်းလိုလိုနှင့် ပူးတွဲစားသောက်လေ့ရှိသော ထွန်းလွင်၏ လှုပ်ရှားမှုကို ဟိုတယ်အလုပ်သမားထဲတွင် ဦးအောင်မြင့်၏ လူယုံထဝေးရှိဦးတော့ ကိစ္စမရှိ။

'ကျုပ်ကို မောယ်လ်လွင်နဲ့ သိပ်အဆင်မပြေလို့ ဦးအောင် မြင်က ကမာရွတ်က အထည်စက်ကို ပြောင်းပေးမလိုလို ဖြစ် နေတယ်'

'ဟုတ်ကဲ့.....ပြောပါ'

'ဒီမှာ အလုပ်ကိစ္စတွေ မပြတ်သေးဘူး၊ အဲဒါ ဌာနချုပ်ကို တင်ပြတော့ ဌာနချုပ်ကလဲ မတတ်နိုင်ဘူး၊ မဖြစ်နိုင်တဲ့အခါမှာ ညွှန်ကြားချက်အရ ဆက်သွယ်မိတာပဲ'

ရှင်းသွားပေပြီ။ ဦးလှမြင့်၏ အပြောင်းအရွှေ့ကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ် မတတ်နိုင်၊ ထွန်းလွင်သာ တတ်နိုင်သည် သို့ဖြစ်၍လည်း ထွန်းလွင်ကို ဌာနချုပ်မှ ချဉ်းကပ်တင်ပြ ဦးလှမြင့်ကို ဌာန ချုပ်မှ ညွှန်ကြားခြင်းဖြစ်၏။

'ဦးလေး ဘာမှမပူနဲ့ ကျွန်တော် တာဝန်ယူတယ်'

'မောင်ထွန်းလွင် သိပ်တော်တာပဲ၊ ကျုပ်နည်းနည်း မထင်မိဘူး၊ အထက်က ညွှန်ကြားလို့သာ ကျုပ် သိရတာ'

ထွန်းလွင်က ပြုံးရင်း ထမင်းကိုသာ ဆက်စားနေ လို မိတော့၏။

'ဦးလေးကိုယ်တိုင်လဲ တော်ပါတယ်'

ထွန်းလွင်ကိုယ်တိုင် မရိပ်မိသောကြောင့်လည်း နှုတ် ထုတ်ဖော် ချီးကျူးလိုက်မိတော့၏။

'ကျေးဇူးတင်ပါတယ် မောင်ထွန်းလွင်'

သူက ပြုံးပြုံးကြီး ပြောလိုက်၏။

'မင်းသားအမိန့်ကို နာခံရမယ်လို့လဲ သေသေချာချာ ညွှန်ကြားထားပါတယ်'

ထွန်းလွင် ခေါင်းညိတ်ပြလိုက်ရ၏။ နောက်ထပ်လည်း အပိုစကားများ ထပ်ဆိုရန်ပင် မလိုတော့။

ကွပ်ကဲမှုဌာနချုပ် ၏ တိကျသော ညွှန်ကြားချက်များအ ဘဝတူချင်းပင် ဖြစ်စေဦး တော့ အပိုစကားကိုမဆိုရ စည်းကမ်းချက် ရှိသည်လည်း ဖြစ် ၏။

တစ်နည်းအားဖြင့်လည်း ထွန်းလွင် အတွက် အားရှိသွား မိသည်။ အချို့ကိစ္စများကို ဦးလှမြင့်သို့ တာဝန် ခွဲဝေပေးပိုင်ခွင့် လည်း ရခဲ့သည်။

ဦးလှမြင့်ကိုသာမဟုတ်၊ ထွန်းလွင်၏ အသွင်ပြောင်း



ဘဝကို အစပျိုးပေးခဲ့သော မုံရွာအထည်စက်မှ ဦးမောင်မောင် ကိုပင် မန္တလေးမှ မန်နေဂျာချုပ် ဦးတင်စိုးနှင့် ပူးမိအောင် ထွန်း လွင် စီစဉ်ပေးထားခဲ့ပြီးဖြစ်၏။

ဦးလှမြင့်အနေဖြင့် ထွန်းလွင်ထက် အရိုန်စောစော ကပင် ဦးအောင်မြင့်၏ထံတွင် ချဉ်းကပ်ခဲ့မိသော်လည်း အခြေ အနေမပေး၍ ထွန်းလွင်လိုပေါက်ပေါက်ရောက်ရောက် ဖြစ်အောင် ဆိုးဖောက်နိုင်စွမ်း မရှိခဲ့။

ဦးမောင်မောင်လည်း ထိုနည်းတူဖြစ် သည်။ဦးအောင်မြင့် ၏ များပြားကျယ်ဝန်းသော စီးပွားရေးလုပ်ငန်း များထဲတွင် သင့်တော်သူ လူရင်းများကိုပင်အလုပ်သွင်း၍ ထွန်းလွင် နှံ့အပ်ထားသည်လည်းရှိ၏။

သူတို့ကိုတော့ ထွန်းလွင် ယုံယုံကြည်ကြည်နှင့် ဖွင့်ဆိုဝိုင် ပင်၍ တာဝန်ပေးသည် မဟုတ်။

အခြေအနေနှင့် ကိုက်ညီအောင် လိမ်လိမ်မာမာ ပိပိရိရိနှင့် ဆိုအပ်ချက် လောက်သာ မေးမြန်းအ တည်ပြုရသည်။

၀

## အခန်း (၂၄)

၁၉၆၄ ခုနှစ်တွင် တော်လှန်ရေးအစိုးရ၏ ပြည်သူပိုင် သိမ်းဆည်းရေးလုပ်ငန်းများထဲတွင် ဦးအောင်မြင့်၏ ကျယ်ပြန့် လှန်းသော စီးပွားရေးလုပ်ငန်းအချို့သည်လည်း ပြည်သူပိုင်တွင် ပါသွားတော့သည်။ ဆက်တိုက်သိမ်းဆည်းသော စီးပွားရေးလုပ်

www.burmeseclassic.com

www.burmeseclassic.com





နေ်းများဖြစ်၍ အရင်းရှင်သူဌေး တော်တော်များများပင် လက်မှိုင်ချ သွားသည်အထိ အခြေအနေများ ပြောင်းလဲသွားသည့်တိုင် ဦးအောင်မြင်အနေဖြင့် ဣန္ဒြေပင်မပျက်။

ဆူးလေဘုရားလမ်း အလုပ်တိုက် အပါ အဝင် စီးပွားရေးလုပ်ငန်းများ အားလုံးလိုလို အသိမ်းဆည်း ခံလိုက်ရတော့၍ ထွန်းလွင်အဖို့ အလုပ်တိုက်သို့ ထိုင်ရန်ပင် မလိုအပ်တော့ပေ။

ဦးအောင်မြင်၊ မေဘယ်လ်လွင်နှင့် ထွန်းလွင်တို့ သုံးဦးသာ အလုပ်တိုက်မှ ဆင်းခဲ့သော်လည်း အခြားလူများအားလုံး ပြည်သူပိုင်အလုပ်တိုက်တွင်သာ နေရစ်ခဲ့ကြသည်။

သူဌေးတော်တော်များများသည် စိုက်ပျိုးရေး၊ မွေးမြူရေးဘက်သို့ ဦးလှည့်၍ စိတ်ဝင်စားကြသောအခါတွင် ဦးအောင်မြင်ကိုယ်တိုင်လည်း စော်ဘွားကြီးရုန်းဘက်တွင် ခြံကျယ်ကြီးတစ်ခုကို ဝယ်ယူလိုက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အစပျိုးပြန်တော့သည်။

မရွှေစုတစ်ယောက်ပင် ခေတ်ပေါ်ရောဂါဖြစ်သော စိုက်ပျိုးရေးရောဂါ ထ,နေသည် ထင်ရ၏။

သူ့ကိုလည်းသီးသန့် ခြံတစ်ခြံ ကိုပင် ဝယ်ပေးရဦးမည်ဆို၍ သူ့ဒယ်ဒီကလည်း ဝယ်ပေးမည် ဟု ကတိ ပေးထားသည်။ သူလိုချင်သောခြံကို သူ့စိတ်တိုင်းကျ ကိုယ်တိုင် လိုက်ရှာဦးမည်ဟုလည်း ဆိုချေသေးတော့၏။

* * *

အခုလောလောဆယ် စုစုတစ်ယောက် သူပြောသည့်အတိုင်းပင် ပါတီပွဲများကို ဟိုတုန်းကလို အမြဲမသွားတော့။ သူနှင့်ငှ ရ်လည်ပတ်ဖူးသူများပင် အိမ်သို့ အရောက်အပေါက်နည်းလာသည်ကို သတိပြုမိ၍ ထွန်းလွင်ပင် သူ့ကို အကဲခတ်မိရင်း အံ့ဩရသည်။

လွှဲရှောင်၍မကောင်းသော ရင်းနှီးသူများ၏ သီးသန့်ဖိတ်ကြားသော အခမ်းအနားပွဲလမ်းသဘင်များတွင် ထွန်းလွင်ကိုယ်တိုင် လိုက်ပို့ရသည်။

ထွန်းလွင်မပို့လျှင် သူမသွားတော့။

သူ့ဒယ်ဒီက ချုပ်ချယ်ပိတ်ပင်၍တော့မဟုတ်။

သူ့ဆန္ဒ အလျောက် မသွားခြင်းသာ ဖြစ်သည်။

သူ့ကို မည်သူတစ်ဦး တစ်ယောက်ကမှ တားဆီးပိတ်ပင်၍ရမည်မဟုတ်။

ယခုလည်း သူ့ရင်းနှီးသော သူငယ်ချင်း 'ဘက်တီ' ခေါ် လှလှမြင့်၏ မွေးနေ့အခမ်းအနားဖြစ်၍ ထွန်းလွင်က လိုက်ပို့ရသည်။

ထွန်းလွင်၏ စားပွဲပတ်ဝန်းကျင်တွင် သူ့သူငယ်ချင်းတစ်သိုက်ကလည်း ဆူဆူညံညံ ပေဖန်နေကြ၏။

တစ်ချို့လည်း တွဲအက်မရှိ။ သူတို့နှင့် အလိုက်သင့်သာ ရော၍ ပြောနေရ သည့်တိုင် သူတို့ပတ်ဝန်းကျင်ကို ထွန်းလွင် ကျေနပ် မိသည်တော့ မဟုတ်။

ထွန်းလွင် မမြင်ဖူးသော လူသစ်တစ်ဦးနှင့်အတူ အတွဲညီနေသော 'ရှယ်လီ' ကိုလည်း ဆုံလိုက်ရသေးတော့၏။

ထွန်းလွင်ကို အရွဲ့တိုက်နေသော အပြုအမူကလေးများနှင့် အခရာပိုနေသည့် သူ့အတွက် ထွန်းလွင် ဘယ်လိုမှ စိတ်မလှုပ်ရှားမိ။

သူ့တွဲဖက် အမျိုးသားချောချော၏ ကိုးထက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလေးမော့တင်ရင်း လှလှပပပြုံးနေသော ရှယ်လီကို ကြည့်၍ပင် စိတ်ထဲတွင် ကြိတ် ပြုံးမိသေးတော့သည်။

စုစုကိုတော့ လူကြားထဲရောသွားသည့်တိုင် သေသေချာချာ ရှာ၍ မျက်ခြေမပြတ်အောင် သတိထားကြည့်နေ လိုက်မိသည်။

သူ့ပျော်ရွှင်မှု အသားကျနေသော သူ့ ပတ်ဝန်းကျင်ကို ထွန်းလွင် မကျေနပ်မိသည့်တိုင် သူ့ကိုတော့ ကြိုးစားဖြေသိမ့်၍ ကျေနပ်ရ သည်။

ခွင့်လွှတ်ရသည်၊ သူ့ အတွက် စိတ်အနှောင့်အယှက် တစ်ခုလို ဖြစ်သွားစေသော အပြုအမူ ဆန့်ကျင်မှုမျိုးတစ်ခုပင် ထွန်းလွင်မစဉ်းစားရက်ခဲ့။

သူ့ကို စိတ်တိုင်းကျ ပျော်ရွှင်နေစေချင်သည်။

သူ့ ပျော်ရွှင်မှုကို ကြည့်ရင်းနှင့်လည်း နှစ်သိမ့်ကျေနပ် ရသော ကိုယ့်ဘဝ ကိုယ့်အဖြစ်ကိုလည်း ရင်ထဲတွင်ကြိတ်၍ ဖြေသိမ့် ရသည်မှာ ရင်ထဲမှာ မောဟိုက်ပင်ပန်းရသည် ထင်ရ၏။

'အစ်ကိုထွန်း ပျင်းနေပြီလား'

တစ်ကျော့ထပ်၍ ကအပြီးတွင် သူ အနားယူရင်း ပြော လိုက်သည်။ ထွန်းလွင်ကိုလည်း သူ့သူငယ်ချင်းများ ရှေ့တွင် ဟိုတုန်းကလို 'အစ်ကိုလွင်' ဟု မခေါ်တော့၊ အစ်ကိုထွန်းဟုသာ ပြောင်းလဲ၍ ခေါ်တော့သည်။

'စုစုအရားသားက သဘောလဲကောင်းတယ်၊ လူကလဲ ချောပါတယ်၊ ဒါပေမဲ့ အိုင်တို့ကို သိပ်အရေးလုပ်ပြီး စကားမပြော ဘူး'

'ယူတို့ သူ့ကို သိပ်မစေပန်နဲ့ကွာ၊ သူက သိပ်ရှက် တင်ကတယ်'



ထွန်းလွင်၏ပခုံးကိုကိုင်၍ သူကပြောသည်။ ဤမျှပင် မကသေး ထပ်၍ဝင် ကြွားသေးသည်။

'စုစုကိုတော့ သူ သိပ်ချစ်တယ်၊ ပြီးတော့ အလိုလဲ လိုက် တယ်၊ ပက်ထရစ်တို့ကို နောက်ကောက်ချဖြစ်တာ သူပေါ့ကွ'

သူ့သူငယ်ချင်းများရှေ့တွင် အရမ်းကာရော ကြွားနေသော သူ့ကို မျက်ရိပ်မျက်ခြေပြ၍ တားရသည်။

သူကတော့ မသိသ လိုလိုနှင့် ပြောချင်တာတွေ မှတ်ဖြေ၍ အားရတော့မှ ပြန်သည်။

ထွန်းလွင်ကားပေါ် ရောက်သောအခါ ည (၉)နာရီ ကျော်ကျော်သာ ရှိသေးသည်။ ဒါတိုင်းအချိန်များ နှင့်စာလျှင် စောလွန်းသေးတော့ ၏။

'ယူ စုစု ကန်တော်ကြီးကို ခဏသွားချင်တယ်'

'ရှယ်လီကို တွေ့လိုက်တယ် မဟုတ်လား'

'တွေ့သားပဲ'

ထွန်းလွင်က ဣန္ဒြေရရပင် ကားကို ဖြည်းဖြည်း မောင်းရင်း ပြန်ပြောလိုက်သည်။

'ယူကတော့ ခပ်တည်တည်ပဲ၊ ဣန္ဒြေတောင် မပျက် ဘူး'

'ဘာဖြစ်လို့ ဣန္ဒြေပျက်ရမှာလဲ'

သူက ထွန်းလွင်ပခုံးကို ကန့်ကယမှီရင်း ပြုံးလိုက် သည်။

'ယူကသာ ဣန္ဒြေမပျက်တာ ရှယ်လီက ယူ့ကို အရှုံ့တိုက်ပြနေတာများစုံလို့'

'သူ့ဟာသူ အရှုံ့တိုက်တိုက် မတိုက်တိုက် ကိုယ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘာဆိုင်လဲ'

ရှယ်လီအရွဲ့တိုက်ပြနေသည်များကိုတော့ ထွန်းလွင် မသိ၍ မဟုတ်၊ သိသည်။ သို့ရာတွင် စိတ်ထဲတွင် ထူးခြားသည်ဟုပင် မထင်။ ထွန်းလွင်သည် ကားကလေးကို ကန်တော်ကြီး ကနေ ကျွန်း၏ အငှားစွန်းကလေးတွင် ထိုး၍ ရပ်လိုက်သည်။

ရွှမ်းမြမြလရောင်အောက်တွင် အငှားစွန်းကလေး၏ ထိပ်မှ ထန်းပင်ကလေးသည် လင်းရိပ်တစ်ဝက် မှောင်ရိပ်တစ်ဝက်နှင့် ထီးထီးကြီး ရပ်နေသလို မြင်လိုက်ရသည်။

လရောင်သည် ရေပြင်ပေါ်တွင် တိုက်ရိုက်ကျရောက်နေသောအခါ ရေလှိုင်းက လေးများ လှုပ်ရှားမြူးကစားနေကြသည်ကိုပင် လှပစွာတွေ့ မြင်ရ၏။ရေပြင်ကျယ်ကြီးထိုဖြတ်ကျော်၍ ရွှေတိဂုံစေတီတော် ကြီးတို့ မီးများ ထွန်းညှိလျက်သား ကြည်ညိုဖွယ် ဖူးတွေ့နိုင်သည်။

'ယု စုစုကို စကားပြောပါဦး'

ကားပေါ်မှမဆင်းဘဲ ကားထဲမှရေပြင်ကို ကြည့်ရင်းတွေးငေးမောနေမိသော ထွန်းလွင်သည် သူ့အသံကြားမှ သတိပြန်ဝင်လာမိတော့သည်။

ထွန်းလွင်၏ စိတ်ကူးတွေဝေ မှုများထဲတွင် သူသည် အစိက ပါဝင်သူဖြစ်သည့်တိုင် သူ့ကို ဘေးမှာထား၍ မေ့နေသလို ဖြစ်မိသောအဖြစ်ကို အခုမှ ထွန်းလွင် သတိရလိုက်မိ တော့သည်။

'ယု.....အောက်ကို ဆင်းရအောင်'

သူနှင့်အတူဆင်း၍ ရေစပ်တွင် ရပ်နေလိုက်မိသည်။

'ယု..... ဘယ်လိုဖြစ်နေတာလဲ'

'မဖြစ်ပါဘူး'



ည(၉)နာရီကျော်ပြီဖြစ်၍ လူသူရှင်းပြီး တိတ်ဆိတ်နေသည်။ ပတ်ဝန်းကျင်တွင်မှ မလှုံလဲသော သစ်ပင်ရိပ်ကို အမှီပြု၍ ပူးကပ်နေသော စုံတွဲတစ်တွဲအပြင် ခပ်လှမ်းလှမ်းမှ ရပ်ထားသော ကားနှစ်စီးသာ တွေ့ရ၏။

'ကိုအုံမှုန်းကြီးကြောင့် ခက်တယ်'

သူ့တစ်ယောက်ထဲ ညည်းသလိုလို ပြောလိုက်၍ ထွန်းလွင် ရင်ထဲတွင် လှုပ်ရှားသွားမိသည်။

'မဟုတ်တာတွေ မပြောနဲ့ဗျာ'

မလုံမလဲနှင့်လည်း သူ့ကိုကြို၍ ဝိတ်ဝင်တားဆီး မိသည်။

'မဟုတ်တာတွေကိုတော့ မပြောပါဘူး ဟုတ်တာတွေကိုတော့ နည်းနည်းပြောမယ် ယု'

သူ့နှုတ်ခမ်းမှာ ပပေါ့ပဲ့ခနဲ့လွန်းလှတော့၏။

သို့ရာတွင် စကားမဆက်သေး၊ တိတ်ဆိတ်ငြိမ်သက်နေမိဆဲပင်။အေးမြ လတ် ဆတ်သောလေသည် ရေပြင်ကိုဖြတ်၍ တိုက်ခတ်လိုက် သဖြင့် အသက်ရှူရသည်မှာ လွတ်လွတ်လပ်လပ်ရှိသင့်သော်လည်း ထွန်းလွင်ရင်ထဲမှာ မောသလိုလို ခြစ်လိုက်မိသည်။

'စုစု က,တာကို မကြိုက်ရင် မကြိုက်ဘူးလို့ ပြောပါလား ယု'

သူ့အသံသည် ခပ်တိုးတိုးပြောလိုက်သော်လည်း ထွန်းလွင် လန့်၍ပင်သွားမိတော့၏။

'စုစု ကတာ မကြိုက်ဘူးလို့ မပြောမိပါလား စုစုရယ်'

ထွန်းလွင်က စကားကို အလိုက်သင့် ငြင်းလိုက်သည်။

'ဒီလိုမပြောဘဲနဲ့ မြိုမြိုနေလို့ ခက်တာပေါ့၊ ယု စုစု

www.burmeseclassic.com

www.burmeseclassic.com



ကနေတာကိုကြည့်ပြီး၊ ယူ့ရင်ထဲမှာ ဘယ်လိုခံစားနေရတယ် ဆိုတာ စုစု သိပါတယ်'

ထွန်းလွင်၏ခေါင်းသည် အောက်သို့စိုက်ထားရင်း မြက်ပင်ကလေးများကိုသာ ကြည့်နေလိုက်မိတော့သည်။ ရင်ထဲတွင် တွေဝေမောဟိုက်နေမိ၏။

'မောစမ်းပါဦးကွာ၊ ယူ့ကို ဒီလို ငိုင်နေတာကို စုစု မကြည့်ရက်ပါဘူး'

သူ့လက်ကလေးနှင့် ထွန်းလွင်မေးကို ယုယုယယ ကိုင်၍ မော့ပေးလိုက်သည်။ လရောင်အောက်တွင် သူ့မျက်နှာ လှလှ ကလေးသည် တည်ငြိမ်နေသည် ထင်ရ၏။ ကလေးဆန်ဆန် အမူအရာကလေးများကိုပင် သူ့မျက်နှာတွင် မတွေ့ရတော့ပေ။

'စုစုလေ နောက်ဆို ပါတီပွဲတွေကို မသွားတော့ဘူး၊ ပြီးတော့လဲ ဘယ်တော့မှ မကတော့ဘူး အို.....တစ်သက်လုံး မကတော့ဘူးကွာ"

"အို.....စုစုရယ်"

ထွန်းလွင်က ရင်ထဲမှစိတ်ကိုပင် မထိန်းသိမ်းနိုင်တော့သလို သူ့လက်ကလေးနှစ်ဖက်ကိုဆွဲ၍ ခပ်တင်းတင်း ကလေး ဆုတ်ကိုင်ထားလိုက်မိသည်။

"တကယ်ပြောတာပါ၊ စုစု ဘယ်သူနဲ့မှ တွဲမကတော့ ပါဘူး'

သူထပ်၍ပင် တည်တည်ငြိမ်ငြိမ်နှင့် ပြောလိုက်ပြန်သည်။ လရောင်အောက်တွင် သူ့မျက်နှာသည် တည်ကြည် လေးနက်စွာ ငြိမ်သက်နေတော့သည်။အခုမှပင် အသက်ကို ဝအောင်ရှူမိတော့ သလို သတိရလာသော ထွန်းလွင်သည် သူ့လက်ကလေးများကို



ညင်ညင်သာသာ ဆွဲကိုင်နှစ်သိမ့်ရင်း ကားရပ်ထားရာသို့ ပြန်ခဲ့ကြသည်။

'စုစု မောင်းမယ်နော်'

'ကိစ္စမရှိပါဘူး၊ ကိုယ် မောင်းပါရစေ စုစုရယ်'

သူသည် ထွန်းလွင်၏ မနံ့ကိုမှီရင်း လိုက်ပါလာခဲ့သော် လည်း စကားမပင် မဆိုရှာတော့ပေ။အိမ်ပေါက်ဝသို့ အတက် လှေကားရင်းတွင် ထွန်းလွင်၏မျက်နှာကို သေသေ ချာချာကြည့်ပြီး ပြုံးပြုံးလေး တက်သွား၏။

"ယူ.... ကိုအိုဗုန်း၊ ကိုယ့်ကိုယ်ကို မညှင်းဆဲနဲ့"

ထွန်းလွင်က မကြားသလိုနှင့် ခေါင်းငုံ့ထားလိုက် တော့သည်။

⊙

## အခန်း (၂၅)

ထွန်းလွင်၏တောင်းခံချက်အရ ဌာနချုပ်မှ အဖွဲ့ဝင် တစ်ဦးသည် မေဘယ်လ်လွင်၏နေအိမ်သို့ မျက်နှာချင်းဆိုင် သုံးထပ်တိုက်ပေါ်မှ တည်ငြိမ်စွာ စောင့်ကြည့်သူအဖွဲ့ဝင်သည် အဝင်အထွက်နှင့် တွေ့ဆုံဆက်သွယ်သူများ အားလုံးအား အဝေး ရိုက်မှန်ဘီလူးအားကောင်းကောင်း တပ်ဆင်ထားသော ၃၅မီလီ မီတာ ကင်မရာဖြင့် ရိုက်ပြီး မှတ်တမ်းတင်ထားသည် ငြိမ်ရာ မေဘယ်လ်လွင်ကို ဆက်သွယ်သူတိုင်း၏ ထင်ရှားပြတ်သားသော ဓာတ်ပုံများကို ထွန်းလွင်လက်သို့ ဌာနချုပ်မှ တစ်ဆင့် ပေးအပ် ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေဘာယ်လ်လျှင်နှင့် အပူးတွဲဆုံး သက်သမကောင်းဖွယ် ကောင်းအောင် လှုပ်ရှားသူမှာ နန်းမြအေးဖြစ်ကြောင်း ထွန်းလှိုင် သိလိုက်ရ၍ နန်းမြအေးနှင့် မေဘာယ်လ်လျှင်တို့၏ ဆက်စပ်မှုကို ထွန်းလှိုင် မစဉ်းစားတတ်အောင်ဖြစ်မိသည်။

အလွန်ပါးနပ်လှန်းသော မေဘာယ်လ်လျှင်နှင့် နန်းမြအေးတို့ နောက်သို့ မတတ်သာသည့်အဆုံးတွင် ဒွာနချုပ်သို့ တင်ပြ၍ 'နောက်ယောင်ခံ' ရန် စီစဉ်ရတော့သည်။

နောက်ယောင်ခံ လုပ်ငန်းမှာ ရေရှည်အတွက်သာ စိုးရိမ်ရသော်လည်း အချိန်တို တိုပိုင်းတွင်တော့ သိပ်စိုးရိမ်ရသည် မဟုတ်။ လူအင်အားကိုသုံး၍ စနစ်တကျ နောက်ယောင်ခံ လိုက်သည် ဆိုလျှင်ပင် နောက်ယောင်ခံ အစီရင်ခံစာများကို ဖတ်၍ ထွန်းလှိုင်သည် မေဘာယ်လ်လျှင်၏ခြေလှမ်းကို ရိပ်စား မိခဲ့သည်။

မေဘာယ်လ်လျှင်နှင့် နန်းမြအေးတို့သည် ပူးတွဲ၍ မှောင်ခိုစီး ပွားရေးသမားအကြီးစားအချို့နှင့် တွေ့ဆုံဆက်သွယ်နေကြသည်ကို သိလိုက်ရ၏။

မှောင်ခိုပစ္စည်း ကြီးကြီး မားမားတစ်ခုခုကို အရောင်း အဝယ်ပြုလုပ်ရန် လိုက်လံ စပ်ဟပ်နေသည်ဟုပင် ထင်မြင် ယူဆရတော့သည်။

နန်းမြအေးသည် ရှမ်းစော်ဘွားများ အာဏာစွန့်လွှတ်ပွဲ အပြီးတွင် ဆောခိုသွားသော စောခွန်အိုက်နှင့် စောခွန်အေး တို့၏ညီမအရင်းဖြစ်၍ တောင်ကြီးတွင် တင့်တင့်တယ်တယ် နေနိုင်သူဖြစ်သည့်တိုင် မှောင်ခိုရောင်းဝယ်မှုကို ကိုယ်တိုင် ကိုယ်ကျ ပါဝင်လုပ်ဆောင်မှု အတွက် ထွန်းလှိုင် ဆက်စပ်၍



စဉ်းစားမရ ဖြစ်နေမိသည်။

ဦးအောင်မြင်ကိုယ်တိုင် မှောင်ခိုစီးပွားရေးလောကကို ဆက်စပ်သူမဟုတ်၍ ထွန်းလှိုင်အနေဖြင့် မေဘာယ်လ်၏ လှုပ်ရှားမှုကို စဉ်းစား မရရှိနိုင်ခြင်းဖြစ်၏။

ရက်ပိုင်းအတွင်းတွင် မေဘာယ် လ် နှင့် နန်းမြအေးတို့ နှစ်ယောက်သည် အလွန်လေးလံပုံရသော အဝတ်ထည့်သော သေတ္တာတစ်လုံးကို လသာလမ်းမှ ဦးဟုတ်ရှောင် ခေါ် ဦးဘရင်ထံသို့ထား သွားကြကြောင်းကို နောက်ယောင်ခံ အစီရင်ခံစာများတွင် ဖော်ပြသိရှိလိုက်ရသောအခါ ထွန်းလှိုင်သည် နောက်ယောင်ခံအဖွဲ့ကို မေဘာယ်လ်လျှင်နှင့် နန်းမြအေးကိုလွှတ်၍ ဦးဟုတ်ရှောင်နောက်သို့ မျက်ခြေမပြတ် ကြည့်ရန် စီစဉ်ရ တော့၏။

ခရီးသွားဟန်လွှဲ ဆိုသလိုပင် အလွန် ဂျစ်ကွစ်သောမှောင် ခိုစီးပွားရေးသမားတစ်ဦးကို ခိုင်လုံတိကျသော မှောင်ခိုပစ္စည်း များနှင့်အတူ အဆင်သင့် ဖမ်းဆီးအရေးယူနိုင်သော အခြေအနေ ဖြစ်၍ ထွန်းလှိုင်၏ လုပ်ငန်းနှင့် မသက်ဆိုင်သည့်တိုင်၊ တိုင်းပြည် အတွက် အကျိုးရှိနိုင်သော လုပ်ငန်းတစ်ခုဖြစ်၏။

အခြေအနေကို စောင့်ကြည့်၍ မေဘာယ်လ်လျှင်တို့နှင့် ကင်းရှင်းချိန်တွင် ဒွာနချုပ်သို့ တင်ပြ၍ ဝင်ရောက်ရှာဖွေ ဖမ်းဆီးလျှင်ပင် ကြိုက်စွာသည် ရှင်းသွားနိုင်သည်ဟုလည်း တွက်ဆမိသည်။ တစ်ခုစဉ်းစားရမည်မှာ မေဘာယ်လ်လျှင်၏ မှောင်ခို စီးပွားရေးနှင့် ဆက်စပ်မှု ရှိမရှိကိုသာ [illegible]နိုင်ရန်ဖြစ်၏။ မှောင်ခိုစီးပွားရေးကိစ္စနှင့် မေဘာယ်လ်လျှင်ကို ငြိစွန်း အရေးယူရမည့် အထောက်အထားများ ရှိနေလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင်၏ လုပ်ငန်းအပေါ်တွင် ထိခိုက်နိုင်သည့်ဖြစ် ခင်မြင့်မြင့်ကိုယ်တိုင် တောင်ကြီးသို့ ရောက်နေသည့်အချိ အတာန့်ဖြစ်၍ မေဘာယ်လ်လွင်နှင့် နန်းမြအေးတို့ ဆက်စပ်မှု ထွန်းလွင် အကဲခတ်ရန် အလွန်ခက်ခဲနေသည်။

* * *

ညနေ ထမင်းစားအပြီးတွင် ဦးအောင်မြင်က ထွန်းလွင် သူ့စာဖတ်ခန်းထဲတွင်ခေါ်၍ တွေ့လိုက်တော့သည်။

ဦးအောင်မြင်၏ တည်ငြိမ်သောမျက်နှာသည် ယခုတစ်ချိန်တွင် တစ်စုံတစ်ရာကို မကျေနပ်သလို တင်းမာ သည်ဟု ထင်ရသည်။

သိပ်ထင်ရှားသိ သာ နိုင်သည်တော့ မဟုတ်။ ဦးအောင်မြ ၏ ပြောပြချက်အရ မေဘာယ်လ်လွင်နှင့် တောင်ကြီး နန်းမြအေးတို့သည် အမျိုးစားကောင်းသော ကိုးသုံး ရွှေချောင်း(၃၀)ကို ဦးဟုတ်ရောင်သို့ ရောင်းချကြသည် တန်ဖိုး တစ်သိန်းငါးသောင်းကို ပေးချေသော် လည်း အလွန်သေသပ်သော ငွေစက္ကူတု ငါးသောင်းဖိုးကိုငွေစက္ကူအစစ် တစ်သိန်းဖိုးနှင့် ရောပေးလိုက်သည်ဟု သိလိုက်ရတော့၏။

'မေဘာယ်လ်ကိုယ်တိုင်လဲ ဒီမှောင်ခိုလုပ်ငန်းကို မကျွမ်း ကျင်ဘူး မောင်ထွန်းလွင်၊ ပြီးတော့ သူကလဲ နည်းနည်းပါးပါး တော့ သူ့ကိုယ်သူ အထင်ကြီးတယ်.....'

'ကျွန်တော် ဘယ်လိုလုပ်ပေးသင့်ပါသလဲခင်ဗျာ"

ထွန်းလွင်က မေးလိုက်မိသည်။

'ဦးလဲ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားလို့ မရဘူး မောင်ထွန်းလွင်၊ လောလောဆယ်တော့ ငွေငါးသောင်းလုံးကို

www.burmeseclassic.com



ကပဲ စိုက်လျော်လိုက်မယ်လို့ စိတ်ကူးတယ်'

ဦးအောင်မြင်က မောသွားမိသလို သက်ပြင်းချ၍ ပြော လိုက်သည်။

'ငွေငါးသောင်းဆိုတာ သိပ်အရေးမကြီးဘူး၊ ငွေထက် ပြီး အရေးကြီးတာက နန်းမြအေးက မေဘာယ်လ်ရဲ့အပေါ်မှာ ယုံအကြည် နည်းသွားရင် ဦးမှာ နစ်နာတယ် မောင်ထွန်း လွင်'

'ကျွန်တော့်ကို နည်းနည်းလောက် ရှင်းပြပါလား ခင်ဗျာ'

ထွန်းလွင်က မသိမသာ ကပ်'အောက်'လိုက်သည်။

'ဦးက မောင်ထွန်းလွင်ကိုပဲ ပြောပြရမှာပေါ့လေ၊ ရှမ်းစော် ားတွေ အာဏာစွန့်အပြီးမှာ တောခိုသွားတဲ့ စောခွန်အိုက်ဆိုတာ န်းမြအေးရဲ့အစ်ကိုအရင်းပဲ၊ သူတို့နဲ့ဦးနဲ့ အဆက်အသွယ်ရဖို့ ဘာယ်လ်က ကြိုးစားနေတယ်'

'ဩော်.....ဟုတ်ကဲ့ခင်ဗျာ'

'အခု လာရောင်းတဲ့ ရွှေချောင်းတွေကလဲ စောခွန် ိုက်တို့ရဲ့ ရွှေချောင်းတွေပါ၊ နန်းမြအေးက မေဘာယ်လ်လွင် ့ အကူအညီနဲ့ လာရောင်းတာ၊ အရင်ကတော့ မရောင်းဖူးပါဘူး။ ဘာယ်လ်လွင် ကိုယ်တိုင်ကလဲ နန်းမြ အေး ယုံကြည်အောင် ိုးကြိုးစားစား သူ့အဆက်အသွယ်နဲ့ ရောင်းပေးတာပဲ၊ သူ ွမ်းကျင်တဲ့လုပ်ငန်းဆိုတော့လဲ အလိမ်ခံရတာပေါ့ မောင်ထွန်း လွင်'

'ဟုတ်ကဲ့ခင်ဗျာ'

ထွန်းလွင်စိတ်ထဲတွင် မေဘာယ်လ်လွင်ကို ကတုံးပေါ် ပ်ကွက် အလုပ်ခံလိုက်ရမှုကို ကျေနပ်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလောက်ကိစ္စနဲ့ပတ်သက်ပြီး လူတစ်ယောက်ကို တော့ အသေသတ်ဖို့ မလိုသေးပါဘူး၊ ဒါပေမဲ့ မောင်ထွန်းလွင်နန်းမြ အေးရဲ့ ယုံကြည်မှုရအောင်တော့ ဟုတ်ရှောင်ကို နည်းနည်း ထိရောက်အောင် ဒုက္ခပေးဖို့ လိုတယ်လေ၊ ငွေငါးသောင်းလောက် တော့ ဦးက စိုက်ပေးလိုက်မယ်'

ထွန်းလွင်သည် စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်ရင်း စဉ်းစားနေလိုက်မိသည်။

'ဦးလဲ မှားသွားတယ်၊ သူ့ပစ္စည်းတွေကို ဦးကပဲ စိုက်ဝယ်ထားလိုက်ရင်ကောင်းတာ၊ အခုတော့ မဖြစ်သင့် တာတွေ ဖြစ်ကုန်တယ်'

ဦးအောင်မြင်သည် တောချိုညိုနောင်နှစ်ယောက်နှင့် အဆက် အသွယ်ရရန် အလွန်လိုအပ်နေသည်ဟု နားလည် လိုက်မိသည်။ ဦးအောင်မြင်၏ လိုအပ်မှုသည် ဌာနချုပ်အတွက် အရေးကြီးသော သတင်းတစ်ခုဟုလည်း အနက်ကောက်လိုက်မိတော့၏။

'မောင်ထွန်းလွင်ကိုယ်တိုင် ဟုတ်ရှောင်ကို နောက်ယောင် ခံထားပါ၊ မှောင်ခိုပစ္စည်းတွေနဲ့ ဟုတ်ရှောင်ကို လက်ပူးလက် ကြပ်နဲ့ ဖမ်းမိဖို့ အရေးကြီးတယ်'

ဦးအောင်မြင်က တစ်လုံးချင်း သူ့ဆန္ဒကို ထုတ်ဖော် လိုက်တော့သည်။ ထွန်းလွင်အတွက် သိပ်ခဲယဉ်းသောအလုပ် တစ်ခုတော့ မဟုတ်ပေ။ သို့ရာတွင် ပေးလာသော အခြေအနေ ပေါ်တွင် နေရာကောင်းတစ်ခုရရန် ထပ်၍ စဉ်းစား လိုက်မိသည်။

'ကျွန်တော်တစ်ခု အစီရင်ခံပါရစေခင်ဗျာ'

'ပြောပါ၊ မောင်ထွန်းလွင်'

'ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် စိတ်ပါဝင်စားမှု အပြည့်



ရှိပါတယ်၊ အဆင်အပြေဆုံးဖြစ်အောင် ကျွန်တော့်ကို ကြိုးစားခွင့် ပြုပါခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့ အရည်အချင်းကို ဦးသံသယ မဖြစ်ပါ ဘူး၊ ဦးယုံကြည်ပါတယ်၊ ဒါပေမဲ့ ဦး မောင်ထွန်းလွင်ကို သိပ်မစွန့်စားစေချင်ဘူး'

'ဦးရဲ့စေတနာကို ကျွန်တော် လေးစားပါတယ်၊ သဘော လဲ ပေါက်ပါတယ်၊ ဒါပေမဲ့ ဒီကိစ္စအတွက် ကျွန်တော့်ကို ခွင့်ပြုပါလို့ပဲ တောင်းပန်ပါရစေခင်ဗျာ'

'မောင်ထွန်းလွင် သိပ်ဆန္ဒရှိရင်လဲ ဦး မကန့်ကွက်ပါ ဘူး၊ ဒါပေမဲ့ သိပ်မစွန့်စားပါနဲ့လို့ပဲ ပြောချင်တယ်လေ'

* * *

ထွန်းလွင်သည် လျှို့ဝှက်နောက်ယောင်ခံအဖွဲ့ကို ဌာနချုပ် မှတစ်ဆင့် အစီအစဉ်များ ပြုလုပ်အပြီးတွင် ဦးဟုတ်ရှောင် နောက်သို့ မျက်ခြေမပြတ်ရန် သတိပြုစောင့်ကြည့်ထားစေသည်။ လှကျော်နှင့် စိုးမောင်ကိုခေါ်၍ အငှားကားတစ်စင်းကို ငှားရမ်းပြီး ကိုယ်တိုင်မောင်းထွက်ခဲ့သည်။

ရှစ်မိုင်ရှိ သီးသန့်ခြံထဲတွင် ထွန်းလွင်ကိုယ်တိုင် ရုပ်ပြောင်း ရုပ်လွှဲ အနည်းငယ်ပြုပြင်လိုက်သည်။ အသားဝါရောင် နီစပ်စပ် ဖြစ်အောင် မိတ်ကပ်နှင့်ပြုပြင်ပြီး သွားတုနှင့် နှုတ်ခမ်းမွေး အတု၊ မျက်နှာဖုံးတစ်ခုကိုသာ တပ်ဆင်လိုက်၏။

လှကျော်နှင့်စိုးမောင်ကိုလည်း လိုအပ်သလို ပြင်ဆင် ပေးလိုက်သည်။ သူတို့ကို ထားခဲ့ပြီးမှ ဌာနချုပ်မှ နောက် ယောင်ခံအဖွဲ့ကို ဆက်သွယ်လိုက်၏။

အစဉ်တစိုက် ကျွမ်းကျွမ်းကျင်ကျင် နောက်ယောင်ခံထား

www.burmeseclassic.com

www.burmeseclassic.com



သည်ဖြစ်၍ ဟုတ်ရှောင်ကို တရုတ်တာန်းမှ သူ၏ ပန်းတိမ်ဖိုတွင် ရှိနေသည်ဟု သိလိုက်ရတော့သည်။ မှောင်ခို ပစ္စည်းများသည် လသော လမ်းအလုပ်တိုက်တွင်ပင်ရှိမည် မဟုတ်တော့။

တရုတ် တာန်းမှ သုံးထပ်တိုက်၏ ပထမထပ် အခန်းမှာ ဦးဟုတ်ရှောင်၏ လူသိနည်းသော တိုက်ခန်း ဖြစ်၏။ အောက်ထပ်မှ ပန်းတိမ်ဖိုသည် ဦးဟုတ်ရှောင်ပိုင်သော်လည်း နာမည်လွှဲ ညီအစ်ကိုတော်၏ဆိုင်ဖြစ်၍ ၎င်းပိုင်ဟုပင် လူသိနည်းသည်။

နေ့လည်ပိုင်း သူ့သီးသန့်တိုက်ခန်းတွင် သူရှိနေမည် မှန်း သေချာသောအခါ စိုးမောင်နှင့်လှကျော်ကိုခေါ်၍ ကားကို အလုပ်တိုက်ရှေ့အထိ မောင်း၍ ရပ်လိုက်တော့၏။

ပထမထပ်ကို တက်၍ တံခါးကို ခေါက်လိုက်သောအခါ တံခါးဖွင့်ပေးသူမှာ ထောင်ထောင်မောင်းမောင်း ဗလ ကောင်း ကောင်းနှင့် အသက်လေးဆယ်ခန့် ကုလားတစ်ယောက်ဖြစ်၏။

'ဘာကိစ္စလဲ.....'

'ခင်ဗျားတို့သူဌေးကို ပစ္စည်းတစ်ခုပြဖို့ပါ.....'

ထွန်းလွင်က ပြုံး၍ပြောလိုက်သည်။

အပြင်တွင် လှကျော်နှင့် စိုးမောင်ကိုပါ တွေ့လိုက်ရ၍ ကုလားကြီးက မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သည်။

'ဒီလိုဆို ခင်ဗျားတစ်ယောက်ထဲ ဝင်ခဲ့ပါ'

ပြောပြောဆိုဆိုနှင့် တံခါးကို အနည်းငယ် ဟပေးလိုက်၏။ ထွန်းလွင်သည် အသာလှမ်းဝင်လိုက်၍ အတွင်းသို့ ရောက်သည်နှင့်ပင် ကုလားကြီး၏ ဘောင်းဘီဝတ်ထားသော ခွကြားထဲသို့ ညာဖြောင့် ခြေတစ်ချောင်းကို အရှိန်ပြင်းပြင်းနှင့်



လျှပ်တစ်ပြက်အတွင်း လွှတ်လိုက်သည်။

ရှေ့သို့ ငိုက်ကျလာ လျှင်ပင် ပါးရိုးအောက်သို့ ညာဖင့် လက်သီးတစ်လုံးကို ကိုယ်ခန္ဓာ အားနှင့်တွဲ၍ လွှတ်လိုက်သည်။ ကြမ်းပြင်ပေါ်သို့ ဖွဲ့အိတ်ကြီး တစ်ခုကို ဗစ်ကျမသွားအောင် သူ့ကိုယ်ကြီးကို ဖမ်းထိန်း၍အောက် သို့ ချပေးလိုက်သည်။

လှကျော်သည် သွက်သွက်လက်လက် ဝင်လာပြီး စာရေး နေသော တရုတ်တစ်ယောက်ကို သေနတ်နှင့်ချိန်ထားလိုက်ပြီး သား ဖြစ်သွား၏။ စိုးမောင်သည် တံခါးကိုပိတ်၍ တံခါးရွက်ကို ကိုယ်နှင့်ကာပြီး သေနတ်တစ်လက်ကို လက်ထဲတွင်ကိုင်လျက် အသင့်ဖြစ်နေ၏။

တစ်ဆက်တည်းပင် ထွန်းလွင်က သေနတ်ကို ထုတ်၍ ပက်လက်ကုလားထိုင်ပေါ်မှ ဦးဟုတ်ရှောင်ကို ထိုးချိန်ထား လိုက်သည်။

'ကျုပ်တို့ ဓားပြမဟုတ်ဘူး၊ မဟာဒေဝီရဲ့ သက်တော် စောင့်တွေပဲ'

ထွန်းလွင်က လေသံဝဲဝဲနှင့် အေးအေးဆေးဆေး လှမ်းလိုက် ၏။

'ဘယ်က မဟာဒေဝီလဲ၊ ကျုပ် မသိဘူး'

ဟုတ်ရှောင်၏အပြောမဆုံးမီပင် ထွန်းလွင်၏ ဘယ် လက်သည် လျှပ်တပျက်အတွင်းတွင် လှုပ်ရှားသွား လိုက်ပြီး ဟုတ်ရှောင်၏ အဆီတဝင်းဝင်း မျက်နှာကြီးပေါ်သို့ အရှိန် ပြင်းထန်စွာ ကျရောက်သွားတော့သည်။ ဟုတ်ရှောင် တိုင်းတိုင် မရှော်လင့်မိသည်ဖြစ်၍ နာကျင်စွာ ခံစားရသည်နှင့်အတူ လန့်သွားသည်ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



'အပိုတွေမပြောနဲ့၊ ကျုပ်တို့ မဟာဒေဝီကို မတရား လုပ်ရင် ခင်ဗျားကို သတ်ပြီး ကျုပ်တို့ ထောင်ထဲပြန်ရုံပဲ'

အေးစက်မာကျောသောလေသံနှင့် ထပ်၍ ခြိမ်းခြောက် လိုက်သောအခါ ဟုတ်ရှောင် ဆက်မလှုပ်မှုံ့တော့ပေ။

'ခင်ဗျားတို့ လိုချင်တာ ကောင်းကောင်းပြောပါ၊ ကျုပ် အကုန်လုပ်ပေးမယ်'

'ငွေစက္ကူတုတွေ ရောပေးလိုက်တာ မကောင်းဘူး၊ အဲဒါ ပစ္စည်းရင်လဲ ပြန်ပေးပါ၊ ဒီလိုမှမဟုတ်ရင် ငွေကို ပြန်ပေး'

'ကျုပ်.....ကျုပ် ငွေပေးပါမယ်၊ ကျုပ်ကို ဘာမှ မလုပ် ကြပါနဲ့'

အံဆွဲထဲမှ နှစ်ဆယ်တန်တစ်ထပ်ကြီးကို ထုတ်ပေး လိုက်ရင်း တုန်တုန်ယင်ယင်ကြီး ပြောလိုက်၏။ မှောင်ခိုပစ္စည်း များနှင့် ပြည့်ကြပ်နေသော သူ့အခန်းကျဉ်းထဲတွင် သူ အော်ရဲ ဟစ်ရဲနှင့် လှုသိခံဝံ့မည်လည်း မဟုတ်ပေ။

'ငွေငါးသောင်း နေရဲ့လား ပေါက်ဖော်'

ထွန်းလွင်က အတုနှင့်အစစ်ကိုသာ ခွဲခြားသိသာရန် စစ်ဆေးရင်း မေးလိုက်၏။

'ခြောက်သောင်းခွဲ ရှိပါတယ်'

'အပိုမလိုချင်ပါဘူး၊ ကျုပ်ကို ငါးသောင်းပဲပေး'

အလွန်အေးဆေးသော အမူအရာဟန်ပန်နှင့် ငွေစက္ကူ တစ်ထပ်ကြီးကို သူ့ဘက်သို့ တိုးပေးလိုက်သောအခါ ဟုတ် ရှောင်သည် တုန်ရီသောလက်ချောင်းများနှင့် ရေတွက်ပြီး နုတ်ယူ၍ ငွေစက္ကူထပ်ကြီးကို ထွန်းလွင်ဘက်သို့ ပို့ပေးလိုက်၏။ ထွန်းလွင် က အသင့်ပါ၊ ..ာသောအိတ်နှင့် ခပ်မှန်မှန်ထည့်လိုက်ရင်း သူ့ကို



လှမ်းကြည့်လိုက်သည်။

'ခင်ဗျား အောင်ချင်အောင်လေ၊ ကျုပ်တို့က ဓားပြတိုက် တာမှ မဟုတ်ဘဲ'

မထီလေးစားအသွင်ဖြင့် ခပ်ပြုံးပြုံး လှမ်းပြောလိုက်၏။

'အား..... မအော်ပါဘူး၊ ကျေနပ်ပါတယ်၊ ခင်ဗျားတို့ ပြန်ကြပါတော့'

ငွေအိတ်ကို အပေါက်ဝမှ စိုးမောင်လက်သို့ လှမ်းပေး လိုက်ပြီး အေးအေးဆေးဆေးပင် အောက်သို့ ဆင်းလိုက်တော့ သည်။ တစ်စုံတစ်ရာ အနှောင့်အယှက်ပင် မတွေ့ရ။ အောက်ထပ် သို့ အရောက်တွင် ကားပေါ်မတက်မီ ခေါင်းကို မသိမသာငြိမ့် ပြရင်း ကားမောင်းထွက်ခဲ့တော့သည်။

'ကားခဏရပ်ကွာ၊ ဟုတ်ရှောင်ကို ပညာပေးလိုက် ဦး မယ်'

တာမွေအဝိုင်းအနီးမှ လမ်းဘေးတယ်လီဖုန်းတစ်လုံးကို ဟန်ပါပါကောက်၍ ပြောဟန်ပြုရသော်လည်း ထွန်းလွင် ဆင်း သွား၍ မကြာမီပင် သက်ဆိုင်ရာ ရှာဖွေဖမ်းဆီးရေး အဖွဲ့ဝင်များ သည် ဟုတ်ရှောင်၏တိုက်ကို တက်ရောက် ရှာဖွေကြတော့မည်မှာ မုချပင်။

* * *

နောက်တစ်နေ့ သတင်းစာများထဲတွင် ဟုတ်ရှောင်၏ အလုပ်တိုက်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ဘိန်းများ၊ ရွှေချောင်းများအပြင် နိုးရာပါတိုက်ရာပါ စိန်ထည်ရွှေထည် ပစ္စည်းများကို ရဲအဖွဲ့မှ ဖမ်းဆီးရမိကြောင်းကို အကျယ်တဝင့် ရေးသားဖော်ပြရှိသည်ကို ဖတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင်သည် မေဘယ်လ်လွင်၏ ဘောက်စ်ဝက်ဂွန်ကားကလေးဖြင့် နန်းမြအေးနှင့် သူ့အဖော် အမျိုးသမီးကြီးတစ်ယောက်ကို တင်ဆောင်ပြီး ရန်ကုန်မှ သာစည်အထိ လိုက်ပို့ပေးလိုက်ရ၏။ သာစည်တွင် အသင့်စောင့်နေသော သူတို့အဆက်အသွယ်များ လက်သို့ အပ်ပြီးမှ ရန်ကုန်သို့ ပြန်ခဲ့ရသည်။

'မောင်ထွန်းလွင် လုပ်တာတွေ အားလုံး အဆင်ပြေပါတယ်ကွယ်၊ ဒါပေမဲ့ မောင်ထွန်းလွင် သိပ်မစွန့်စားပါနဲ့'

ဦးအောင်မြင်ကပင် စိုးရိမ်တကြီး ပြောယူရတော့သည်။

'ကျွန်တော် ဦးအတွက်ဆိုရင် အသက်ပေးပါ့မယ်လို့တောင် ကတိပေးထားဖူးပါတယ်ခင်ဗျာ'

'ကျေးဇူးတင်ပါတယ် မောင်ထွန်းလွင်၊ နိုင်ငံရေးခေတ်ကသာဆိုရင် မောင်ထွန်းလွင် စွန့်စားဖို့ မလိုပါဘူး၊ အခုတော့ ခေတ်ကလဲ ပြောင်းသွားပြီမဟုတ်လား"

'ဟုတ်ပါတယ်ခင်ဗျာ'

ဦးအောင်မြင်ကိုယ်တိုင် ဆထက်ထမ်းပိုးတိုး၍ စိတ်ချယုံကြည်မှုကို ခံယူရသည်သာမက မေဘယ်လ်လွင်၏အပေါ်တွင် အစွမ်းပြ၍ လှုပ်ရှားလိုက်ရ၍ ပိုမိုအဆင်ပြေ ကျေနပ်ခဲ့ရသည်။ ဦးအောင်မြင်ကိုယ်တိုင် ပြည်သူ့ပိုင်သိမ်းထားပြီးစအချိန်ကသာ အခိုက်အတန့် ငြိမ်နေသော်လည်း နောက်ပိုင်းအချိန်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို ဝတ်ကျေဝတ်ကုန်လုပ်၍ ရုပ်ရှင်လုပ်ငန်းနှင့် ပလပ်စတစ်လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေပြီဖြစ်ရာ အသားကျနေပြီဖြစ်၏။ မေဘယ်လ်လွင်သည် ထွန်းလွင်ကို ခါတိုင်းထက်ပို၍ လေးလေးစားစား ဆက်ဆံလာခဲ့ရသည်။ ထွန်းလွင်သည် လည်း



သူနှင့်ပေါင်း၍ အတွဲညီခဲ့ရသည်။ သူ့ကို စောင့်ကြည့် နေသောအစီအစဉ်ကိုလည်း မလိုအပ်သေး၍ ရပ်ထားလိုက်ရသည်။

○

## အခန်း (၂၆)

စုစုတစ်ယောက် စာမေးပွဲကြီးအပြီးတွင် ကျောင်း ရက်ရှည်ပိတ်ထားသောကြောင့် နေအိမ်တွင် ပြနေသည်။ ယခင်အချိန်များကဲ့သို့ သူ့အတွဲများနှင့် ချိန်းဆို လည်ပတ်ခြင်းပင် လုံးဝမရှိတော့သည်မှာလည်း အမှန်ပင်။

စုစုအိမ်တွင် ပြနေသည်နှင့်အမျှ ထွန်းလွင်အဖို့ လွတ်လွတ်လပ်လပ်ပင် လှုပ်ရှားခွင့်မရခဲ့ပေ။ ရန်ကုန်မြို့ထဲသို့ အကြောင်းကိစ္စရှိ၍ပင် လွတ်လွတ်လပ်လပ် သွားခွင့်မရ။ စုစု အမြဲလိုက်ပါလာခဲ့သည်။

ရန်ကုန်နှင့် အနီးပတ် ဝန်း ကျင်မြို့များသို့ပင် ထွန်းလွင် မသွားရဲအောင်ဖြစ်မိသည်။ ထွန်းလွင်သွားသမျှ နေရာတိုင်းကို ကားပေါ်မှ မဆင်းတမ်း လိုက်ပါလေ့ရှိ၏။

သူ့စိတ်ဆန္ဒကိုလည်း ထွန်းလွင် မတားဆီးနိုင်။ ထွန်းလွင်ကိုယ်တိုင်ပင် မတားဆီးရက်။ သူမျက်နှာ ညှိုးသွား လျှင်ပင် ထွန်းလွင် ပျာပျာသလဲ ချော့မော့နှစ်သိမ့်ရသည်ကိုလည်း ထွန်းလွင်၏ ပျော့ကွက်တစ်ခုအနေဖြင့် သူသိရှိ ထားပြီးဖြစ်သည်။

မေဘယ်လ်လွင်၏ ကြိုးပမ်းမှုအရ နန်းမြအေးမှတင်ဆင့် အာဏာ၂ စွန့်လွှတ်ပွဲအပြီးတွင် တောခိုသွားကြသော စောခွန်အိုက်နှင့် စောခွန်အေးတို့ ညီနောင်ကို တောင်ကြီး၌ ဦးအောင်မြင်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆက်သွယ်တွေ့ဆုံရေး အစီအစဉ်ပင် အကောင်အထည် ပေါ်လာသောအချိန်တွင် ထွန်းလွင်သည် စုစုကိုချော့မော့ လှည့်ပတ်၍ မေဘယ်လ်လွင်နှင့်အတူ တောင်ကြီးသို့ ဓလယာဉ်နှင့် ထွက်ခဲ့ရတော့၏။

နန်းမြအေး၏ မှောင်ခိုအရောင်းအဝယ်ကို အစတ်နိုင် ဆုံး အဆင်ပြေပြေ စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်ဖြစ်၍ တောခို ညီနောင်နှစ်ဦးတို့က တောင်ကြီးအထိပင် ယုံယုံကြည်ကြည် လာရောက်တွေ့ဆုံရန် သဘောတူခဲ့ခြင်းဖြစ်၏။

ဦးအောင်မြင်နှင့် တောခွန်အိုက်တို့ ညီနောင်၏ တွေ့ဆုံ ဆွေးနွေးပွဲကို တောင်ကြီးမှ ခင်မြင့်မြင့်နေအိမ်အထက်ထပ် စာကြည့်ခန်းတွင် ပြုလုပ်ရန် အစီအစဉ်ရှိ၍ ထွန်းလွင်နှင့် မေဘယ်လ်လွင်တို့က အောက်ထပ်မှ လိုအပ်သော အစီအစဉ် များကိုသာ ပြုလုပ်ပေးရင်း စောင့်နေကြရသည်။

ဦးအောင်မြင်အနေဖြင့် ထွန်းလွင်နှင့် မေဘယ်လ်လွင် တို့ ပူးတွဲ၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ပြီးချိန်တွင်မှ တောင်ကြီး သို့ လိုက်လာခဲ့သည်။

ဦးအောင်မြင် ရောက်သည်ဆိုလျှင်ပင် သူတို့၏ တွေ့ဆုံ ဆွေးနွေးပွဲကို အဆင်သင့် ပြုလုပ်ဆောင်ရွက်နိုင်ခဲ့သည်။ တွေ့ဆုံဆွေးနွေးပွဲအစီအစဉ်ကို ည(၈)နာရီခွဲမှ စတင်ကျင်းပ ပြုလုပ်သည်ဖြစ်ရာ ခင်မြင့်မြင့် တိုက်အပေါ်ထပ် စာကြည့်ခန်းတွင် မေဘယ်လ်လွင်ကိုယ်တိုင် အသံဖမ်းကိရိယာ (Micro Phone) များကို စားပွဲတင်ပန်းအိုးနှင့် နံရံကပ်မီးပွင့်တို့ တွင် စနစ်တကျ သေသေသပ်သပ် လျှို့ဝှက်စွာ တပ်ဆင်၍ အောက်ထပ်အခန်း လွတ်တစ်ခုမှ အမျိုးအစား ကောင်းမွန်သော အမေရိကန်ပြည်လုပ်



(Ampex) အမျိုးအစား အသံဖမ်းစက်နှစ် လုံးဖြင့် ဖမ်းယူထား သည်ဖြစ်၍ မေဘယ်လ်လွင်၏လျှပ်ရှားဆောင်ရွက်မှုများသည် နည်းစနစ် မှန်ကန်သည်သာမက ကျွမ်းကျင်နိုင်နင်းမှုများကို တစေ့တစောင်းကြည့်၍ အသံနှင့်ပတ်သက်သော (Audio Surveillance)တွင် ဝါရင့်ပညာရှင်တစ်ယောက်ဟု ထွန်းလွင် နားလည်လိုက်မိသည်။

ထွန်းလွင်နှင့် နောက်ယောင်ခံရာတွင် အသုံးချသော ၅ ယောက်အနက် ၃ ယောက်သည် ဦးအောင်မြင်နှင့်အတူ လိုက်ပါခဲ့သည်။ သူတို့နှင့်ပေါင်း၍ တွေ့ဆုံဆွေးနွေးပွဲအချိန် တွင် အိမ်တွင်းအိမ်ပြင်အခြေအနေကို သတိကြီးစွာ ထားရင်း လုံခြုံရေးကို တာဝန်ယူရသည်။

ဌာနချုပ်သို့ ကြိုတင်အကြောင်း ကြားထားပြီးသော အစီအစဉ်ဖြစ်၍ ဦးအောင်မြင်တို့ တွေ့ဆုံ ဆွေးနွေးပွဲ အစီအစဉ်မှာ တစ်စုံတစ်ရာ အနှောင့်အယှက်ပင် မတွေ့ရပေ။

အိမ်ရှင် ခင်မြင့်မြင့်ပင် နန်းမြအေးနှင့်တွဲ၍ အသွား အပြန် ကားကို မောင်းပေးရသည်။ တွေ့ဆုံဆွေးနွေးပွဲ အစီအစဉ်မှာ အလွန် လျှို့ဝှက်စွာ လုံခြုံသိပ်သည်းလှသည်ဖြစ်၏။ နောက်တစ် နေ့တွင် အစီအစဉ် ပြီးဆုံးသောအခါ ဦးအောင်မြင်က ထွန်းလွင်ကို ရန်ကုန်သို့ပြန်ရန်ပင် အစီအစဉ် ပြုလုပ်ပေးတော့သည်။

'မောင်ထွန်းလွင်၊ ရန်ကုန်ကိုပြန်ဖို့တောင် ဦးလေယာဉ် လက်မှတ် အသင့်အလုပ်ခိုင်းထားတယ်.....'

'ဪ.....ဟုတ်ကဲ့ခင်ဗျာ'

'မောင်ထွန်းလွင်ရဲ့ ညီမလေးလဲ တမျှော်မျှော်စောင့်နေ တော့မယ်'

www.burmeseclassic.com

www.burmeseclassic.com



စုစုတစ်ယောက် စောင့်မျှော်နေမည်မှာ အမှန်ဖြစ်၍ သူ့ကို နှစ်ရက်ခန့်သာ ကြာမည်ဟု ပြောခဲ့သော်လည်း ဆယ်ရက်ပင် ကျော်ခဲ့မိပေပြီ။

'အလုပ်ကိစ္စလဲ အေးအေးဆေးဆေး ပြီးသွားပြီ၊မောင်ထွန်းလွင်၊ ဦးတော့ ရုပ်ရှင်ရိုက်ဖို့ကိစ္စရှိလို့ နည်းနည်း စောင့်ကြည့်ဦးမယ်၊ မောင်ထွန်းလွင် ပြန်ပေတော့နော်.....'

'ဟုတ်ကဲ့ခင်ဗျာ.....'

အောင့်သက်သက်နှင့်ပင် ထွန်းလွင် သဘောတူလိုက်ရတော့၏။ သဘောမတူ၍လည်း မဖြစ်တော့။

ဆွေးနွေးပွဲနှင့် ပတ်သက်၍ တွေ့ဆုံဆက်သွယ်သူ တော်တော်များများကိုပင် ထွန်းလွင် ခြေရာခံမိခဲ့ပြီးဖြစ်သည်။ ဆွေးနွေးပွဲ အစီအစဉ် အထိတော့ သိရန်မလွယ်ကူ၊ ဦးအောင်မြင်ကိုယ်တိုင်ကလည်း အသိပေးသင့်သော အကြောင်းအရာ အချက်အလက်လောက် ကိုသာ အသိပေးလေ့ရှိသည်။

'မောင်ထွန်းလွင်ကိုတော့ 'သူတို့'နဲ့ တွေ့ရတဲ့ အကြောင်းကို နည်းနည်းပါးပါး ပြောရဦးမယ်'

ဦးအောင်မြင်က လိမ်လိမ်မာမာနှင့် ဖုံးကွယ်အကြောင်းပြဦးမည်ဟု ထွန်းလွင် နားလည်လိုက်မိသည်။

'ဟုတ်ကဲ့ခင်ဗျာ.....'

'ဦးနဲ့ လာတွေ့တဲ့လူတွေက မောင်ထွန်းလွင် သိတဲ့အတိုင်းပဲ၊ ယိုးဒယားမြန်မာ နယ်စပ်မှာ အင်အားကြီးကြီးနဲ့ သြဇာညောင်းတဲ့ တောခိုစော်ဘွားဟောင်းတွေပဲ'

'ဟုတ်ကဲ့ခင်ဗျာ.....'

'ဦးဟာ စီးပွားရေးသမားတစ်ယောက်အနေနဲ့တော့



အချိန်အခါ အခြေအနေအရ လိုအပ်လာရင်သူတို့နဲ့ဆက်စပ်ပြီး စီးပွားရေးကလေးဘာလေး လုပ်ချင်လုပ်နိုင်အောင် ကြိုတင်စီစဉ်ထားတဲ့ သဘောလောက်ပါပဲ"

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ကတော့ ဦး ဘယ်လို အစီအစဉ်ပဲလုပ်လုပ် ကျွန်တော့်အသက်ကိုစွန့်ပြီး ကူညီဆောင်ရွက်ဖို့ အမြဲအသင့်ရှိပါတယ်'

'ဦး မောင်ထွန်းလွင်ရဲ့ အရည်အချင်းနဲ့ စိတ်ဓာတ်ကို နားလည်ယုံကြည်ပြီးသားပါကွယ်၊ အခုကိစ္စမှာ မောင်ထွန်းလွင်ရဲ့ အစီအမံနဲ့ မမျှော်လင့်ဘဲ အဆင်ပြေသွားတာပါ'

'နှမ်းမြအေးနဲ့ အချောင်းအဝယ်ကိစ္စသာ အဆင်မပြေရင် သူတို့ညီအစ်ကိုနဲ့ ဘယ်လိုမှဆက်သွယ်လို့ရမှာ မဟုတ်ဘူး မောင်ထွန်းလွင်၊ အခုတော့ သိပ်အဆင်ပြေသွားတယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဝမ်းသာပါတယ်'

'ကဲ.....မောင်ထွန်းလွင် ဒီနေ့ပဲ ပြန်တော့နော်၊ မောင်ထွန်းလွင်ရဲ့ ညီမလေးကိုလဲ ဂရုစိုက်ပါ'

'ဟုတ်ကဲ့ခင်ဗျာ"

ထွန်းလွင်နှင့် အဖွဲ့ဝင်များ ပြန်ရန် ပြင်ဆင်ရတော့၏။ ထွန်းလွင်က လေယာဉ်ဖြင့် ပြန်ရမည်။ သူတို့က မီးရထားဖြင့် ပြန်ကြမည်ဖြစ်၏။

အလွန်အရေးကြီးသော နိုင်ငံရေးနှင့် ဆက်စပ် ထိုးဖောက်မှုကိုပင် သာမန် မှောင်ခိုစီးပွားရေးကိစ္စတစ်ခုအသွင်နှင့် ပြောလာသော ဦးအောင်မြင်၏စကားများကို ချွင်းချက်မရှိ ယုံကြည်ဟန်ဖြင့်ပင် ထွန်းလွင်ပြန်ရန် ပြင်ဆင်ရတော့၏။

တောင်ကြီးမှ ဟဲဟိုးလေယာဉ်ကွင်းအထိ မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ကားဖြင့် လိုက်ပို့ပေးသည်။

ဘောင်ကြီးတွင် ဦးအောင်မြင့်၊ မေဘယ်လ်လွင်၊ ခင်မြင့်မြင့်နှင့် ကလောမှ ရုပ်ရှင်မင်းသမီး ခင်သက်ထားတို့သာ နေရစ်ကြမည်ဖြစ်၍ ခင်သက်ထားကိုယ်တိုင် ဦးအောင်မြင့်ပိုင် 'အရှေ့တိုင်းရုပ်ရှင်' မှ ဇာတ်ကားတစ်ကား ကို ဘောင်ကြီးတွင် ရိုက်ကူးနေဆဲ ဖြစ်၏။

* * *

'ကဲ...... သူဌေးသမက် ပြန်တော့နော်၊ သူဌေးသမီးက မျှော်နေတော့မယ်'

ဟဲဟိုးလေဆိပ်တွင် ခင်မြင့်မြင့်က သူ့ဝသီအတိုင်း ခနဲ့ပြန်တော့၏။

'မမနော် ကျွန်တော့်ကို ဒီလို မပြောစမ်းပါနဲ့ဗျာ'

'ကျွန်မကို ရှင် 'ညာ'မနေနဲ့၊ ရှင့်ကို ကျွန်မက ချစ်နေပြီးသားပါ ရှင်ရယ်'

ခင်မြင့်မြင့်က ထွန်းလွင်၏မျက်နှာကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

'မမကတော့ စံပါပဲဗျာ'

ခင်မြင့်မြင့်ကို ဘာမျှ မပြောနိုင်၍ သူပြောတိုင်း ထွန်းလွင် ငြိမ်နေရတော့သည်။

'အလကား စ,တာပါရှင်၊ မွေစိတ်တော် ညှိုးမသွားပါနဲ့'

သူကြိုက်သလို ပြောဆိုပြီးတိုင်း ပြန်ချော့တတ်သော ခင်မြင့်မြင့်၏အကျင့်ဖြစ်၏။

'မမ ဘယ်လိုပဲပြောပြောဆိုဆို ကျွန်တော့်ရင်မှာ မမကို အမြဲကျေနပ်ပါတယ်ဗျာ'

'ဝမ်းသာပါတယ်ရှင်၊ ကျွန်မကတော့ ရှင့်ကိုချစ်လိုက်ရတာ၊ တွေ့လိုက်ရင် ချွဲတတ်တဲ့ ရှင့်အကျင့်ကလေးကိုတော့ မုန်းတယ်'

'မမကသာ မုန်းတာပါ၊ ကျွန်တော်ကတော့ မမကို အမြဲချစ်'

'တော်စမ်းပါ၊ ရှင်က ချစ်တဲ့အကြောင်းတွေ ပြောပြီး မမကို မလိမ်စမ်းပါနဲ့'

ထွန်းလွင်၏ စကားမဆုံးမီပင် ခင်မြင့်မြင့်က ထွန်းလွင် လက်မောင်းကို ခပ်နာနာ ဆွဲဆိတ်လိုက်တော့သည်။

'ကျွန်မက ရှင့်ကိုချစ်တယ်၊ မြမြရွှေခင်ခင်စတာနဲ့ ချစ်တာ၊ ရှင့်ကို ခဏခဏလဲ မတွေ့ချင်ပါဘူး'

ထွန်းလွင်သည် ခင်မြင့်မြင့်၏ မျက်နှာထားကို ကြည့်၍ ငြိမ်နေလိုက်ရတော့သည်။

'ကျွန်မ ရှင့်ကို ပေးပေးကာပဲ လွမ်းနေချင်တယ်'

သူ့လက်ကို ဖျစ်ညှစ်၍ နှုတ်ဆက်ရင်း လေယာဉ်ပေါ်သို့ တက်ခဲ့ရသည့်တိုင် ခင်မြင့်မြင့်ကို ထွန်းလွင် နားမလည် နိုင်သလို ဖြစ်ခဲ့မိ၏။

* * *

ရာသီဥတု အခြေအနေကိုစောင့်ရင်း မောင်းနှင်ခဲ့ရသည် ဖြစ်၍ မင်္ဂလာဒုံလေဆိပ်သို့ ညနေ ၃ နာရီခွဲတွင် ရောက်ခဲ့ သည်။အင်းယားမြိုင်နေအိမ်သို့ ဖုံးဆက်၍ ကားမှာရန် ကြံရွယ် ဆဲတွင် စုစုကို လာကြိုနေသော လူအုပ်ထဲတွင် မျှော်လင့်ဘဲ တွေ့လိုက်ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီအဖြူလက်ရှည်နှင့် အပြာနုရောင်လုံချည်ကို သပ်သပ်ရပ်ရပ် ဝတ်ထားလျက်သား တွေ့လိုက်ရတော့သည်။ သူစိတ်ထင်၍ အောင်းဘီရှည်နှင့် ရှပ်အင်္ကျီကို ဘိုသီဘတ် သီဝတ်မလာ၍ 'တော်သေးသည်' ဟုပင် ထွန်းလွင် အောက်မေ့လိုက်မိ၏။ သို့ရာတွင် သူ့ပင်ကို စရိုက်တော့ ပျောက်သည်မဟုတ်။ လူအုပ်ထဲတွင် ခုန်ဆွခုန်ဆွ ကလေး လုပ်၍ လက်တပြပြနှင့် ဟစ်အော်နေသေးပြန်၏။

'ဟေး.....ယူ၊ စုစုဒီမှာလေ.....'

သူကဝမ်းသာအားရနှင့် အော်နေပြန်၏။(၁၀)ရက် ကျော်ကျော်သာ ခွဲခွာရသော်လည်း နှစ်ရှည်လများ ခွဲခွာ၍ ပြန်တွေ့ရသော ဝမ်းသာကျေနပ်မှုမျိုးနှင့် သူက ဆိုနေသည်ဖြစ်၏။

'ဒယ်ဒီက ကြေးနန်းရိုက်လိုက်တယ်၊ ယူ ဒီနေ့ ပြန်ရောက်လိမ့်မယ်တဲ့၊ စုစု သိပ်ဝမ်းသာတာပဲ'

အော်ကျယ်ဟစ်ကျယ်နှင့် ဝမ်းသာအားရ ပြောနေသော သူ့ကို ပတ်ဝန်းကျင်လူအများပင် ဝရုတစိုက်ကြည့်နေကြ သဖြင့် သူ့လက်ကို ဆွဲ၍ အပြင်သို့ထွက်ရန် ပြင်ရတော့၏။

သူကတော့ ဂရုစိုက်ပုံပင်မရ၊ ထွန်းလွင်၏လက်မှ ခရီးဆောင် လက်ဆွဲအိတ်ကိုပင် သူက လု၍သယ်ပေးလိုက်သေး၏။

ကားကိုလည်း သူကိုယ်တိုင် မောင်းလိုက်ပြန်သောအခါ ထွန်းလွင်က သူ့ဘေးမှထိုင်ရသည်။

'ယူ သွားတာ ကြာလိုက်တာကွာ'

ကားမောင်းရင်း သူက ပြောသည်။

'စုစုတစ်ယောက်ထဲနေရတာ ပြင်းတယ်ကွာ၊ ပြီးတော့



လဲ ယူ့ကို သိပ်လွမ်းတာပဲ'

လှိုက်လှဲသော လေသံကလေးများနှင့် ကားမောင်းရင်း သူက ညည်းလိုက်ပြန်သည်။

'ယူ စုစုကို မလွမ်းဘူးလားကွာ'

သူက ထွန်းလွင်ကိုကြည့်ရင်း မေးပြန်သည်။

'ဟင့်အင်း မလွမ်းပါဘူး၊ နားအေးတယ်'

ထွန်းလွင်က အပ်အေးအေးပင် ထိုင်လိုက်ရင်း ပြောလိုက်သည်။

'တောက်.....'

သူ့ပါးစပ်မှ တက်တစ်ချက်ကို ခပ်ကျယ်ကျယ် ခေါက်လိုက်ပြီး ကားကို တရှိန်ထိုးပင် လမ်းဘေးသို့ ထိုးရပ်ပစ်လိုက်တော့သည်။

'ယူ စုစုကို နည်းနည်းမှ ဂရုမစိုက်ဘူး၊ မကြင်နာဘူးပေါ့လေ'

သူ့မျက်နှာတစ်ခုလုံး သွေးရောင်များ လျှမ်းလာပြီး မျက်လုံးပြူကြီးသည်ပင် စူးစူးဝါးဝါး တောက်ပြောင်လာတော့၏။

'စုစု ဒီလောက်လဲ စိတ်မမြန်စမ်းနဲ့၊ ကလေးလေးကျနေတာပဲ၊ ကိုယ်က စတာပါ၊ စုစုအတွက် ကိုယ်ဝယ်လာတာတွေကို ကြည့်စမ်းပါ၊ စုစုက ခက်တယ်ကွာ'

ထွန်းလွင်သည် ချက်ချင်းပင် ကားနောက်မှ ခရီးဆောင်လက်ဆွဲအိတ်ကို အမြန်ဆုံးယူ၍ တောင်ကြီးဈေးထဲမှ ဝယ်ယူခဲ့သော ရှမ်းအမျိုးသမီးဝတ်စုံ၊ လားဟူကြီးထိုးဖိနပ်၊ ရှမ်းဒါလွယ်အငယ်စားကလေးကို ထုတ်ပြရင်း ကမန်းကတမ်း ပြုချော့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအထူးအဆန်း မှန်လျှင် သူ့အားကစားခန်းတွင် မှန်ဗီရိုနှင့်ထည့်၍ အလှပြ သိမ်းဆည်းလေ့ရှိသော သူ့ဝါသနာကို သိထားပြီးဖြစ်၍ ထွန်းလွင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သူ့မျက်နှာထားသည် အခိုက်အတန့် အချိန်ပိုင်းကလေး အတွင်းတွင် သိသိသာသာကြီး ပြောင်းလဲသွားတော့သည်။

'ယူနော် စုစုကို သိပ်စ,တာပဲ စုစုမကြိုက်ဘူး.....'

နှုတ်ခမ်းကိုစူ၍ ရက်ပြုံးကလေးနှင့်ပြောရင်း ကားကိုလည်း ဖြည်းဖြည်းပင် ပြန်မောင်းနေလိုက်၏။

'စုစုကို စ,ချင်ဘာ ပျော်တော့ပျော်ပါရဲ့ကွာ၊ တစ်ခါတစ်လေ ကျားဖင် မီးစနဲ့ ထိုးကြည့်ရသလိုပဲ'

သူ ကျေကျေနပ်နပ်ပြုံး၍ ကားကိုသာ ဂရုစိုက်မောင်းနေတော့သည်။

○

## အခန်း (၂၃)

တစ်ပတ်ခန့်အကြာတွင် ဦးအောင်မြင်နှင့် မေဘယ်လ်လွင်တို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိခဲ့ကြသည်။

ဦးအောင်မြင် လှုပ်ရှားသွားလာမှုများသည် မေဘယ်လ်လွင်၏အိမ်တွင်သာ ညပိုင်းတွင် ရှိနေတတ်သည်ကို အကဲခတ်မိသောအခါ မေဘယ်လ်လွင်၏ လမ်း(၅၀)တိုက် အပေါ်ဆုံးအထပ်ကိုသာ ထွန်းလွင် စိတ်ဝင်စားနေမိခဲ့တော့သည်။

တောင် ကြီးတွင် မေဘယ်လ်လွင် ဖမ်းယူလာသော



အသံသွင်း ကြိုးခွေများ သည် ဦးအောင်မြင်တွင် အရိပ်အရောင်ပင် မတွေ့ရ။ အရေးကြီးသော လျှို့ဝှက်ချက်တစ်ခုခုသည် မေဘယ်လ်လွင်၏ လူမနေသော သီးသန့်အထက်ခန်းတွင်သာ ရှိနိုင်သည်ဟုလည်း ထွန်းလွင် ထင်မြင်ယူဆထားမိသည်။

လမ်း (၅၀)မှ သုံးထပ်တိုက်သည် အောက်ထပ်တစ်ခုကိုသာ ဓာတ်ပုံဆိုင်တစ်ခုအဖြစ် ငှားရမ်းထား သော်လည်း ပထမထပ်မှာ မေဘယ်လ်လွင်ကိုယ်တိုင် နေထိုင်၍ ဒုတိယထပ်မှာ အိမ်ထောင်ပရိဘောဂ ပြည့်ပြည့်စုံစုံရှိနေသော်လည်း သီးသန့်ခန်းတစ်ခုသာဖြစ်၏။

ဒုတိယထပ်၏ အခြေအနေမှာ ဖောက်ထွင်းဝင်ရောက်ရန် လွယ်သယောင်ယောင်ဖြစ်သော်လည်း တကယ်တန်း ဖောက်ထွင်းဝင်ရောက်ရန် လေ့လာသောအခါတွင် အခက်အခဲတော်တော်များများကို တွေ့ရသည်။

တစ်ခုတည်းသော လှေကားကို အသုံးပြု၍ တစ်ပေါက်တည်းသော တံခါးကိုသာ ဖောက်ထွင်းရမည့်ကိစ္စမှာ ထွန်းလွင်အတွက် ခက်ခဲနေမိတော့၏။

ဦးအောင်မြင်ပိုင် သီးသန့် အဆောက်အဦးများ၏ နေရာဒေသတိုင်းကို အကျွမ်းတဝင်ဖြစ်၍ အနီးကပ်လေ့လာသောအခါတွင် ထူးခြားသော လျှို့ဝှက်ပစ္စည်းတစ်ခုကို ထားနိုင်သည့် အခြေအနေမျိုးကို မတွေ့ရှိရသော်လည်း မေဘယ်လ်လွင်၏ ဒုတိယအထပ်ကိုတော့ ထွန်းလွင် စိတ်ထဲတွင် သံသယအဖြစ်ဆုံးဖြစ်သည်။

လမ်း (၅၀) ရှိ မေဘယ်လ်လွင်၏ တိုက်ပတ်ဝန်းကျင် အခြေအနေကို ထွန်းလွင် အမြဲမပြတ် လေ့လာနေမိုက်မိတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ မြို့တွင်း ဆင်ခြေဖုံးရပ်ကွက်တစ်ခုလို ဖြစ်နေ၍ လူပြတ်လွန်းသည့်အပိုင်းဖြစ်၏။

ပတ်ဝန်းကျင် အဆောက်အအုံ တစ်ခုနှင့် ဆက်စပ်တည်ဆောက်ထားသည် မဟုတ်၍ ထီးထီးကြီး ဖြစ်နေပြန်သည်။

မည်သို့ပင်ဖြစ်စေကာမူ မေဘယ်လ်လွင် မရှိခိုက်တွင် ဖောက်ထွင်းဝင်ရောက်ရန် ဆုံးဖြတ်မိတော့သည်။ မေဘယ်လ်လွင် နေထိုင်သော ပထမထပ်သို့ အကြောင်းအမျိုးမျိုးပြ၍လည်း ထွန်းလွင်သွားရောက်လည်ပတ်ရင်း အခွင့်အရေး ကိုသာ မသိမသာ ချောင်းနေလိုက်မိသည်။

* * *

စုစုတစ်ယောက် ဦးအောင်မြင့်နှင့် အပြင်ခဏ ထွက်သွားသောအချိန်ဖြစ်၍ အိမ်ရှိဖုံးဖြင့်ပင် မေဘယ်လ်လွင် ထံသို့ လှမ်းဆက်မိသည်။

'အစ်ကိုလွင်လား၊ မေဘယ်လ်ပါ အစ်ကို'

အသံကိုကျက်မိ၍ သူက ပြန်ထူးလိုက်သည်။

'ဪ.....မေဘယ်လ် အားနေသလားဟင်'

'ဒီနေ့တော့ အားနေတယ်အစ်ကိုလွင်၊ မေ့ကို ပစ်ချာပြမလို့ လားအစ်ကို.....'

'မေကြည့်ချင်ရင် ပြမှာပေါ့၊ မနက်ဖန် ကြည့်လို့ မဖြစ်ဘူးလားမေ'

ထွန်းလွင်က အကဲစမ်း၍ မေးလိုက်ခြင်းဖြစ်၏။

'မနက်ဖန်တော့ မေ မအားဘူးအစ်ကို၊ ပဲခူးကို တစ်ညအိပ်သွားဖို့ အစီအစဉ်ရှိတယ်'

'ဘာကိစ္စများ အရေးကြီးနေလို့လဲမေ'



'သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်ပါ၊ အစ်ကိုလိုက်ပို့ ပေးပါလား'

မမျှော်လင့်ဘဲ သူ့ တစ်ညအိပ်ခရီးသွားမည်ဖြစ်မှ သိလိုက်ပြန်၍ ထွန်းလွင်စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာမိတော့သည်။

'လိုက်ပို့ပေးချင်တဲ့ စေတနာတော့ အပြည့်ရှိပါတယ်မေ ဒါပေမဲ့.....'

'တော်ပါ အစ်ကိုလွင်၊ မပို့ပေးနိုင်ဘူးပေါ့နော်'

'စိတ်မဆိုးပါနဲ့မေ၊ ဒီနေ့ ပစ်ချာ ကြည့်နိုင်ရင်ကြည့်ပါ၊ ကျွန်တော်က ညစာကျွေးပါ့မယ်'

'အစ်ကို့ကို မေကာစ,တာပါ၊ အစ်ကို့ကိုလဲ စိတ်မဆိုးရဲပါဘူး၊ ဒါပေမဲ့ ဒီနေ့တော့ ထားလိုက်ပါလေ၊ မေ ပဲခူးက ပြန်ရင် ဖုံးဆက်မယ်နော်၊ အဲဒီတော့မှသာ ကတိမဖျက်ရဘူး အစ်ကို'

ထွန်းလွင်သည် တယ်လီဖုန်းကို ချထားလိုက်ပြီး စီးကရက်တစ်လိပ်ကို ဖွာရှိုက်ရင်း အဆင်ပြေသွားသည့် အခြေအနေတစ်ရပ်ကို စိတ်ထဲတွင်ကြိတ်၍ ကျေနပ်နေလိုက်မိ၏။ သူ့လှုပ်ရှားမှု အခြေအနေကို စောင့်ကြည့်ရင်း ချောင်းနေသည့် အခွင့်အရေးသည် အမှတ်မထင် ရရှိခဲ့ပြီဖြစ်၏။

* * *

နောက်တစ်နေ့ညနေတွင် လိုအပ်သော ပစ္စည်းပစ္စယများကို ကိုယ်ထဲတွင်ဝှက်၍ ထွန်းလွင် အဆင်သင့် ဖြစ်နေတော့သည်။

ညရှစ်နာရီခွဲခန့်တွင် မြို့တွင်းအများသုံး တယ်လီဖုန်းတစ်ခုမှ မေဘယ်လ်လွင်အိမ်သို့ အသံကိုဖျက်ပြီး ဆက်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ပြန့်သည်။ မေဘာယ်လ်လွင်၏ အိမ်ဖော် ကရင်မကြီး၏ ထူးသံကို ထွန်းလွင်၏ နားထဲတွင် ကျက်မိလိုက်သည်။

ယနေ့နံနက်စောစောကပင် ပဲခူးသို့ ကားဖြင့် ထွက်သွားကြောင်းနှင့် နောက်တစ်နေ့ ညနေပိုင်းခန့်တွင် ပြန်လည်ရောက်ရှိမည် ဖြစ်ကြောင်းသာ အဖြေရ၍ မေဘာယ်လ်လွင်၏ ခရီးသွားအစီအစဉ်မှာ စိတ်ချလက်ချ အတည်ပြုနိုင်ပြီ ဖြစ်သည်။

ထွန်းလွင်သည် လင့်ရိဘာကားကို ပုဇွန်တောင်ဈေးရှေ့တွင် အပ်နှံထားလိုက်ပြီး လမ်း(၅၀)တိုက်ခန်းရှေ့တွင် လမ်းလျှောက်ရင်း အခြေအနေကိုသာ အကဲခပ်နေလိုက်မိသည်။

လူနေသန့်သော ရပ်ကွက်တစ်ခုဖြစ်နေ၍ ညနက် သန်းခေါင်အထိစောင့်၍ ဖောက်ထွင်းရန် မသင့်ပေ။ ညနက် ပိုင်းဆိုလျှင် သက်သေမကောင်းမှုယ် ဖြစ်နိုင်သည်။

အောက်ထပ် မိုးရေကသီတာတပ်ပုံဆိုင်ပင် တံခါးများ ပိတ်ထားပေပြီ။ ပထမ ထပ်တွင် မီးရောင်ကို မတွေ့ရတော့ပေ။ ၁၀ နာရီ ၁၀ မိနစ်ပင် ရှိပြီဖြစ်၍ ထွန်းလွင်သည် ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်လိုက်ပြီး လှေကားအတိုင်း လှမ်းရရ တက်သွားလိုက်သည်။

ပထမထပ်ကို ခြေသံလုံအောင် နင်းတက်၍ တံခါးကို နားဖြင့်ကပ်၍ နားထောင်လိုက်သည်။ လူသံပင် မကြားရတော့မှ ဒုတိယထပ်သို့ လှမ်းတက်လိုက်ရသည်။

အတွင်းခန်းတွင် တိတ်ဆိတ်ငြိမ်သက်နေသည် ဖြစ်သော ကြောင့် ရာဘာလက်အိတ်ကိုစွပ်၍ လက်နှိပ်ဓာတ်မီး ငယ်ကို လက်ကိုင်ပဝါအုပ်ပြီး သော့ခလောက်ကို ထိုးကြည့်လိုက်သည်။ အင်္ဂလန်ပြည်လုပ် (Master Key)အမျိုးအစား သော့ခလောက်



များဖြစ်၏။

မဒ် သည်မျှပင် အမျိုးအစားကောင်းသော အာမခံသော့များပင် ဖြစ်စေဦးတော့ စိုးရိမ်ရန်မလို။

ယခုတစ်ကြိမ် ဖောက် ထွင်းရသည်မှာ ဦးအောင်မြင်၏ စာကြည့်ခန်းကို ဖောက်ထွင်း ရစဉ်ကလို ခက်ခဲသည်တော့မဟုတ်။ သာမန် သူခိုးတစ်ယောက်လို သော့ကိုဖွင့်၍ အတွင်းသို့ဝင်မည်။

လိုအပ်ချက်များကို ရှာဖွေတွေ့ ရှိလျှင် ဓာတ်ပုံရိုက်ယူပြီး အခန်းထဲမှ အဖိုးတန်ပစ္စည်းအချို့ကို ယူ၍ အသာဆင်းသွားသည်နှင့်ပင် ကိစ္စပြီးသွားနိုင်သည်ဖြစ်၏။

ထွန်းလွင်၏ ဝဲဘက်အောင်းဘီရှည်နောက်အိတ်ထဲမှ အမေရိကန်ပြည်လုပ် သားရေသေတ္တာပြားကလေးထဲတွင် သော့မျိုးစုံ ဖွင့်လှစ်နိုင်သော သံမဏိချောင်း အရွယ်အစား အမျိုးမျိုးကို ထုတ်ယူပြီး အသုံးပြုလိုက်သောအခါ အဖြင့်မှ အသားတံခါးရွက်သည် ဖွင့်သွားတော့သည်။ ထူထဲခိုင်ခံ့သော တံခါးရွက်အတွင်းတွင် သံတံခါး (၂)ခုကိုပင် အခိုင်အမာ ကာထားပြန်သေး၏။

သံတံခါးမှ အတွင်းသို့ အကဲခတ်ကြည့်လိုက်သော အခါ၊ အခန်း၏အလယ်တွင် ထွန်းထားသော ဖယောင်းတိုင် ငါးတိုင်အား မီးလုံးပြာပြာကလေး၏ မှိန်မှိန်သော အလင်း ရောင်ဖျော့ဖျော့ အောက်တွင် တစ်ခန်းလုံး တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ခိုင်ခံ့သော သံတံခါးနှစ်ခုလုံး၏ သော့များကို ပြန်ပိတ်ထားလိုက်ပြီး အတွင်းသို့ လှမ်းဝင်လိုက်သည်။

ညဘက်ခန်းစားပွဲဝိုင်းပုတလေးပေါ်မှ တယ်လီဖုန်း တစ်လုံးကိုလည်း တွေ့လိုက်ရသည်ဖြစ်ရာ နံပါတ်ကို ကြည့် လိုက်သည်နှင့်ပင် အောက်ထပ်တယ်လီဖုန်း၏ (Extention) လိုင်းခွဲတစ်ခုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိလိုက်ရသည်။

ထွန်းလွင်သည် အခန်းကြီး၏ ပတ်ဝန်း ကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်ပြီးလျှင်၊ စိတ်ကြိုက်ကဖီးမှ ကြိုတင်မှာယူထားသော (Shatter) သံညှက်ခြောသည့် ဂျာမဏီ ပြည်လုပ် အမျိုးအစားကောင်း (Leica) လိုက်ကာ ၃၅ မီလီမီ တာ ကင်မရာကိုလျှပ်တစ်ပြက် မီး(Flesh Gun) တပ်ဆင်လိုက်ပြီး စားပွဲပေါ်သို့ ချထားလိုက်ရင်း သက်ပြင်းတစ်ခုခုကို ခပ်လေးလေး ချလိုက်မိသည်။

'မလှုပ်နဲ့နော် .....သေနတ်နဲ့ ချိန်ထားတယ်'

အသံခပ်အုပ်အုပ်နှင့် ပြတ်ပြတ်သားသား ပြောလိုက်သည်နှင့်အတူ မျက်နှာကျက်မှ မီးများလင်းလာတော့သည်။ ထွန်းလွင် ရင်ထဲတွင် လှိုင်းဆန်သွားမိတော့၏။

လျှပ်တပြက်အတွင်းတွင် အသင့်မောင်းတပ်၍ လုံခြုံရေးခလုတ်ချထား သော ဝေါ်သာပစ္စတိုကို လက်နှင့်စမ်းလိုက်သော်လည်း အချိန်မမီတော့ပေ။ ထွန်းလွင် နောက်ကျသွားခဲ့ပြီဖြစ်၏။

'ကိုထွန်းလွင် လက်မြှောက်ထားလိုက်စမ်းပါ'

ထိန်လင်းသော မီးရောင်အောက်တွင် မေဘာယ်လ်လွင်သည် အမေရိကန်ပြည်လုပ် ကိုလ်အမျိုးအစား ၃၂ ပြောင်းတိုခြောက်လုံးပြူးတစ်လက်ကို အသင့်ချိန်ရွယ်ရင်း ပြောလိုက်သည်ကို တအံ့တသြ တွေ့လိုက်ရသည်။

'လက်မြှောက်ထားစမ်းလို့ ကျွန်မ ပြောနေတယ်'

လေသံမာမာနှင့်ပင် ထပ်ပြောလိုက်သည်သာ မဟုတ်သေး၊ ကျီရိုက်မီး (Striker) ကို လက်မနှင့် နောက်သို့ ကျင်



ကျင်လည်လည် ဆွဲတင်လိုက်ပြန်သည်ဖြစ်၍ ထွန်းလွင် သည်သူ့အမိန့်ကို နာခံလိုက်ရတော့သည်။ မနာခံ၍လည်း မဖြစ်။ သေနတ်မောင်းသည် ပြုတ်ထွက်ရန် တဲတဲကလေး သာဖြစ်၍ ရင်မောစရာပင်။

သတိထား၍ ကြည့်လိုက်တော့မှ မေဘာယ်လ်လွင် တစ်ဦးတည်းသာမဟုတ်၊ ခင်မြင့်မြင့်ကိုပါ သေသေချာချာ တွေ့လိုက်ရတော့သည်။

ခင်မြင့်မြင့် ညာလက်တွင် မှိုင့် ၃၂ ကယ်လီဘာပစ္စတိုကလေး၏ ပြောင်းဝသည် ထွန်းလွင်၏ ဝမ်းဗိုက်သို့ တည့်မတ်စွာ ချိန်ထားလိုက်သည်ကိုပါ တွေ့လိုက် ရ၏။

မေဘာယ်လ်လွင်သည် ထွန်းလွင်ကိုယ်တိုင် လက်နှစ်ဘက်ကို မြှောက်လိုက်တော့မှ သူ့လက်၌ ကိုင်ထားသော သေနတ်၏ ကျည်ရိုက်မီးကို လက်မနှင့်ထိန်း၍ ကျွမ်းကျင်စွာ ပြန်ချထားလိုက်၏။

'ရှင်တကယ်တော်တဲ့ လူတစ်ယောက်ပါ ကျွန်မ နည်းနည်းမှ မထင်မိဘူး အခုတော့ လက်ဖူးလက်ကြပ်မိနေပြီ'

မေဘာယ်လ်လွင်က အနိုင်ရပြီဖြစ်၍ မခိုးမခန့်လေသံနှင့် ပြောလိုက်သော်လည်း ထွန်းလွင်သည် စကားပင် မပြောနိုင်တော့ပေ။ သေနတ်ပြောင်းနှစ်ခု ရှေ့မှောက်တွင် လွတ်မြောက်ရာလွတ်မြောက်ကြောင်းလမ်းကိုသာ ကျိတ်၍ ကြံဆနေမိသည်။

'ကိုထွန်းလွင်၊ ဉာဏ်မများနဲ့နော်၊ ကျွန်မ အသေပစ်သတ်ရဲတယ်'

ထွန်းလွင်၏အကြံကို ကြိုတင်သိမြင်သလို မေဘာယ်လ်လွင်က ခပ်မှန်မှန်လေသံနှင့် သတိပေးလိုက်၍ ထွန်းလွင်သည်

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းတစ်ခုကိုသာ ချလိုက်မိတော့သည်။သူတို့နှစ်ယောက်၏ အကွာအဝေးမှာ ခြောက်ပေကျော်ခန့်မျှသာရှိသည်။ ထွန်းလွင်နှင့်သူတို့နှစ်ယောက်ကြားတွင် စားပွဲဝိုင်းပုကလေး ကလည်း ရှိနေသေး၏။

ထွန်းလွင်သည် ခပ်ကြိုကြိုရပ်နေသော ခြေထောက်နှစ်ချောင်းကို မသိမသာ အားသွင်း၍ ချိန်ဆနေလိုက်မိသည်။ ထွန်းလွင် တစ်ကိုယ်လုံးတွင် ရှိရှိသမျှသော အင်အားတို့ကို စုရုံး၍ လျှပ်တစ်ပြက်အတွင်းတွင် လှုပ်ရှားဦးတော့၊ သူတို့သည် အားနွဲ့သူ မိန်းမသားများပင် ဖြစ်စေကာမူ လက်ညှိုးတစ်ချောင်းစီကို လှုပ်ရှားလိုက်ရုံဖြင့် ကိစ္စပြီးနိုင်သည်။ သေနတ်တစ်လက်ကို ကျွမ်းကျင်နိုင်နင်းစွာ ပစ်ခတ်နိုင်သော သူတို့ အရည်အသွေးကိုလည်း ထွန်းလွင် သံသယပင် မဖြစ်မိခဲ့။

'ကိုထွန်းလွင် ရှင် ကိုယ်ခံပညာ တတ်တယ်ဆိုပြီး ဓာတ်လိုက် မင်းသားလိုတော့ မစွန့်စားနဲ့နော်၊ မယုံရင်လဲလှုပ်ကြည့်ပေါ့'

မေဘာယ်လ်လွင်က ထပ်၍ပင် မခိုးမခန့်ပြောပြန်သည်။ သူ့မျက်လုံးထဲတွင် အေးစက်မာကြောသော အသွင်များကို သေသေချာချာ တွေ့မြင်လိုက်ရသောအခါ ထွန်းလွင် မလှုပ်ရှားရဲအောင် ဖြစ်မိတော့သည်။ ထွန်းလွင်၏ မျက်နှာပြင်တွင် ချွေးချေးများပင် စို့ထွက်လာခဲ့သည် အထိကြဲဆမိသော် လည်း မလှုပ်သာ၊ မယှက်သာပင်။ ခင်မြင့်မြင့်မျက်နှာကို အကဲခတ်ကြည့်လိုက်သောအခါ ဗူးဗူးဝါးဝါးနှင့် စိုက်ကာ ကြည့်နေသည်ကို ဆုံလိုက်မိ၍ ခေါင်းကို ငုံ့ရင်း ပတ်ဝန်းကျင် ကိုသာ အရိပ်အခြေကြည့်နေလိုက်မိသည်။



'မမမြင့်၊ လေးလေးကို ဖုန်းဆက်ပါ။ အခုချက်ချင်းလာခဲ့ဖို့ပဲ ပြောပါ'

မေဘာယ်လ်လွင်က ခင်မြင့်မြင့်ကို လှမ်းပြောလိုက်သောအခါ ထွန်းလွင် တစ်ကိုယ်လုံးတွင် လှုပ်ရှားလှည့်ပတ်နေသော သွေးများပင် ရပ်တန့်သွားသည်ဟုပင် ထင်မှတ်လိုက်ရသည် အထိ၊ ရင်ထဲတွင် ခံစားမိတော့၏။ နှစ်နှင့်ချီ၍ ရင်းနှီးမြှုပ်နှံထားသော အသွင်ယူဘာဝတစ်ခုနှင့် ကြိုးပမ်းထားသည့် သုံးရာသီစစ်ဆင်ရေးကြီးသည် မမျှော်လင့်သောအချိန်တွင် ပေါက်ကြားသွားလေတော့မည်ဖြစ်၏။

'မေဘာယ်လ်၊ ကျွန်တော် နည်းနည်းပြောပါရစေ'

လှုပ်ရှားနေသောစိတ်များကို အတတ်နိုင်ဆုံး ချုပ်ထိန်း၍ အချိန်ဆွဲရန် ကြိုးပမ်းလိုက်ရတော့၏။ သေခြင်းတရားကို တိကျနီးကပ်စွာ ဆုံတွေ့ရစေဦးတော့ နောက်ဆုံး အခြေအနေတွင် မိုက်မိုက်ကန်းကန်းပင် အသက်ကို စွန့်လွှတ်၍ စွန့်စားရန် သန္နိဋ္ဌာန်ချလိုက်ရတော့၏။

'ရှင့်ပါးစပ်ကို ပိတ်ထားစမ်း ကိုထွန်းလွင်'

မေဘာယ်လ်လွင်က ခပ်ပြတ်ပြတ်ပြောလိုက်ပြီး ခင်မြင့်မြင့်ဘက်သို့ လှည့်၍ ထပ်ပြောလိုက်ပြန်သည်။

'မမမြင့် ဖုန်းဆက်ပါ၊ မေဘာယ်လ် သူ့ကို စောင့်ကြည့်နေ မယ်လေ'

ထွန်းလွင် လှုပ်ရှားမည့်ဆဲဆဲအချိန်တွင် အံ့ဩဖွယ်ကောင်းလောက်အောင် လှုပ်ရှားလိုက်သူမှာ တစ်ချိန်လုံး ငြိမ်နေသော ခင်မြင့်မြင့်ကိုယ်တိုင်ဖြစ်သည်။

တယ်လီဖုန်းကို ကောက်ကိုင်တော့မယောင်ယောင်နှင့်

www.burmeseclassic.com



မေဘယ်လ်လွင် ထွန်းလွင်ဘက်သို့ ပြန်အလှည့်တွင် သူ့ညာလက်တွင် ကိုင်ထားသော သေနတ်ဒင်နှင့် မေဘယ်လ် လွင်၏နောက်ကျောကို အားကုန်လွှဲရိုက်လိုက်ခြင်းဖြစ်၏။

မမျှော်လင့်မိသော မေဘယ်လ်သည် ရှေ့သို့ ငိုက်ကျသွား သည်နှင့်အတူ ခေါင်းမှ သွေးများပင် ဖြာကျလာသည်။ လှုပ်ရှားရန် အားယူနေသော ထွန်းလွင်ကိုယ်တိုင်ပင် ကြက်သေသေသွားလိုက်မိတော့၏။

'ရှင်.....ရှင် ဘာဖြစ်လို့ ငိုင်နေရတာလဲ၊ ရှင် လုပ်စရာရှိတာ မြန်မြန်ဆက်လုပ်တော့လေ'

ခပ်မြင့်မြင့်က တုန်တုန်ယင်ယင် ပြောလိုက်သံကို ကြားလိုက်ရတော့မှ ထွန်းလွင် သတိပြန်ရလာပြီး မေဘယ်လ်လွင် အနီးတွင်ကျနေသော သေနတ်ကိုကောက်ယူလိုက်မိတော့သည်။

'ရှင်.....ရှင်၊ အစိုးရဘက်က လျှို့ဝှက်စုံထောက် တစ်ယောက်လား'

ထွန်းလွင်က ခေါင်းကို ညိတ်ပြလိုက်မိတော့သည်။

'ဒီလိုဆိုရင် ရှင် ကျွန်မကိုလဲ ဖမ်းဖို့ လိုပါလိမ့်မယ်'

စကားကို တစ်လုံးချင်း ဖြည်းဖြည်းပြောရင် သူ့လက်မှ ပစ္စတိုသေနတ်ကို ထွန်းလွင်ဘက်သို့ လှမ်းပေးလိုက်သည်။

'ဪ.....မမရယ်'

ထွန်းလွင်သည် သူ့လက်မှ သေနတ်ကို လှမ်းယူလိုက်ရင်း သူ့မျက်နှာကို မော့ကြည့်လိုက်သည်။

သူ့မျက်လုံးအိမ်ထဲမှ မျက်ရည်ပေါက်ကြီးများသည် ပါးပြင်ပေါ်သို့ လိမ့်၍လိမ့်၍ ကျဆင်းလာသော်လည်း သူ့နှုတ်ခမ်းများမှာ ပြုံးယောင်သန်းနေသည် ထင်ရ၏။



'ရှင့်လို အရည်အချင်းရှိတဲ့ လူတစ်ယောက်ကို ထိုက်ထိုက်တန်တန်ဘဝမှာ တွေ့ရလို့ ကျွန်မ ဝမ်းသာပါတယ်လေ'

ထွန်းလွင်၏ ရင်ခွင်ထဲသို့ သူ့မျက်နှာကိုအပ်ရင်း လှိုက်လှိုက် လှဲလှဲလေသံနှင့် ခပ်တိုးတိုးပြောလိုက်သည်။

'မမရဲ့ကျေးဇူးကို ကျွန်တော့်တစ်သက်မှာ မမေ့တော့ပါဘူးဗျာ၊ မမနဲ့ပတ်သက်သမျှ ကျွန်တော် အားလုံးတာဝန်ယူပါမယ်၊ မမ ဘာမှ အားမငယ်ပါနဲ့'

ထွန်းလွင်က သူ့ပခုံးသားကို ဆုပ်နယ်ပွတ်သပ်ရင်း နှစ်သိမ့်လိုက်မိတော့သည်။

'ကျွန်မအတွက် ကိစ္စမရှိပါဘူး၊ မေဘယ်လ်ကို ဒီအတိုင်း မထားနဲ့၊ ရှင် စိတ်ချရအောင် ကြိုးနဲ့တုတ်ထား၊ ရှင် လုပ်စရာရှိတာတွေ မြန်မြန်လုပ်ပါ'

ထွန်းလွင်သည် အခေးနွဲ့သောမိန်းမသားပင် ဖြစ်လင့်ကစား မညှာနိုင်တော့ပေ။ ကြိုးတစ်ချောင်းရှာ၍ ခိုင်ခိုင်မြဲမြဲ ချည်နှောင်ထားရတော့သည်။ သူ သတိရ၍ ဆူပူလှုပ်ရှားလျှင် အနှောင့်အယှက်တစ်ခုကို ကြုံရဦးမည် ဖြစ်သောကြောင့်ပင်။

'ရှင် ဦးအောင်မြင့်ကို အချိန်မီဖမ်းဖို့ စီစဉ်တော့လေ၊ မေဘယ်လ်နဲ့ ဦးအောင်မြင့်နဲ့ အဆက်အသွယ်ဖြတ်လို့ မဖြစ်ဘူး။ အဆက်အသွယ်မရရင် ဦးအောင်မြင့် ရှောင်တော့မယ်၊ ပြီးတော့ လွှစ္စလမ်းက ကျွန်မတိုက်ခန်းမှာ တောခိုနေတဲ့ သောင်းကျန်းသူအိုက် တို့ညီအစ်ကို ရှိနေကြတယ်'

ထွန်းလွင်သည် ခဏမျှ စဉ်းစားလိုက်ပြီးနောက် စားပွဲပေါ်မှ တယ်လီဖုန်းနှင့် ဗွာနရျုပ်သို့ ဆက်သွယ်လိုက်ပြီး ညွှန်ကြားရေးမှူးကိုယ်တိုင် လမ်း (၅၀) တိုက်ခန်းသို့ လူ အနည်းငယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လာရောက်ရန် မှာကြားရတော့၏။

သည်အခြေအနေသည် ထွန်းလွင်ကိုယ်တိုင် ဆုံးဖြတ်နိုင်ခွင့် ရှိတော့သည် မဟုတ်၍ ညွှန်ကြားရေးမှူးသို့ တိုက်ရိုက်တင်ပြရတော့သည်။

'ကျွန်တော်တော့ ဦးနှောက်တွေ တော်တော်ခြောက်နေပြီ၊ ကျွန်တော့်ကို နည်းနည်းပါးပါး ရှင်းပြပါဦး မမရယ်'

ထွန်းလွင်သည် ခေါင်းကို လက်နှင့်ကုတ်ဖွ၍ ခပ်လေးလေးပင် ပြောလိုက်မိတော့၏။ ခပ်မြင့်မြင့်သည် စီးကရက်တစ်လိပ်ကို သူကိုယ်တိုင် မီးညှိ၍ ထွန်းလွင်လက်သို့ ကမ်းပေးလိုက်သည်။

'ကျွန်မ သိသမျှ အကုန်ပြောပြမယ်၊ ရှင် ဘာမှ မစိုးရိမ်နဲ့၊ ကျွန်မက အတွင်းလူတစ်ယောက်ပဲ အားလုံး သိတယ်'

ထွန်းလွင်သည် ခပ်မြင့်မြင့်လက်မောင်းကို ဆုပ်ကိုင်ရင်း သူပြောစကားများကို နားထောင်နေလိုက်မိသည်။

'ဒီနေ့ တနင်္လာနေ့၊ တစ်ရက်ခြား တစ်ရက်ခြား ကျွန်မတို့ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေးအစီအစဉ်ရှိတယ်။ ကြိုးမဲ့ကြေးနန်းက ဟိုတုန်းက တောင်ကြီးမှာ ကျွန်မနေတဲ့ အိမ်ရဲ့ အထပ်ခိုးမှာ ထားတယ်၊ ရန်ကုန်ကို ပြန်ရွှေ့တာ မကြာသေးဘူး'

'ကြိုးမဲ့ကြေးနန်းဆက်သွယ်တဲ့ အချိန်တိုင်းမှာ ကျွန်မတို့ တစ်နေရာရာ အကြောင်းပြပြီး ညသည်တွေကို ရှောင်ရတယ်၊ စက်ပေါ်မှ အလုပ်လုပ်နေတုန်း အနှောင့်အယှက်ဖြစ်မှာ သိပ်စိုးရိမ်ရလို့ပေါ့'

မေဘယ်လ်လွင် ဝဲခူးသို့ သွားမည်ဟူသော အကြောင်းပြချက်ကို အစမှပင် ထွန်းလွင် သဘောပေါက်မိတော့သည်။

'ကျွန်တော် ဝင်လာတာ ဘယ်လိုလုပ် သိသလဲ မမရယ်'



ထွန်းလွင်က ပြန်မေးလိုက်မိသည်။

'အပြင်က သော့ကို အထပ်ထပ်ခပ်ထားပေမဲ့ ကျွန်မတို့ အပေါ်ထပ်မှာပဲ ရှိနေတာပေါ့။ အပေါ်ထပ်နဲ့ အောက်ထပ်ကို ဆင်းလို့တက်လို့ရအောင် အပေါက်တစ်ခု လုပ်ထားတယ်။ ကျွန်မတို့ အပေါ်ထပ်မှာ အဆက်အသွယ်ပြီးလို့ အပြီး တံခါးကို ဖွင့်နေတာ သတိထားမိလို့ စောင့်ကြည့်နေတာ အထဲရောက်လို့ မီးဖွင့်ကြည့်မှ ရှင်မှန်း သိရတယ်'

ခင်မြင့်မြင့်က ရှင်းပြမှပင် ထွန်းလွင် သဘောပေါက်မိတော့သည်။ မေဘယ်လ်လွင်၏ ပီရိသေသပ်သော အစီအစဉ်များကိုသည်း စိတ်ထဲတွင် ကြိတ်၍ ချီးကျူးမိတော့၏။

'မမက သူတို့နဲ့'

'ကျွန်မပြောပြမယ်၊ သူတို့က သူတို့ယုံကြည်ချက်နဲ့ သူတို့ လုပ်ကြတာ၊ ကျွန်မက ယုံကြည်ချက်တော့ မရှိဘူး။ ဒါပေမဲ့ ကျွန်မမှာရှိတဲ့ အရည်အချင်းထက် ပိုပြီး အဆင့်တန်း မြင့်မြင့်နေနိုင်အောင် လုပ်မိတာ၊ ရှင်းရှင်းပြောရရင် ငွေလိုချင်လို့ လုပ်မိတာ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ သူတို့နဲ့ အတူတူပါခဲ့၊ ရှင်ဘာမှ မပူနဲ့ ရှင့်မျက်နှာကို ကြည့်ပြီး ကျွန်မ ဘယ်သူ့ကိုမှ ဖုံးကွယ်မထားဘူး၊ အားလုံး ပြောပြမယ်၊ အောက်ထပ်ခုတင်ပုံတိုက်ကစပြီး ဖမ်း၊ ဒီအခန်းနံရံနှင့် မျက်နှာကျက်မှာ ရှင် လိုချင်တဲ့ပစ္စည်းတွေရှိတယ်'

'ကျေးဇူးတင်ပါတယ် မမရယ်၊ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စမဟုတ်ပါဘူး၊ ကျွန်တော်တို့ တိုင်းပြည်နဲ့ ကျွန်တော်တို့လူမျိုးရဲ့ လုံခြုံရေးအတွက်ပါ'

'ဝမ်းသာပါတယ်၊ ချီးကျူးပါတယ်၊ ကိုယ့်နိုင်ငံပြည်နဲ့

www.burmeseclassic.com



ကိုယ့်လူမျိုးအတွက် စွန့်စားရတဲ့ လူတစ်ယောက်ကိုမှ ချစ်ခဲ့မိတော့လဲ ကျွန်မကသိုလ်ကံလို့ပဲ ဆိုပါတော့'

ထွန်းလွင်၏ဆံပင်များကို ပွတ်သပ်ပေးရင်း တစ်လုံးချင်း ပြောပြနေသောသူ့ကိုကြည့်၍ ထွန်းလွင် သက်ပြင်းတစ်ခုကို ချလိုက်မိသည်။

'ကျွန်မအတွက် ရှင် ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်မ ရှင့်ကို ချစ်ရလွန်းလို့ ကျွန်မကိုယ်ကျွန်မတောင် နားမလည်နိုင်တော့ပါဘူး၊ ကျွန်မ အခုဆို ငွေလည်းမမက် နိုင်တော့ဘူး၊ အို.....ကျွန်မ အသက်တောင် ရှင့်အတွက်ဆိုရင် စွန့်လွှတ်ရဲပါတယ်လေ'

ခင်မြင့်မြင့်ပြောသောစကားများကို ထွန်းလွင် နားမလည်နိုင် အောင်ဖြစ်မိသော်လည်း တစ်စုံတစ်ရာ ပြန်မမေး တော့ဘဲ သူ့တစ်ကိုယ်လုံးကိုသာ ရင်ခွင်ထဲတွင် ပွေ့ပိုက်ထား လိုက်မိတော့သည်။

'အချစ်အပေါ်မှာတော့ ရှင် နားမလည်သေးပဲကိုး၊ ရှင် အသည်း ကွဲရဦးမယ်၊ ကျွန်မကြောင့်တော့ မဟုတ်ဘူး၊ ရှင် သိပ်ချစ်မိတဲ့ စုစုအတွက်တော့ ရှင် ခက်ဦးမယ်'

ထိုစဉ်တွင် တံခါးကို ညင်ညင်သာသာ ခေါက်သံ ကြားလိုက်ရသည်။ထွန်းလွင်သည် သေနတ်ကို အသင့်ကိုင်၍ တံခါးကို ဖွင့်ကြည့်လိုက်သောအခါ ညွန့်ကြားရေးမှူးကိုယ်တိုင်ကို အဖွဲ့ဝင် နှစ်ဦးနှင့်အတူ တွေ့လိုက်ရ၍ သူတို့ကို အထဲသို့ ခေါ်ယူနေရာ ပေးရင်း အဖြစ်အပျက် အကြောင်းစုံကို အသေး စိတ် ရှင်းလင်းတင်ပြရတော့သည်။ညွန့်ကြားရေးမှူးသည် ထွန်းလွင်၏ တင်ပြချက်များ အားလုံးကို ဂရုတစိုက် နားထောင်လိုက်ပြီး ခဏကြာသည့်



တိုင် စကားမပြောဘဲ ငြိမ်၍ စဉ်းစားနေလိုက်သည်။

'မင်းကို အပြစ်မတင်ပါဘူး၊ အလုပ်လုပ်ရင် အမှားဆိုတာ တွေ့တတ်တာပေါ့ကွာ'

'ဟုတ်ကဲ့ခင်ဗျာ'

'စစ်ဆင်ရေးပြီးဖို့က လပိုင်းလောက်တော့ လိုသေးတယ်။ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ဒီစစ်ဆင်ရေးကို ဒီနေ့ညမှာ တစ်ချိန်တည်း တစ်မြို့တည်းပြီးအောင် အဆုံးသတ်ပေးဖို့ မင်းလုပ်ခဲ့တဲ့အလုပ်တွေ အားလုံး ငါကျေနပ်တယ်၊ မင်းကို ချီးကျူးတယ်၊ မင်းအတွက် ငါ ဂုဏ်ယူတယ်'

'ဟုတ်ကဲ့ခင်ဗျာ'

'အခု ၁၀ နာရီ ၄၅ မိနစ်ရှိပြီ၊ ဒီည ၁၂ နာရီ ထိထိမှာ တို့အားလုံး စာတိသိမ်းမယ်'

'ဟုတ်ကဲ့ခင်ဗျာ'

သုံးရာသီစစ်ဆင်ရေးသည် မမျှော်လင့်သောအချိန်တွင် မမျှော်လင့်သလို အငိုက်ဖမ်း၍ အဆုံးသတ်ရတော့မည် ဖြစ်၏။

* * *

ခင်မြင့်မြင့်ကို ညွှန်ကြားရေးမှူးလက်သို့ ထော်ဆင့် အကူအညီ ရယူရန် အပ်နှံပြီးနောက် မြန်မာပြည်တစ်ပြည်လုံး အနှံ့အပြားမှ အဆက်အသွယ်များအားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် အငိုက်ဖမ်းမိရန် ညွှန်ကြားရေးမှူးသည်အရေး တကြီး စီစဉ်တော့သည်ဖြစ်၏။

ထွန်းလွင်ကိုယ်တိုင် အင်းလျားမြိုင်နေအိမ်သို့ တစ်ခါကို လူခြေမပျက်စေအောင်၍ ပြန်ခဲ့သည်။ သုံးရာသီစစ်ဆင်ရေး စာတ် သိမ်းခန်းသည် ၁၉၆၅ ခုနှစ်၊ မေလ ၇ ရက်၊ ည ၂၄:၀၀

www.burmeseclassic.com

www.burmeseclassic.com



နာရီတိတိ။

* * *

အဆင်သင့်ဟထားသော သံတံခါးကို ဖွင့်၍ အတွင်းသို့ ဝင်လိုက်သောအခါ အပေါ်ထပ်မှ ဆင်းလာသောခြေသံကို ကြားလိုက်ရတော့သည်။ လှုပ်ရှားရလွန်းသောစိတ်ကို ကြိုးစားမြိုသိပ်ရင်း မော့ကြည့်လိုက်သောအခါ အိမ်အပေါ် ထပ်မှဆင်းလာသူမှာ စုစုကိုယ်တိုင် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ယူ..... စုစု အိပ်တော့မယ်၊ ကောင်းသောညပါ'

ထွန်းလွင်ကို သူက နှုတ်ဆက်ရင်း လှေကားပေါ်သို့ ပြန်တက်သွား၏။

'စုစု.....စုစု၊ ခဏကွယ်'

သူလှေကားထစ်တစ်ဝက်အရောက်တွင် ခပ်သွက်သွက်ကလေး ပြန်ဆင်းလာ၍ ထွန်းလွင်က လှေကားရင်းအထိ သွားတွေ့ရင်း သူ့လက်ကလေးကို လက်နှစ်ဖက်နှင့် ယုယုယယ ဆုပ်ကိုင်လိုက်မိ၏။

'စုစု.....စုစုကိုလေ ကိုယ် စကားနည်းနည်း ပြောချင်လို့ပါ'

လှုပ်ရှားရလွန်းသောအဖြစ်များကို ရင်ထဲတွင် မြိုသိပ်ရင်း အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားပြောလိုက်ရသော် လည်း ထွန်းလွင်၏အသံများပင် တုန်နေမိသည်။

'ကိုယ်လေ စုစုကို အသည်းနှလုံးထဲက ဖြူဖြူစင်စင် စေတနာအပြည့်နဲ့ ကြင်နာတာကို ထာဝရ အသိအမှတ်ပြုပါကွယ်၊ စုစု အိပ်တော့နော် သွားသွား'

သူ့လက်ကလေးကို ထပ်တလဲလဲ နမ်းရှုံ့ ဖျစ်ညှစ်လိုက်



ပြီး လွှတ်ပေးလိုက်တော့သည်။

'ယူက သိပ်နားလည်ရခက်တဲ့ စုစုရဲ့ အရိုင်းကဗျာဆရာ၊ စုစုတစ်ယောက်တည်းရဲ့ အရိုင်းကဗျာဆရာ"

သူ ဖြူးဖြူးကလေးပြောရင်း တက်သွားတော့သည် ဖြစ်၏။ ထွန်းလွင်ကိုယ်တိုင် ကြိုးစား၍ ဖြိုးရသော မချိပြုံးကိုပင် သူ သတိမပြုနိုင်ရှာပေ။ မပီပြင်သော ချစ်သူတို့ဘဝမှပင် ခွဲခွာခြင်းသည် တစ်စနှင့်တစ်စ နီးကပ်လာပြီဖြစ်၏။

ထွန်းလွင်သည် လက်မှနာရီကို မြှောက်ကြည့်လိုက်သောအခါ ၁၁ နာရီ ၅၀ မိနစ်။ စက္ကန့်တိုင်း စက္ကန့်တိုင်းတွင် ရင်မောစွာ တုန်လှုပ်ရလွန်းသော အချိန်ပိုင်းဖြစ်၏။

ခဏအကြာတွင် အိမ်ရှေ့ပေါ်တီကိုအောက်သို့ (Dodge) အမျိုးအစား ကားသစ်ကြီးတစ်စင်း ထိုးဆိုက်လာပြီး နောက်ကားပေါ်မှ လူတစ်သိုက် သွက်သွက်လက်လက် ခုန်ဆင်းလာခဲ့ကြသည်။ ညွှန်ကြားရေးမှူးကိုယ်တိုင်ပါသော လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ဝင်များ ဖြစ်၏။ ဝတ်စုံပြည့် ဝတ်ဆင်သူများနှင့် ရိုးရိုးအရပ်ဝတ် ဝတ်ဆင်သူများပါ ရောနှောနေသည်။

အိမ်ရှေ့သံတံခါးကို ဆွဲဖွင့်၍ ထွန်းလွင်ကိုယ်တိုင် ဦးဆောင်ပြီး အပေါ်ထပ်သို့ တက်လိုက်ကြသည်။ အိမ်ပတ်ဝန်းကျင်တစ်ခုလုံးကို စနစ်တကျ ပိတ်ဆို့ဝိုင်းဝန်းပြီးဖြစ်၏။

စာကြည့်ခန်းထဲတွင် အေးအေးချမ်းချမ်း စာဖတ်နေသော ဦးအောင်မြင့်ကို ဆိုက်ဆိုက်မြိုက်မြိုက် ဆုံတွေ့လိုက်ရခြင်း ဖြစ်သည်။ ဦးအောင်မြင့် မော့ကြည့်လိုက်သောအခါ စာကြည့်ခန်းထဲတွင် ထွန်းလွင် အပါအဝင် လူစိမ်းများကို တွေ့လိုက်ရသဖြင့် နားမလည်သလို အံ့သြသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သတိပြန်ဝင်သောအခါ ဦးအောင်မြင့်၏ ညာလက်သည် စားပွဲအံဆွဲကို အလျင်အမြန် ဆွဲဖွင့်လိုက်သည်။ သို့ရာတွင် အချိန်အခါသည် သူ့အတွက် နောက်ကျသွားပြီ ဖြစ်၏။

'ကျေးဇူးပြုပြီး လက်ကို စားပွဲပေါ် တင်ထားပါ ဦးခင်ဗျာ'

ထွန်းလွင်သည် ပြောင်းရင်း(Chamber)ထဲတွင် ကျည်ဆန်တစ်တောင့် အသင့်ထည့်သွင်းထားသော ဝေါလ်သာပစ္စတိုကျည်ရိုက်တံကို လက်မနှင့် နောက်သို့ ဆွဲလိုက်ပြီး သေနတ်ပြောင်းကို ဦးအောင်မြင့်၏ မျက်နှာသို့ တည့်မတ်စွာ ချိန်ရွယ်ထားရင်း ပြောလိုက်ရတော့၏။

ဦးအောင်မြင့်သည် တစ်ကိုယ်လုံး တုန်လှုပ်သွားပြီးမှ ရှေ့ကို ပြန်ဆည်ရင်း ထွန်းလွင်၏ အမိန့်ကို နာခံလိုက်၏။ သူဝယ်ပေးသောသေနတ်၏ပြောင်းဝသည် သူ့ဘက်သို့ တည့်မတ်စွာ ချိန်ရွယ်နေခဲ့လေသည်တကား။

'မောင်ထွန်းလွင်'

ဦးအောင်မြင့်သည် တုန်ယင်သောအသံကို ကြိုးစားထိန်းသိမ်းရင်း ခပ်တိုးတိုး ခေါ်လိုက်၏။

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်ဟာ တာဝန်ရှိတဲ့ လူတစ်ယောက်ပါ၊ ကျေးဇူးပြုပြီး ဆိုဖာပေါ်ကို ပြောင်းထိုင်ပါခင်ဗျား'

ဦးအောင်မြင့်သည် အနှုမ နားလည်မိသလို ခေါင်းကို ဖြေး လေးစွာညိတ်ရင်း ထွန်းလွင်၏ အမိန့်ကို နာခံလိုက်သည်။

လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်နှစ်ဦးသည် ဦးအောင်မြင့်၏ တစ်ဖက်တစ်ချက်တွင် နေရာယူလိုက်ကြသော



အခါ ထွန်းလွင်သည် လက်ထဲမှ သေနတ်ကို မောင်းထိန်းခလုတ်ချပြီး ပြောင်းကို အောက်သို့ စိုက်ထားလိုက်သည်။

'ယု.....ယု'

စုစုသည် ညဝတ်အင်္ကျီကို ကမိုကရိုဖြင့် လူကြားထဲမှ တိုးခွေ့ဝင်လာရင်း ထွန်းလွင်၏ လက်မောင်းကို ပြေးဖက်ထားလိုက်ရှာသည်။

'ယု.....ယု.....ဘယ်လိုဖြစ်တာလဲဟင်၊ စုစု ကြောက်တယ်'

ထွန်းလွင် သေနတ်ကိုင်ထားသော လက်မောင်းကို အားကိုးတကြီး တွယ်ဖက်ရင်း စိုးရိမ်တုန်လှုပ်သံကလေးနှင့် မေးလိုက်သည်။

စာကြည့်ခန်းထဲမှ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့ဝင်များကိုလည်း မသိနားမလည်နိုင်အောင် မျက်လုံးကလေးများနှင့် ကြည့်ရင်း ထွန်းလွင်လက်မောင်းကိုသာ အားကိုးတကြီး တွယ်ဖက်ထားတော့၏။

ထွန်းလွင်သည် သူ့ကို ဖြေသိမ့်ရန် စကားပင် အစရှာမရသလို ခံစားနေရသည်ဖြစ်၍ သူ့မျက်နှာကလေးကိုပင် မကြည့်ရက်တော့ ရင်ထဲတွင် ကြေကွဲရလွန်း၍ မျက်စိကို မှိတ်ထားလိုက်မိသည်။

'သမီးကလေး၊ မောင်ထွန်းလွင်ကို မနှောင့်ယှက်ပါနဲ့ကွယ်၊ မောင်ထွန်းလွင်ဟာ တာဝန်ရှိတဲ့ အရာရှိတစ်ယောက်ပါ၊ ဒယ်ဒီဆီ လာပါဦး သမီးလေးရယ်'

ဦးအောင်မြင့်၏ တုန်ယင်အက်ကွဲသောအသံကို ကြားလိုက်သောအခါ စုစုသည် ထွန်းလွင်၏လက်မောင်းကို လွှတ်၍

www.burmeseclassic.com

www.burmeseclassic.com



သူ့ဒယ်ဒီထံသို့ ပြေးသွားရှာတော့သည်။

ထွန်းလွင်သည် သေနတ်ကို ဆောင်းဘီရှည်၏ ညာဘက် နောက်အိတ်ထဲသို့ ပြန်ထည့်လိုက်ပြီး သံပတ်ပေး ထားသော စက်ရုပ်ကြီးတစ်ခုပမာ အောက်ထပ်သို့ ခပ်လေးလေး ဆင်း မိ၏။ အောက်ထပ်သို့ရောက်သည့်တိုင် စုစု၏ ငိုရှိုက်သံသဲ့သဲ့ ကြားနေရဆဲဖြစ်၏။

ချစ်သူကိုပင် နှစ်သိမ့်ခြင်းငှာ မတတ်နိုင်စွမ်းသောဘ ရင်ထဲမှ နာကျင်ကြေကွဲစွာ ခံစားရသောအဖြစ်များအား သက်သ စိမ့် သောအလို့ငှာ နှုတ်မှ တိုးတိုးကလေး ရေရွတ်လိုက်မိတော့

'ခွင့်လွှတ်ပါတော့ မောင့် မချစ်စုရယ်'

ပြီးပါပြီ။

ဝင်းမောင်ထွန်း

## ဝန်ခံချက်

'သုံးရာသီမင်းသမီး' ဝတ္ထုသည် မှိုင်ဖြမ်းမှု ကင်းစင်သော ကိုယ်ရေး ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

အမည်၊ နေရာဒေသ တိုက်ဆိုင်မှုများ ရှိပါက သည်းခံ လွှတ်ရန် မေတ္တာရပ်ခံပါသည်။

လေးစားမှုဖြင့်

ဝင်းမောင်ထွန်း
အမှတ် ၂၃၊ အောင်ဓေယျ (စ)လမ်း
ရန်ကုန်သစ်ရုပ်ကွက်
သုဝဏ္ဏစာတိုက်
ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၃၇/၂၀၀၄ (၅)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် - ၇၃၁/၂၀၀၄ (၇)

ဒုတိယအကြိမ်

၂၀၀၄-ခုနှစ်

စက်တင်ဘာလ

အုပ်ရေ-၅၀၀

တန်ဖိုး-၁၅၀ ကျပ်

ထုတ်ဝေသူ

ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)

ရွှေနှင်းသာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးရိုက်

ဦးမြတ်ကျော် (မြ-၀၅၇၇၈)

မြတ်ကျော်ပုံနှိပ်တိုက်

အမှတ် ၂၁၇၊ လမ်း-၃၀၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com